

# စံပယ်တကုံးဂမုန်းတပွင့်

လက်ရွေးစင် ဝတ္ထုတိုများ

ကြူကြူသင်း

## ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၉၈၁ ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ ၁၀၀၀။

မျက်နှာဖုံးပန်းချီ — စံတိုး

မျက်နှာဖုံးဘလောက် — လွင်

မျက်နှာဖုံးရိုက် — အောင်သာ

စာအုပ်ချုပ် — ညွန့်ညွန့်နှင့်မောင်များ

စာမူတင်ကြိုခွင့်ပြုချက်(၃၁၀) မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်(၈၂၂)

ဦးချစ်အောင် (၀၂၀၇ နှင့် ၀၁၅၂၂)၊ ထုတ်[illegible]
နှလုံးလှစာပေတိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ [illegible]
ရန်ကုန်မြို့ က ရိုက်နှိပ်ထုတ်ဝေသည်။


# ကြူကြူသင်း

# စံပယ်တကုံး ဂမုန်းတပွင့်

[ လက်ရွေးစင်ဝတ္ထုတိုများ ]


နှလုံးလှစာပေ ဖြန့်ချိရေး၊ စာတိုက်သေတ္တာအမှတ် ၈၇၊
အမှတ် ၅၊လမ်း ၁၀၀၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့၊
[ ဖုန်း - ၇၂၉၇၁ ]

## အလှဆင်ပါလျှင်

ဥယျာဉ်မှူးတဦးသည် သူ့ခွံမ်းအားကို အရင်းတည် စိုက်ပျိုးခဲ့သည့် ပန်းကလေးများ ဖူးပွင့်လာလျှင် ကြည်နူးရ စမြဲပင်တည်း။ အချို့သော ပန်းတို့သည် တပွင့်တည်း ပန်လေ့ရှိကြသည့် သစ်ခွ၊ဂမုန်းလို ပန်းမျိုး။ အချို့က သီကာကုံးကာ ပန်ဆင်လေ့ရှိကြသည့် စံပယ်လိုပန်းမျိုး။ ထိုပန်းကလေးများ၏ အရောင်အသွေးအားဖြင့် လောကကိုအလှဆင်ပါလျှင်၊ မွှေးရနံ့အားဖြင့် လောကကို လန်းဆန်း စေပါလျှင် ပေါင်းနုတ်၊ မြေဆွ၊ မျိုးစေ့ချ၍ တယုတယ ပြုစုရကျိုးနပ်သည်ဟု ဆိုနိုင်ပါသည်။

ယခု စာဖတ်သူ၏ လက်တွင်းသို့ ရောက်ရှိနေသော **စံပယ်တကုံး ဂမုန်းတပွင့်** သည် လောကကို အလှဆင်ပါသလား၊ လန်းဆန်းစေပါသလား။

## သတ်၍မကုန်နိုင်သော ကလောင်နာမည်

စာပေ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများတွင် 'တက္ကသိုလ် ကြူကြူသင်း' နှင့် 'ကြူကြူသင်း' တယောက်တည်းလားဟူသော အမေး၊ 'တက္ကသိုလ်ကြူကြူသင်း' ဟု ကြေငြာခြင်း၊ မိတ်ဆက်ပေးခြင်း စသည်တို့ကို ယနေ့တိုင် ကြုံတွေ့နေရပေသေးသည်။ အခွင့်သင့်တုန်း ဖြေကြား ချင်ပါသည်။ 'တက္ကသိုလ်ကြူကြူသင်း' နှင့် 'ကြူကြူသင်း' တဦးတည်းဖြစ်ပါသည်။

၁၉၅၇ ခုနှစ် တိုင်းရင်းမေတွင် စာရေးစက မရှင် သီဆိုခဲ့သော ချစ်ရေစင် သီချင်းမှ 'ကြူကြူသင်းတဲ့ × × × ရွှေနှင်းဆီရယ်' သီချင်းကိုနှစ်သက်၍ 'ကြူကြူသင်း' ဟူသော ကလောင်အမည် ယူခဲ့သည်။ ၁၉၅၈ ခုနှစ် ရန်ကုန်တက္ကသိုလ်သို့ ရောက်သော အခါ 'တက္ကသိုလ် ကြူကြူသင်း' ဟူ၍ ကလောင်အမည် ယူခဲ့သည်။ ၁၉၇၂ ခုနှစ် နောက်ပိုင်းမှစ၍ 'ကြူကြူသင်း' ဟူသော ကလောင်အမည်ဖြင့်သာ ဆက်လက်ရေးသားနေပါကြောင်း။

## စာစောင်နှင့် ခု-နှစ်

| | | | |
|---|---|---|---|
| တကမ္ဘာလုံးနှင့်တယောက် | ရှုမဝ မဂ္ဂဇင်း | ၁၉၇၉ | မတ်လ |
| သံသရာ သည်ဂယက်မှာ | မြဝတီ ॥ | ၁၉၆၈ | |
| ဘာဆိုင်လို့လဲ | ရှုမဝ ॥ | ၁၉၇၄ | |
| မရွာပဲနှင့် သည်းတဲ့မိုး | ရှုမဝ ॥ | ၁၉၈၀ | နိုဝင်ဘာလ |
| လမ်းပေါ်က အသည်းနှလုံး | ရှုမဝ ॥ | ၁၉၇၅ | ဒီဇင်ဘာလ |
| နိဗ္ဗာန်သို့ တဘူတာအလို | မိုးဝေ ॥ | ၁၉၇၃ | ဖေဖော်ဝါရီ |
| နိုးထပြီလား အိုမေတ္တာ | ရှုမဝ ॥ | ၁၉၇၆ | စက်တင်ဘာ |
| စိတ်တစ္ဆေ | မြဝတီ ॥ | ၁၉၇၃ | မေလ |
| ကရုဏာရှင် မိခင် | မြဝတီ ॥ | ၁၉၇၃ | မေလ |
| အရောင်မဲ့ အရိပ် | ငွေတာရီ | ၁၉၈၀ | ဇန်နဝါရီလ |
| အညာသား ကိုမောင်အေး | မြဝတီ ॥ | ၁၉၆၇ | အောက်တိုဘာ |
| သေ? | ငွေတာရီ | ၁၉၈၀ | ဇူလိုင်လ |
| ရွှေတံခါးကြီး ဖွင့်ပါအုံး | မြဝတီ ॥ | ၁၉၇၃ | |
| ဂျူးတို့ရွာအလည်တခေါက် | ငွေတာရီ | ၁၉၆၉ | ဖေဖော်ဝါရီ |
| သမုဒ္ဒရာနှင့် ရေစက်ငယ် | မြဝတီ ॥ | ၁၉၆၄ | နိုဝင်ဘာလ |
| နွေမှာပျိုးသောပန်း | အလင်းရောင် | ၁၉၆၃ | |
| အနှစ် | ငွေတာရီ | ၁၉၈၀ | ဒီဇင်ဘာလ |
| ရလိုသောဆု | ရှုမဝ ॥ | ၁၉၇၃ | အောက်တိုဘာ |
| နှလုံးသားကို တံတားခင်း၍ | မြဝတီ ॥ | ၁၉၆၇ | ဧပြီလ |
| အတိမ်အနက် | ရှုမဝ ॥ | ၁၉၇၀ | |

## မာတိကာ


၁။ တကမ္ဘာလုံးနှင့်တယောက် ၉
၂။ သံသရာ သည်ဂယက်မှာ ၂၅
၃။ ဘာဆိုင်လို့လဲ ၄၃
၄။ မရွာပဲနှင့် သည်းတဲ့မိုး ၅၃
၅။ လမ်းပေါ်က အသည်းနှလုံး ၇၁
၆။ နိဗ္ဗာန်သို့ တဘူတာအလို ၈၇
၇။ နိုးထပြီလား အိုမေတ္တာ ၁၀၁
၈။ စိတ်တစ္ဆေ ၁၁၅
၉။ ကရုဏာရှင် မိခင် ၁၃၁
၁၀။ အရောင်မဲ့ အရိပ် ၁၄၃
၁၁။ အညာသား ကိုမောင်အေး ၁၅၉
၁၂။ သေ? ၁၇၅
၁၃။ ရွှေတံခါးကြီး ဖွင့်ပါအုံး ၁၈၉
၁၄။ ဂျူးတို့ရွာ အလည်တခေါက် ၂၀၃
၁၅။ သမုဒ္ဒရာနှင့် ရေစက်ငယ် ၂၂၁
၁၆။ နွေမှာပျိုးသောပန်း ၂၃၅
၁၇။ အနှစ် ၂၅၉
၁၈။ ရလိုသောဆု ၂၇၃
၁၉။ နှလုံးသားကို တံတားခင်း၍ ၂၈၇
၂၀။ အတိမ်အနက် ၃၀၃

ကုံးဂမုန်းတပွင့်



## တကမ္ဘာလုံးနှင့် တယောက်

"ကဲ... ပြော မပြောချင်တော့ဘူး၊ ဒါသာ ဖတ်ကြည့်ပေတော့"

ဒေါ်လှက စာရွက်ခေါက် ကလေးကို သူ့ သမီးကြီး၏ ရင်ခွင်ထဲ ပစ်ချလိုက်၏။ ဒေါ်ခင်ခင်က မိခင်၏ လေသံ တိုတောင်း ပြတ်သားပုံကြောင့် မိခင်မျက်နှာကို မော့ကြည့်လိုက်၏။ ချက်ချင်းပင် စာကိုကောက်ဖွင့်လိုက်၏။ ဒေါ်ခင်ခင်၏ ညီမဖြစ်သူ ကျောင်းဆရာမ ဒေါ်အေးအေးငြိမ်းကပါ အနားသို့ ရောက်လာပြီး ညီအစ်မနှစ်ယောက် ခေါင်းချင်းဆိုင် ဖတ်လိုက်ကြ၏။

“အမယ်၊ ဒါ ရည်းစားစာပဲ”

အပျိုကြီး ဒေါ်အေးအေးငြိမ်း၏ အံ့ဩသံ။

“စာတွေဘာတွေ ပေးတဲ့ အဆင့်ထိတောင် ရောက်နေကြပြီကိုး”

ဒေါ်ခင်ခင်၏ မှတ်ချက်။

“နေပါအုံး၊ ဘယ်သူကပေးတာလဲ မေမေရဲ့”

“ဘယ်သူကမလဲအေ့၊ ဟိုကောင် ငွေအိုးပေါ့၊ တလောကတဲ့က ကြည့်ရတာ အကဲသိပ်မရလို့ ဂရုစိုက်နေတာ။ ဒီစာအသွားအလာကြည့်ရတာ မရွှေသိန်းက ခေါင်းညိတ်ဟန်မတူသေးပါဘူး။ ဟိုက တဘက်သတ်”

“အို....ခေါင်းညိတ်ရအောင် မိသိန်းသိန်းက ဘယ်အရွယ်ရောက်နေလို့တုံး မေမေရဲ့၊ လူလားမြောက်တာတောင် လေးငါးလ ရှိသေးတဲ့ဟာကို။ နေနှင့်အုံး၊မိသိန်းသိန်း ဘယ်မလဲ၊ ပေါင်တွင်းကြောကို နာနာလိမ်ပစ်လိုက်အုံးမယ်”

ဒေါ်အေးအေးငြိမ်းက ကျောင်းဆရာမလေသံ၊အပျိုကြီးမာန်တို့ ပေါင်းစပ်ကာ အံတကြိတ်ကြိတ်ဖြင့် ကြိမ်းဝါးနေသည်။ သူ့မျက်စိထဲတွင် ဆယ့်ခြောက်နှစ်ပြည့်စ၊ အပျိုပေါက်ဝင်စ သိန်းသိန်းကို ကလေးဟုသာ မြင်နေသည်။သူကိုယ်တိုင်ကလည်း အသက်သုံးဆယ်ကျော်သည့်တိုင် အိမ်ထောင်မပြုပဲ ဣန္ဒြေတွေ၊သိက္ခာတွေ ထိန်း၍ နေလာခဲ့သူမို့ သိန်းသိန်းဆီက ရည်းစားစာ တွေ့သည် ဆိုရုံနှင့် အကြီးအကျယ် မကျေမနပ် ဖြစ်သွားမိ၏။



“ဒါကြောင့် အစထဲက မေမေ့ကို ခင်ခင် ပြောသားပဲ။ ရေစည် အငှားငှားယင် လူပျိုလူရွယ်လေးတွေကို မငှားပါနဲ့၊ အသက်ကြီးကြီး အိမ်ထောင်ရှိတဲ့လူကို ငှားပါလို့”

ဒေါ်ခင်ခင်က မအေကြီးကို အပြစ်တင်လိုက်၏။

“အောင်မယ် မခင်ခင်၊ ဘယ်သူ့ငှားငှား ဖြစ်ချင်တဲ့လူ ဖြစ်တာပဲအေ့။ ညည်းတုန်းကကော ယောကျ်ားလေးတွေနဲ့ ရောရောနှောနှော၊ နီးနီးစပ်စပ် ဖြစ်မှာစိုးလို့ ကျောင်းထားတာတောင် မိန်းကလေးတွေချည့်ရှိတဲ့ကျောင်းမှာ ထားခဲ့တာ မဟုတ်လား၊ ဒါတောင် ဆယ်တန်းမအောင်ခင် လင်နောက်လိုက်ပြေးသွားခဲ့တာ မဟုတ်လား”

“ဟာ....မေမေကလဲ”

သူ့ဘက် မြားဦးလှည့်လာတော့ ဒေါ်ခင်ခင် ရှေ့မဆက်သာတော့ချေ။ ‘ဟာ....မေမေကလဲ’ဟု တခွန်းသာ ဟန့်တားသယောင်ယောင် ပြောပြီး လက်ထဲက စာတိုလေးကို ထပ်ဖတ်နေလိုက်ရသည်။ ဒေါ်ခင်ခင်သည် အသက် လေးဆယ်နားနီးနေသည့် သားနှစ်ယောက်မိခင်ဖြစ်သော်လည်း သူ့ဘက်က ချွတ်ယွင်းချက်ကို အလျဉ်းသင့်တိုင်း မကြာခဏ ထုတ်ဖော်ပြောတတ်သည့် မအေကြီးကိုမူ လုံးလုံးကြီး မလွန်ဆန်ဝံ့ပါချေ။ ကိုယ်ကလည်း အပြစ်ရှိခဲ့ပေသကိုး။

စာတိုလေးကတော့ ဒေါ်ခင်ခင့်အတွက် မထူးခြားလှပါ။ ယောကျ်ားလေးများ၏ ရေးရိုးထုံးစံအတိုင်း ချစ်ကြောင်း၊ ကြိုက်ကြောင်း၊မျက်နှာကလေးကို အစဉ်တွေ့ချင်နေကြောင်း၊ ပြီးတော့ သူ့ကို ပြန်ချစ်ဖို့အကြောင်း။ လက်ရေးက ကြောင်

မြစ်သလို၊ စာလုံးပေါင်းကလည်း အမှားမှား အယွင်းယွင်း။ စကားလုံးသုံးနှုန်းပုံနှင့် စာအရေးအသားကလည်း ကဘောက် တိ ကဘောက်ချော။

"ဟင်း—လေးတန်းတောင်အောင်ရဲ့လားမပြောတတ်ဘူး။ ဒီကောင် ဒီလောက်ရဲတာ အိမ်ကဟာမကိုက အနေမတတ်လို့၊ အရောဝင်လို့ ဖြစ်လိမ့်မယ်။ မိသိန်းသိန်းတော့လား"

ကျောင်းဆရာမပီပီ လက်ရေးကိုကြည့်၍ အတန်းကို ဖြတ်လိုက်သည်။ ပြီး စိတ်လိုက်မာန်ပါ မီးဖိုဘက် ထွက်သွား၏။ တခဏအတွင်းမှာပင် သူ့လက်ထဲတွင်ပါလာသူက သိန်းသိန်း။ ဆီးရှက်ခန့် မျက်နှာငယ်လေးနှင့်။

"ကဲ....ဆိုစမ်း မိရွှေသိန်း၊ ညာမယ်တော့မကြံနဲ့"

သိန်းသိန်းက မျက်လုံးကလေးကလယ်ကလယ်ဖြင့် ဒေါ်လှကို ကြည့်သည်။ ပြီးတော့ ဒေါ်ခင်ခင်။ အပျိုကြီး ဒေါ်အေးအေးငြိမ်းကိုမူ ငယ်ကြောက်ပီပီ တစေ့တစောင်းကလေးတောင်မှ မကြည့်ဝံ့။

"ဒီစာ ဘယ်တုံးက ရတာလဲ" ဒေါ်လှက စ စစ်သည်။

"မ .. မနေ့ကပါ မေမေကြီး"

တုန်တုန်ယင်ယင်ဖြေပြီး ဒေါ်ခင်ခင်မျက်နှာကို အားကိုးတကြီး ကြည့်ပြန်သည်။

"မနက်ကလား၊ မနေ့ကလား"

ခပ်ဆတ်ဆတ် ထပ်မေးလိုက်သည့် ဒေါ်အေးအေးငြိမ်း၏ အသံ။

"မနေ့ကပါ၊ မနက်က မဟုတ်ပါဘူး မမအေးငြိမ်း"



"ဟင်—မနေ့ကတဲ့က ပေးတာ၊ ငါတို့ကို ဘာဖြစ်လို့မတိုင်သလဲ မိသိန်းသိန်းရဲ့"

ပြောယင်း သိန်းသိန်းခေါင်းကို ဒေါက်ကနဲ ခေါက်ပစ်လိုက်၏။ နဂိုကတည်းက မျက်ရည်ဝိုင်းနေသူကလေး မျက်ရည်တွေ စေကျလာသည်။

"ဘာလဲ၊ ညည်းကပါကြိုက်နေလို့လား ဟင်...."

'ဟင်' ဟူသော လေသံက ဟိန်းထွက် .လာသည်မို့ သိန်းသိန်း ပိုကြောက်၍သွားသည်။ ဘာဖြေရမှန်းမသိပဲ တုန်သွားသည်။

"ဟဲ့—ဖြေလေ၊ ညည်းက ငွေအိုးကို ကြိုက်နေလို့လား"

"မ—မဟုတ်ပါဘူး မမအေးငြိမ်းရယ်၊ သူ—သူက မမတို့ကို မတိုင်ပါနဲ့တဲ့၊ တိုင်ယင် သူ ရေစည်တိုက်ရတော့မှာ မဟုတ်ဘူးဆိုလို့ပါ"

"အောင်မယ်... ဟုတ်....ဟုတ် သေးတော့၊ သူ့ စကား ဒီလောက် နားထောင်နေရအောင် ညည်းက သူ့....ဟာ ငါ တယ်လေ"

လိမ်ပြန်မြို့ ပေါင်တွင်းကြောတချက်။ သိန်းသိန်း ထွန့်ထွန့်လူးသွားပြန်၏။ ဆရာမမို့ အလိမ်အခေါက် ကျင့်သားရနေ၍လား မသိ။ ပိုင်ပိုင်နိုင်နိုင် ရှိလှန်းလှ၏။ ဒါကြောင့်လည်း သည်အိမ်မှာ ဒေါ်ခင်ခင့်သားနှစ်ယောက်ကို ရိုက်စရာရှိလျှင် ဒေါ်အေးငြိမ်းကိုသာ တာဝန်ပေးလေ့ရှိ၏။ အဖွား ဒေါ်လှရော၊ မအေဖအေရော မရိုက်ရက်ကြသမျှ ဒေါ်အေးအေးငြိမ်းကိုသာ ခွဲတမ်းချပေးလှ ရှိကြစမြဲ။

ဒေါ်ခင်ခင်ကမူ ညီမ၏ အလိမ်အခေါက်များကို ကြည့်ယင်း သူ သိန်းသိန်းအရွယ်၊ ကိုလှမောင်နှင့် ရည်းစားထားစဉ်တုန်းက မိခင်ကြီးနှင့်အဒေါ်များ လိမ်ခဲ့ ခေါက်ခဲ့သည်ကို ပြန်လည်ခံစားနေမိသည်။ နာသည်မှ တော်တော့်ကို နာခဲ့ပါသည်။ သို့ပေမယ့် ထိုအလိမ်အခေါက်၊ အရိုက်အနှက်၊ အဆိုအဆဲတွေ များလွန်းသောကြောင့်ပင် ကိုလှမောင်နှင့် မြန်မြန်ယူဖြစ်ခဲ့သည်ဟု သူ ထင်သည်။ ထို့ကြောင့်—

“ကဲပါ အေးငြိမ်းရယ်၊ သိန်းသိန်းကလဲ ပြန်ကြိုက်တာမှ မဟုတ်သေးပဲကွယ်၊ မနက်စောစောစီးစီး ဆိုပြောမနေပါနဲ့တော့။ သိန်းသိန်း သွားသွား ချက်ချည်တော့၊ အေးငြိမ်းကလဲ ပြင်ပေတော့။ ကျောင်း စောစောသွားရမှာဆို”

‘သိန်းသိန်း သွားတော့’ဟု ဒေါ်ခင်ခင် ပြောလိုက်သည်နှင့် တမိနစ်မဆိုင်းပဲ နောက်ဖေးမီးဖိုထဲ ဝင်သွားသည့် သိန်းသိန်းကို ကြည့်ကာ ဒေါ်အေးငြိမ်းက တတွတ်တွတ် မြည်တွန်ဆဲ။

“မိန်းမကိုက....”

“အော် ကွယ်၊ ဒါမျိုးဆိုတာ ဖြေးဖြေးဆေးဆေး ချော့မော့ပြောမှ နားဝင်တတ်တာအေးငြိမ်းရဲ့။ ညည်းလဲ ဒီအရွယ်လေးတွေ ထိန်းကျောင်း စာသင်နေရတာဟာ။ စိတ်ကစားတတ်တဲ့အရွယ်ဆိုတာ ဒီလိုပဲပေါ့”

ဒေါ်ခင်ခင်က ပြေရာပြေကြောင်း နှစ်သိမ့်သည်။

“အိုး... စိတ်ကစားတာမဟုတ်ဘူး မခင်ခင်ရဲ့၊ မီးနဲ့ကစားချင်နေတာ သိလား။ ဟင်း— ဒီလိုမီးမျိုးက လောင်မိယင် 



ငြိမ်းလွယ်တာမဟုတ်ဘူး၊ ကျောင်းမှာများ ဒီလိုစာတွေ မိယင် ကောင်းကောင်းတီးပစ်လိုက်တာ၊ တကတဲ အရွယ်မရောက်သေးဘူး၊ ကဲလိုက်တာ လွန်ရော”

မကျေမချမ်း ပြောယင်း ငွေအိုးစာကို ကောက်ယူကာ အစိတ်စိတ်အမြွှာမြွှာ ဆုတ်ဖြဲပစ်လိုက်၏။

“လှပုံလေးက ရိုးပုံရိုးလက်နဲ့၊ သူများတကာ သမီးလို ညီမလို မွေးထားတဲ့ မိန်းကလေးကိုမှ....”

ဟုတ်ပါသည်။ သိန်းသိန်းသူတို့ဆီရောက်လာစဉ်က ငါးနှစ်သမီးသာ ရှိပါသေးသည်။ သိန်းသိန်းမိခင်ကိုယ်တိုင်က ဖခင်မဲ့သားသမီး ခြောက်ယောက်ကို ရှာမကျွေးနိုင်တော့၍ စိတ်ချရမည့်လူများထံတွင် သမီးသုံးယောက်ကိုအပိုင်မွေးရန် ပေးပစ်မည့် သတင်းကြားကတည်းက ဒေါ်လှက မှာထားခဲ့သည်။ သိန်းသိန်းသည် တောသူမဟုတ်၊ မဟာရန်ကုန် မြို့တော်၏ မြို့စွန်မြို့ဖျား ထောက်ကြံ့ဘက်မှ ဖြစ်သည်။

ရေစက် ဆုံချင်တော့ သိန်းသိန်းကို မြင်မြင်ချင်း သူတို့ သဘောကျကြသည်။ သဘောကျသည်ဆိုရာ၌ ကိုယ့်အမြင်နှင့်ကိုယ်ပင်။ ဒေါ်လှအမြင်က သွက်လက် ချက်ချာပြီး ခိုင်း၍ ဖင်ပေါ့သူလေးမို့။ သားနှစ်ယောက် မိခင် ရုံးစာရေးမ ဒေါ်ခင်ခင်ကတော့ သူ့သားငယ်လေးနှင့်သင့်မြတ်အောင် နေတတ်သည့် သား၏ကစားဖော်အဖြစ်။ အားလုံးထက်ပို၍ ထူးခြားသော သံယောဇဉ်ဖြင့်ချစ်ခင်မိသူကတော့ အပျိုကြီး ဒေါ်အေးအေးငြိမ်း။ သူကတော့ သိန်းသိန်းကိုခိုင်း၍ ကောင်းသူအဖြစ် မမြင်နိုင်ပဲ သွေးရင်း သားရင်း သံယောဇဉ်မျိုးဖြင့်

ချစ်ခဲ့ရသူ၊ ပြုစု ပျိုးထောင်ခဲ့သူပင်။ သည် မိန်းကလေးကို ညဘက်စာသင်ပေးသူကလည်း သူ၊ နောက် အတော်ကလေး ရေးတတ်ဖတ်တတ်လာတော့ မိခင်ကြီးနှင့်အတိုက်အခံပြောပြီး ကျောင်းထားပေးသည်ကလည်း သူ။ လွန်ခဲ့သော နှစ်နှစ် မိခင်ကြီး အရိုးအဆစ်နာသည့် ရောဂါကြောင့် အိပ်ရာထဲက မထနိုင်သည့်နှစ်ကမှ သိန်းသိန်းကို ကျောင်းထုတ်ခဲ့ရသည်။ ထိုစဉ်က သိန်းသိန်းခြောက်တန်း။ ဒါကိုပင် ဒေါ်အေးအေး ငြိမ်း ရင်ထဲက ဘဝင်မကျ။ လိပ်ပြာလည်း မသန့်။

'ကိုယ့် ညီမ အရင်းကလေးသာဆို ဒီလို လွယ်လွယ်နဲ့ ကျောင်းထုတ် ပစ်ရက်ပါ့မလား၊ ကျောင်းထုတ် ပစ်နိုင်ပါ့မလား' ဟု အခါခါ တွေးကြည့်နေမိသည်။ တခါတခါ အိမ်ရှေ့ကဖြတ်သွားသည့် ကျောင်းသား ကျောင်းသူကလေး များကို သိန်းသိန်း ငေးမောကြည့်ရှုနေမိသည်ကို တွေ့လျှင် လုံးဝ စိတ်မကောင်း။

ယခုတော့ သူ သံယောဇဉ်ကြီးခဲ့ရသည့် မိန်းကလေးသည် အတောင်ပင် မစုံသေးမီ ပျံသန်းချင်နေပါပကော။

"မဖြစ်ဘူး မဖြစ်ဘူး။ မီးဆိုတာ မလောင်းခင်တားမှ၊ မေမေနဲ့ မမငင်တို့လဲ မျက်ခြည်မပြတ်ကြည့်နေဖို့ ပြောထားအုံးမှ"

ထိုနေ့ကစ၍ ဒေါ်လှတို့သားအမိသုံးယောက်သည် အချိန်ရှိတိုင်း၊ အခွင့်သင့်တိုင်း သိန်းသိန်း၏ 'ချစ်ရေး' တိုက်ပွဲကို အပြင်းအထန် ဆင်နွှဲကြတော့သည်။ ပရိယာယ်အမျိုးမျိုး၊ စစ်ဆင်နည်းအထွေထွေဖြင့် တိုက်စစ်ဆင်ကြသည်။ သိန်းသိန်း၏ အသည်းနှလုံးကို ခံတပ်တွေအထပ်ထပ် ဖို့ကြပ်ပိတ်ကာထား ကြတော့သည်။

"သမီးကို မေမေကြီးတို့က သမီးရင်းလိုမွေးခဲ့တာ မဟုတ်လား။ စဉ်းစားကြည့်ပါလား။ တကယ့် သမီးရင်းလိုချစ်လို့ နားကပ်ရော၊ ဆွဲကြိုးရော၊ လက်စွပ်ရော ဆင်ပေးထားတာ မဟုတ်လား။ ဟောဒီ နားကပ်လုပ်တုန်းက တရာကျော်၊ ဆွဲကြိုးလုပ်တုန်းက ခြောက်ရာ၊ လက်စွပ်က သုံးရာကျော်၊ ကဲ—နည်းသလား။မချစ်ယင် ဒါတွေလုပ်ပေးပါ့မလား။သမီး စဉ်းစားကြည့်။သမီး ဟိုဟိုဒီဒီစိတ်တွေမထားနဲ့။ အချိန်တန် အရွယ်ရောက်ယင်၊ သင့်တော်တဲ့ လူတွေ့ယင် မေမေကြီးက ပေးစားမှာပေါ့။ ဒီ ငွေအိုးဆိုတဲ့ကောင်က ဆင်းရဲလိုက်တာ၊ သမီး မြင်တဲ့အတိုင်း။ သူ့အဖေကလဲ နောက်မိန်းမငယ်နဲ့၊ မအေကလဲ အကျင့်သိပ်ကောင်းတာမှတ်ဘူး။လက်ဆော့သတဲ့။ ဒီလို မျိုးရိုးမကောင်းတာကို စိတ်ကူး ထဲတောင် မထည့်နဲ့၊ ကြားလား"

ဒေါ်လှကလည်း သူ့နည်းနှင့်သူ။ သိန်းသိန်းက ခေါင်းကလေးအောက်ချ၍ ခပ်ငိုင်ငိုင် နားထောင်နေတတ်စမြဲ။ သူ့စိတ်ထဲတွင် ယောကျ်ားလေးတဦးပေးသည့် စာလေးတစောင်ကို လက်ခံမိရုံမျှနှင့် သည်မျှတတွတ်တွတ် ဆိုပြောနေသည်ကို နားမလည်နိုင်ပေ။

ဒေါ်ခင်ခင်ကတော့ တမျိုး။ လေပျော့ကလေးဖြင့်—

"သိန်းသိန်းရေ.... လိမ်လိမ်မာမာနေနော်၊ ယောကျ်ားဆိုတာလေ ဘယ်အချိန်ယူယူရတာသိလား။သိန်းသိန်းက ခုမှ

ဆယ့်ခြောက်နှစ်ရှိသေးတာ၊ စောစောယူ စောစော ဒုက္ခရောက်တာပဲ။ မမတုန်းက နှစ်ဘက်စလုံးအိမ်တွေက ပစ်ထားလို့ ဒုက္ခရောက်လိုက်တာ မပြောနဲ့တော့ကွယ်။ ကြိုက်တာတော့ကြိုက်ရပါတယ်ကွယ်၊ ဒါပေမယ့် မိန်းမကောင်းပန်းပန်တပွင့်တန်တဲ့၊ မကြိုက်ခင်စဉ်းစားနိုင်မှ တော်ရုံကျတာ။ မိန်းကလေးဆိုတာ ရွှေရေးကိုတွေးတတ်မှ သိလား။ ငွေအိုးနဲ့သဘောမတူလို့ ပြောတာ မဟုတ်ဘူးနော်၊ မမညီမ ဆင်းရဲမှာစိုးလို့ ပြောတာ။ ဒီအိမ်မှာနေရတာ သိန်းသိန်းဘာများပူစရာရှိသလဲ။ ရွှေဆိုရွှေ၊ အဝတ်ဆိုအဝတ်၊ ပြည့်ပြည့်စုံစုံနေရတာ မဟုတ်လား။ ဆင်းရဲတဲ့လူကိုယူယင် ညီမပဲ ဆင်းရဲမှာ၊ မမိုက်နဲ့ ကြားလား"

ဒေါ်ခင်ခင်က ဤသို့ ချော့မော့ပြောပြန်တော့လည်း မျက်လုံးကလေး ပေကလတ်ပေကလတ်လုပ်ကာ၊ လက်သည်းလေး တဖွဖွကိုက်ကာ နားထောင်ခဲ့ရသည်သာ။ မမခင် စကားကိုတော့ နားဝင်မိသလိုလို။ ချိုသာသောအပြောနှင့် စူးရဲသော ငွေအိုး၏အကြည့်တိုကိုပင် မေ့သွားသလိုလို။

ဒေါ်အေးအေးငြိမ်းကျတော့ တမျိုး။ သူက သိန်းသိန်းကို တတွတ်တွတ်နားပူငံအောင်မဆူ။ ပရိယာယ်သစ်ဖြင့် စစ်ဆင်ရေးလုပ်သည်။ သူက ငွေအိုး ရေထည့်လာတတ်သည့် ညနေပိုင်း ငါးနာရီခန့်တွင် မီးဖိုထဲက လေးငါးဆယ်ရက် ဆက်တိုက်စောင့်သည်။ ငွေအိုးကလည်း သိန်းသိန်း မီးဖိုထဲရှိတတ်သည့် အချိန်ကိုမှရွေး၍ ရေထည့်လာတတ်သည်ကိုး။

"အော်— ငွေအိုးတောင် ရေထည့်လာပြီကိုး"

"ဟုတ်... မမအေး"



"မင်း ရေစည်တိုက်တာ တနေ့ ဘယ်လောက်ရလဲကွယ့်"

"အမှန်မရှိပါဘူး မမအေးရယ်၊ တခါတလေလဲ ခြောက်ကျပ်၊ ခုနစ်ကျပ်၊ တခါတလေလဲ ရှစ်ကျပ်၊ တဆယ်ပေါ့။ မိုးတွင်းကျယင်တော့ သုံးလေးကျပ်ပဲ ကိုက်ပါတယ် ခင်ဗျ"

သဘောရိုးနှင့် မေးသည်ထင်မှတ်သဖြင့် ငွေအိုးက အမှန်အတိုင်း ဖြေရှာသည်။

"ဟဲ့—နည်းလှချည်လား၊ ငါက မင်း တနေ့တနေ့ ဆယ့်လေးငါးကျပ်ရတယ် မှတ်နေတာ"

"ကိုယ်ပိုင်စည်ဆိုယင်တော့ ရနိုင်ပါတယ်ခင်ဗျ။ ခုတော့ ဒီစည်ကို တညနေ တဆယ်နဲ့ ငှားတိုက်ရတာမို့ပါ"

"အော်....အော်.... မင်းက ရေစည်လေး တလုံးတောင်မှ အပိုင် မရှိသေးပဲကိုးကွယ့်"

မမအေးက ငါ့ကို ရင်းရင်းနှီးနှီး မေးရှာတယ်ဟု ကျိတ်ဝမ်းသာနေခဲ့မိသည့် ငွေအိုးတယောက် အောင့်သွားတော့၏။ မျက်လွှာကလေး ချကာ အိုးတိုက်နေသည့် သိန်းသိန်းကို တချက်ခိုးကြည့်ကာ အမြန်ဆုံး လစ်သွားတော့၏။

နောက်တကြိမ် ကြုံကြိုက်ပြန်တော့လည်း....

"ဟဲ့—ငွေအိုး၊ မင်းအဖေက မင်းတို့ကိုကော ပိုက်ဆံလေးဘာလေး ပေးရဲ့လား"

"ဟုတ်ကဲ့၊ ပေးတဲ့အခါလဲ ပေးပါတယ်ခင်ဗျ။ ဒါပေမယ့် မမအေးရယ်၊ သူ့နောက်မိန်းမကလဲ ကလေးသုံးယောက် ရနေပြီလေ။ ဒီတော့ ကျွန်တော်တို့အိမ် ဘယ် သိပ်ပေးနိုင်မလဲ မမအေးရာ"

"အင်း... မင်းတို့ကလဲ မောင်နှမ ငါးယောက်နော်"

"ဟုတ်—ခင်ဗျ"

"မင်းတယောက်ထဲရှာတာနဲ့ ကသီမှာပဲနော်"

"ကသီ တာပေါ့ မမအေးရယ်၊ ကျွန် တော့် အောက် ထွေးထွေးကလဲ မနက်ဈေးမှာ မုန့်လက်သောင်းရောင်းရသေး တယ်။ သူက တနေ့ သုံးလေးကျပ်တော့ မြတ်ပါရဲ့၊ ဒါပေမယ့် မိန်းကလေးဆိုတော့ အဝတ်အစားဖိုးနဲ့ ကုန်တာပါပဲ"

"အော် .. အော်....အင်း၊ နှမအပျိုလေးလဲဂရုစိုက်အုံးကွယ့် ကြားလား။ မင်းတို့မှာ မှဲ့ရကဲ့အထဲ ဆင်းရဲတဲ့သူနဲ့ ရသွားယင် ဒုက္ခတွင်း နက်သည်ထက် နက်သွား အုံးမယ်။ အနည်းဆုံး စာရေး စာချီလေးလောက်နဲ့မှ ယူပစေ၊ ကြားလား"

ငွေအိုး စိတ်အိုက်သွားသည်။ အတန်းပညာ မကတ်သော် လည်း အသက် နှစ်ဆယ် ပြည့်လုပြီမို့ ဒေါ်အေးအေးငြိမ်း၏ စကားအဓိပ္ပာယ်ကို သူ ကောင်းကောင်းကြီး နားလည်မိပါ သည်။ သည်တချီတော့ သိန်းသိန်း ရှိရာဘက်သို့ ခေါင်းပင် မလှည့်ရဲတော့ပဲ ခပ်သုတ်သုတ် ပြန်ခဲ့ရ၏။

ဒေါ်အေးအေးငြိမ်း ကတော့ အောင်နိုင် သူကြီး ပမာ သိန်းသိန်း မျက်နှာကို လှမ်းအကဲခတ်လိုက်၏။

နောက်ဆုံးအကြိမ်ဟု သတ်မှတ်နိုင်သည့် အကြိမ်က မီးဖို ဘေးက ရေစည်နားမှာ။ သိန်းသိန်းက ခြင်ထောင်တွေလျှော် နေသည်။ ဒေါ်အေးအေးငြိမ်းက ဆပ်ပြာ ကူတိုက်ပေးနေ သည်။ ဒါကလည်း သူ့ အကျင့်။ သည်မိန်းကလေးကို ကရုဏာ ဒိတ်ဖြင့် အမြဲကူညီ လုပ်ကိုင်ပေးလေ့ရှိသည်။



အချိန်က မနက် ရှစ်နာရီခန့်။

"ငွေအိုး .. ရေထည့်လာသလား၊ မနေ့ညနေက ဘာဖြစ်လို့ မလာသလဲကွယ့်"

"ကျွန်တော့်ညီ အငယ်ဆုံးလေး ဖျားပြီး တက်လို့ပါ မမအေး၊ တညနေလုံး အဖျားမကျလို့ ကျွန်တော်စောင့်နေ ရလို့ပါ။ တညလုံးလဲ မအိပ်ရဘူး မမအေးရယ်။ ခုမနက်မှ အဖျားကျသွားတယ်။ အမေနဲ့ ထွေးထွေးကလဲ အောက်ဘက် ကုန်ကူးခေါ်လို့ လိုက်သွားကြတာ၊ ကျွန်တော်ဖြင့် ဘာလုပ် ရမှန်းကို မသိတော့ဘူး"

အိပ်ရေးပျက်ထား၍ နွမ်းနေသော၊ ပူပန်သောကကြောင့် ညှိုးငယ်နေသော ငွေအိုးကိုကြည့်ကာ 'သိန်းသိန်းကိုစာပေး သူ' ဟူသောအမြင် ခဏ ပျောက်သွား၏။ ကျောင်းဆရာမ တဦး၏ ကြင်နာတတ်သည့် မိခင်စိတ်က ဝင်ရောက်လာ၏။

"ဆရာဝန်ဆီ သွားမှပေါ့ ငွေအိုးရဲ့၊ ဒေါက်တာခင်ဖြူစင် တော်သားပဲ"

"ဟုတ်...မမအေး၊ ကျွန်တော်လဲ သွားမလို့ပါပဲ။ အဲ.... အဲဒါအတွက် ပိုက်ဆံ တဆယ်လောက် ကျွန်တော် ချေးချင် လို့ပါ။ အမေတို့ ပြန်လာယင် ကျွန်တော် ပြန်ဆပ်ပါ့မယ်"

"ရပါတယ်ကွယ်....ယူသွားပေါ့။ ညီမရေ—မမအေးငြိမ်း အိတ်ထဲက ငွေတဆယ် သွားယူချည်စမ်း"

သိန်းသိန်းက ဒေါ်အေးအေးငြိမ်း ထင်မှတ် သည်ထက် ပိုမိုလျင်မြန်စွာ ပြန်ရောက်လာခဲ့၏။

"ကဲ…ရော့…ရော့၊ ကလေးကို ဂရုစိုက်ကွယ့်။ နေပါအုံး မင်း လက်မောင်းက ဘာဖုတွေလဲ"

ပိုက်ဆံလှမ်းယူလိုက်သည့် ငွေအိုးလက်မောင်းကို သေသေချာချာ စိုက်ကြည့်ယင်း ဖြတ်ကနဲ မေးလိုက်၏။ ငွေအိုး ရုတ်တရက် ကြောင်သွားပြီးမှ…

"ဒါ…ဒါ…ဟို… ခြင်ကိုက်ဖုတွေပါ မမအေး"

"ခြင်တွေကလဲ ဒီလောက်ထိကိုက်ရသတဲ့လားကွာ၊ မင်းတို့ ခြင်ထောင်ကို လုံလုံ မထောင်ဘူး ထင်တယ်။ ခြင်ထောင်ကို လုံလုံထောင်မှပေါ့ကွယ့်။ ပေါက်ပြဲနေတာရှိယင်လဲ ထွေးထွေးကို အဖာခိုင်းပေါ့။ ခြင်ကိုက်တာ ဒီလောက်ခံရယင် ငှက်ဖျား ဝင်တတ်တယ်ကွယ့်"

ငွေအိုး ငြိမ်၍ နားထောင်နေသည်။ ဒေါ်အေးအေးငြိမ်း စကားဆုံးသည့်တိုင် သူ ငြိမ်ရပ်နေဆဲ။ ခဏကြာမှ လေသံ တိုးတိုးဖြင့် ခပ်လေးလေး ဖြေသည်။

"ကျွန်တော်တို့မှာ ခြင်ထောင်ဆိုလို့ ပေါက်ပြဲနေတဲ့ ခြင်ထောင်တောင် မရှိပါဘူး မမအေးရယ်။ ရှိတဲ့ခြင်ထောင်လေး တလုံးကလဲ အမေတို့ ယူသွားကြလို့ ညီလေး ကိုတောင် ကျွန်တော့် ပုဆိုးစုတ်နဲ့ ထွေးသိပ်ရတယ်"

အားငယ်သံကို သိသိသာသာ ကြားလိုက်ရပြီးသည့်နောက် ရေစည်လှည်းကျိုးကို တဂျိုင်းဂျိုင်းတွန်းကာ ပြန်ထွက်သွားသည်ကို တွေ့လိုက်ရ၏။



ဒေါ်အေးအေးငြိမ်းကငွေအိုးကိုကြည့်နေရာက သိန်းသိန်း ဘက်သို့ လှည့်ကြည့်လိုက်၏။ သိန်းသိန်းက သူ့ဇာခြင်ထောင် လေးကို မဲ့နယ် နှစ်နေသည်။

'အင်း…. ငွေအိုး ဘယ်လောက် ဆင်းရဲတယ်ဆိုတာ သူ သိသွားပြီပဲ။ မိုက်မယ်တော့ မဟုတ်ပါဘူး'

သည်လိုတွေးယင်း သူ့တိုက်စစ် ပရိယာယ်သစ်၏ အောင်မြင်မှုကို သူ့ဘာသာ ကျိတ်၍ ကျေနပ်နေတော့သည်။

* * *

နောက်တနေ့ နံနက် ခြောက်နာရီခန့်။

ဒေါ်အေးအေးငြိမ်း အိပ်ရာက နိုးတော့ သိန်းသိန်းက သူ့ ခုတင်ပေါ်ဝယ် မရှိတော့ပြီ။ ပြန့်ပြူးစွာ ခင်းကျင်းထားသော အိပ်ရာကလေးက သပ်သပ်ရပ်ရပ်။ သိန်းသိန်းက သန့်ကောင်းသည်။ ငယ်ငယ်ကတည်းက ငါးနာရီခွဲထက် နောက်မကျပဲ မီးဖိုထဲ ဝင်လေ့ရှိသည်။ သူထသွားလျှင် သူ့အိပ်ရာကလေးကို သည်လိုပင် သပ်သပ်ရပ်ရပ် ပြုပြင်ထားပစ်ခဲ့စမြဲ။ ထို့ကြောင့်လည်း သန့်ရှင်းသပ်ရပ်မှုကို နှစ်သက်တတ်သည့် သူနှင့် တခန်းထဲ နေနိုင်ခြင်း ဖြစ်ပေသည်။

သိန်းသိန်း ခုတင်လေးကို လှမ်းကြည့်ယင်း သူ့စိတ်ထဲ တမျိုးဖြစ်သွား၏။ သိန်းသိန်း ခုတင်လေးသည် ခါတိုင်းထက် ပိုသပ်ရပ်နေသလိုလို၊ ပိုရှင်းလင်းနေသလိုလို၊ ရှိသင့်တာတခုခု ပျောက်နေသလိုလို။ ဇဝေဇဝါစိတ်ဖြင့် သုံး လေး လှမ်းမျှသာ ခြားသော သိန်းသိန်းခုတင်လေးဆီသို့ သူရောက်သွား၏။

"အလို...."

အနားရောက်မှ စောစောက မမြင်ခဲ့သည့် သိန်းသိန်း ခေါင်းအုံးပေါ်က နားကပ်၊ လက်စွပ်နှင့် ဆွဲကြိုးကို တွေ့ လိုက်မိ၏။ ပြီးတော့ စာရွက်ခေါက် တခု။

"အင်း...."

နားလည်းလိုက်ပါပြီ။ အကောင်ကြီး မြင်မှတော့ အရိပ် ပြစရာ မလိုတော့ပါပြီ။ဒေါ်အေးအေးငြိမ်း အံ့တကြိတ်ကြိတ် ဖြင့် စာတိုလေးကို ဖတ်ကြည့် လိုက်မိ၏။ စာကလေးမှာ ငါးကြောင်းမျှသာ။ နောက်ဆုံး စာကြောင်း ကလေးက ဒေါ်အေးအေးငြိမ်းကို သရော် လှောင်ပြောင် နေလေသည်။

'မမတို့ ပေးထားတဲ့ အထဲက ခြင်ထောင် တခုပဲ ကျွန်မ ယူသွားပါတယ် မမရှင့်....' တဲ့။

သည်တော့မှ သူစောစောက သိန်းသိန်း ခုတင်ပေါ်ဝယ် တခုခုလိုနေသည်ဟု ထင်ခဲ့မိသည့် အကြောင်းရင်းကို ရုတ်တ ရက် သိရှိလိုက်ရ၏။ ထို အကြောင်းရင်းကို သိလိုက် မှပင် ကိုယ့်ရှုးကိုယ်ပတ်၊ ကိုယ့်အတတ်ကိုယ်စူး ခဲ့ရပုံကိုပါ ဆက်လက် တွေးတောလိုက်မိ၍ မကျေနိုင်၊ မချမ်းနိုင် ဖြစ်သွားရပါ တော့သည်။

"တောက်....ငါ့နှယ်နော် ..."



သံသရာ သည်ဂယက်မှာ

"မိုးရယ်....ရွာပါတော့၊ မြန်မြန်ရွာပါတော့"

အထွန်းက အုံ့ပျပျကလေးဖြစ်နေသောကောင်းကင်ပြင်ကို မော့ကြည့်ယင်း ပြောလိုက်သည်။ အထွန်း စကားကြောင့် အထွန်းဘေးနားတွင် နွတ်ခမ်းနီ၊ ပါးနီ၊ အင်္ကျီလုံချည်အသစ် တို့ဖြင့် ပြင်ဆင်ကာ ထိုင်နေကြသော ပုစူးမနှင့် တုတူးမက နှုတ်ခမ်းစူပြီးသား ဖြစ်သွားကြ၏။ ပြီးနောက် နှစ်ယောက် သား တိုင်ပင်ထားသလို အထွန်းကို မျက်စောင်းထိုးယင်း ပြိုင်တူ ပြောလိုက်ကြသည်။

"အစ်ကိုထွန်းနော်၊ဒါလောက် သဘောမပုပ်နဲ့၊သိလား"

"ဟ…ငါက ဘာသဘောပုပ်လို့လဲ. ကောင်မလေးတွေရဲ့။ ငါ့ဘာသာငါ မိုးရွာယင် ဘောလုံးကန်မလို့ပဲဟာ"

"အောင်မာ၊ ပူစူးမတို့ မသိဘူး မှတ်လို့လား။ ဟင်း…. သူများတကာ ရုပ်ရှင်သွားမှာကို မနာလိုပြီးတော့များ၊ သူ မလိုက်ရတိုင်း၊ ဟင်း"

နှုတ်သွက်သော ပူစူးမက ကက်ကက်လန် ပြောလိုက်သည်။ ဒါကို အထွန်းက သဘောကျစွာ ရယ်မောလိုက်၏။

"အမယ်လေး….နင်တို့ရုပ်ရှင်လဲ ငါက မကြည့်ပါဘူးဟာ၊ မနာလိုစရာလဲ ဘာ အကြောင်းမှ မရှိပါဘူး။ နင်တို့သာ ဝင်းဦးဆို ကြည့်ချင်၊ ကျော်ဆွေဆို မြင်ချင်နဲ့ လာသမျှ ကားတွေ မလွှတ်တမ်း ကြည့်ချင်နေကြတာ"

"ဟင်း…. မသိတာမှတ်လို့။ အစ်ကိုထွန်းရော စင်ဒရာဒီးတို့၊ ဘားဒေါ့တို့ လာယင် ကျောင်းလစ်ပြီး မကြည့်ဘူးလား။ ကဲ-ဘာပြောအုံးမလဲ၊ ဟင်း—သူငြင်းလို့မရတော့ဘူးမှတ်လား။ အစ်ကိုထွန်းနော်…. သူများကို စ မနေနဲ့၊ မစနဲ့ဆိုနေ။ ဟော ဒီမှာ ကြီးဒေါ်ရေ၊ ငထွန်းရယ်-ပူစူးမတို့ကို လိုက်စနေတယ်"

"ကြည့်စမ်း၊ ငါ့ကို ငထွန်းလို့ ခေါ်တယ်။ ပူစူး၊ နင် ငါ့ကို ကန်တော့စမ်း။ နင့်ထက် ငါက သုံးနှစ်တောင်ကြီးတာ သိလား"

အထွန်း ခေါက်လိုက်သောကြောင့် ပူကနဲ ဖြစ်သွားသော ငယ်ထိပ်ကလေးကို လက်ဝါးဖြင့်ပွတ်ကာ ရှုံ့မဲ့မဲ့ဖြစ်သွားရ၏။ မျက်ရည်ကလေး ကလယ်ကလယ် ဖြစ်ယင်း အထွန်းကို မျက်စောင်းကြီး ထိုးကြည့်မိသည်။



"နင် ငါ့ကို မကန်တော့ယင် နင်ပဲ ငရဲကြီးမှာပဲ"

"ဟဲ့ — ဘာဖြစ်နေကြပြန်သလဲ၊ သွားခါနီး လာခါနီး ကိုက်နေကြပြန်ပြီလား"

"သူ ကြီးဒေါ် သူ"

"သူ ကြီးဒေါ် သူ—သူ"

အထွန်းက တသံ၊ ပူစူးမနှင့် တူတူးမက တသံ အရအမိ လုယက်ကာ ဦးအောင် ပြောလိုက်ကြသည်။

"တော်ကြစမ်း၊ လူကောင်ကြီးတွေပဲ ကြီးလှပြီ၊ လူပျို အပျိုတွေပဲ ဖြစ်နေကြပြီ၊ နေရာတကာ ရန်ဖြစ်နေကြတုန်းပဲ။ ညည်းတို့တွေ ခေတ်ကိုက အကြင်နာ မေတ္တာ နည်းပါးလှကြတယ်၊ ကျုပ်တို့ခေတ်တုန်းကများဆို မောင်နှမတွေ ချစ်လိုက်ကြင်နာလိုက်ကြတာ တုန်နေတာပဲ၊ခုတော့ ဒီလိုမဟုတ်ပေါင်။ နောက်တခါ ရန်ဖြစ်သံ ကြားရယင် ဘယ်မှ မသွားရဘူး မှတ်ထား"

ကြီးဒေါ်က မီးဖိုခန်းထဲ ပြန်ဝင်သွားတော့သည်။ သည်တော့မှ သူတို့သုံးယောက်က ဇက်ကလေးများပုကာ ငြိမ်သွားကြသည်။

ပူစူးမတို့အိမ်ကလေးတွင် ကြီးဒေါ်၏ဩဇာသည် အတော်ပင် ရှိ၏။ အထွန်းတို့ အဖေအမေ ကိုယ်နှိုက်ကပင် ကြီးဒေါ်စကားကို နာခံကြရသည်။ ကြီးဒေါ်သည် အထွန်းတို့အမေ၏ အစ်မ အကြီးဆုံး ဖြစ်သည်။အသက်ငါးဆယ်ကျော် အပျိုကြီး ဖြစ်၏။ အသားဖြူဖြူ ဝဝတုတ်တုတ် ဖြစ်သည်။ အပျိုကြီး ဖြစ်သဖြင့် အပူအပင်ကင်းကင်း နေနိုင်သော်လည်း သူ့ခမျာ

မနေနိုင်ရှာ။ အထွန်းတို့အိမ်တွင်နေကာ အထွန်းတို့မောင်နှမတွေကို သားသမီးသဖွယ် ပြုစုစောင့်ရှောက်ရှာသည်။ တအိမ်လုံးတွင် သူ့ခြေသူ့လက် ဖြစ်လာသည်။ ဘုရားစင်မှစ၍ မီးဖိုချောင် အထိ သူ့ခမျာ တာဝန်ယူရှာသည်။ အထွန်းတို့အဖေနှင့်အမေက "မမရယ်၊အေးအေးနေပါ"ဆိုသော်လည်း ကြီးဒေါ်က မနေ။ ဘာမဆို သူလုပ်ရမှ၊ သူသိရမှ ကျေနပ်တတ်သော သူ့ညာဉ်က သူ့ကို ပင်ပန်းစေသည်။ ယခုလည်း သူ့ညာဉ်ကြောင့် ငြိမ်ကျသွားကြသော အထွန်းတို့ကို ကြည့်ယင်း ကျေနပ်သွားမိ၏။

"အမေရေ၊ မပြီးသေးဘူးလား။ သုံးနာရီထိုးနေပြီ"

"ကဲ....မရွှေရီ၊ ထားခဲ့တော့၊ ကျုပ်ပဲ ဆက်လုပ်လိုက်မယ်။ ပြင်ဆင်ပြီး မြန်မြန်ကြွကြွ"

အမေသည် သူ့အစ်မ စကားကို မပယ်ရှားသူပီပီ မီးဖိုခန်းထဲမှ ထွက်သွားသည်။ အထွန်းတို့ အမေသည် အသက်လေးဆယ်နား နီးပြီ ဖြစ်သော်လည်း နုပျိုသော အသွင်ကိုဆောင်၏။အထွန်း၊ပူစူးမ၊တူတူးမနှင့် ကူကူးမတို့လေးယောက်ကို မွေးဖွားပြီးသော်မှ ရုပ်ကျ မသွားချေ။ ယခု ဆိုလျှင် အထွန်းက ဆယ့်ရှစ်နှစ်၊ ပူစူးမက ဆယ့်ငါးနှစ်၊ တူတူးမက ဆယ့်သုံးနှစ်နှင့် ကူကူးမက ကိုးနှစ် ရှိခဲ့ပြီဖြစ်၏။

အမေက အိပ်ခန်းထဲတွင် အလှပြင်နေဆဲ ပူစူးမနှင့်တူတူးမက ဝင်လာတည်။

"အမေ၊ ကူကူးကို ကွန်ဆက်အပြီး ဖေဖေဝင်ကြိုလာမှာမှတ်လား"



"အေး....အေး၊ အော်....ပူစူးရယ်၊ အမေ့အင်္ကျီ ကြယ်သီးတပ်လိုက်စမ်းပါ။ မမကို ပြောလိုက်စမ်း၊ တူတူး ချဉ်ရေဟင်းအတွက် ငရုတ်သီး ထောင်းထားတာ ကြောင်အိမ်ထဲမှာလို့"

အမေသည် သနပ်ခါးရေကျဲလေး ပွတ်ကာ နှုတ်ခမ်းကို ပန်းနုရောင်လေး ဆိုးလိုက်သည်။ ပြီးနောက် ပူစူးမ ကြယ်သီးတပ်ပေးသော ဂျော်ဂျက်အင်္ကျီ အဖြူလက်ရှည်ကို ဝတ်ကာ ပါတိတ်လုံချည် အညိုနုကို ကောက်စွပ်လိုက်၏။ အမေသည် လက်ကိုင်အိတ်ကိုယူကာအခန်းထဲမှထွက်မည်ပြုစဉ်တွင် အထွန်းသည် သုတ်သုတ်ပျာပျာနှင့် အခန်းထဲသို့ ဝင်လာသည်။

"အမေ၊ ကြီးကြီးမြင့် ဆုံးလို့တဲ့၊ အစ်ကိုတင့်ဆွေ လာပြောတယ်၊အိမ်ရှေ့မှာ။ ကြီးဒေါ်ရေ၊ကြီးကြီးမြင့်ဆုံးလို့တဲ့"

ကြီးကြီးမြင့် ဆိုသည်က ကြီးဒေါ်၏ အခင်မင်ဆုံး ငယ်သူငယ်ချင်း ဖြစ်ပေသည်။ ကြီးဒေါ်သည် အံ့အားသင့်ကာ လက်ထဲတွင် ယောက်မကြီးကို ကိုင်လျက်က အိမ်ရှေ့သို့ ပြေးထွက်လာသည်။

"မေမေ ဆုံးပြီ"

"ဖြစ်ရလေ မောင်တင့်ဆွေရယ်"

ကြီးဒေါ်သည် မောင်တင့်ဆွေ၏ပခုံးကို ကိုင်ကာ မျက်ရည်စမ်းစမ်းဖြင့် ဆိုလိုက်သည်။ မောင်တင့်ဆွေသည် ကြီးဒေါ်ငိုသည်ကိုမြင်ရသောအခါ ပို၍ ဝမ်းနည်းလာကာ လက်ကိုင်ပဝါဖြင့် မျက်နှာကိုဖုံးကွယ်ထားလိုက်၏။

"ဘယ်လိုဖြစ်ရတာလဲ သားရယ်"

"နေ့လယ် တနာရီလောက်က မေမေ ခေါင်းလျှော်ပြီး ခုတင်ပေါ်မှာ အိပ်နေတာပဲကြီးဒေါ်ရဲ့၊ အဲဒါ ညနေစာချက်ဖို့ မမလေးကသွားမေးတော့ မနိုးတော့ဘူး။ ဆရာဝန် ကမန်းကတန်းခေါ်ပြီးစစ်ဆေးကြည့်တော့ မေမေ—မေမေ—အသက်မရှိ—ရှိ"

မောင်တင့်ဆွေသည် စကားကို ဆုံးအောင် မပြောနိုင်တော့ပဲ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

"ကဲဝါ မမရယ်။ ကလေးကိုမေးမနေပါနဲ့တော့၊ မောင်တင့်ဆွေနဲ့ မမလိုက်သွားမယ်မဟုတ်လား။ ကျွန်မတို့လဲ ရုပ်ရှင်မသွားတော့ပါဘူး။ ဟဲ့—အထွန်း၊မမနဲ့ လိုက်သွားချည်စမ်း။ သွား— သုံးဘီးကား ခေါ်ချေ"

* * *

ကြီးဒေါ်သည် ငယ်ပေါင်းသူငယ်ချင်းဖြစ်သူ ကြီးကြီးမြင့် ဆုံးပြီးကတည်းက သံသရာ၏ဒုက္ခဆင်းရဲကို ပို၍ သတိတရားရလာလေသလားမသိချေ။ ခါတိုင်း ဘုရားကို တနာရီခန့်ရှိခိုးခဲ့သော ကြီးဒေါ်သည် ယခု နှစ်နာရီခန့် ကြာအောင် ရှိခိုးလာသည်။ ညစဉ်အိပ်ခါနီး ပုတီး အပတ်ပေါင်း တရာခန့် စိပ်ခဲ့သော ကြီးဒေါ်သည် ယခု နှစ်ဆတိုး၍ စိပ်လာသည်။ စကားပြောသည့် အခါတိုင်းလည်း "သင်္ခါရဆိုတာ ဘယ်သူမှလွဲရှောင်လို့ရတာမဟုတ်ပါဘူးကွယ်၊ သုခလို့ထင်နေရသမျှအားလုံးဟာလဲ အမှန်မှာတော့ ဝေဒနာတွေချည်း ပါပဲ။ အမှန်မှာတော့ လောကကြီးမှာ ဘယ်အရာမှ တည်မြဲခြင်း မရှိပါဘူးကွယ်။



သံသရာက လွတ်မြောက်အောင် သည်သဘော တရားတွေကို နားလည်ဖို့ အများကြီးလိုတာပဲ" စသည်ဖြင့် ပြောတတ်လာသည်။ ထိုကဲ့သို့စကားပြောရာတွင် တရားသဘော နှောကာ ပြောလာတတ်သည်သာ မဟုတ်သေး။ တခါတရံ တလတွင် တကြိမ်မျှ စွန်းလွန်းကျောင်းသို့ သွားကာ တရားထိုင်လိုက်သေး၏။

ကြီးဒေါ်တယောက် ထိုကဲ့သို့ တရားသဘောနားလည်လာကာ အလေးထားလာသည်ကို စိတ်ကြိုက် တွေ့နေသူကား အထွန်းတို့မောင်နှမလေးယောက်သာတည်း။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အရင်ကလောက် ကြီးဒေါ်၏အဆူအပူကို မခံရသောကြောင့်ဖြစ်၏။ အဆူအပူခံပင်ခံရသော်လည်း ယခင်ကကဲ့သို့ ဝုန်းဝုန်းဒိုင်းဒိုင်း နားငြီးလောက်အောင် မဆူတော့ပဲ တိုးတိုးသက်သာ အေးအေးဆေးဆေးဖြင့် နားဝင်အောင် ပြောပြတတ်လာသော ကြီးဒေါ်ကို သူတို့ ပို၍ တွယ်တာလာကြသည်။ အေးအေးဆေးဆေးနေတတ်သော တူတူးမဆိုလျှင် ကြီးဒေါ်အပါးမှ မခွာတော့ပေ။ ကြီးဒေါ်ကလည်း တူတွေတူမတွေ အများကြီးထဲတွင် တူတူးမကို အချစ်ဆုံး၊ အလိုလိုက်ဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တူတူးမသည် ကြီးဒေါ်နှင့် လိုက်လျောညီထွေ ပေါင်းတတ်သောကြောင့်တည်း။

"တူတူးမကို ညကျယင် ဓမ္မစကြာ သင်ပေးပါနော် ကြီးဒေါ်"

"ကြီးဒေါ်အတွက် တူတူးမ သံပရာရည် ဖျော်ယူခဲ့တယ်၊ ခေါင်းမူး ပျောက်အောင်လေ"

"ကြီးဒေါ်တဘက်ကလေး တူတူးမ မီးပူတိုက်ထားလိုက်တယ်၊ ဘုရားသွားယင် ခြုံသွားနော်" စသည်စသည်ဖြင့် တူတူးမက ပြောသောအခါ ကြီးဒေါ်သည် တပြုံးပြုံးဖြင့် ပီတိလျှမ်းနေတော့သည်။ ပြီး သူ့အိတ်ထဲမှ ငွေတကျပ်စ၊ နှစ်ကျပ်စကိုလည်း အထွန်းတို့၊ ပူစူးမတို့မသိအောင် ပေးတော့သည်။

ကြီးဒေါ်နှင့် မတွဲသူနှစ်ယောက်က အထွန်းနှင့် ပူစူးမပင်ဖြစ်၏။ အငယ်ဆုံးလေးကူကူးမမှာ အမေအဖေနှင့်သာ အနေများသဖြင့် ကြီးဒေါ်ကို သိပ်မခင်တွယ်ချေ။

"အကြီးနှစ်ကောင်လာစမ်း၊ တူတူးမနဲ့တူတူ ဘုရားရှိခိုးကျက်ရမယ်"

"ကြီးဒေါ်ကလဲဗျာ၊ ဘုရားရှိခိုးပဲ ကျက်ရမယ်လို့၊ ကိုယ့်စကားနဲ့ကိုယ် ရှိခိုးလဲရတာပဲဗျာ၊ စိတ်သာ ပမာနပါ"

"ဟင့်အင်၊ပူစူးမလဲမအားဘူး၊ စာဖတ်စရာရှိသေးတယ်"

အထွန်းနှင့်ပူစူးမက ပြိုင်တူငြင်းလိုက်၏။ ကြီးဒေါ်သည် ဒေါသထွက်လာသော်လည်း စကားများများ မပြောပဲ စိတ်ထိန်းထားလိုက်သည်။ သို့သော် တူတူးမကိုတော့ ပြောလိုက်သေးသည်။

"သမီးလေးပဲ လိမ္မာတာ၊ ဟိုနှစ်ယောက်က ငရဲအိုးထဲ ခေါက်ထိုးကျမယ့်ဟာတွေ၊ ဒိဋ္ဌိကောင်တွေ။ ကြီးဒေါ် ဘုရားရှိခိုးလိုက်အုံးမယ်၊ ကျက်ထားနှင့် ဟုတ်လား"

တူတူးမသည်ကြီးဒေါ်ဆို ဆိုသည့်အတိုင်း ကြီးဒေါ်ခုတင်ပေါ်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကာ ကျက်နေလေတော့၏။



ကြီးဒေါ်သည် ဘုရားစင်ရှေ့တွင် ငြိမ်သက်နေသည်။ ပါးစပ်မှလည်း တရွရွရွတ်ဆိုနေ၏။ ထိုအခိုက် အဖေအမေနှင့်ကူကူးမတို့ ပြန်ရောက်လာသည်။ ကြီးဒေါ်သည် လှည့်မကြည့်ပဲ အော်ပြောလိုက်၏။

"ဟဲ့— အထွန်း— တံခါး လာဖွင့်ပေးလိုက်စမ်း၊ သော့မှန်ဗီရိုပေါ်မှာရှိတယ်"

အဖေ အမေနှင့် ကူကူးမတို့သည် စကားကို ကျယ်ကျယ်မပြောကြပဲ အိမ်ထဲသို့ဝင်သွားကြ၏။ ကြီးဒေါ်သည် ဘုရားရှိခိုးလျက်တန်းလန်းက အော်ပြောလိုက်ပြန်၏။

"ဟင်းတွေ ဘာမှ ခပ်မထားဘူးဟေ့၊ ငံပြာရည်ချက်တခုပဲ ကြောင်အိမ်ထဲမှာ။ ဟဲ့—ပူစူးမ၊ ညည်းအဖေဖို့ ထမင်းပြင်ပေးချည်စမ်း"

ကြီးဒေါ် ဘုရားရှိခိုးပြီးသောအခါတွင် အမေနှင့် အဖေသည် ထမင်းစားသောက်၍ပင် ပြီးကြပြီ ဖြစ်၏။ ပုတီးကို တချောက်ချောက်စိပ်ယင်း အိပ်ခန်းထဲသို့ ဝင်လာသောအခါ တူတူးမသည် သူ့ခုတင်ပေါ်ဝယ် ကွေးကွေးလေး အိပ်ပျော်နေပြီဖြစ်၏။

"အင်း—သံယောဇဉ် သံယောဇဉ်တွေ"

ကြီးဒေါ်က ခပ်တိုးတိုးရေရွတ်လိုက်သည်။ လွန်ခဲ့သောအပတ်က ဆရာတော်ဦးသူရိန် ဟောကြားလိုက်သော တရားတော်သည် သူ့နားထဲသို့ စိမ့်ဝင်လာ၏။

"(ငါဆိုတဲ့အစွဲ ဖျောက်နိုင်မှ သံသရာက လွတ်မြောက်နိုင်မှာ တကာမကြီး ရဲ့။ ငါ့ကိုယ်၊ ငါ့ယောကျ်ား၊ ငါ့သား၊

ငါ့တူ၊ ငါ့ပစ္စည်းအစရှိသည့်ဖြင့် ငါစွဲရှိနေသမျှ အပါယ်တံခါးဟာ ပွင့်နေတာပဲ။ ငါစွဲကိုဖျောက်နိုင်မှ) တကာမကြီးရေ့”

“ဟုတ်တယ်၊ ဒီသံယောဇဉ်တွေကို ဖြတ်မှ”

ကြီးဒေါ်က သက်ပြင်းတချက်ချယင်း တွေးလိုက်သည်။ ကြာလျှင် သည့်ထက်သံယောဇဉ်တွယ်လာပေလိမ့်မည်။ ဟုတ်ပြီ မနက်ဖြန် ကျလျှင် စွန်းလွန်းသို့ တရား သွားထိုင်တော့မည်။ ကြီးဒေါ်သည် ကြည်လင်တည်ငြိမ်သောစိတ်ဖြင့် အိပ်ရာ ဝင်လိုက်သည်။

* * *

“ဟင်—မမ၊ ဘယ်နှယ် အိပ်ရာလိပ်ကြီးနဲ့”

“ငါ စွန်းလွန်းသွားမလို့”

ကြီးဒေါ်က ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ဖွာယင်း ဖြေလိုက်၏။

“ခါတိုင်း မမသွားတာ အိပ်ရာလိပ် ယူမသွားပါဘူး”

“အေးလေ၊ ဒီတခေါက်က ဟိုမှာ အကြာကြီးနေမှာ အေ့ရဲ့၊ ငါ့စိတ်ငါနိုင်ယင် အိမ်ကိုပြန်လာချင်မှ လာတော့မယ်”

အမေသည် သူ့အစ်မ၏ စကားဆန်းကြောင့် ထိတ်ကနဲ ဖြစ်သွားရသည်။

“ကျွန်မတို့ကို မကျေနပ်တာတွေရှိလို့လား မမရယ်၊ မမ မကြိုက်တာရှိယင် ဆုံးမပါ မမရယ်”



“ကြံကြီးစည်ရာအေ၊ ငါ့ဘာသာငါ သံယောဇဉ်ဖြတ်ချင်လို့ တရားသွားထိုင်မှာပါအေ့၊ ညည်းတို့နဲ့ ဘာမှ မပတ်သက်ပါဘူး။ ငါ့ကို သုံးဘီးကားတစီးလောက် ခေါ်ပေးစမ်း”

“ဟာ မမကလဲ စိတ်မြန်လက်မြန်ရှိလှချည်လား၊ ကလေးတွေလဲမသိ၊ ကိုကိုလဲမသိနဲ့၊ ပြန်လာယင် သူတို့ စိတ်မကောင်းဖြစ်နေကြပါအုံးမယ်။ ပြီးတော့ ကိုကိုက ကျွန်မကိုဆူမှာ မမရဲ့၊ ခဏဆိုင်းပါအုံး မမရယ်၊ တရက်နှစ်ရက်လောက် ဆိုင်းလိုက်ပါအုံး။ လကုန်မှပဲ သွားပါနော်။ ကျွန်မတို့ လိုက်ပို့ပေးပါ့မယ်”

ကြီးဒေါ်သည် ခေတ္တမျှငိုင်သွားသည်။

“နော်—မမ၊ ကိုကိုလာတော့ ကျွန်မ ပြောပေးပါ့မယ်။ တရက်နှစ်ရက်ကလေးပဲဟာ၊ ကျွန်မ အိပ်ရာလိပ် အိမ်ထဲသွင်းလိုက်တော့မယ် နော်”

“အေး ဟေ့၊ သွင်းလိုက်တော့”

ကြီးဒေါ်က စိတ်ပျက် လက်ပျက်ဖြင့် အော်လိုက်သည်။ အမေကပြုံးပြီး အိပ်ရာလိပ်ကို ဆွဲယူသွား၏။

ညနေ အထွန်းတို့ ကျောင်းမှပြန်လာသောအခါ အမေက ကြီးဒေါ်သတင်းကို ပေးလိုက်သည်။ ကြီးဒေါ်နှင့်မတည့်သော အထွန်းနှင့် ပုစုးမတို့က ကြီးဒေါ်ရင်ခွင်ထဲသို့ အပြေးရောက်သွားသည်။ အထွန်းသည် ကြီးဒေါ်အဆိုအရ ကောလိပ်တွင် ဆယ့်နှစ်တန်းပညာကို သင်နေပြီး ပုစုးမက ကိုးတန်းပညာကို သင်နေသူဖြစ်သော်လည်း ကြီးဒေါ်နှင့်တွေ့လျှင် သူတို့သည် ဆယ်တန်းမှ ကလေးများကဲ့သို့ ဖြစ်သွားကြသည်။

“ကြီးဒေါ်က ဘာ ဖြစ်လို့ သွားရမှာလဲ၊ မသွားပါနဲ့ ကြီးဒေါ်ရယ်”

“ဟင် ကြီးဒေါ် ဘာဖြစ်လို့သွားမှာလဲဟင်၊ အိမ်ကို ပြန်မလာတော့ဘူးလား”

“ကြီးဒေါ်သွားယင် ကူကူးသိပ်လွမ်းနေမှာ”

တူ-တူမတွေက ဘေးတွင်ဝန်းရံကာ တွတ်ထိုးနေကြသည်။ ကြီးဒေါ် သည်စကားတွေကို လွန်နိုင်ပါမလား။ ကြီးဒေါ်က သက်ပြင်းချယင်း “သွားကြစမ်း၊ သွားကြစမ်း၊ ခုမှ လာချွဲမနေကြနဲ့၊ နင်တို့ကို အမြင်ကတ်လို့သွားမှာဟေ့၊ သိလား”

ကြီးဒေါ် အော်လိုက်သဖြင့်၊ အထွန်းတို့ တတွေသည် မျက်နှာ ငယ်ငယ်လေး များဖြင့် အပါးမှ တယောက်ပြီး တယောက်ထသွားကြတော့သည်။ ကြီးဒေါ်စိတ်မကောင်းပေ။ သို့သော် ကြာလျှင် သံယောဇဉ်ကြိုးက သည့်ထက်တင်းလာပေလိမ့်မည်။

ထိုနေ့ညက အထွန်းရော၊ တူတူးမ၊ ကူကူးမတို့ပါ အစောကြီး အိပ်ရာဝင်ကြသည်။ ကြီးဒေါ်သည် ပုတီးစိပ်ယင်းက ပူစူးမအခန်းထဲသို့ တစေ့တစောင်းကြည့်လိုက်မိသည်။

× × ခင်မင်တာတွေကို မိဘနှစ်ပါးနဲ့မောင် × × ချိန်ခွင်
လျှာပေါ်မှာနှိုင်းစက်တောင် × ပိုပါတယ်ပျိုမောင့်ကို။

ပူစူးမသည် သီချင်း တိုးတိုးလေး ဆိုယင်း ရှင်နေသည်။ ဆိုလက်စသီချင်း တဝက်တပျက်နှင့် ရပ်သွားပြီး တစုံတခုကို သတိရသလို အံဆွဲဖွင့်ကာ ရှာဖွေနေပြန်၏။ ခဏကြာသော်



စာရွက်ဖြူအခေါက်ကလေးတခုကို ထုတ်ယူလိုက်ပြီး စာရွက်ခေါက်ကလေးကိုဖြန့်ကာ ပါးစပ်မှ တတွတ်တွတ်နှင့် ဖတ်နေပြန်သည်။ အတော်ကြာကြာကြီးဖတ်နေပြီးမှ စာရွက်ကလေးကို ပြန် ခေါက် ကာ စားပွဲထဲသို့ ပြန်ထည့်ထားလိုက်သည်။ ထို့နောက် ဗလာစာအုပ်ထဲမှ စာရွက် တရွက်ကို ဆုတ်ယူကာ အကျအန စာရေးနေပြန်တော့၏။

“ပူစူးမမှာ ရည်းစားများရှိနေပြီလား”

ကြီးဒေါ်သည် ထိတ်ကနဲဖြစ်သွားမိ၏။ ပူစူးမသည် ချစ်သူထံပြန်စာရေးနေခြင်းပေလား။ ကြီးဒေါ် စိတ်မောရပြန်ပါ၏။ အရွယ် ရောက်လာပြီဖြစ်သော တူမတွေကို ထိန်းသိမ်းရမည့်တာဝန်မှာ ကြီးမားလွန်းလှသည်။ သူတို့ ဘာလုပ်လုပ် ဘာပြောပြော အကဲခတ် ဆုံးဖြတ်ရသည်။ ပူစူးမတို့အရွယ်သည် စိတ်ကစားတတ်သောအရွယ်ပင် မဟုတ်ပါလား။ ပူစူးမသည် ယခုတလော အချစ်၊ အလွမ်း သီချင်းများကို ဆိုတတ်လာသည်။ ဟုတ်ပြီ၊ ဟုတ်ပါပြီ။ ပူစူးမမှာ ရည်းစားရှိနေပါပြီ။

× × သိကြားမင်းဖျက်တောင် ပျက်နိုင်ပါဘူးရှင် × ×
ပျိုစိတ်ထဲက မောင့်ကိုသာချစ်ခင် × ဘယ်နည်းနဲ့မှ
မေတ္တာမညှိုးပေါင် တိုးရှဲမောင်နဲ့ကြင် × ×

ပူစူးမသည် စာကိုအဆုံးသတ်ကာ စာရွက်ကလေးကို ခေါက်လိုက်သည်။ ခေါက်ပြီးသောစာရွက်ကလေးကို စာအုပ်ကြားတွင်ညှပ်ပြီး နေရာမှထလိုက်သောအခါမှ ကြီးဒေါ်သည်

ပူစူးမ အခန်းတံခါးဝတွင် တိတ်တဆိတ် ရပ်နေမိသော သူ့အဖြစ်ကို သူသတိရကာ တဘက်သို့ အလျင်အမြန်လှည့်ထွက်လာခဲ့ရသည်။

ည ဆယ်နာရီကျော်ကျော် ပူစူးမ အိပ်ပျော်နေလောက်ပြီဟုထင်ရသော အချိန်ကျမှ ပူစူးမ အခန်းဆီသို့ ကြီးဒေါ် တခေါက်ပြန်လာသည်။ ထင်သည့် အတိုင်းပင် ပူစူးမသည် အိပ်မောကျနေပြီဖြစ်၏။ ကြီးဒေါ်သည် ရင်တထိတ်ထိတ်ဖြင့် ပူစူးမ စာအုပ်ကိုလှန်ကာ စာရွက်ခေါက်ကလေးကို ယူလိုက်မိသည်။

**အချစ်ရေ....**

ပူစူးမလက်ရေး ဝိုင်းစက်စက်ကလေးကို ဖတ်လိုက်ရသောအခါ ကြီးဒေါ်၏ရင်သည် အတိုင်းမသိ ပူပြင်းသွားမိရှာ၏။ ပူစူးမ၏ အချစ်စာလွှာပါလား။ သူ ဘာလုပ်ရမည်နည်း။ ပူစူးမကိုနှိုး၍ မေးရမည်လား။ ညီမဖြစ်သူကိုနှိုး၍ ပြောရမည်လား။ ဝေခွဲမရသည့်အဆုံး ရှေ့သို့တိုး၍ ဖတ်မိပြန်သည်။

"အချစ်ရဲ့စာကို ပူစူးနေ့လယ်က ချိုချိုလာပေးလို့ ဖတ်ရပြန်ပါတယ်။ အချစ်ရေးပေးတဲ့ သီချင်းလေးကို ပူစူး ခုပဲ ထိုင်ကျက် နေသေးတယ်။ အော် = ဒါနဲ့ အချစ်နဲ့ပူစူးနဲ့ အတန်းမတူလို့ ခုလိုစာတတန်ပေတတန် ပို့ရတာကို ချိုချိုက ဘာပြောလဲ သိလား။ အချစ်နဲ့



ပူစူးနဲ့ဟာ ယောကျ်ားနဲ့ မိန်းမသာဆို သမီးရည်းစားလို့ ပြောကြမှာပဲ။ ခု မိန်းမအချင်းချင်းမို့ တော်သေးတာပေါ့ တဲ့။ ပြောပုံက ကြည့်ပါအုံး။ ချစ်တာပဲ၊ မိန်းမ အချင်းချင်းရော မချစ်ရတော့ ဘူးတဲ့လား။ အချစ်ရာ ပူစူးမ အိပ်တော့မယ်။ တာ့တာ"

**ပူစူးမ**

စာဆုံးတော့မှပင် ကြီးဒေါ်က ဟင်းကနဲ သက်ပြင်းချလိုက်မိတော့သည်။ ပူစူးမသည် တကယ်တော့ အပြစ်ကင်းစင်သော ကလေးမလေးသာတကား။ ကြီးဒေါ်သည် ရှင်သောစိတ်၊ ပေါ့ပါးသော ခြေလှမ်းတို့ဖြင့် ပူစူးမအိပ်ခန်းထဲမှ ထွက်လာခဲ့လေသည်။ ဒါတောင်မှ အိပ်ရာထဲတွင် တွေးနေမိသေး၏။

"ငါမရှိတုန်းသာ ဒီကောင်မလေးတွေ ရည်စားထားယင် ဘယ်သူမှ သိမှာမှတ်ဘူး။ မအေကလဲ ကလေးတွေအရိပ်အကဲကို ဘာမှ နားလည်တာမှတ်ဘူး။ ခက်သေးတယ်"

* * *

"ကြီးကြီးရေ....ကြီးကြီး"

သုံးဘီးကားရပ်သံနှင့် အတူ မောင်တင့်ဆွေ အသံကိုပါ ကြားလိုက် ရသောကြောင့် နေ့လယ် နေ့ခင်း တရေးတမော လောက် အိပ်လိုက်ဦးမည်ဟု ကြံရွယ်ထားသော ကြီးဒေါ်က ထကြည့်လိုက်ရသည်။

"ကြီးကြီးရေ၊ အထွန်းရယ် ဘောလုံးကန်တာ ခြေခေါက်ပြီး လမ်းမလျှောက်နိုင် ဖြစ်နေလို့ ပြန်လာပို့တာ"

မောင်တင့်ဆွေ စကားတဝက်လောက်တွင်ပင် ကြီးဒေါ်သည် အထွန်းဘေးနားသို့ ရောက်သွားပြီ ဖြစ်၏။

"ဖြစ်ရလေ အထွန်းရယ်၊ ဖြစ်ရလေ။ အထွန်း သတိရရဲ့လား ဟင်၊ ကြီးဒေါ်လေ— ကြီးဒေါ်"

မျက်စိ စုံမှိတ်ထားသော အထွန်းကိုကြည့်ယင်း ပျာလောင်ခတ်သွားသည်။

"မရွှေရီရေ…မရွှေရီ မြန်မြန်လာစမ်း၊ အထွန်း ဘယ့်နှယ်နေသလဲ ဟင်"

ညီမဖြစ်သူကို အော်ခေါ်ယင်း အထွန်း ခြေထောက်ကို ဆုပ်ကိုင်ထားယင်း မေးလိုက်ပြန်၏။

"ကြီးဒေါ်၊ အထွန်း သတိ မလစ်ပါဘူး ကြီးဒေါ်ရဲ့။ ခြေထောက်က သိပ်နာပြီး လမ်းမလျှောက်နိုင်တာ တခုပါပဲ"

ကြီးဒေါ်သည် အထွန်းကို ဖေးဖေးမမနှင့် တွဲခေါ်လိုက်သည်။ အမေသည် အိမ်ပေါ်မှ ကမန်းကတန်း ပြေးဆင်းလာကာ ကူလိုက်သည်။ လမ်းတလျှောက်လုံးလည်း 'ဖြစ်ရလေ…ဖြစ်ရလေ'နှင့် တတွတ်တွတ်ပြောနေတော့၏။ ကြီးဒေါ်သည် အမေ့ထက်ပင် စိုးရိမ်ကြောင့်ကြ ကြီးနေရှာ၏။ အထွန်းကို အိပ်ရာပေါ်တွင် သိပ်ထားပြီး အဖေ့ကို ဖုန်းဆက် ခေါ်ခိုင်းသည်။ လမ်းထိပ်အိမ်မှ ရင်းနှီးသော ဆရာဝန်ကြီးကို အပြေးသွားခေါ်သည်။ ကြီးဒေါ်သည် ဝဖြိုးလှသော သူ့ခန္ဓာကိုယ်ကြီးနှင့် မထိုက်အောင် သွက်လက် ဖျတ်လတ် နေတော့၏။



"အရိုးများ ကျိုးသွားသလား ဆရာရယ် ဟင်၊ ပြန်ပြီး လမ်းလျှောက်နိုင်ပါအုံးမလား၊ အမယ်လေး ကျွန်မ တူလေး လူစဉ် မီပါအုံးတော့မလား။ ဆရာရယ်၊ ကောင်းအောင် ပြန်လုပ်ပေးပါနော်၊ ပိုက်ဆံ အရေးမဟုတ်ပါဘူး။ အထွန်းရယ် ဒီဘောလုံးကို ကမြင်းချင်အုံးဟဲ့"

အထွန်းသည် ပျာယာခတ်နေသော ကြီးဒေါ်ကို ကြည့်ယင်း သနားသွားမိသည်။ ဆရာဝန်ကို မျက်ရည်လေးစမ်းစမ်းဖြင့် မေးမြန်းနေသော ကြီးဒေါ်ကိုကြည့်ယင်း 'ပူပင်လွန်းလှသူပါကလား၊ ငါ့ကို အချစ်သားပဲ' ဟူသော အတွေးက အထွန်းရင်ထဲဝယ် လျှံသွား၏။

"သိပ်လဲ မပူပါနဲ့၊ အရိုးမကျိုးပါဘူး၊ အကြောထုံးသွားတာပါ။ အိပ်ရာထဲမှာ ဆယ်ရက်လောက် ငြိမ်ငြိမ်နေလိုက်ယင် ကောင်းသွားမှာပါ။ ကဲ…အထွန်း ဆရာသွားမယ်။ ဒီပတ်တီး တော့ ဖြည်မပစ်နဲ့နော်၊ သိပ်လဲ စိတ်မပူပါနဲ့ကွာ၊ စိုးရိမ်စရာ မရှိပါဘူး"

"ဟဲ့.. ဆရာဝန်က ဘာပြောသွားတာလဲ"

ဆရာဝန် ဆင်းသွားသည်ဆိုသည်နှင့် ကြီးဒေါ်က သူသိလိုသော အချက်ကို ကောက်မေးလိုက်၏။

"အော်. ကြီးဒေါ်ကလဲ စိုးရိမ်စရာ မရှိပါဘူးလို့ ပြောသွားတာပါ"

သည်တော့မှ ကြီးဒေါ်က သက်ပြင်းချကာ အထွန်းဘေးတွင်ထိုင်ယင်း လည်ပင်းတွင် ဆွဲထားသော ပုတီးကို ဖြုတ်ယူလိုက်၏။ အထွန်းက မျက်စိ စုံမှိတ်ထားလိုက်သည်။ ကြီးဒေါ်က ပုတီးကို အာရုံပြု၍ စိပ်နေလေသည်။

"ကြီးဒေါ်"

အထွန်းက ရုတ်တရက်ခေါ်လိုက်သဖြင့် ကြီးဒေါ်က လန့်သွားသည်။

"ခြေထောက်က နာလာပြန်ပြီလား ဟင်"

"မဟုတ်ပါဘူး၊ ကြီးဒေါ် စွန်းလွန်းကို ဘယ်နေ့ သွားမှာလဲ မေးမလို့ပါ"

"မသွားဘူး....မသွားဘူး၊ တသက်လုံး မသွားတော့ဘူး။ ဒီအိမ်ကိုပစ်ပြီး ကြီးဒေါ် ဘယ်ကို သွားရမတုံး"

အထွန်းက ကျေနပ်ပြုံးကလေးပြုံးကာ မျက်လုံးကို ပြန်မှိတ်ထားလိုက်လေ၏။ အော်... တကယ်ဆိုတော့ ကြီးဒေါ်သည် သံယောဇဉ် ကြိုးတွေကို လွတ်အောင် မရုန်းနိုင်ပါကလား။



# ဘာဆိုင်လို့လဲ

ကျောင်းသားကြီးတဦးက အချိန်ပြောင်းဂလိုင် လှုပ်လိုက်၏။ ဒါဆို နောက် နာရီဝက်သာသာလောက်ရှိလျှင် မနက်သမင်းစား လွှတ်ပေတော့မည်။

ငယ်ငယ် ဆာလှပြီ။ ကျောင်းမြန်မြန်လွှတ်မှ နံနက်စာ ထမင်း မြန်မြန်စားရပေမည်။ ကျောင်းရယ် လွှတ်ပါတော့။

ဆုတောင်းနေဆဲ အတန်းထဲသို့ ဆရာမလေး ဝင်လာသည်။ ဆရာမလေး နာမည်က ဒေါ်ပြုံးပြုံးလွင်တဲ့။ ငယ်ငယ် သိတာပေါ့။ နေ့တိုင်းတွေ့နေရတဲ့ ဆရာမလေးပဲဟာနော်။ ဆရာမလေးက ငယ်ငယ့်ကို ပြုံးပြခဲ့သေး၏။ ပြုံးလိုက်တော့

ပင်ကိုက လှသော ဆရာမလေး၏ မျက်နှာ က လေး မှာ ဘယ်လို ချစ်စရာကောင်းသွားမှန်းမသိ။ ငယ်ငယ်ကတော့ သည်ကျောင်းက ဆရာမတွေထဲမှာ သည်ဆရာမလေးကို အချစ်ဆုံး။ အမအရင်းသာ ဖြစ်ပါစေတော့လို့ ဆုတောင်းခဲ့သည်မှာ အကြိမ်ပေါင်း မနည်းလှပြီ။

အတန်းထဲသို့ဝင်ပြီး သူ့စားပွဲရှိရာသို့ သွားနေပုံကို ငယ်ငယ် ငေးကြည့်နေမိသည်။ ဆရာမလေးက ကြိမ်ခြင်းကလေးကို စားပွဲပေါ်သို့ တင်လိုက်သည်။ ကြိမ်ခြင်းထဲမှ ဖတ်စာအုပ်၊ မြေဖြူတတောင့်နှင့်ကျောက်သင်ပုန်းဖျက်ကို ထုတ်ယူလိုက်၏။ ဆရာမလေး၏ လှုပ်ရှားမှုမှန်သမျှကို ငယ်ငယ် မျက်ခြည်ပြတ်မခံ။ ထိုအခိုက် ဆရာမလေး ဆံထိုးတွင် ကပ်ပန်ထားသည့် နှင်းဆီပန်းလေး ပြုတ်ကျသွား၏။

''ဆရာမ၊ ပန်းပြုတ်သွားပြီ''

ငယ်ငယ် လွှတ်ကနဲ ပြောလိုက်မိ၏။ ရှေ့ဆုံးတန်းတွင် ထိုင်နေသည့် ခင်သီတာက ငယ်ငယ့်ကို 'ဘာဆိုင်လို့လဲ' ဟူသော မျက်နှာထားဖြင့် မျက်စောင်း ထိုးကြည့်လိုက်၏။ အိုး....ဘာရမလဲ၊ ငယ်ငယ်ပဲ။ ဒီလိုနဲ့ သူများရန်လိုတာကို ခံနေလေ့ရှိတာမှ မဟုတ်ပဲ။ ဖြတ်ဆို ပြန်မျက်စောင်းထိုးပစ်လိုက်၏။ ဒါတင်မက မေးကို ဆတ်ကနဲ ငေါ်ကာ အရေးမစိုက်ပေါင် ဟူသော မျက်နှာပေးကိုပါ အဆစ်ထည့်လိုက်သေး၏။ ခင်သီတာက လည်း မခေ။ သူတို့အတန်းမှာ စာလည်းတော်၊ လိမ်လည်း လိမ္မာသူမို့ ဆရာတွေ၊ ဆရာမတွေ ချီးမြှောက် ထားသဖြင့် မာနခဲ့ပေပဲ။ ပေတံထောင်ပြယင်း လျှာပါ ထုတ်ပြလိုက်၏။



ပြီးတော့ ငယ်ငယ့်ကို မကြည့်တော့ပဲ ဘေးကကောင်းမလေးနှင့် စကားပြောနေလိုက်ရာ ငယ်ငယ် ဆတ်ဆတ်ခါသွားတော့၏။ ဟိုက သူ့ကို မကြည့်တော့ပဲ အနိုင်နှင့် ပိုင်းသွားသည် မဟုတ်ပါလား။ နေနှင့်အုံး မိသီတာ။ ညည်းသိမယ် ဟင်း ...။

ဆရာမလေးကတော့ ငယ်ငယ်တို့ဖြစ်နေပုံကို လုံးဝမသိရှာ။ ပြုတ်သွားသော ပန်းကို ဆံညှပ်ဖြင့် ပြန်တွယ်ပြီး ကျောင်းသင်ခန်းစာကိုစရန် ပြင်ဆင်နေ၏။

''ဒီနေ့တော့ ကလေးတို့ဖတ်စာအုပ်ထဲက မိရိုးဖလာ စကားအာမျှားဆိုတာကို သင်မယ်နော်၊ ကောင်းကောင်းနားထောင်ကြနော်။ ဟေး နီနီကျော်၊ ဘာဖြစ်လို့ မုန့်စားနေရတာလဲ သမီးရဲ့၊ စာသင်ချိန်မှာ မုန့်မစားရဘူးလို့ ဆရာမပြောထားတာ မေ့သွားလို့လား၊ မစားနဲ့နော်။ ခဏနေယင် ကျောင်းလွှတ်တော့မှာပဲဟာ၊ နောက်ကို အတန်းထဲကိုမုန့်ယူထားယင် ဆရာမ အားလုံး ယူစားပစ်လိုက်မှာနော်၊ သိလား''

ဆရာမလေး လေသံက ခြောက်သလိုလို၊ ချော့သလိုလို။ အိမ်က မေမေတို့နှင့်တော့ ကွာပါ့။ မေမေကတော့ တခုခုလေး စိတ်တိုင်းမကျနှင့်၊ တုတ်နှင့် ကျော တွေ့ပြီသာ မှတ်ရောပဲ။ ဘော်မှတ်ရရ ငယ်ငယ်တခါက ဆာလွန်း၍ ငှက်ပျောသီးနှစ်လုံး ခိုးစားဘူးသည်။ ဘာပြောကောင်းမလဲ မေမေ ဒေါသထွက် လိုက်ပုံများ၊ မြင်ရုံနှင့် ကြောက်ဒူးတုန်ကာ သေးဖြန်းဖြန်း ပါသည်။ နောက် ခိုးစားအုံးမလား၊ ခိုးစားအုံးမလားနှင့် မေးယင်း၊ ရိုက်ယင်း မေးလိုက်၊ ရိုက်လိုက်သည်မှာ တံမြက် စည်းတချောင်းလုံး အစိတ်စိတ်အမြွာမြွာ ဖြစ်သည်အထိ။ မစား

တော့ပါဘူး မေမေရဲ့၊ မစားတော့ပါဘူးဟု နောင်တကြီးစွာနှင့် ဖြေသည်ကိုပင် မကြားတော့ထင်ပါ၏။ မှတ်မှတ်ရရ ထိုတခါပါပဲ။ နောက် နောင် များ တော့ ငယ်ငယ်တို့ ကိုယ်ထိလက်ရောက် ခိုးစားဖို့ဝေးရော၊စိတ်ကူးထဲပင် မခိုးမိတော့ပေ။

"မရိုက်လို့မဖြစ်ဘူး အဖေကြီးရဲ့၊မကောင်းတဲ့အကျင့်ဆိုတာ ခုလို ငယ်တုန်းကတဲက အရေခွံခွာချထားမှ"

ဖေဖေက တံမြက်စည်း ကျိုးသည်အထိ ရိုက်၍ ကန့်ကွက်သည်ထင်ပါ၏။မေမေက ထိုအတိုင်းပြန်ပြောသည်ကို ငယ်ငယ်ကြားခဲ့ရပါ၏။

"ကဲ မေးမယ်နော်၊ သိတဲ့လူဖြေကြ။ 'ရိုက်တော့ ချာချာလည်၊ ကြိုးကိုဆွဲ၍ ငိုရှာသည်'တဲ့။ အဲဒါ—ဘာလဲ၊ကလေးတို့ သိကြလား"

အတန်းထဲတွင် တွတ်တွတ် တွတ်တွတ်နှင့် ညံသွားတော့သည်။တယောက်နှင့်တယောက် အဖြေညှိနေကြသည်။ငယ်ငယ်လည်း ဘာများပါလိမ့်ဟု စဉ်စားကြည့်နေမိသည်။မျက်မှောင်ကလေးကုပ်ပြီး စဉ်းစားနေသည့် ငယ်ငယ့်ကိုမြင်သော် ဆရာမကလေးက ကြင်နာစွာ ပြုံးပြပြန်သည်။

"သိပြီ ဆရာမ၊ အဲဒါ—ကလေး"

"အိုး—မဟုတ်သေးဘူး ခိုင်ခိုင်၊ အရိုက်ခံရတိုင်း ကလေးမဟုတ်ပါဘူး သမီးရဲ့၊ကလေးက သူ့ကိုရိုက်ယင် ချာချာလည်နေပါ့မလားကွယ်။အမေရေကြောက်ပါပြီ၊နောက်မလုပ်တော့ပါဘူးဆိုပြီး အိမ်ပတ်ပြေးတတ်တာ မဟုတ်လားကွယ့်။ နေ



ဖိုးဇော်၊ မင်းတနေ့က အရိုက်ခံရတုန်းက ချာချာလည်မနေဘူး မှတ်လား"

ဖိုးဇော်က ပါးစပ်ပေါက်နားသို့ ရောက်လုဆဲဆဲ ဖြစ်နေသည့် နှပ်ချေးများကို နှာခေါင်းထဲ ပြန်ရှုံ့သွင်းလိုက်ယင်း ရှက်နေသည်။

"ကဲ ကဲ... ဘယ်သူမှ မသိကြဘူး ထင်တယ်နော့။ ဒါဖြင့် ဆရာမ ပြောပြမယ်။ ရိုက်တော့ချာချာလည်၊ကြိုးကိုဆွဲ၍ ငိုရှာသည်ဆိုတာ ကြေးစည်ကို ပြောတာကွယ့်၊ ကလေးတို့ အိမ်မှာ ကြေးစည်ရှိတယ်မဟုတ်လား။ဖေဖေတွေမေမေတွေ ဘုရားရှိခိုးယင်း ကြေးစည်တီးတယ် မဟုတ်လား။ အဲဒီတော့ ချာလည်ချာလည်နဲ့။ ကြိုးကလေးကိုလဲ တွဲလောင်းလေးဆွဲလို့ မဟုတ်လား"

"ဟုတ်တယ် ဆရာမ၊ ဟုတ်တယ်"

သုံးလေးယောက်က ပြိုင်တူအော်လိုက်ကြ၏။

"ဟုတ်ပြီ၊ဒါဖြင့်နောက်တခုမေးမယ်။'ကျူပင်ကြိုကျူပင်ကြား လောင်းကလေးနဲ့ သွား' တဲ့၊ အဲဒါ....ဘာလဲကွယ်၊ ကျော်ကျော် ဖြေပါအုံး"

ဖြတ်ကနဲ စဉ်းစားလိုက်၏။ ငယ်ငယ် ချက်ချင်း အဖြေရသည်။ဒါများ အလွယ်ကလေး။ငယ်ငယ်တို့ အရင်အိမ်တုန်းက အမြဲ တွေ့နေခဲ့ရတာပဲ။ သိတာပေါ့၊ သိပ်သိတာပေါ့။ ဘာများ ခက်လို့လဲ။

တတန်းလုံးကတော့ တုတ်တုတ်မျှမလှုပ်။ တယောက်နှင့်တယောက် တီးတိုး တိုင်ပင်သံပင် မကြားရ။ ငြိမ်ချက်သား

ကောင်းလှသည်။ အခါတိုင်းကျောင်းစာမေးလျှင် လက်ညှိုးတထောင်ထောင်နှင့် ဦးအောင်ဖြေလိုက်ရမှ ကျေနပ်လေ့ရှိသူ ခင်သီတာတို့၊ ဝါဝါရွှေစင်တို့လည်း ငြိမ်။ နေမင်းထွန်းတို့၊ ကျော်မြင့်ဌေးတို့လည်း ငြိမ်။ တတန်းလုံးတွင် ဖိုးဇော်၏ နှပ်ချေးရှုံ့သံ တရှုံ့ရှုံ့ကိုသာ ကြားနေရသည်။

"ဟောတော့၊ ကလေးတွေ တယောက်မှ မသိဘူးလား ကွယ့်။ နဲနဲလေးမှ စဉ်းစားလို့ မရတော့ဘူးလားကွယ်"

ဆရာမလေးက ရယ်သံကလေးဖြင့်ပြောယင်း စိတ်ပါဝင်စားခြင်း ကြီးစွာဖြင့် နှုတ်ခမ်းကလေး တလှုပ်လှုပ်၊ ကိုယ်ဟန်ကလေးတကြွကြွ ဖြစ်နေသည့် ငယ်ငယ့်မျက်နှာကလေးပေါ်သို့ မျက်စိရောက်လာ၏။ ငယ်ငယ်ကတော့ သူ့ကိုများလက်ညှိုးထိုး မေးလိုက်တော့မည်လားဟု ရင်တထိတ်ထိတ်နှင့် မျှော်လင့်နေမိသည်။ မေးစမ်းပါဆရာမရယ်။ ငယ်ငယ့်ကို မေးလိုက်စမ်းပါ။ ငယ်ငယ်လေ ဖြေချင်လွန်းလို့ပါ။ ဒါမှလေ အမြဲတမ်း စာရသူဆိုပြီးမာနတက်နေတဲ့ခင်သီတာတို့၊ ဝါဝါရွှေစင်တို့ကို ငယ်ငယ်အနိုင်ရမှာ သိလား။ ငယ်ငယ့်ကိုများ မေးလိုက်ယင်လေ တခါတည်း အပြတ် ဖြေချပစ်လိုက်မှာ။

သည်တခါလည်း ငယ်ငယ့်ဆုတောင်း မပြည့်ပြန်။ ဆရာမလေးက ကျော်မြင့်ဌေးတို့ အုပ်စုဆီသို့ စိတ်ရောက်သွားပြန်သည်။

"ကဲ—ကဲ ကျော်မြင့်ဌေးကော မဖြေနိုင်ဘူးလားကွယ်"

ကျော်မြင့်ဌေးက လက်မ စုပ်နေရာက ကမန်းကတန်း ဖြုတ်စစ်ပြီး 'မသိဘူးဆရာမ'ဟု မပီမသ ဖြေလိုက်၏။ ပြီး—



ရွှေသွားလေးကျိုးနေသည်ကို ကပျာကယာ လက်ဖြင့်အုပ်ထားလိုက်၏။

"ဒါဖြင့် နောက်ခုံက မောင်စိုးသူကော"

စိုးသူက အူကြောင်ကြောင်ဖြင့် ခေါင်းယမ်းပြလိုက်၏။

"ဆရာမ မေးယင် ပါးစပ်က ဖြေရမယ်လို့ ပြောထားတယ်လေ၊ ကဲ—ထ၊ ပါးစပ်နဲ့ ကောင်းကောင်းဖြေ"

"ဂျလောက် ဂျလောက်"

"အဟိ .. ဟိ .. ဟိ"

"ခစ် ခစ်....ခစ်"

တတန်းလုံး ရယ်သံလွှမ်းသွားတော့၏။ မရယ်ပဲ နေနိုင်ကြမည်းလား။ စိုးသူက ဆရာမ စကားကို နာခံပြီး နှုတ်မှဖြေရန် ကြိုးစားလိုက်ရာ ပါးစပ်ထဲမှ ဆီးငန်စေ့များထွက်ကျလာသော ကြောင့်ပင်တည်း။

"အဟစ် ဟစ် ဟစ်"

ငယ်ငယ်လည်း ရယ်ချင်စိတ်ကို မချိုသိပ်နိုင်။ စိတ်ရှိလက်ရှိ ပင် ရယ်ချပစ်လိုက်မိ၏။

"ဟဲ့ ကောင်မလေး၊ နင်က ဘာလို့ရယ်နေရတာလဲ၊ သိမယ်ဟင်း"

စိုးသူက ငယ်ငယ့်ကို လှမ်းကြိမ်းလိုက်၏။

"အောင်မယ် မောင်စိုးသူရယ်၊ မင်းလုပ်ပုံမဟုတ်တာတော့ မပြောဘူး၊ ရယ်တဲ့လူ အပြစ်တင်နေရတယ်လို့။ အေးနော်၊ မင်းတို့တွေကြပ်ကြပ်သတိထား။ အတန်းထဲမှာ မုန့်ချည်းခိုးစား

နေကြတာ။ နေအုံး၊ တနေ့မှ အမိကိုဖမ်းအုံးမယ်။ ဟဲ့—ဟို ကောင်လေး နှစ်ယောက် ဘာဖြစ်နေကြပြန်တာလဲ”

လူဟယ်၊တွန်းဟယ် ဖြစ်နေကြသည့် အေးကိုနှင့် ခင်မောင်ထွန်းတို့ တန့်သွား၏။

“အေးကိုဆီမှာ နေကြာစေ့တွေ ခင်ဗျ”

“မဟုတ်ဘူးဗျ.... သူ့ဟာတွေ”

တိုင်သံ တောသံကို ပြိုင်တူပင် ကြားလိုက်ရ၏။

“ကဲ.. ယူခဲ့စမ်း၊ဘယ်သူ့ဟာဖြစ်ဖြစ်။မင်းတို့ကသိပ်ပြောရတာပဲကွယ်။ ကလေးတွေ လိမ်လိမ်မာမာ နေကြစမ်းဟယ်”

ငယ်ငယ်ကတော့ ဆရာမလေးကို သနားသွားမိပြန်သည်။ ဟုတ်ပါရဲ့။ စာလည်း သင်ရသေး၊ ပြောလည်း ပြောရသေး။ တကယ့်ကိုမောနေမှာပဲ။ ကြည့်ပါအုံး၊ ခုပဲ မောသွားဟန်ဖြင့် မတ်တတ်ရပ်နေရာက သူ့ကုလားထိုင်တွင် အသာ အယာ ဝင်ထိုင်လိုက်ပါပြီ။

“နားထောင်ကြနော်၊ ကျူပင်ကြိုကျူပင်ကြား လောင်းကလေးနဲ့သွား ဆိုတာ တခြားဟာ မှုတ် ဘူး ကလေးတို့ရဲ့။ ယက်ကန်းရက်တဲ့အခါ ထည့်ပြီး အသုံးချရတဲ့ လွန်းကို ခေါ်တာ။ စာအုပ်ထဲကို ကြည့်လိုက်ကြစမ်း၊ တွေ့လား၊ သူ့ပုံစံက လှေကလေးလိုပဲလေ။ ယက်ကန်းရက်တဲ့ အခါ ချည်မျှင်တွေတွေကြားမှာ သူက ဟိုဘက် သည်ဘက် လူးလာခတ်နေရတာ ကွယ်။ ယက်ကန်းစင်ကို ကလေးတို့ မျက်မြင်တွေ့ရယင် ပိုသိလာလိမ့်မယ်နော်။ ကဲ—စာအုပ်တွေ ပြန်ပိတ်လိုက်အုံး၊ နောက် တခု မေးမယ်”



ဆရာမလေး၏စကားကို စိတ်ဝင်စားနေမိသည့် ငယ်ငယ့်ကို တစုံတခုသော ဝေဒနာက လှုပ်နှိုးပစ်လိုက်၏။

“အား....ကျွတ်....ကျွတ်၊ နာလိုက်တာ”

ပါးဖောင်းဖောင်းကလေးကို လက်ဖြင့် ဖိထားလိုက်မိ၏။ ထိုအခါ သွားကိုက်ဝေဒနာကသက်သာသွားသလိုလို။ သည်လအတွင်းမှာကို ငယ်ငယ့်သွားတွေ ကျိုးတာ နှစ်ချောင်းရှိခဲ့ပြီ။ အပေါ်က သွားတွေ ကျိုးပြုတ်ထွက်ကုန်ပြီး အောက်ကသွားလေးတွေပင် ပြုတစ်ပြုတစ် ပေါ်လာပါပြီ။ ခုလည်း အံသွားတချောင်း ပိုးစားနေပြန်ပါပြီ။ သည်တချောင်း ကျိုးထွက်သွားလျှင်ကော သူ့နေရာမှာ အသစ်တချောင်း ပေါက်လာပါအုံးမလားမသိ။ မပေါက်ခဲ့လျှင်တော့ သူများတွေက ‘သွားကျိုး- သွားကျိုး’နှင့် စ,ကြတော့မှာပဲ။

“ဖြေလေ ကလေးတွေ ‘ငါ့နွားတကောင်ဘို့တထောင်’ တဲ့၊ စဉ်းစားနော်၊ ဒီတခါမှန်အောင် ဖြေနိုင်တဲ့ လူကို ဆရာမက ခဲတံတချောင်း ဆုချမယ်”

ဆရာမလေး လက်ထဲက ခဲတံလေးကို ငယ်ငယ် မက်မောနှစ်သက်စွာ လိုက်ကြည့်နေမိသည်။ ငယ်ငယ် လိုချင်လိုက်တာနော်။ ခဲတံအသစ်ကလေးသာရယင် ငယ်ငယ် ရိုရိုသေသေ သိမ်းထားမှာပါ။ ဆရာမ ပေးတဲ့ဆုကို ငယ်ငယ် သိပ်လိုချင်တာပဲ။ ဒီတခါတော့ ငယ်ငယ်ဖြေလိုက်တော့မယ်။ ခင်သီတာတို့၊ ဝါဝါရွှေစင်တို့ မျက်စောင်းထိုးလည်း ခံလိုက်တော့မယ်။ ငယ်ငယ်က အဖြေကို သိတာပဲနော် ဆရာမရယ်။ အဖြေမှန်တဲ့ လူကို ဆရာမက ဆုချမယ်လို့ ပြောထားတာပဲ၊ မှုတ်ဘူးလား

နော်။ ဒါမှ ခဲတံ အသစ်ကလေး ရမှာ မဟုတ်လား။ ခဲတံလေးကလဲ လှလိုက်တာ။ ဆေးရောင်စုံ အရုပ်ကလေးတွေ ခြယ်ထားတာ သိပ်လှတာပဲ။ ဟိုတခါ မမပေးထားတဲ့ ခဲတံလေးက တိုတိုလေးပဲရှိတော့တာ။ရေးလို့တောင် သိပ်မကောင်းတော့ဘူး။ ဆရာမ ခဲတံလေး ရယင်တော့ ပွတာပဲ။

"ကလေးတွေ— ကလေးတွေ ဖြေကြ လေကွယ်။ သမီးသီတာ မဖြေနိုင်ဘူးလား၊ စဉ်းစား ပါအုံးကွယ်။ ငါ့နွားတကောင် ဘို့တထောင်တဲ့၊ သိယင်ပြောကြ။ ဒီမှာ ဆုက အဆင်သင့် ရှိတယ်"

ဆရာမလေး မျက်လုံး သူ့ဆီရောက်လာပြန်တော့ ငယ်ငယ် ရုတ်ခြည်း အားရှိသွားသည်။ ဖြတ်ဆို လက်ညှိုးလေး ထောင်လိုက်ပြီး—

"သိတယ် ဆရာမ၊ သိတယ်။ အဲဒါ-ကြက်ဟင်းခါးသီး"

ကသုတ်ကရက် ဖြေလိုက်မိ၏။ သူ့ထက် သူများ ဦးသွားမှာ စိုးရိမ်လွန်းသဖြင့် မြန်မြန်ကြီး ဖြေလိုက်မိ၏။ ပြီးတော့ မျက်လုံးက ခဲတံကလေးဆီမှာ။

"အို—သူနဲ့ ဘာဆိုင်လို့လဲ၊ ဆရာမ၊ သူ နဲ့ မဆိုင်ဘူးနော်။ သွား—နင်ဖြေစရာ မလိုဘူး"

ဝါဝါရွှေစင်က သူ့ခုံမှ ဖြတ်ဆိုထကာ ငယ်ငယ့်ကို လှမ်းရန်တွေ့လိုက်၏။

"ဆိုင်တယ်၊ ဆိုင်တယ်။ ငါသိလို့ ငါဖြေတာ၊ ဆရာမက သိတဲ့လူ ဖြေတဲ့၊ မှန်တဲ့ လူကို ခဲတံပေးမယ် ပြောထားတာ၊ နော် ဆရာမ၊ နော်"



"အိုး....ရှက်လဲ မရှက်ဘူး၊ သူကဖြင့်—"

ခင်သီတာက မဲ့ကာ ရွဲ့ကာ ပြော၍ မဆုံးသေး။ ကျောင်းဆင်း ခေါင်းလောင်းသံ ကြားလိုက်ရသည်။

ဆရာမလေးက ငယ်ငယ့်ဆီ လျှောက်လာကာ ကြင်နာပြုံးဖြင့်—

"သမီးက ဒီခဲတံ လိုချင်လို့လားကွယ့်"

"ငယ်ငယ် မှန်အောင် ဖြေနိုင်တဲ့ဟာပဲ"

"အေးပါကွယ်၊ ဟုတ်ပါတယ်။ ဆရာမကလဲ ပေးမလို့ မေးတာပါ။ ကဲ—ရော့၊ ယူလိုက်တော့နော်"

ခဲတံကို မက်မက် မောမော ကိုင်ကာ ဖင်ပြန် ခေါင်းပြန် ကြည့်နေမိသည်။ ဟာ— ဒီနီနီလေးက ပန်းသီး လေးတွေ၊ ဒီဝါဝါတွေက လိမ္မော်သီးလေးတွေ၊ ဒါလေးတွေက စပျစ်သီး၊ ဒါလေးတွေက နာနတ်သီး။ အရောင်လေးတွေက စုံနေတာပဲ၊ ပျော်လိုက်တာနော်။ ပျော်လွန်း၍ စောစောက ထမင်းဆာခဲ့သည်ကိုပင် မေ့နေတော့၏။

"ဟဲ့— ငယ်ငယ်၊ ငါထမင်းဆာလှပြီဟ"

လှည့်ကြည့်လိုက်တော့ မမ။ မမနောက်မှာ ရှုသိုးသိုးနှင့် ရပ်နေသူက မောင်မောင်။ မမက ခြောက်တန်း။ မောင်မောင်က သုံးတန်း။

ငယ်ငယ်က သူ့ခြေရင်းတွင် ချထားသည့် ခြင်းတောင်းကို အသာ မယူလိုက်၏။ခြင်းထဲမှာ သုံးဆင့်ချိုင့်တခု၊ လိမ္မော်သီး နှစ်လုံး၊ သကြားလုံး လေးလုံး။

"မမ ငယ်ငယ့်ကို ဆုံးမထားအုံး၊ သူ အားကြီးမိုက်ရိုင်းတယ်"

ငယ်ငယ် ကြောက်သွားသည်။ မောင်မောင် ဘာဖြစ်လို့သည်လိုတိုင်မှန်း တွေးမရတော့။

"သူ မောင်မောင်တို့ ဆရာမက မေးတာတွေကို ဝင်ဝင်ဖြေတယ်၊ခင်သီတာကလေ သူ နောက်တခါ ဒီလို ဝင်ဖြေယင်"

"အောင်မယ်-သူကများ။ရိုက်ရဲရိုက်ကြည့်ပါလား၊ငါကလဲ ပြန်တွယ်ပစ်မှာပေါ့။ ဟင်း—သူ့များ ငါက ကြောက်လိမ့်မယ် မှတ်နေလား"

တကယ်လည်း မကြောက်ပါ။ ခင်သီတာက ငယ်ငယ့်ထက်ပို၍ စာတော်သည်။ လူချစ်လူခင် များသည်။ အဝတ်အစားသစ် ပေါသည်။နှုတ်စွာသည် ထားဦး။ တကယ်တမ်းလက်တွေ့ တွယ်ကြ၊ ချကြစတမ်းဆိုလျှင်တော့ ငယ်ငယ့်လိုကျောက်ဒိုးကလေးလို အကြမ်းပတမ်း ခံနိုင်သူကို ခင်သီတာလိုပျော့ပျော့နွဲ့နွဲ့ လှလှပပကလေး နေသူက ဘယ်မှာ နိုင်နိုင်ပါ့မလဲ။ ထို့ကြောင့် ငယ်ငယ် ခင်သီတာကို နည်းနည်းကလေးမျှ မကြောက်။

"ငါတို့ အတန်းထဲမှာ စာမေးတာ၊ နင့်ကို မေးတာမှတ်ပဲ၊ နင်နဲ့ ဘာဆိုင်လို့လဲ"

"ဟုတ်သားပဲ၊ ငယ်ငယ်ကလဲ့ နင်နဲ့ ဘာဆိုင်လို့လဲ၊ နောက်ကို ထမင်းလာပို့ယင် စာသင်ခန်းတွေနား မလာနဲ့



ကျောင်းပေါက်ဝက သစ်ပင်အောက်မှာ စောင့်နေ၊ ကြားလား။မဆိုင်တဲ့နေရာ ဝင်ဝင်မရှုပ်စမ်းနဲ့။ မေမေ့တိုင်လိုက်ယင် နင် အရိုက်ခံရမှာ။နားလည်လား"

စောစောက ရှိနှင့်သည့် ပျော်ရွှင်မှုတွေ၊ ကြည်နူးမှုတွေ၊ မာန်တွေအစား ငယ်ငယ့်ရင်ထဲသို့ အားငယ်မှုတွေ၊ဝမ်းနည်းမှုတွေ တိုးဝင်လာသည်။

"ဘာဆိုင်လို့လဲ" တဲ့။

"ဘာဆိုင်လို့လဲ" တဲ့။

ချက်ချင်းပင် မျက်ရည်တွေ ဝေ့လာသည်။မောင်မောင်တို့အတွက် ထမင်း ပြင်ပေးနေသည့် ငယ်ငယ့် လက်ကလေးတွေ တုန်လာသည်။

"ဟဲ့-ကောင်မလေး၊ ငါပြောတာ ကြားလား"

"ဟုတ် ဟုတ်ကဲ့ မမ"

"အမယ်လေး၊ဒီလောက်ကလေး ပြောတာနဲ့ မျက်ရည်ကကျရပြန်ပြီ။ ကတဲ့ အဖြစ်သဲနေလိုက်တာ။ တိတ်စမ်း လူမြင်မကောင်း သူမြင်မကောင်း"

မမက ကြိတ်မာန်၏။

"ပုစွန်ထုပ်က တယောက် နှစ်ကောင်ထဲလား၊ ဝက်သားလုံးကကော တယောက်လေးတုံးထဲလား။ မှန်မှန်ပြောစမ်း၊ လမ်းမှာ နင် ခိုးစားခဲ့သေးလား"

"ဟင့်အင်း၊ မစားပါဘူး မောင်မောင်ရယ်"

"ယုံပေါင်၊ ကျိန်ပြောရဲလား"

"ရဲပါ၊ ဆယ်ခါပြန် ကျိန်ရဲသေး"

ငိုသံပါလေးနှင့် ညည်းညူယင်း မျက်ရည်တွေက ငယ်ငယ် ပါးပြင်ပေါ်သို့ အလိုက်ကန်းဆိုး မသိတတ်စွာ လိမ့်ဆင်း ကျလာပြန်တော့၏။



## မရွာပဲနှင့် သည်းတဲ့မိုး

တဆယ့်ရှစ်နှစ်သမီးကတည်းက အေးမြငြိမ်း၏ နှလုံးသည်းပွတ် ထဲတွင် စွဲမြဲအရိပ်ထင်ခဲ့သူ။ ထိုသူကို နှစ်ပေါင်းများစွာ ကုန်လွန် လာခဲ့ပြီးမှ မမျှော်လင့်ပဲ ပြန်တွေ့ရသည့်အခါ ပြင်းစွာ စိတ် လှုပ်ရှားပြန်ရသော သူ့အဖြစ်ကို သူ အံ့သြမဆုံးတော့။

"အော်....အေးမြရယ်၊ အသက်ပဲ သုံးဆယ့်ငါးနှစ်ပြည့်တော့ မယ်၊ ဆယ့်ရှစ်နှစ်သမီးလို ရင်ခုန်ချင်သေးတာလားကွယ်"

"ဆရာ.... ဆရာဦးကျော်နိုင်၊ အေးမြ ကြည်ညိုလေးစား ရပါတဲ့ ဆရာရယ်...."

အေးမြင့်မိမ်း၏ အတွေးစများကို စီစီညံသောရယ်သံများက ဖြတ်တောက်ပစ်လိုက်၏။ အမေများ နိုးသွားလေမည်လားဟု စိုးရိမ်စိတ်ဖြင့် အေးမြင့်မိမ်း အမေ့ကိုငဲ့ကြည့်လိုက်မိ၏။အမေက ကိုယ်တစောင်းလှဲ အိပ်ပျော်နေရာက လူးလွန့်လာသည်။အမေ နိုးရရှာပြီ။

"လန့်သွားတာပဲ အေး မြ ရယ်၊ ကောင် မ လေး တွေ ကဲလိုက်တာ"

သူဇာနှင့် မူရာတို့ကို မျက်လုံး စွေကြည့်ယင်း အမေက ပြောသည်။ သူဇာနှင့်မူရာတို့ကား တစက်ကလေးမျှမူမပျက်။ မိတ်ဆက်စာဖြစ်ဟန်တူသော စာတစောင်ကို နှစ်ယောက်အတူ ဖတ်ယင်း တကိုယ်လုံး လှုပ်ခါနေအောင် ရယ်မောနေကြဆဲ။ အေးမြင့်မိမ်းမနေသာတော့။ ဒါမျိုး သူမကြိုက်။

"သူဇာ သူများတွေ အိပ်နေကြတုန်းလေ"

သတိပေးလိုက်မိရာ သူဇာက ရယ်ရှိန်သတ်သွား၏။ မူရာကမူ ဂရုမစိုက်ဟန်ဖြင့် မကြားယောင်ပြုနေ၏။ အေးမြင့်မိမ်း တိတ်တခိုး သက်ပြင်း ချလိုက်မိတော့သည်။ နောက်ကွယ်တွင် 'ဇာတ်ဆရာကတော်' ဟု သူ့ကို ရည်ညွှန်းပြောဆို၊စကားတင်း ပိုအုံးမည့် မူရာ့ အကြောင်းကို အေးမြင့်မိမ်း သိပြီးသားလေ။ ကိစ္စ မရှိပါဘူးလေ၊ ရွှေအလားအလာကောင်းတဲ့ မင်းသမီး အသစ်ကလေး သူဇာ အနေအထိုင် လိမ္မာလာဖို့က အရေးကြီး ပါတယ်။ သူဇာက ခုမှ ကလေး ရှိသေးတာပဲ။ အေးမြင့် အငြိမ့်ထဲ လိုက်က,စကလည်း သူဇာ့ အရွယ်လောက် ရှိသေး တာပဲ။စေတနာနဲ့ ပြုပြင်ညွှန်ပြပေးနိုင်ယင် လိမ္မာမယ့် ကလေး



မလေးပါဟု အေးမြင့်မိမ်း မေတ္တာထားသည်။ မူရာ့ကိုတော့ သိပ် ထည့် မ တွက် ချင် တော့။ သဘင်သက်လည်း ရင့်လှပြီ။ သို့သော် စိတ်နေသဘောထားက မရင့်ကျက်သေး။ အငြိမ့် မင်းသမီးဆိုလျှင် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့သွား၊ ပေါ့ပေါ့လာဟု လူတွေက ယူဆတတ်ကြောင်းလည်း မူရာ မသိ မဟုတ်၊ သိလျက်နှင့် အနေအထိုင်၊ အပြောအဆို မဆင်ခြင်။ ခင်စစ် မူရာ့အသက် သုံးဆယ်နားနီးပြီပင်။ သိတတ် နားလည် တတ်ဖို့ ကောင်းလှပြီ။ ပြုပြင်ဆင်ခြင်ဖို့ ကောင်းလှပြီ။

"ညည်း ဒီနေ့ကော အက သွားသင်ပေးရအုံးမှာလား"

"ဟုတ်တယ် အမေ။ က လေး မ လေး က ပါရမီပါတယ် အမေရဲ့၊ ချစ်စရာလေး"

"အေးဟဲ့၊ အဖေ အမေတွေကလဲ အငယ်လေးတွေရှိကြ သေးတာ။ ဂရုတစိုက် လာကြို၊ မြန်ပို့နဲ့ လေးလေးစားစား ရှိကြသားပဲ"

အမေက ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ဖွာရှိုက်ယင်း ကျေနပ်စွာ ပြောနေ၏။အမေ့မျက်နှာပေါ်က ဇရာ၏ အရေး အကြောင်းများကို ငေးကြည့်နေမိသော အေးမြင့်မိမ်း၏ မှတ်ကြောင်းထဲသို့ ဆရာတို့မိသားစု၏ မျက်နှာများ ဝင်ရောက် လာကြသည်။

ဆရာ ဦးကျော်နိုင်။

ဆရာ့ဇနီး မေသွယ်ခက်။

ဆရာ့သမီးလေး မြဝတ်မှုံ။

ထို မျက်နှာသုံးခုသည် အေးမြင့်မြိမ်းကို ဖမ်းစား ညှို့ယူနေ
လေသည်၊

* * *

တနေ့ညက။

ပွဲကလည်း ပွဲဦးမို့တကြောင်း၊ အငြိမ့်သာဆိုသည်၊ နောက်
ပိုင်းပြဇာတ်နှင့်၊ နှစ်ပါးသွားနှင့်မို့တကြောင်း နံနက်သုံးနာရီ
ကျော်မှ ပွဲသိမ်းခဲ့ကြရသည်။ ထို့ကြောင့် နေ့လယ်ဘက်တွင်
အတိုးချ၍ အနားယူ၊ အပန်းဖြေ လဲလျောင်းအိပ်စက်နေခိုက်
ဦးလေးမောင်၏ ခေါ်သံကြောင့် ထွက်ခဲ့တော့ သူနှင့် မတိမ်း
မယိမ်း မိန်းမရွယ် လှလှလေးတဦးကို တွေ့လိုက်ရ၏။နှစ်ခါပြန်
မကြည့်ပဲနှင့် ထိုမိန်းမလှလေးကို အေးမြင့်မြိမ်းမှတ်မိလိုက်ပါ၏။

"သွယ်က ဆရာဦးကျော်နိုင့် ဇနီးပါ"

"ဟုတ်ကဲ့"

ဟုတ်သည်လေ။ဒါကိုလည်း အေးမြင့်မြိမ်း သိပြီးသားပဲကိုး။
ဆရာတို့ လက်ထပ်ပွဲကလည်း အလွန်ခမ်းနားကြီးကျယ်ခဲ့သည်
မဟုတ်လား။ အေးမြင့်မြိမ်းတို့ အငြိမ့်ကိုတောင် က,ဖို့လာငှား
သေးသည်။ပွဲရက် မအားရှိ၍သာ မက,လိုက်ရခြင်းပင်။က,မျှား
က,ရလျှင် စာရေးဆရာမကြီး 'ခင်နှင်းယု'ရေးသော 'ပန်းပ
လျက်ပါ' ဝတ္ထုထဲက အငြိမ့်သမ 'မဗေဒါ'လို ဆရာ့ မင်္ဂလာ
မှာ 'ချစ်၍ရှာသောမိုး'ကို သီဆို က, ပြ လိုက် ချင် ခဲ့ သည် မှ
လွန်ခဲ့သော ဆယ့်ခုနစ်နှစ်က အငြိမ့်လက်ထောက် မင်းသမီး



လေး 'အေးမြင့်မြိမ်း'တွင် ဖြစ်ပေါ်ခဲ့သည့် အပြင်းထန်ဆုံး
သော ဆန္ဒပါတည့်။

"ကိုကိုက အေးမြင့်မြိမ်း အကကောင်းတာကို မကြာခဏပဲ
ပြောပါတယ်။ ညကတောင် သွယ်တို့ လာကြည့်ကြပါသေး
တယ်"

"ဟုတ်ကဲ့၊အခုလို အားပေးတာ ကျေးဇူးတင်ပါတယ်ရှင်"

ထုံးစံစကားကိုဆိုယင်း ညက က,တာ ကလိန်းကလက်တွေ
များ ပါသွားသေးလား၊ ဆရာ ဘဝင်မှကျရဲ့လား စသည်ဖြင့်
ပူပန်သွားမိသေးသည်။

"သွယ် တခု အကူအညီ တောင်းချင်လို့ပါ"

"ကျွန်မ တတ်နိုင်တာဆိုယင် ကူညီဖို့ အဆင်သင့်ပါပဲ မမ"

မရည်ရွယ်ပါပဲနှင့် 'မမ'ဟု ခေါ်လိုက်မိ၏။ အမှန်လည်း
ဆရာ့ဇနီးဟာ အေးမြင့်မြိမ်းအတွက် 'မမ'ပဲပေါ့။ ဒါပဲ
ဖြစ်ရမှာပေါ့။

"သွယ့် သမီးလေး ကျောင်းကပွဲမှာ ကရမယ်လေ၊ အဲဒါ
သမီးလေးကို တပင်တိုင်အက လှတဲ့ အကွက်ကလေးတွေ
သင်ပေးဖို့ပါပဲ။ ဝတ်မုံ၊ ဆင်းခဲ့အုံးလေ သမီးရယ်"

ကားနိလေးထဲမှ ဆယ့်ငါးနှစ်ခန့်ရှိ ဖွံ့ဖြိုး နုသစ် လှသွေး
ကြွယ်စ မိန်းကလေးတဦး ဆင်းလာသည်။ အို–အသား
[illegible]တာကလွဲလို့ ဆရာ့မျက်နှာပေါက် အတိုင်းပါလား။မျက်ခုံး
[illegible]နက်ကလေးတွေနဲ့ နှုတ်ခမ်း ပါးပါးကလေးတွေ။မျက်နှာ
[illegible] တည်တည်ကလေး နေပုံကလည်း ဆရာနဲ့ တူလိုက်တာ။

"သမီးက အက ဝါသနာ ပါသလားကွယ့်"

"ဟင့်အင်း၊ မပါပါဘူး"

ပြတ်တောက်တောက် ဖြေပုံကြောင့် ဆရာ့ကို ပိုသတိရမိပြန်သည်။ ဆရာနှင့် အေးမြငြိမ်းတို့ ပထမဆုံး ဆုံခဲ့ကြရစဉ်ကလည်း ထိုစကားမျိုးပင် ဆရာ ပြောကြားခဲ့သည် မဟုတ်ပါလား။

အေးမြငြိမ်းတို့ အငြိမ့်အဖွဲ့ ဆရာတို့ တက္ကသိုလ်ကျောင်းဆောင် ညစာစားပွဲတွင် ကခဲ့ကြရစဉ်က ဆရာ အပါအဝင် အမျိုးသား လေးငါးယောက် လာမိတ်ဖွဲ့ခဲ့ကြသည်။ အားလုံးက ပျော်ရွှင်မြူးကြူပြီး အေးမြငြိမ်းကို ချီးကျူးခန်း ဖွင့်နေကြသည့်အချိန်ဝယ် ဆရာက တိုက်ပုံအင်္ကျီအိတ်ထဲ လက်နှိုက်ကာ ငြိမ်သက်စွာ ရပ်ကြည့်နေလေသည်။

"ကျွန်တော်တို့ အဆောင်ကျယင် အေးမြငြိမ်းတို့အဖွဲ့ကို ငှားဖို့ ဆရာ့ကို ပူဆာပြီးပြီခင်ဗျ"

"ကျွန်တော်တို့ကလဲ အဆိုအက သိပ်ဝါသနာပါတာပါ။ နောက်တွေလဲ ခေါ်ပါရစေ"

ငယ်ရွယ်သူပီပီ အေးမြငြိမ်း ကျေနပ် ဝမ်းမြောက်ခဲ့မိသည်။ သို့သော် ငြိမ်သက်လွန်းသော ဆရာ့ကိုမူ အေးမြငြိမ်း ပို၍ စိတ်ဝင်စားမိကာ စကား စမိသည်။

"ဆရာကလဲ အဆိုအက ဝါသနာပါတာပဲလား ရှင်"

"ဟင့်အင်း၊ မပါပါဘူး" တဲ့။

တဘက်လူမှ အားမနာ။ ဖြေလိုက်ပုံက။

အခုလဲ ဆရာ့သမီးလေးက ဆရာ့အဖြေမျိုး ဖြေလိုက်ပြန်ပါပြီလေ။



"ဟုတ်တယ် အေးမြငြိမ်းရေ၊ သမီးဝတ်မှုံက သိပ်ကချင်တာ မဟုတ်ဘူး။ သူ့ဆရာမတွေနဲ့ သွယ်က ဇွတ်ကခိုင်းရတာ။ ခုခေတ်က ဘက်စုံမှလေ၊ ဒါမှ ဖြစ်မှာ။ သူ့အဖေကိုလဲ နားလည်အောင် ပြောပြထားရတာလေ"

သည်လိုနှင့်ပဲ တခဏချင်း ရင်းနှီးသွားကာ ဆရာ့သမီးလေးကို အက သင်ပေးဖြစ်ခဲ့သည်။ သမီးလေးကလည်း ဝါသနာသာ မပါသည်၊ တချီပြရုံနှင့် အချိုးကျလိုက်သည်မှာ လွန်ပါရော။ အထူးသဖြင့် ပင်ကိုနေ တည်လွန်းသော မျက်နှာလေးသည် စည်းချက်ဝင်သည်နှင့် ရွှင်ချိုပြုံးကာ အသက်ပါလာတော့သည်။ သည် မျက် နှာ ပေး လေး ကို အေးမြငြိမ်း သဘောတွေ့ မဆုံးတော့။

မနေ့ညနေက သူတို့ အကသင်နေဆဲ ဆရာ ရုံးက ပြန်ရောက်လာသည်။ အနုပညာကို စိတ်ဝင်စားနေသူ အေးမြငြိမ်းတ ဆရာ ဧည့်ခန်းထဲ ဝင်လာသည်ကို ချက်ချင်းမသိ။ အဆစ်ချိုးရ အနည်းငယ်ကတ်သော အကွက်တကွက်ကို ကိုယ်တိုင် ကပြသင်ပေးနေခိုက်မို့ အာရုံက အကတွင်သာ ရောက်နေသည့်အချိန်ဖြစ်သည်။ ခါးကိုချိုးပြီး ကိုယ်ကိုနွဲ့၍ လှည့်လိုက်သည့်အခါမှ ဆရာ့ကို မြင်တော့သည်။ ပရိသတ် ရာထောင်ချီ၍ရှိသော ပွဲခင်းအလယ်တွင် ကရသည်ကို လုံးဝ မရှက်ခဲ့သည့် အေးမြငြိမ်း။ ဆရာ့အကြည့်တွင် ဘာ့ကြောင့်များ ရှက်စိတ်ဝင်မိသည်မသိ။ အေးမြငြိမ်း၏ နှလုံးသား တုန်ခါမှုသည် လက်ဖျား ခြေဖျားများအထိ ကူးစက် ရောက်ရှိသွားတော့၏။

"နားပါတော့လေ၊ အေးမြငြိမ်းလဲ ပန်းလှပါပြီ။ နက်ဖြန်လဲ တခါ သင်ပေးပါအုံးနော်၊ သွယ် လာခေါ်ပါ့မယ်။ ကဲ… ကိုကိုတို့ မိတ်ဆွေတွေ စကား ပြောရစ်ကြပါအုံး။ သွယ် စားစရာတခုခု လုပ်ခိုင်းချည်ပါအုံးမယ်"

ဆရာသည် အနည်းငယ် ဝဖြိုးလာသည်ကလွဲ၍ လွန်ခဲ့သော ဆယ့်လေးငါးနှစ် ကာလ်နှင့် ဘာမျှ မထူးခြား။ ယခင်ကလိုပဲ တည်တည်ငြိမ်ငြိမ် အေးအေး ဆေးဆေး။

"ညက အေးမြငြိမ်းတို့အဖွဲ့လို့ သွယ်က ပြောတာနဲ့ ခဏလာကြည့်ဖြစ်သေးတယ်၊ သွယ်က အေးမြငြိမ်းကို မှတ်မိနေတယ်လေ"

"အေးမြငြိမ်းကလဲ မှတ်မိပါတယ် ဆရာရယ်၊ ဆရာနဲ့ပတ်သက်သမျှ အားလုံးကို မမှတ်မိပဲ ရှိပါ့မလားရှင်၊ ဆရာနဲ့ စတွေ့စညက စကားပြောနေကြတဲ့ ဝိုင်းထဲကို 'ကိုကို'ချင်း ထပ်အောင်ခေါ်ပြီးဝင်လာတဲ့ မသွယ်ခက်ကိုသဲ အေးမြငြိမ်းက ဘယ်မေ့ပါ့မလဲရှင်"

"အေးမြငြိမ်း တော်တော် က,နိုင်သေးတာပဲ။ မြန်မာ့မူမပျက် ယဉ်ယဉ်ကျေးကျေး က,တာလေးကလဲ ခုခေတ် အငြိမ့်မင်းသမီးလေးတွေ အတုယူစရာပါပဲ"

ချီးကျူးစကားကို လေးလေးစားစား ပြောနေသူကို အေးမြငြိမ်း ကြည်နူးစွာ ကြည့်လိုက်မိသည်။ စတွေ့စက ပြောခဲ့ဘူးသည်—

"ကျွန်တော် အငြိမ့်တွေ ဘာတွေ ကြည့်တတ်တာ မဟုတ်ဘူး၊ အထင်လဲမကြီးခဲ့ဘူး။ မအေးမြငြိမ်း က,တာ မြင်မှ



မြန်မာအကဟာ_ တယ်ယဉ်ကျေးသိမ်မွေ့ပါလား ဆိုတာကို သတိထားမိပြီး နှစ်သက်လာပါတယ်"

ဆိုသည့်စကား ကြားစကလိုပင် ဘဝင်ငြိမ့်မျှ ကြည်နူးရဆဲပါတည်း။ ထိုစဉ်ကတော့ ငယ်မူ ငယ်သွေးမို့ ရှက်စိတ်သာ လွှမ်းခဲ့သည်။ ယခုလို အငြိမ့်သမ အဖြစ်နှင့် အသက်မွေးဝမ်းကျောင်းပြုရသည့် ကိုယ့်ဘဝကိုယ် နားကျည်းစိတ် မပေါ်တတ်သေးခဲ့။

ထိုနေ့ညက ဇာတ်စင်ပေါ်မှနေ၍ ဆရာ့ကို ရှာကြည့်မိခဲ့သေးသည်။ ဆရာနှစ်သက်သည်ဟု ပြောခဲ့ဘူးသည့် လေဘာတီ မမြရင် သီဆိုခဲ့သော 'ယောက်မ' သီချင်းကို သေသေချာချာ ရွေး၍ သီဆို ကပြမိခဲ့သေးသည်။ ကိုယ့်အလှည့် ပြီးသည့်အခါ လွန်ခဲ့သော ဆယ့်ခုနစ်နှစ်ခန့်ကလို ဆရာတယောက် ဇာတ်စင်နောက်သို့ ရောက်လာလေဦးမည်လားဟု တိတ်တခိုးမျှော်လင့်ခဲ့မိသေးသည်။ တချိန်လုံး ဆရာ့ကို မြင်ယောင်နေမိသည့် အေးမြငြိမ်း။ ကိုယ့်ကိုယ်ကို သတိထားလိုက်မိတော့ လွန်စွာ ချောက်ချားသွားရသည်။

"ဆရာရယ်၊ အေးမြငြိမ်းမှာ အပြစ်သင့်နေပြီလား ရှင်။ တကယ်တော့ ဆရာ့ကို ဒီလောက် သတိရမနေသင့်တော့ပါဘူးနော်။ မသွယ်ခက်ရယ်၊ ကျွန်မကို ခွင့်လွှတ်ပါရှင်"

မနေ့က အကသင်ယင်း သမီးဝတ်မုံကို အေးမြငြိမ်း ရှင်းပြခဲ့ရသည်။

"တကယ်တော့ သမီးရယ်၊ (ကတယ်ဆိုတာ အလှအပတခုကို ဖန်တီးယူတာပါပဲ။ ကိုယ်အနေအထားဟာ ဘယ်လို

ထားယင် ပိုလှမလဲ၊ အဲဒါကို စည်းချက် ဝါးချက်နဲ့ အညီ ခေါင်းရော၊ ခါးရော၊ ခြေရော၊ လက်ရော လှုပ်ရှားယူရတာပါပဲ။ သမီးက အရပ်နည်းနည်းရှည်တယ် မဟုတ်လား၊ ဒီတော့ ဒူးကို များများညွတ်၊ ခါးကို များများ ချိုး၊ ဟုတ်မလား) ကဲ—က,ကြည့်ပါအုံး"

ဝတ်မှုံက ကက်ဆက်ကို ပြန်ဖွင့်ပြီး က,ပြန်သည်။ ဝတ်မှုံ၏ သွယ်ပျောင်းသော လက်ချောင်း ကလေးများကလည်း သူ့ အဖေ လက်ချောင်းကလေးများလို ပါပဲလား။ အေးမြငြိမ်း ငေးမောကြည့်နေမိစဉ် ဆရာက အခန်းတွင်းသို့ ဝင်ရောက်လာသည်။ ရိုးဆင်းဆင်းချင်း အဝတ် အစားပင် မလဲနိုင်ပဲ သမီး က,သည်ကို ဝင်ကြည့်ဟန် တူသည်။ တိုက်ပုံအင်္ကျီပင် မချွတ်ရသေး။ ကျေနပ်စွာ ကြည့်နေရာက—

"ဝတ်မှုံ၊ က,တာ ဣန္ဒြေနဲ့က,တာ မဟုတ်ဘူး၊ မျက်နှာက စပ်ဖြဲဖြဲနဲ့၊ တည်တည်က,မှပေါ့"

"အို....ဆရာကလဲ"

အေးမြငြိမ်း လွှတ် က နဲ့ ဟန့်တားလိုက်မိ၏။ ဆရာက ရုတ်တရက် အံ့ဩသွားပုံရ၏။ အေးမြငြိမ်းက အက,ရပ်သွားသည့် ဝတ်မှုံကို ဆက်သာက,ဟု လက်ပြခိုင်းလိုက်ပြီး ဆရာနှင့် တခုံခြားတွင် ဝင်ထိုင်လိုက်သည်။ လက်ကိုင်ပုဝါလေးနှင့် နဖူးက ချွေးများကို သုတ်ယင်း—

"ဒီလိုရှိပါတယ် ဆရာ၊ (ကျွန်မတို့ မြန်မာအကမှာ မျက်နှာပေးဟာ အင်မတန်ကို အရေးပါပါတယ်။ က,ရတဲ့ ကကွက် အလိုက် မျက်နှာအမူအရာ သရုပ်ဖော်နိုင်လေလေ၊ ဒီအက,ဟာ



အသက်ဝင်လေလေပါပဲ ဆရာ။ အခု သမီးက,တဲ့ အက,ဟာ ငြိမ့်ညောင်း သာယာလှပမှုကို သရုပ်ဆောင်ရတာမို့ မျက်နှာလေး ပြုံးနေဖို့ အင်မတန် အရေးကြီးပါတယ်။ စင်ပေါ်မှာ က,ယင်း ပြုံးတဲ့ အပြုံးကို ကလက်တယ်၊ ဣန္ဒြေမဲ့တယ်လို့ မဆိုနိုင်ပါဘူး) ဆရာရယ်"

နောက်ဆုံး စကားပိုဒ်ကို အေးမြငြိမ်း အသည်းနင့်နင့်နှင့် ပြောလိုက်ရခြင်း ဖြစ်ပါ၏။ သူ့စကားကြောင့် ဆရာ့မျက်လုံး တို့သည် အေးမြငြိမ်း မျက်နှာပေါ်သို့ အတော် ကြာ ကြာ ရောက်ရှိလာကြတော့သည်။ ဆရာ့ မျက်လုံးများသည် အံ့ဩခြင်း၊ ဝေခွဲမရခြင်း၊ တောင်းပန်ခြင်းတို့ ရောယှက်နေသည်ဟု အေးမြငြိမ်း ယူဆသည်။ ခံစားမှုမျိုးစုံတို့ဖြင့် တဖျတ်ဖျတ် အရောင်တောက်လျက်ရှိသော ဆရာ့ မျက်လုံးများသည်—

"အေးမြငြိမ်း"

"ဆရာ...."

"အန့်တီ၊ တီးလုံးဆုံးပြီ"

ဆရာ့ ခေါ်သံ။

အေးမြငြိမ်း ထူးသံ။

ဝတ်မှုံ၏ ပြောသံ။

ဆရာရော အေးမြငြိမ်းပါ ပြန်သတိထိန်းလိုက်မိကြပါပြီ။ "သိပ်တော်တာပဲ သမီးရယ်" ဟူသော စကားကို လူကြီးပီပီ အခြေမပျက် ပြောလိုက်နိုင်ကြသည်။ ဝတ်မှုံက အေးမြငြိမ်းနှင့် ဆရာ့ကြားရှိ ဆိုဖာလွတ်ပေါ်တွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်၏။

"ဘာလဲ သမီး၊ သိပ် ညောင်းနေပြီလား။ ကိုကို့ သမီးကတော့လေ မကျခင်တုန်းကဖြင့် ချော့လိုက်ရတာ၊ ခုတော့ဖြင့် ဒါပဲ စိတ်ဝင်စားနေတော့တာ၊ ညကလဲ ကက်ဆက်ကြီးဖွင့်ပြီး တညလုံး ကနေတာသိလား။ ကဲ—အမောပြေ ဖျော်ရည်လေး သောက်ပါအုံး။ ဟဲ့—မပု၊ နင့် ကိုကိုဘက်လဲ တခွက်ပေးအုံးမှပေါ့။ သောက်ပါအုံး အေးမြငြိမ်း၊ ရေခဲ မပါပါဘူး၊ ရေခဲစိမ်ပါ"

စာအိတ်တအိတ်ကို ကိုင်ယင်း မေသွယ်ခက် ရောက်လာ၍ အေးမြငြိမ်း စိတ်သက်သာရာ ရသွားသည်။ အိမ်ဖော်မလေး တည် ခင်း ပေး ခဲ့ သော ဖျော်ရည်အေးကို သောက်နေဆဲ၊ အိမ်ရှင်မ စကားကို ဆက်ကြားလိုက်ရပြန်၏။

"ဘယ်လိုမှတော့ သဘောမထားနဲ့နော်၊ သမီးကို အက သင်ပေးတာ ကျေးဇူးတင်လွန်းလို့ပါ"

သူ့ရှေ့ စားပွဲခုံငယ်လေးပေါ်သို့ ရောက်လာသည့် စာအိတ်ကလေးကို အေးမြငြိမ်း စိန်းစိန်းပါအောင် ကြည့်နေမိ၏။ ချက်ချင်းဆိုသလို အသိဝင်လာ၏။ အိတ်ထဲမှာ ငွေစက္ကူ။

"ကျွန်မ.... ကျွန်မ လက်မခံပါရစေနဲ့"

"အို....မဟုတ်တာ၊ အေးမြငြိမ်းတို့က ခရီးထွက်နေရတာ၊ ငွေလိုမှာပေါ့"

သောက်လက်စ ဖျော်ရည်အေးသည် ရုတ်ခြည်းပူပြင်းလာတော့၏။ အေးမြငြိမ်းသည် ဆရာ့မျက်နှာကို ကြည့်လိုက်မိ၏။ ဆရာ မျက် နှာ မ ကောင်း။ သူ့ ဇနီးမျက်နှာကို ကွက်ကနဲ တချက်သာကြည့်ပြီး စကားစရှာသလို ငြိမ်နေ၏။



"သွယ်တို့ကို အားနာလို့လား၊ ကျေးဇူးတင်လွန်းလို့ပါ။ အေးမြငြိမ်းနဲ့ ကြုံလို့ သမီးလေး စနစ်တကျ သင်ရတာပါ။ ကိုကိုကဆို သူ့သမီးကို ဘယ်သူ သင်ပေးတာမှ စိတ်ချတာ မှုတ်ဘူး၊ လက်ခံပါနော်"

စက္ကူအိတ်ကလေးကို အေးမြငြိမ်းပေါင်ပေါ်သို့ လာတင်ချေတော့၏။ အေးမြငြိမ်း ရင်ထဲ နာသွားသည်။ ကြေးစား.... ကြေးစားလို့ သတ်မှတ်လိုက်ခြင်းပေလား။

"ကျွန်မ၊ ဆရာ့သမီးမို့ စေတနာသက်သက်နဲ့ပါ။ ကျွန်မ နားမယ့်အချိန်၊ အိပ်ရမယ့်အချိန်ထဲက ဖဲ့ပြီး ပညာသင်ပေးခဲ့တာပါ။ မမကိုတော့ အားနာပါတယ်။ ဒါပေမယ့် လက်မခံပါရစေနဲ့။ ကျွန်မကို နားလည်ပါ ဆရာ"

အေးမြငြိမ်း ပြောယင်း-အသံတွေတုန်လာသည်။ စကားပြောအပြီး နေရာမှ ထရပ်လိုက်တော့ ဆရာကပါ·ရောယောင်ထရပ်လိုက်သည်။

"ကျွန်မ ပြန်တော့မှပဲ၊ အမေ မျှော်နေပြီထင်တယ်။ ကဲ— သမီးက အန်တီ့ကို ကျေးဇူးတင်ယင် အန်တီ့ပါးကို နှစ်ခါ မွှေးနော်"

သမီးဝတ်မှုံက တခွစ်ခစ်ရယ်ယင်း မွှေးရှာသည်။ အေးမြငြိမ်းကလည်း သမီး၏ ပါးမို့မို့ကလေးကို ချစ်ခင်စွာ နမ်းရှုပ်ပစ်ခဲ့သည်။

* * *

"စင်ပေါ်မှာ ကချယ်င်းပြုံးတဲ့ အပြုံးကို ဂုဏ်ပြုမဲ့တယ်၊ ကလက်တယ်လို့ မဆိုနိုင်ပါဘူး ဆရာ"

ကိုယ့် စကားကိုယ် ပြန်စဉ်းစားယင်း အေးမြငြိမ်း မဲ့ပြုံးကလေး ပြုံးလိုက်မိသည်။ သည်လို ပြောချင်တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ။ ကျိတ်မှိတ် မျိုသိပ်နေခဲ့ရသည်မှာ မည်မျှပင်ပန်းခဲ့ရပြီလဲ။

"လူတိုင်းကို ပြုံးပြနေတဲ့ အငြိမ့်သမ တယောက်ကို ကျွန်တော် မချစ်ရဲဘူး"

တဆင့်စကား ကြားခဲ့ရသော ဆရာ့ ဆုံးဖြတ်ချက်။

ရှာ ယောင် ဟန် ပြ၍ မရှာခဲ့သော ဆရာ့ မေတ္တာ မိုး။ တိတ်တခိုးလေး မျှော်လင့်၍ သဲ သဲ မဲ မဲ ရှာသွန်းဖြိုးခဲ့မိသော အေးမြငြိမ်း၏ မေတ္တာမိုး။

တဘက်သတ် ချမှတ်ခဲ့သော မှတ်ချက်ကို ကျေလည်အောင် ဖြေရှင်းခွင့် ရခဲ့သည့် အခါမှာတော့ ဆရာ့မှာ အပျိုပေါက် အရွယ် သမီးကလေးပင် ရှိနေပြီ မဟုတ်လားလေ။



## လမ်းပေါ်က အသည်းနှလုံး

ဗိုလ်ချုပ်ဈေးကတော့ စည်ကားမြဲပါတည့်။

စနေ နေ့လည်း ဖြစ်ပြန်၊ ရုံးဆင်းချိန်လည်း ဖြစ်ပြန်ဆိုတော့ ဈေးအတွင်း၌ မဆိုထားဘိ၊ ဈေးအရှေ့ ပေတရာလမ်းမပေါ်မှာပင်လျှင် မျက်စိနောက်စရာရှုပ်ရှက်ခတ်နေ၏။ လူတွေရော ကားတွေရော မရေနိုင် မတွက်နိုင်။ ပြီး.... သည်ဈေးက အခြား အခြားသော ဈေးများလို သာမန်ဈေး မဟုတ်။ မြန်မာတပြည်လုံးရှိ ကောင်းပေ့၊ ညွန့်ပေ့၊ ခေတ်မီပေ့၊ အဖိုးတန်ပေ့ ဆိုသော အသုံးအဆောင်၊ အဝတ်အထည်၊ အစားအသောက်များ ရောင်းချရာ ဈေးဖြစ်သဖြင့် အဆင့်

အတန်း အမျိုးမျိုး၊ အလွှာအသီးသီးတို့မှ မိန်းမသားများဖြင့် စည်ကားနေစမြဲ။

အထူးသဖြင့် ယခုလို စနေနေ့မျိုးတွင် ရန်ကုန်မြို့ရှိ မိန်းမချော၊ မိန်းမလှလေးများသည် ညှိနှိုင်းတိုင်ပင် ထားကြသည့်အလား ဗိုလ်ချုပ်ဈေးသို့ ဈေးဝယ် ထွက်လာကြစမြဲ။

ထို့ကြောင့် သည်ဈေးကို 'မိန်းမလှဈေး' ဟုပင် သတ်မှတ်ခေါ်ဝေါ်သူတို့ ရှိခဲ့ကြပေပြီ။

'မိန်းမလှဈေး' တဲ့။

မဆီလျော်ပါ ဟူ၍ ငြင်းပယ်စရာ အကြောင်း မရှိပါ။ မျက်လုံးတချက်ဝေ့၍ ကြည့်လိုက်ရုံမျှနှင့်ပင် ဟုတ်ပေသားပဲဟု ဝန်ခံရမည်မှာ ကေန်။ အဖီးအလိမ်း၊ အပြင်အဆင် ပြေပြစ်သော၊ ကိုယ်နေဟန်ထား ကြွရှသော မိန်းကလေးများသည် အသွေးအရောင်စုံသော ပန်းပွင့်ကလေးများသဖွယ်။ ထိုမိန်းမချော၊ မိန်းမလှလေးများ အနီးတွင် တရစ်ဝဲဝဲ တွေ့ရသော အစ်ကိုကာလသားများကလည်း ပန်းဝတ်ရည်ကို သောက်သုံးလိုသော ပိတုန်း၊ လိပ်ပြာများသဖွယ်။

ကျော်ညွန့်မိုးသည် စီးကရက် တလိပ်ကိုခဲယင်း ဈေးရှေ့ကားမှတ်တိုင်တွင် စိတ်ရှည် လက်ရှည် စောင့်လျက်ရှိ၏။

“ဟော့ကောင်.... ရွှေမင်းသား၊ ဘာတွေ အကြံ လုပ်နေတာလဲ”

သူ့နာမည် အော်သံကြား၍လှည့်ကြည့်လိုက်တော့ မာဇဒါကားပြာလေးကိုမောင်းယင်း လက်မ ထောင်ပြ သွားသည်ကို တွေ့လိုက်ရ၏။ ကား နောက်ခန်းထဲတွင် ဆံတို ဂုတ်ဝဲလေး



တခါခါဖြင့် ရယ်ကာပြုံးကာ လိုက်ပါသွားသော 'ချစ်သည်းဝေ' ကို မြင်လိုက်ရ၏။ 'ချစ်သည်းဝေ' ဘေးနားတွင် ကပ်ထိုင်ကာ စပ်ဖြဲဖြဲ လိုက်ပါသွားသည့် ဘူတာကြီးကမူ သူတို့၏ အမဲကြီး တကောင်ပင် ဖြစ်ပေလိမ့်မည်။ သူတို့တွေကတော့ ယနေ့အတွက် အကြံအဖန် အောင်မြင်သွားပါချေပြီ။

သူကတော့ ယနေ့ နေ့တွက်ပင် မစီသေး။

မနက်ပိုင်းက ပုစွန်တောင်ဈေးထဲမှာ အလုပ် တခုတော့ ဖြစ်ခဲ့ပါသေး၏။ သို့ရာတွင် မမက်လောက်ပါ။ ရခဲ့သည်က ငွေလေး နှစ်ဆယ်ထဲ။ သည်မျှသော ငွေကတော့ သူ့အတွက် မပြောပလောက်ပါ။ သူဝတ်ထားသည့် အဝတ် အစားဖိုး၏ အစွန်းတွက်ပင် မရှိသေးပါ။

ကျော်ညွန့်မိုးက သူ့ အဝတ် အစား များကို ငုံ့ကြည့်ပြီး 'ဟဲ....ကနဲ' အသံထွက်အောင်ပင် ရယ်လိုက်မိ၏။ သူဝတ်ဆင်ထားသည်က အဖိုးတန် အကောင်းစား များချည့်။ ဖော့ပွင့်ရှပ်လက်ရှည် အဖြူ၊ တက်ထရက် ဘောင်းဘီရှည် အနက်၊ ထိပ်တုံး ရှူးဖိနပ်၊ လက်မှာ ပတ်ထားသည်က အော်တိုမက်တစ် စီကိုနာရီ။ ဒါတွေ အားလုံးက သူ့ အတွက် အရေးပါသော အဆောင်အယောင်များပင် မဟုတ်ပါလား။ ပင်ကိုက ချောသော သူ့ရုပ်ရည်သည် သားနားသောအပြင်ဆင်များကြောင့် ပို၍ ရည်မွန်လာသည်။ သန့်ပြန့်လာသည်။ မိန်းကလေးများကို ဆွဲဆောင်နိုင်အား ရှိလာသည် မဟုတ်ပါလား။

“အစ်ကိုက တက္ကသိုလ်ကျောင်းသားလား—ဟင်”

ယခင်လ၏ ၈နေ့ တနေ့က သည်ဈေးရှေ့တွင် အမှတ်မထင် ဆုံခဲ့ရသော မိန်းမလှလေးတဦးက သည်လိုပင် မေးခဲ့ဘူးသည်။ ဒါကို အမှတ်ရလိုက်တော့ ကျော်ညွန့်မိုး မပြုံးပဲမနေနိုင်တော့ ပြန်ပါပြီ။

"ကြည့်စမ်း....ကြည့်စမ်း၊ သူက ဒီမှာလာ ဟန်ကျနေတာ ကိုး။ လုပ်စမ်းပါအုံး ရှေ့မင်းသားရယ်။ ချောစု ဒီနေ့ ဝက်စက် တပြားမှ မရသေးဘူး"

"ဟ... ငါက ဘာလုပ်ရမှာတုံး။ ငါလဲ ကိစ္စ ရှိသေး တယ်ဟ။ ကိုယ့်အစွမ်းအစနဲ့ကိုယ် ကြံစည်စမ်းပါဟ။ အေး— တခုတော့ရှိတယ်။ နင်—ဒီနေ့ပြင်ဆင်လာတာကတော့ ဂေါ်ပုံ ကြီးပဲ၊ ဒီပုံကြီးနဲ့တော့ နင့်ကို ဘယ်သူကမှ စိတ်ဝင်စားမှာ မဟုတ်ဘူး ချောစုရ"

"အမယ်လေး.... တော်ပါပြီ၊ သူ့များ အားကိုးရ မလား မှတ်ပါတယ်။ အေးပါ—ရှေ့မင်းသားရယ်။ နင်—တနေ့ တော့ ပြတ်လာတော့မှ ချောစုလေးရယ်၊ ဘာညာနဲ့ လာမချွဲနဲ့။ ငါရော၊ ချစ်သည်းရော အကပ်ကို မခံဘူး မှတ်ထား"

"အေး .. မှတ်ထားမယ်၊ မှတ်ထားမယ်။ ကဲ.... ကြွတော့ မမချောစု၊ ကျုပ် နားအေးအေး နေချင်တယ်"

ချောစုက ခါးကိုနွဲ့၊ လည်တိုင်ကိုငဲ့ပြီး သူ့ကို မျက်စောင်း ထိုး ကြည့်လိုက်၏။ ချောစုအနွဲ့၊ ချောစုအငဲ့၊ ချောစုအကြည့် တို့က ကျော်ညွန့်မိုး အတွက် ဘာမျှ မထူးခြားတော့ပါချေ။ ချောစု အလှက သူ့ အတွက် မထူး ခြားတော့ သော်လည်း



အခြားတပါးသောယောကျ်ားများကို ဆွဲဆောင်နိုင်သေးမှန်း သူ သိပါသည်။

တကယ်တော့ ချောစုအသက်သည် ဆယ်ကျော်သက်မဟုတ် တော့။ သူနှင့် မတိမ်းမယိမ်း။ ငယ်လှ တနှစ်၊နှစ်နှစ်သာ။ အစိတ်နားသို့ ကပ်နေပြီဖြစ်သော အသက်ကြောင့် 'ချစ်သည်း ဝေ' နှင့်စာလျှင် 'ချောစု'က ဈေးခေါ် မကောင်းတော့။ သို့သော် ကျောလယ်သို့ရောက်နေသောဆံပင်လေးကို အစည်း အနှောင် မဲ့စွာ ဖားလျားဝေအောင် ချထားပြီး ခေတ်မီ သော အကျီပုံစံဆန်းဆန်းကလေးများကို ဝတ်ကာ ကလက် တက်တက်၊ စိမ်းဆတ်ဆတ် ပြောဆို ကျင့်ကြံလေသောအခါ ချောစုသည် ဆယ့်ရှစ်နှစ်သာသာ ရှိသေးသော'ချစ်သည်းဝေ' နှင့် အလှချင်းဆင်ကာ ရွယ်တူပင် ဖြစ်သွားပါတော့၏။

ဘာပဲဖြစ်ဖြစ်'ချောစု'သာလျှင်မဟုတ်၊'ချစ်သည်းဝေ'သာ လျှင် မဟုတ်၊ 'မိချိုငယ်' သာလျှင် မဟုတ်။ တယောက်သော မိန်းကလေးကလွဲလျှင် အဘယ် မိန်းကလေးကမှ ကျော်ညွန့်မိုး ကို ဆွဲဆောင်နိုင်ခြင်း မရှိတော့ပေ။

"အေးပေါ့လေ၊ တို့ကိုတော့ ရိုးပြီ၊ အိုပြီကိုး။ ရှေ့မင်း သားဆိုတော့လဲ မင်းသမီးတွေက အများသားမဟုတ်လား။ တကယ်တော့ ငါတို့ငွေရှာမရလို့ ဆရာကြီးဆူယင် နင့်တာဝန် လဲ ရှိတာပဲ"

"အော်... ချောစုရယ်၊ သွားပါဆိုမှ၊ သိပ်စကားများ တာပဲ၊ငါမှာ အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါဟာ၊ တကယ်ပါ။ ဟော... ဟိုမှာ လာနေပြီ"

ရုတ်တရက်ကြီး ရှိန်းလက်သွားသော ကျော်ညွန့်မိုး၏ မျက်လုံးများ သွားရာသို့ ချောစု လှည့်ကြည့်လိုက်မိ၏။

ငယ်ရွယ်လှပသော မိန်းကလေးတယောက်။

“အော်.... လက်စသတ်တော့ အသစ်ကလေး တွေ့နေတာကိုး” /

ကျော်ညွန့်မိုးကမူ ချောစုစကားကို ဆက်လက်နားထောင် မနေတော့၊ မိန်းမချောလေးထံသို့ ခပ်သုတ်သုတ် လျှောက်သွားတော့၏။

* * *

“စောင့်လိုက်ရတာ ညီမရယ်”

“ဟုတ်လား....အစ်ကို၊ခင်ထွေး နည်းနည်းနောက်ကျသွားတယ် အစ်ကိုရယ်၊ စိတ်ဆိုးနေလား ဟင်”

ညှိုးပြုံးဖြင့် မိန်းကလေးကို စိုက်ကြည့်ယင်း ခေါင်းခါပြလိုက်၏။ ပါးစပ်မှလည်း အလိုအလျောက် ပြောလိုက်မိပြန်သေးသည်။

“ညီမက သိပ်လှတာပဲကွာ”

သည်လိုမိန်းကလေးများ၏ သဘောကိုသိ၍ အကြိုက်ကို လိုက်ပြောတတ်သော သူ့ အကျင့်ကလေးများကြောင့်လား မသိ၊ မိန်းကလေးများနှင့်ဆက်ဆံရာတွင် ရင်းနှီးလွယ်သည်။ စည်းရုံးသိမ်းသွင်းရာ၌ အခက်အခဲမရှိ၊ ပြေပြစ် ချောမောခဲ့ရသည် မဟုတ်ပါလား။ခင်ထွေးတို့လို အရိုးခံမိန်းကလေးများ အဖို့ဆိုလျှင် ပြောဖွယ်ရာမရှိတော့ပါပြီ။ ထို့ကြောင့် သိကျွမ်း



ခဲ့ရသည့် နှစ်ပတ်အတွင်း ဆုံတွေ့ရသည့် အကြိမ်ပေါင်း သုံး ခါတည်းနှင့် သူချိန်းဆိုထားရာသို့ ခင်ထွေး လာခဲ့ရပြီ မဟုတ်ပါလား။

ရှက်ပြုံးကလေးပြုံးနေရာမှ သူ့ကို ရှိန်းရှိန်းပပ မော့ကြည့်ကာ ခင်ထွေးက ညင်ညင်သာသာကလေး ပြောနေပြန်သည်။

“အမေကလေ— ခုထိကို ပြောမဆုံးသေးဘူး၊ အစ်ကို့ကို ကျေးဇူးတင်လွန်းလို့တဲ့၊ ခုခေတ်မှာ အစ်ကို့လို ရိုးသားတဲ့ လူတွေရှိသေးတာ အံ့ဩစရာ ချီးကျူးစရာပဲတဲ့”

သူကလေး၏စကားကြောင့် ကျော်ညွန့်မိုး မျက်နှာမပျက် အောင် မနည်းကြီး သတိထား နေလိုက်ရ၏။ ယုန်သူငယ် ယောင် ဆောင်ထားသော ကျားသတ္တဝါ၏ဘဝကို သူကလေး မသိရှာပါလား ဟူသောအတွေးကြောင့် မိန်းကလေးများနှင့် ပတ်သက်၍ တရံတခါမျှမပေါ်ပေါက်ခဲ့ဘူးသေးသောကရုဏာ တရားသည် သူ့ရင်ကိုလှုပ်ခတ်ထားစေပြန်ပါပြီ။ ဘာကြောင့် သည်လိုလှုပ်ရှားနေရမှန်း သူမသိ။

“နေပါဦး အစ်ကိုရဲ့၊ခင်ထွေးရဲ့ ပိုက်ဆံအိတ်ကလေးကို အစ်ကို ဘယ်နားက ကောက်ရခဲ့တာလဲ ဟင်”

“ဟို....ဟိုလေ... စက်တန်းထဲကထင်တယ်၊ အို—မဟုတ်ပါဘူး၊ ဖိနပ်ဆိုင်နားက ထင်ပါရဲ့ကွာ”

မလုံမလဲ စိတ်ဖြင့် သူ ထစ်ငေါ့စွာ ဖြေလိုက်မိသည်။ မိန်းကလေးကမူ သူ့အဖြစ်ကို သတိထားမိဟန်မတူ။

“စက်တန်းထဲကကောက်ရတာတော့ မဖြစ်နိုင်ဘူးအစ်ကိုရဲ့၊ အင်္ကျီတွေအပ်လို့ စက်ဆိုင်ကငွေရှင်းပေးလိုက်တာ။စက်ဆိုင်က

ငွေရမှ ညီမလေးနဲ့ မောင်လေးဖို့ ဖိနပ်ဝင်ဝယ်ရတာ အစ်ကို့ရဲ့ ဖိနပ်ဝယ်အပြီး ကျခဲ့တာနေမှာ''

''ဟုတ်မယ်ထင်တယ်၊ အစ်ကိုလဲ သိပ်မမှတ်မိတော့ပါဘူး ညီမရယ်၊ ကြာခဲ့ပြီပဲ''

ဘယ်မှတ်မိနိုင်စရာအကြောင်း ရှိပါသနည်း။ တကယ်လည်း ကောက်ရခဲ့သည်မှ မဟုတ်ပေပဲ။ ဖိနပ်ကလေး ရွေးပြီး သူ့လွယ်အိတ်ကလေးထဲ ထည့်နေဆဲ အလွန်လှယ်ကူစွာနှင့် အလစ်သုတ်ယူခဲ့သည်ပင် မဟုတ်ပါလား။ စိုတ်ချရသော နေရာရောက်မှ အသာဖွင့်ကြည့်တော့ ငွေသုံးဆယ်နှင့်အကြွေအနည်းငယ်၊ စာရင်းစာရွက်လေးတရွက်နှင့် ပိတ်ထားသော စာတစောင်ကို တွေ့လိုက်ရ၏။ ပိုက်ဆံအိတ် ဖောင်းကားနေသလောက် ငွေမပါသဖြင့် ကျော်ညွန့်မိုး စိတ်တိုခဲ့ရသေး၏။ စိတ်တိုသော်လည်း စူးစမ်းလိုစိတ်က နိုးဆော်သဖြင့် ပိတ်ထားသော စာအိတ်ကလေးကို ဖွင့်ဖတ်ကြည့်မိ၏။

**အန်တီမြိုင်ရှင့်—**

ခင်ထွေး ရှိသေစွာ စာရေးလိုက်ပါသည်ရှင့်။ အန်တီမြိုင်ထံမှ ချေးယူထားသော ငွေသုံးရာအတွက် အတိုးငွေသုံးဆယ်ကို ရွှေလဆန်းတွင် ဆက်ဆက်ပေးပို့ပါမည် အန်တီမြိုင်ရှင့်။ ယခုလ မပေးပို့နိုင်သည့် အတွက် အနူးအညွတ်တောင်းပန်ပါကြောင်း အမေက စာရေးခိုင်းပါသည်ရှင့်။



အမေက ဆိပ်ကမ်းတွင် ကုန်ထမ်းယင်း ချော်လဲ၍ ခြေသလုံးရိုး အက်သွားရာ ဆေးရုံတင်ထားရပါသည်။ ယနေ့ဆို ခြောက်ရက်ရှိသွားပါပြီ အန်တီရှင့်။ အမေ အလုပ်မဆင်းနိုင်သဖြင့် ခင်ထွေးတို့ ဒုက္ခတွေ့နေပါသည်။ ထို့ကြောင့် အန်တီမြိုင့်ထံပို့ရန် စုထားသည့် ငွေများ သုံးလိုက်ရပါသည်။

ယခု အိမ်မှာ အမေတယောက်သာ ရှာနိုင်ရာ ခင်ထွေးတို့ ငွေကြေးကျပ်တည်း နေပါသည်။ ထို့ကြောင့် ခင်ထွေး ကျောင်းထွက်လိုက်ရပါသည်။ အမေကလည်း အန်တီမြိုင်တို့ရှိစဉ်ကလို ပင်ပင်ပန်းပန်း မလုပ်နိုင်တော့ပါ။ ခါတိုင်း လေးငါးအိမ် အဝတ်လိုက်ဖွပ်ပေးလျှင် တလကို တရာခန့် ဝင်ငွေရှိပါသည်။ ယခုတော့ လက်မောင်းတွေအောင့်ပြီး ကိုက်ကိုက်နေလို့ အိမ်မှာပဲ နားနေရပါသည်။ အိမ်မှာနားယင်း မြို့ထဲ တရုတ်ဆိုင်များမှတဆင့် ချုပ်ခိုင်းသော အင်္ကျီများကို တထည်လျှင် နှစ်ကျပ်ခွဲနှင့် အမေရော ခင်ထွေးပါ ချုပ်ပေးနေရပါသည်။ဒါမှလည်း ခင်ထွေးတို့ မိသားစု ကိုးယောက်အတွက် စားဝတ်နေရေး ပြေလည်မည် ဖြစ်ပါသည် အန်တီရှင့်။ ဆယ်တန်းကို ညကျောင်း တက်၍ ဖြေပါတော့မည်။မမရီ၏ စာအုပ်ဟောင်းများ ရှိလျှင် ခင်ထွေးကို ပေးပါနော်။

အန်တီတို့မိသားစု ကျန်းမာချမ်းသာပါစေ။

**ခင်ထွေး**

စာဆုံးသော် သူ့ကိုယ်သူ ‘ခင်ထွေးက’ ‘ခင်ထွေးက’ဟု စကားထဲ ထည့်ထည့်ပြောတတ်သော မိန်းမချောလေး၏ ချစ်စဖွယ် မျက်နှာလေးကို သူ ဖြတ်ကနဲ မြင်လိုက်မိ၏။ ကရုဏာစိတ်သည် သူ့ရင်တွင်းဝယ် နိုးကြွလာလေသည်။

‘ကြည့်စမ်း.... သနားစရာ၊ သူတို့သားအမိ၊ နေ့ရောညပါ တကုပ်ကုပ် ချုပ်မှရတဲ့ ငွေလေးသုံးဆယ်၊ သူ ဘယ်လောက် နှမြောရှာမလဲ၊ အိမ်ပြန်ရောက်လို့ သူ့ပိုက်ဆံအိတ်ကလေး မတွေ့တော့ယင် ငိုတော့မှာပဲ’

ထိုသို့ တွေးယင်း ဝိုင်းစက်သေသပ်သော လက်ရေးလေးကို တခါ ထပ်ဖတ်ကြည့်မိပြန်၏။

‘စားဝတ်နေရေး မပြေလည်လို့ ကျောင်းက ထွက်လိုက်ရပြီတဲ့။ ဆုံးသွားတဲ့ ငါ့ညီမလေးသာရှိယင် သူ့အရွယ်ပဲ’

ကရုဏာတရားသည် သူ့ကို မွှေနှောက်ပစ်လိုက်၏။ ကျော်ညွန့်မိုးသည် စာရွက်ကလေးကို စာအိတ်ထဲပြန်ထည့်၊ ပိုက်ဆံများကိုလည်း သေချာစွာပြန်ထည့်ပြီး ဗိုလ်ချုပ်ဈေးဘက်သို့ ပြန်ထွက်ခဲ့၏။ မိန်းကလေးနောက်မှ တကောက်ကောက် လိုက်ခဲ့သောသူမို့ စက်ချုပ်ဆိုင်ကို အလွယ်တကူ ရှာတွေ့ခဲ့၏။ လိပ်စာမေးမည်။ သိရလျှင် အိမ်တိုင်ရာရောက် သွားပို့ပေးလိုက်မည်။ (လမ်းမှာ ကောက်ရခဲ့သည်လို့ ပြောလိုက်မည်)။

“အော် ...ခင်ခင်ထွေးလား၊ သူ့လိပ်စာ သိတယ်-သိတယ်၊ မရွှေခင်ရေ ... ခင်ထွေးလိပ်စာ·ပေးလိုက်စမ်းပါ။ ဒီအင်္ကျီက ချုပ်ခ ခြောက်ကျပ်ကျပါတယ်ရှင့်၊ ပုံဆန်းက တဆယ်ကျပါတယ်၊ စိတ်ကွင်းထိုးယင် အပြီးအငြိမ်း ခုနစ်ဆယ့်ငါးကျပ် ရှင့်၊



[illegible]–အကြင်၊ ဗီရိုထဲက ဖော့ဘလောက်(စ်)တွေ ချခဲ့စမ်း။ [illegible]တ်ထဲ ထည့်ပေးလိုက်’’

သူတို့အလုပ်နှင့်သူတို့ လက်မလည်နိုင်အောင် ရှုပ်နေသဖြင့် ခင်ထွေး၏ လိပ်စာကိုရရန် ဆယ်မိနစ်ခန့် စိတ်ရှည်လက်ရှည် စောင့်ခဲ့ရသေး၏။ ငွေပင် ငွေရင်း စိုက်ထုတ်နိုင်၍ စီးပွားရေး အောင်မြင်သူများအတွက် ငွေရှိရာ ငွေစုပေတော့သည်။ သူတို့ [illegible]၌ အပ်သော အင်္ကျီများကို ခင်ထွေးတို့လို ငွေရင်း မရှိသူများကို အငှားချုပ်ခိုင်းသည်။ တကယ် အပင်ပန်းခံ ချုပ်ရသူများအတွက်ကတော့ ရသည်မှာ နှစ်ကျပ်ခွဲထဲ။ သူတို့အတွက် ကျန်သည်ကမူ သုံးကျပ်ခွဲ။

သူ့ ဘဝကကော ခင်ထွေးဘဝနှင့် ဘာများ ခြားနား[illegible]ပါလဲ။ သူတို့ကို ‘ဆရာကြီး’က လက်သပ်မွေးထားသည်။ [illegible]ကျွေး၍၊ လှုလှုဆင်ထားသည်။ သူတို့က ဆရာကြီး၏ အကြံ[illegible]များကို အလုပ်ဖြစ်အောင် ဆောင် ရွက် ပေး ရ သည်။ [illegible]ပိုက်နိုက်သည်အစ ဘိန်းဖြူတို့၊ ရွှေချောင်းတို့ ရောင်းဝယ်[illegible]သည်အထိ။ အောင်မြင်သည့်အခါ ဆရာကြီးက အမြတ်ငွေ၏ [illegible]နှုန်းထွက်ကို မုန့်ဖိုး ပဲဖိုး အဖြစ် ဝေမျှသည်။ သည်လို [illegible]ောင်ရွက်ရာတွင် ‘ချောစု’ တို့လို၊ ‘ချစ်သည်းဝေ’ တို့လို၊ ‘[illegible]ငယ်’ တို့လို ဘဝမခိုင် အခြေယိုင်နေသော မိန်းကလေး[illegible]ားနှင့်လည်း ကြုံရ—ဆုံရ-တွေ့ရ—မွှေရပေသေးသည်။

ယခုလည်း တွေ့ရပြန်ပါပြီ။

ခင်ထွေးဆိုသော သမင်မငယ်လေးတကောင်။

"အစ်ကိုက ပြောစရာ ရှိတယ်ဆိုလို့သာ ခင်ထွေး လာရတာ၊ ရင်ထဲကတော့ တထိတ်ထိတ်ပဲ အစ်ကိုရေ့၊ ခင်ထွေးလေ ဘယ်ယောကျ်ားလေးနဲ့မှ အခုလို ချိန်းမတွေ့ဖူးဘူး။ ပြောစရာ ရှိတယ်ဆို၊ ပြောလေအစ်ကို"

ခင်ထွေးက ခပ်တိုးတိုးလေး ဆိုသည်။ တကယ်တော့ မေးသာမေးရသည်။ ကျော်ညွန့်မိုး ဘာ ပြော မည် ဆို တာ ခင်ထွေး အလိုလို သိပြီးသားပါ။ ထို့ကြောင့်လည်း ကျော်ညွန့်မိုးနှင့် မျက်နှာချင်း မဆိုင်ရဲပဲ မျက်နှာ လွှဲနေမိသည် မဟုတ်ပါလား။

"ဖြည်းဖြည်းပေါ့ ညီမရယ်၊ ဒီနေ့တော့ အစ်ကိုအတွက် အချိန် နည်းနည်းပေးပါနော်။ လာ—အစ်ကိုတို့ မုန့်သွားစားရအောင်"

မိန်းကလေး မငြင်းဆန်နိုင်မီ သူက ဦးဆောင်၍ မုန့်ဈေးတန်းဘက်သို့ လျှောက်ခဲ့သည်။ ဘဲပေါင်းဆီချက် စားသည်။ ရွှေရင်အေး သောက်သည်။ စုစုပေါင်း ငွေထဆယ် ကုန်သွားသည်။ ကိစ္စမရှိပါ။ ငါးကို မြင်နေမှတော့ ငါးစာကို နှမြောနေ၍ မဖြစ်တော့ပါ။ ကျော်ညွန့်မိုးသည် သူ့ရင်က ဒွိဟစိတ်ကို ဖျောက်ပစ်ကာ အလုပ်သဘောအဖြစ် စဉ်းစားလိုက်၏။ သည်လို ငယ်ငယ် လှလှကလေးမျိုးသာ ဆရာကြီးတွေ့လျှင် ကျော်ညွန့်မိုး မျက်နှာကောင်း ရပေအုံးတော့မည်။

စားသောက်ပြီးစီး၍ ဈေးအပြင်သို့ ထွက်ခဲ့ကြရာ သူတို့နှစ်ဦးကို လှမ်းမျှော်ကြည့်နေသည့် (ဂေါ်လီ) ကို တွေ့လိုက်ရ၏။ ချစ်သည်းဝေကမူ ကျန်ရစ်ခဲ့ပြီထင်ပါ၏။ ကျော်ညွန့်မိုး



က လက်မ အသာ ထောင်ပြလိုက်၏။ ပြီးတော့ (ဂေါ်လီ) ရပ်နေသည့် မာဇဒါကားပြာလေးဆီသို့ ဦးတည် လျှောက်သွားသည်။ နောက် ခပ်တည်တည်ပင် ကားတံခါးကို ဆွဲဖွင့်ကာ ခင်ထွေးကို ဝင်ထိုင်စေ၏။ ပြီးတော့ သူက တဘက်တံခါးမှ ဝင်ထိုင်ပြီး ကားစက်နှိုးလိုက်၏။ ကားကို ကျင်လည်စွာ မောင်းနေသော သူ့ကို ခင်ထွေးက အကလေးသဖွယ် တွဲတိုးကြီးပင် မေးလိုက်၏။

"ဒါ...အစ်ကို့ကားလားဟင်"

"အင်းပေါ့"

"ဘယ်သွားမှာလဲ ဟင်"

"အစ်ကို့ သူငယ်ချင်းအိမ်"

"ဟင်... ခင်ထွေး ရှက်ပါတယ်၊ ရှက်စရာကြီးရယ်"

"ဘာရှက်စရာရှိတုံး၊ အစ်ကိုနဲ့ သွားတာပဲကွာ"

"အစ်ကိုနဲ့မို့ ရှက်တာပေါ့"

ကျော်ညွန့်မိုးက တဟဲဟဲ ရယ်ယင်း ခင်ထွေး ပခုံးလေးကို သိမ်းဖက်ထားလိုက်၏။ မိန်းကလေး၏ ကိုယ်လေး ကတုန်ကယင် ဖြစ်သွားသည်ကို ကျော်ညွန့်မိုး ခံစားလိုက်ရ၏။ မျက်လုံးဝိုင်းကြီးများသည် သူ့မျက်နှာပေါ်သို့ ကျရောက်လာသည်ကိုလည်း သူ မြင်လိုက်ရ၏။ အရိုင်းကလေးပေပဲ။ တကယ့် စင်ကြယ်တဲ့ မိန်းကလေးပေပဲ။ ရိုးသားသူကလေးကို ဖျက်ဆီးရမှာ တကယ့် ဒုစရိုက်အလုပ်ပါလား။

"အစ်ကို ဒီနေ့ ကျောင်းမတက်ဘူးလားဟင်"

သူ ခေါင်းခါပြလိုက်၏။

"ဘာဖြစ်လို့လဲ ဟင်"

"ခင်ထွေးကို လာစောင့်နေလို့"

"အို..ဖြစ်မှ ဖြစ်ရလေ အစ်ကိုရယ်၊ ခင်ထွေးကြောင့် အစ်ကို ကျောင်းပျက်ရတာပေါ့နော်။ ကျောင်းတော့ မှန်မှန်တက်ပါ အစ်ကိုရယ်၊ ခင်ထွေးသာ ဆယ်တန်းအောင်လို့ တက္ကသိုလ် ဆက်တက်ခွင့်ရယင် သိပ်တော်တဲ့လူ ဖြစ်အောင် စာတွေ အရမ်းကြိုးစားပစ်မှာပဲ။ ဝတ္ထုတွေထဲမှာ ဖတ်ရတယ်၊ တက္ကသိုလ်မှာ စာသင်ရတာ သိပ်ပျော်စရာကောင်းတာပဲဆို၊ ဟုတ်လား ဟင်"

မိန်းကလေး၏ စကားအဆုံးသတ် 'ဟင်'ဟု ဆိုတတ်ပုံလေးသည် သူ့နှလုံးသားတွင်းသို့ ထိုးဖောက် ဝင်ရောက်လာသည်။

"အင်း ဟုတ်တာပေါ့၊ သိပ်ပျော်စရာ ကောင်းတာပေါ့"

"ဒါဖြင့်–အစ်ကိုရယ်၊ ခင်ထွေးကို အစ်ကိုတို့ ကျောင်းတက်တဲ့ တက္ကသိုလ်ကို လိုက်ပြပါလား ဟင်။ ခင်ထွေး ရောက်ဘူးချင်လို့ပါ။ ခဏလေးပါ အစ်ကိုရယ်။ တပတ်လောက် ကြည့်ရုံတင်လေးပါ နော်...."

သူက အမှတ်မထင် ခေါင်းညိတ်ပြလိုက်မိတော့ ခင်ထွေး မျက်လုံးလေးများ တောက်ပကာ မျက်နှာကလေး ဝင်းလက်သွားသည်။

"ခင်ထွေးကလေ ဆင်းသာဆင်းရဲတယ်၊ စိတ်ကူးယဉ်တတ်တာတော့ အလွန်ပဲ အစ်ကိုရဲ့။ ခုလို အပ်ချုပ်ရတဲ့ ဘဝမျိုး အိမ်မက်ထဲတောင် ထည့်မက်တာ မဟုတ်ဘူး သိလား။ ဘွဲ့တွေ ဘာတွေရပြီး ကျောင်းဆရာမကြီး သိပ်ဖြစ်ချင်တာ။ ဒါကြောင့်



လေ၊ ခုဆို အထည်တွေများများပြီးအောင် ချုပ်ပြီး ပိုက်ဆံစုနေတယ်။ ဆယ်တန်း အောင် ယင် တက္ကသိုလ် ဆက်တက်ရအောင်ပေါ့"

တတွတ်တွတ် ပြောနေရှာသူလေး၏ စကားကို နားထောင်ယင်း ကားလေးသည် တဖြည်းဖြည်း နှေးနှေးလာလေသည်။ ကျော်ညွန့်မိုးသည် ကားကိုပင် ဆက်လက် မောင်း နှင် ရန် အင်အားမရှိတော့သလို ခံစားနေရသည်။

"ခင်ထွေး နေ့ကျောင်းတက်တုန်းကဆို နှစ်တိုင်း ပညာရည်ချွန်ဆုရတာ အစ်ကိုရဲ့။ ဒါပေမယ့် ဒီနှစ်ကတော့ အောင်အောင် မနည်း ဖြေယူရမှာလေ။ အင်္ကျီတွေ ချုပ်နေရတာနဲ့ စာကျက်ချိန်တောင် သိပ်မရဘူး အစ်ကိုရယ်"

မိန်းကလေးက လေသံညင်းညင်းကလေးဖြင့် တခွန်းချင်း ဆက်ပြောနေပြန်ရာ သူ့ရင်တွင်းမှာ တင်းကျပ်ကျပ်၊ ဆို့နစ်နစ်ကြီး ဖြစ်လာလေသည်။ ကျော်ညွန့်မိုးသည် ပင့်သက်ကြီးတချက် ရှိုက်မိပြီး ကားကို လမ်းဘေးတနေရာတွင် ရပ်ပစ်လိုက်မိ၏။

"အစ်ကို သူငယ်ချင်းအိမ် ရောက်ပြီလား ဟင်...."

သူသည် မိန်းကလေးကို ကြင်နာစွာစိုက်ကြည့်ယင်း ခေါင်းခါပြလိုက်၏။ မိန်းကလေးက သူ့ကို နားမလည်နိုင်စွာ ငေးကြည့်နေရှာသည်။ မိန်းကလေး ဘာတခွန်းမျှ ထပ်မပြောနိုင်မီ သူက–

"ဒီမှာ ညီမလေး၊ အစ်ကိုစကားကို သေချာ နားထောင်နော်။ တခွန်းမှလဲ ဝင်မပြောနဲ့၊ ဟုတ်ပြီလား"

"ရှင်...."

ကျော်ညွန့်မိုးသည် မိန်းကလေး၏ သန့်ရှင်းသော၊ စူးစမ်းသော မျက်လုံးကလေးများကို ရှောင်လွှဲယင်း—

"အစ်ကိုဟာ ညီမလေး ထင်မှတ်ထားသလို တက္ကသိုလ်ကျောင်းသားလဲ မဟုတ်ဘူး။ လူကောင်းတယောက်လဲ မဟုတ်ဘူး။ အစ်ကို ညီမလေးကိုဖျက်ဆီးဖို့ တဘက်လှည့်နဲ့ ဒီကိုခေါ်ခဲ့တာပဲ။ ဒါ—ဒါပေမယ့် ခုတော့ အစ်ကို မင်းကို မနှစ်ရက်တော့ဘူး။ မင်းရဲ့ဖြူစင်တဲ့ဘဝလေးကို ငါ မဖျက်ဆီးရက်တော့ဘူး။ ဒီတော့ မင်း သွားပေတော့၊ အစ်ကို့ကိုလဲ ဘယ်မှာတွေ့တွေ့ မခေါ်ပါနဲ့တော့။ အစ်ကိုဟာ လူယုတ်မာတဦးပါကွာ။ ကဲ—ဆင်းလေ၊ သွားတော့"

"သွားတော့" ဟုသာ ဆိုသည်။ တကယ် ထွက်ခွာလာ ရသူက— သူ။ ကျော်ညွန့်မိုး။



## နိဗ္ဗာန်သို့ တဘူတာအလို

"လက်မှတ်က ကြိုမရောင်းဘူးတဲ့"

"ဟင်=ဘာပြုလို့"

"မန္တလေးမှာကတဲက လူပြည့်ချင် ပြည့်လာတတ်တာတဲ့။ ဒါကြောင့် ဒီရောက်မှ နေရာကြည့်ပြီးရောင်းမှာတဲ့"

"ဟောတော့်၊ အဲဒါမှ ဒုက္ခ"

မိဋ္ဌမ်းသာတယောက် စိတ်ပျက်လက်ပျက်ကြီးပင် ညည်းလိုက်မိ၏။ ဖျားနေသည့် သားငယ်ကိုပင် ရင်ဝယ် ဆက်ပွေ့ပိုက်ထားနိုင်အောင် အားအင်ပင် မရှိတော့သလို ဖြစ်သွား၏။

ငါးမည်ရပြည်ရွှေဘို၊ သို့မဟုတ် အလောင်းဘုရား အားစွမ်း ပြခဲ့ရာ ဌာနေ၏ ဘူတာရုံကလေးထဲဝယ် လူတွေက ကြိတ်ကြိတ် တိုး။ ကုန်ပစ္စည်းများထည့်ထားသည့် တောင်းကြီး တောင်း ငယ်များကလည်း အသွယ်သွယ်။ ဆန်အိတ်များ ဖြစ်ဟန်တူ သော အိတ်ကြီး၊ အိတ်ငယ်များကလည်း ရေတွက်၍ ကုန်နိုင် ဖွယ်မရှိ။

"ရထားကလဲ ကြာလိုက်တာကွာ၊ ဆယ်နာရီခွဲနေပြီ"

မိငြိမ်းသာ၏ ချစ်ခင်ပွန်းက နာရီကိုကြည့်ပြီးညည်း၏။

"ကြာတာက အရေးမကြီးပါဘူး ကိုရယ်၊ နေရာလေး ရဖို့သာ အရေးကြီးတာ။ ရုံပိုင်ဖြစ်ဖြစ်၊ လက်မှတ်ရောင်းတဲ့ ဖြစ်ဖြစ် သွားတွေ့ပြီး ပြောထားပါအုံးလား ကိုရေ။ နေရာ ရှိယင် ငြိမ်းသာတို့မိသားစု ဦးစားပေးပါလို့ နော်"

တတွတ်တွတ် ပြောနေသောကြောင့် နားညည်းလာ သည်ထင့်။ ကလေးတွေ အဖေ ရုံပိုင်ကြီး အခန်းဘက် မလှုပ်တလှုပ်လျှောက်သွားသည်။ အခန်းပေါက်ဝတွင် ဘောင်း ဘီရှည် ဝတ်ထားသော လူနှစ်ဦးနှင့် မိန်းကလေးသုံးယော စကား ပြောနေကြသည်ကို မိငြိမ်းသာ လှမ်းမြင်နေ မိန်းကလေးများမှာ အသားညိုညိုကလေးများဖြစ်သော်လည် စိုစိုပြေပြေ တောင့်တောင့်တင်းတင်း ကလေးများ ဖြစ် ဘောင်းဘီဝတ်လူရွယ်နှစ်ဦးနှင့် စကားရှုပ်ပြောနေကြသည် ကိုယ်ချင်း ထိတော့မတတ်။ မျက်နှာပေး ကလည်း ပြုံး ကလေးတွေနှင့်။ ပြောနေပုံကလည်း ရင်းရင်းနှီးနှီး။ပုတ်လို ခတ်လိုက်နှင့်။



သည်ရှုခင်းကို မြင်၍ထင်၏။ ကလေးတွေအဖေ ပြန်လှည့် ထွက်လာသည်။ ရှုံ့နေသောသူ့မျက်နှာကိုကြည့်ပြီး မိငြိမ်းသာ ဘာစကားမှ မပြောဖြစ်တော့။ မန္တလေးမှရထားအလာကိုသာ မျှော်ရတော့သည်။

"ဟော—အသံကြားလိုက်ရသလိုပဲ။ဟုတ်တယ်ဟုတ်တယ်။ ရထားလာပြီ ကိုရေ"

ရထားကြီးသည် ခရီးဝေးနှင်လာရ၍ မောပန်း လာလေ သည်။ တရှူးရှူးတရှဲရှဲ မြည်ယင်း ရွှေဘိုဘူတာတွင်ဆိုက်လာ၏။ လူတွေ အားလုံး ပို၍လှုပ်ရှားကုန်တော့၏။

"ကိုရေ၊ အထက်တန်းတွဲတွေဘက် ပြေးကြည့်ပါအုံး။ တွေ့ယင်လက်မှတ်မြန်မြန်ဝယ်ရအောင် ဟိုကနေ လက်ထောင်ပြ လိုက်"

သည်တခါတော့ 'ကို'က ပို၍ သွက်လက်သွားသည်။ မိငြိမ်းသာစကားပင် ဆုံးအောင်နားမထောင်။ အထက်တန်း တွဲဘက်သို့ မပြေးရုံတမယ် သွားချေပြီ။ လက်များထောင်ပြ လေမလား။ ဟင့်အင်း၊ မပြပါ။ လေးလံသောခြေလှမ်းများ ဖြင့် သူ့ဆီပြန်လျှောက်လာပြီး လေသံ ပျော့ပျော့ဖြင့် ညည်း သည်။

"မလွယ်ပါဘူးကွာ၊ အားလုံးအပြည့်ပဲ"

"ဒါဖြင့်လဲ ရပ်မနေနဲ့တော့။ ရိုးရိုးတန်းကပဲ စီးသွားရ အောင်လေ"

"အမယ်လေး၊ စိတ်ကူးသေးလား။ ကြည့်ပါအုံး ဟိုမှာ"

ကို- ညွှန်ပြရာကြည့်လိုက်မိမှ အောင်မယ် လေး လေး....။ လူတွေလူတွေ၊ တွဲတိုင်း၏ ပြတင်းပေါက်တိုင်းတွင် ဆန်အိတ်များကို အလုအယက်တင်နေကြသည့် လူတွေ၊ ဖွေးဖွေးလှုပ်နေ၏။ စောစောကအခန်းထဲတွင် ဘောင်းဘီရှည်ဝတ်များနှင့် စကားလက်ဆုံကျနေခဲ့သည့် မိန်းကလေးများကိုလည်း လူတွေကြားထဲတွင် တွေ့လိုက်ရ၏။

"နင်တို့ များလှချည့်လား အစကပြောတော့ လေးအိတ်ထဲဆို"

"အို- အစ်ကိုကလဲ ကျွန်မက လေးအိတ်ထဲပါ။ ဒါတွေက အစ်မဟာတွေအစ်ကိုရဲ့။ အစ်ကိုကလဲတော်"

မပြေလည် သေးသူများကလည်း ဈေးဆစ် ကောင်းကြတုန်း။ လာမေးသူယောကျ်ားက မိန်းကလေး၏ ခေါင်းကို တချက် ပုတ်ပြီး ဆက်လျှောက်သွား၏။ မိန်ကလေးကမူ ထိုသူထွက်သွားသည်နှင့် သူ့ဆန်အိတ်များကို ရထားတွဲ ပြတင်းပေါက်မှ အတွင်းသို့ ကတိုက်ကရိုက် ဆက်သွင်းနေ၏။ မေးသံ၊ ဖြေသံ၊ ဆူသံ၊ ဆဲသံတို့မှာ ပွက်ပွက်ညံ နေတော့သည်။

"တွေ့လား"

"အင်း"

"ဒါဖြင့် ဘယ်လိုတုံး"

"မပြောတတ်တော့ဘူး ကိုရွှေ"

မိငြိမ်းသာ တကယ့်ကို မပြောတတ်တော့ပါ။ စိတ်ရှုပ်ရှုပ်နှင့် သံသေတ္တာပေါ် ဖင်ထိုင်ချလိုက်မိ၏။ အရေးထဲ သားနှစ်ယောက်က ရထားစီးချင်ကြောင်း တကျီကျီ နားပူကြသဖြင့်



ချော့ရသေးသည်။ စိတ်တိုတတ်သူ ဖအေကြီးက လက်တပြင်ပြင်ဖြစ်နေသောကြောင့် သူ့ကိုပင် ပြေရာ ပြေကြောင်း ပြောရသေးသည်။ ခက်သည်။

"ငါ—တူပါတယ်လို့ကြည့်နေတာ။ မိငြိမ်းသာတို့ပါလား။ ဘယ်ကိုတုံး"

"ဟာ ဦးလေးမောင်၊ ဘယ်ကလာတာလဲ"

"ငါ ဒီရထားနဲ့ပ။ ကသာပြန်မှာပ"

"ကျွန်မတို့လဲ ကသာပြန်မှာပဲ။ ကလေးတွေနေမကောင်းလို့ အထက်တန်းကစီးဖို့ဟာ။ နေရာမရှိလို့လေ။ ရိုးရိုးတန်းကလဲ လူတွေ၊ ဒီဆန်အိတ်တွေနဲ့ မစီးနိုင်လို့ စိတ်ညစ်နေကြတာ"

"ယော် ... ခက်တာပ၊ ဒါဖြင့် ဒီလို လုပ်ပါလား။ ရိုးရိုးတန်း လက်မှတ်ဝယ်ထားလိုက်၊ စီးတော့ ငါစီးတဲ့ အထက်တန်းက လာစီးပေါ့။ ငါ့အခန်းထဲက လူတွေက သဘောကောင်းပါတယ်။ ပြောစီးရတာပ"

"ဖြစ်ပါ့မလား ဦးလေးမောင်"

စိုးရိမ်တတ်သော 'ကို' က ဝင်ပြောသည်။ မိငြိမ်းသာက တော့ ဦးလေးမောင်၏ အကြံကို ချက်ချင်းပင် သဘောတူပြီးသား။ ပိုက်ဆံအိတ်ထဲမှ ငွေနှစ်ဆယ်ကိုထုတ်ကာ ကို့လက်ထဲသို့ ဇွတ်ထည့်ယင်း—

"ဖြစ်လို့ ပြောနေတာပေါ့ ကိုရယ်။ သွားပါ လက်မှတ်ဝယ်ချည်ပါ။ ရထားထွက်သွားအုံးမယ်"

သိကြားမင်း ဆင်း၍ မ,လေသလား ထင်ရအောင် ကံကောင်း ထောက်မ၍ ဦးလေးမောင်နှင့် တွေ့ရသည်။ သူ့ ကျေးဇူးကြောင့် အထက်တန်းခန်းတွင် နေရာရသည်။ ဦးလေး မောင် မိတ်ဆွေများကလည်း သဘော ကောင်းကြ ပါသည်။ ကလေးတွေ ဖျားလာသည်ဆို၍ မိငြိမ်းသာတို့၏ ရိုးရိုးတန်း လက်မှတ်ကိုယူကာ တွဲပြောင်း စီးကြသည်။ ဦးလေးမောင် ကပါ သူ့မိတ်ဆွေများနှင့် ရောလိုက်သွားပြန်သည်။ သား ကြီးကား ခရီးပန်း၍ ထင့်။ ခုံလွတ် တခုပေါ်တွင် ခွေခွေ ကလေး လှဲနေရှာသည်။

"သူတော်ကောင်း နတ်ကောင်းမတာပဲ ကိုရေ"

နတ်ကောင်းမခြင်း ဟုတ်သည်-မဟုတ်သည် အပထား၊ ကိုယ့်ကိုယ်ကိုတော့ သူတော်ကောင်း အဖြစ်ခံလိုက်၏။ နစ်နာ သွားမှာပင် စိုးရသေးသည်။

မိငြိမ်းသာ စကားကြောင့် ကိုက မျက်လုံး စွေကြည့်သည်။ သူ့ အကြည့်က 'ဒီလောက် ဒုက္ခရောက်တဲ့ ခရီးကို မသွားချင် ပါနဲ့ဆိုတာ ပြောမရဘူး။ ခုတော့ မှတ်ပလားဟဲ့' ဆို သည့် အဓိပ္ပာယ်ပါသော အကြည့်မျိုး။

သူ့အကြည့်ကို မိငြိမ်းသာ ရှောင်လွှဲလိုက်၏။ သားငယ်ကို ရင်ဝယ်ပိုက်ယင်း စိတ်အနားယူရန် မျက်လုံး စုံမှိတ်ထားလိုက် ၏။ စိတ်မော လူမော ဖြစ်ရလွန်း၍ ခဏ အတွင်း မှာပင် မိငြိမ်းသာ အိပ်ပျော်သွားသည်။ အိပ်ပျော်၍မှ မကြာသေး၊ ဘူတာတခုတွင် ရထား ဆိုက်တော့၏။ ရုတ်တရက် နိုးသော်



လည်း အိပ်ချင်စိတ်ကြီးလွန်းသဖြင့် မျက်စိကို ရေးရေးမျှပင် မဖွင့်မိ။

အလိုလေးလေ၊ ဘာသံတွေပါလိမ့်။ တချင်ချင်နှင့်မကြား ဘူးသော အသံများကို ကြားလိုက်ရသဖြင့် ဖြတ်ကနဲ ဖွင့်ကြည့် မိတော့....ဟင်၊ ဘယ်လိုပါလိမ့်။

မိငြိမ်းသာတို့ တွဲထဲ ရောက်နေသူကား လက်နှစ်ဘက်ကို သံကြိုးခတ်ထားသည့် အသက်ငါးဆယ်နီးပါး လူတယောက်။ သူ့ဘေး တဘက်တချက်စီတွင် ရဲသား လူရွယ် နှစ်ယောက်။

"ဦးလေးညောင်းယင် အဲဒီနားမှာ ထိုင်ပါလား။ ရေတွေ ဘာတွေ သောက်ချင်ယင်လဲ ပြောနော်။ ဘာမှ အားမနာနဲ့။ ကျွန်တော်တို့ကလဲ အထက်က အမိန့်အရ၊ တာဝန်အရ ခေါ်ခဲ့ ရတာပါ"

ရဲသား လူရွယ်တယောက်က သံကြိုး အခတ်ခံထားရသည့် လူကြီးကို ရည်ရည်မွန်မွန်ပြောလိုက်၏။ ထိုလူကြီးက "ဟုတ်ကဲ့ ဟုတ်ကဲ့" ဟု ဆိုယင်း မိငြိမ်းသာတို့ ထိုင်ခုံ အောက်နားတွင် ကုပ်ကုပ်ကလေး ထိုင်ချလိုက်၏။

"မေမေ အဲဒီလူကြီး ဘာဖြစ်တာလဲ ဟင်"

သားကြီးက မျက်လုံးအဝိုင်းသားဖြင့်မေးလိုက်၏။ မိငြိမ်း သာ ဘာဖြေရမှန်း မသိ၊ သည်လူကြီး၏ မျက်ကွယ်မှာသာ မေးလျှင်....

'လူကြီးက လူဆိုးကြီးမို့ ဖမ်းလာတာသားရဲ့၊ စာမတတ် တော့ စဉ်းစားတတ်တဲ့ဉာဏ် မရှိဘူးပေါ့။ ဒီတော့ ကောင်း တာနဲ့ မကောင်းတာ သူ မခွဲခြားတတ်ဘူး ပေါ့။ အဲဒီတော့

မကောင်းတဲ့အလုပ်ကို လုပ်မိရော။ လူတွေကသိတော့ အဖမ်းခံရရော၊ ရုံးရောက်တော့ အပြစ်ပေး ခံရရောပေါ့။ သားလဲ အဲဒီလူကြီးလို မဖြစ်အောင် စာကိုကြိုးစားသင်နော်' ဟု စာကျက်ပျင်းသော သားကြီးကို ရှင်းပြမိပေလိမ့်မည်။

ယခုမူ လူကြီးကို အားနာ၍ စိတ်ဖြင့် 'မေမေ မသိပါဘူး သားရယ်' ဟု ပြီးစလွယ် ဖြေလိုက်မိ၏။

လူကြီးက ရုတ်တရက် မော့ကြည့်လိုက်ပြီး—

"ဦးလေး (သူများပစ္စည်း ခိုးမိလို့ ကလေးရဲ့၊ သူများပစ္စည်းခိုး အိမ်ကမိန်းမကိုဆင်၊ ဖဲလည်ရိုက်နဲ့ လုပ်ခဲ့တာ၊ ခု 'အဖမ်းခံရတာပေါ့။ ကလေးလဲ့ ဦးလေးလို မမိုက်နဲ့)"

"ဦးလေး စိတ်မရှိပါနဲ့ခင်ဗျာ၊ အပြင်လူတွေကို စကား မပြောပါနဲ့နော်"

"ကောင်းပါပြီ ဆရာတို့ရယ်"

လူကြီးက လေသံဖြင့် ဖြေယင်း ငြိမ်ကျ သွား၏။ သူ၏ လွတ်လပ်ခွင့်မှာ သူ့မိုက်မဲမှုကြောင့် ဘယ်အထိ ဆုံးပါးလေ ဦးမည်ကို သူ သိမည် မဟုတ်သေးပါ။

မိငြိမ်းသာတို့လင်မယား သက်ပြင်းပြိုင်တူချမိကြ၏။ ဖြစ်မှ ဖြစ်ရလေ၊ အသက်ကြီးကာမှ ဒုက္ခတွေ့ရရှာပလေ။ လက်တွင် သံကြိုးကြီး တန်းလန်းနှင့် ကြမ်းပေါ်တွင် ကုပ်ကုပ် ကလေး ထိုင်နေသော လူကြီးကို ကြာကြာမကြည့်ရက်တော့။ မျက်လုံးကို ပြန်မှိတ်ကာ အိပ်ပျော်အောင်သာ ကြိုးစားရတော့၏။

"ရော့-ဦးလေး၊ ဆေးလိပ်သောက်ပါအုံး"



ရဲသားလူရွယ်တယောက်၏ စကားသံအဆုံးတွင် သံကြိုးသံ တချွင်ချွင်မြည်လာပြန်သည်။ ရဲသားလေးပေးသော ဆေးလိပ်ကို ထိုလူကြီး ယူသောက်သည် ထင်၏။ မကြာမီ ဆေးလိပ်မီးခိုးစော် နံလာသည်။ စကားသံများ ဆက်ကြားရပြန်၏။

"ကျွန်တော် ဦးလေးကို တခုမေးချင်တယ်။ မှန်မှန်ပြောယင် ဦးလေးအမှု သက်သာမှာပဲ"

"ပြောပါ့မယ်ဗျာ၊ ခုမှတော့ မညာတော့ပါဘူး"

"ဟုတ်ပြီ၊ ဒါမှ ဦးလေးဘက်က ကျွန်တော်တို့ လိုက်ပြောပေးနိုင်မှာပေါ့။ ဟိုအိမ်က ဦးလေး ယူခဲ့တဲ့ပစ္စည်းတွေ မှတ်မိသလောက် ပြန်ပြောပြပါလား ဦးလေး"

ခဏ ငြိမ်သွားသည်။ စဉ်းစားနေဟန်တူ၏။

"ကြံဆစ်လက်ကောက် တရံ၊ ကြိုး တကုံး၊ လက်စွပ်က သုံးကွင်း၊ အဲ— ကလေး လက်စွပ်ပါနဲ့ လေးကွင်း၊ ငွေက ခြောက်ဆယ့်ငါးကျပ်"

"ဒါပဲလား ဦးလေး"

"ဒါပါပဲဗျာ"

"အဲဒီအိမ်က တိုင်ချက်ဖွင့်တော့ ရွှေဆွဲကြိုးကချည့်နှစ်ကုံးတဲ့ ဦးလေးရဲ့။ ငွေကလဲ နှစ်ရာကျော်ဆိုပဲ"

"ဒီလောက်ကြီး ရပေါင်ဗျာ၊ ကျပ်ရတာ ကျပ် ပြောပြီးပြီပဲ။ ဒါ ဟိုကောင် ဖိုးထက်လက်ချက်နေမှာ"

"ဘယ်သူတုံး ဖိုးထက်ဆိုတာ"

အခြား တယောက်က ကြားဖောက်ဝင်လာ၏။

"ဖိုးထက်ဆိုတာ အဲဒီတိုင်တဲ့ ဟိုမိန်းမရဲ့ ယောကျ်ားပေါ့"

“ဦးလေး စကားက ဘယ်လိုတုံးဗျ၊ လင်က အိမ်က ကိုယ့်မိန်းမပစ္စည်း ခိုးပါ့မလားဗျ”

“ခိုးလို့ပေါ့ ဗျာ၊ ကျွန်တော့်ကိုလဲ ဖိုးထက်ပဲ အကြံပေးတာပါဗျာ။ သူကပဲ နေရာတွေ ဘာတွေ ပြောပြလိုက်တာ”

မိငြိမ်းသာတို့ လင်မယား မျက်လုံးကျယ်သွားကြတော့၏။ အင်မတန် စိတ်ဝင်စားဖွယ် ကောင်းသော ဇာတ်လမ်းလေး ပါလား။

“ဖိုးထက် အခု ဘယ်မှာလဲ”

“စောစောက ဆရာတို့ ကျွန်တော့်ဖမ်းတော့ သူ အနားမှာ ရှိတာပေါ့”

“အော်—၊ဦးလေးကို မျက်နှာသုတ်ပဝါ လှမ်းပေးလိုက်တဲ့ လူဟာလား။မျက်စိတဘက်လပ်နဲ့လေ။ သူ့ကြည့်ရတာ မူးနေပုံရပါတယ်”

အတော်လည်း မျက်စိလျင်သည့် ရဲ။ မြင်တတ်သည့် ရဲ၊ အမှတ်ရှိသည့် ရဲပါလားဟု မိငြိမ်းသာ ချီးမွမ်းမိ၏။လူကြီးက မကျေမချမ်းသံနှင့်—

“မူးဆို သူက တချိန်လုံးသောက်နေတာ ဆရာတို့ရဲ။ . သူ့မိန်းမဆဲကြိုးလဲ သူ အရည်ဖျော်ပစ်တာ နေမှာ”

“စစ်ရ မေးရ အုံး မှာ ပေါ့ လေ။ ဒီ့ပြင်ကော ဘယ်သူပါသေးတုံးဗျ”

“ကျွန်တော့်မိန်းမနဲ့ကလေးနှစ်ယောက် ပါပါသေးတယ်”

“သူတို့ အဲဒီ တဲမှာပဲလား”



လူကြီးက ခေါင်းညိတ်ပြသည့် အခိုက်မှာပင် ရထားက ဘူတာတခုတွင် ရပ်လိုက်ပြန်၏။ ကြည့်လိုက်တော့ ‘ချပ်သင်း’ ဘူတာ။

“ကဲ—မောင်ရင်၊ သူ့ကို စောင့်ရစ်။ ကိုယ် ဖိုးထက်နဲ့ သူ့မိန်းမကို သွားရှာချည်အုံးမယ်”

ပြောပြောဆိုဆို တယောက်ဆင်းသွားတော့၏။ မိငြိမ်းသာတို့လည်ပင်း ညောင်ရေအိုး ဖြစ်ကြရပြန်သည်။ ဖိုးထက်ကို တွေ့မှ တွေ့ပါ့မလား။ သိပ်ကြာကြာ မစောင့်ရပါ။ မျက်နှာနီတွတ်တွတ်နှင့်လူတယောက် ရဲသားလေးတယောက်နှင့် အတူပါလာချေပြီ။သေချာကြည့်လိုက်တော့ မျက်လုံးတဘက် ချိုင့်ဝင်နေ၏။ ဒီ ရဲသားကလေး အင်မတန် တော်တာပဲ။ သူတို့နှစ်ယောက်၏ နောက်နားတွင်မှာတော့ သုံးနှစ်ရွယ်သမီးလေးကို လက်ဆွဲလျက်၊ လသားရွယ် ကလေးတယောက်ကို ရင်ဝယ်ပိုက်လျက် မိန်းမရွယ်တယောက် ပါလာ၏။သံကြိုးကြီး တန်းလန်းနှင့် သူ့ယောကျ်ားကိုမြင်သော်“အောင်မယ်လေးတော်၊ တော် ဘယ့်နှယ်ဖြစ်တာတုံး ‘ကိုဘကျော်ရဲ့” ဟု အော်ယင်း ငိုကြွေးပွဲချ ငိုတော့၏။ လူကြီးကား ဇလုပ်ကြီး တလှုပ်လှုပ်ဖြင့် ငိုနေသည့် မိန်းမကို ငိုင်ငိုင်ကြီး ကြည့်နေသည်။

“စိတ်မချမ်းသာစရာ ကောင်းလိုက်တာကွာ။ လောကရဲ့ ဆိုတာ ဒါပဲ ထင်ပါရဲ့”

ကိုက လေသံတိုးတိုးဖြင့် ပြောသည်။

“မငိုပါနဲ့တော့ ဗျာ။ ဖြစ်ပြီးမှ ဘာ တတ်နိုင်မှာတုံး။ ကျွန်တော်တို့ မေးတာသာ မှန်မှန်ကန်ကန် ဖြေပါတော့”

"ဖြေပါ့မယ်ရှင်၊ မေးချင်တာ မေးပါ"

"အစ်မကြီး လည်ပင်းက ဆွဲကြိုးက ဘယ်ကဝယ်တာလဲ"

မိန်းမရွယ်က လူကြီးကို တချက်ကြည့်လိုက်၏။ လူကြီးက—

"ဆရာတို့ သူ ဘာမှ မသိဘူး။ အဲဒီ ဆွဲကြိုးက ကျွန်တော်သူတို့အိမ်က ရခဲ့တာ။ ဆွဲကြိုး ဒီ တကုံးထဲပဲ။ အဲ—ကလေးလက်စွပ်ကတော့ သမီးရဲ့ လက်မှာ စွပ်ထားတာပဲ။ ကြုံဆစ်လက်ကောက်နဲ့ လက်စွပ် သုံး ကွင်း က တော့ ကောလင်းကထွန်းခင်း မိန်းမကို ရောင်းခိုင်းထားတာ။ ငွေခြောက်ဆယ့်ငါးကျပ်က ဖဲရှုံးသွားပြီ"

လူကြီးက သိမ့်တော့ မထူးတော့ပြီ ဟု သဘောပိုက်ကာ အားလုံးရှင်းပြလိုက်၏။ သူ့မိန်းမလည်း ယခုမှ ဘသောပေါက်သွားရှာသည်။ သူ့ လည်ပင်းက ဆွဲကြိုးကိုဖြုတ်ကာ ရဲသားကလေး၏ လက်ထဲသို့ထည့်သည်။ ပြီး သမီးကလေး၏ လက်မှ လက်စွပ်ကို ဖြုတ်ပြန်၏။

"ရော့—ရော့၊ ကျုပ်တို့ ရှိတာအားလုံး ယူသွားပါရှင်။ အောင်မယ်လေး ကိုဘကျော်ရဲ့။ အဲဒီနေ့က မသက်သာလို့ ရှင့်ကို ကျုပ် မေးသေးတယ် မဟုတ်လား။ ဖဲနိုင်လာတာပါဆို။ ဒီလို မသန့်ရှင်းတဲ့ အလုပ် လုပ်ရသလားတော့။ ရှင် ထောင်ကျသွားယင် ကျုပ်တို့ သားအမိတွေ ဘယ်သူ့ အားကိုးရမှာလဲ"

*လူကြီးကား ခေါင်းငိုက်စိုက် ကျနေတော့၏။ လက်စွပ်*ကလေး ဖြုတ်ယူလိုက်သဖြင့် ငိုမဲ့မဲ့ဖြစ်နေသည့် သမီးကလေးက ဖအေ့ဆီ လျှောက်လာပြီး "ဖေဖေ ချီပါ၊ ဖေဖေ ချီပါ"နှင့် ပူနေတော့သည်။



"သမီးရယ်၊ သမီးရယ် အဖေမှားမိပြီကွယ့်"

လူကြီးသည် ငိုသံကြီးနှင့် မချိတင်ကဲ ပြောလိုက်၏။ သူ့ရင်သွေးကလေးကို ရင်ဝယ် ပိုက်ထွေးခြင်း မပြုနိုင်အောင် သံကြိုးကြီးများက တားဆီးထားကြလေပြီ။

"ကဲ—ဆိုစမ်းပါအုံး၊ ခင်ဗျားကကော ဘာကိစ္စ ကိုယ့်မိန်းမဆွဲကြိုး ပြန်ခိုးရတာတုံးဗျ"

"ဟာ-ဆရာ"

"ဆရာ လုပ်မနေနဲ့၊ ညာလဲမနေနဲ့ အပိုပဲ၊ အမှုရှုပ်တဲ့အထဲ ပိုရှုပ်အောင်ဗျာ၊ ကထဲ"

"မလုပ်လိုက်ပါနဲ့ ဆရာရယ်။ ကျွန်တော် ရှေ့ဘူတာမှာ ဆင်းနေခဲ့ပါရစေ၊ ဒီမှာဆရာ ကျွန်တော့်မှာ—"

မျက်စိတဘက်လပ်နှင့်လူက နှစ် ကိုယ် ကြား ခပ်တိုးတိုး ပြောပြီး သူ့ အိတ်ထဲက ငွေစက္ကူများကို အသာ ပုတ်ပြလိုက်သည်ကို မိငြိမ်းသာ မြင်ဖြစ်အောင် မြင်လိုက်သေး၏။ ထို့ကြောင့် အသာ မျက်စိမှိတ်ကာ အိပ်ချင်ယောင် ဆောင်လိုက်ပြန်၏။ တော်တော်လည်တဲ့ ကိုဖိုးထက်။

"ခင်ဗျား တော်တော်ဆိုးတဲ့လူ၊ အမူးပါးပဲဗျ၊ ခင်ဗျား တမှုက နှစ်မှုဖြစ်သွားမနော်၊ လာဘ်ထိုးမှု တခုတိုးလာယင် မလွယ်ဘူး၊ ဘာမှတ်တုံး"

ရဲသားကလေး တော်ရှာပါပေသည်ဟု မိငြိမ်းသာ ချီးကျူးမိပြန်သည်။ ကိုဖိုးထက်လည်း မူးနေသော်လည်း အမူးပါးပိပိ ကိုယ်ရှိန်တန့်သွား၏။ နောက် ကိုဘကျော်၏အနီးတွင် ကပ်၍ ထိုင်လိုက်ကာ—

"ငါ့ စိတ်ဆိုးနေသလားကွာ၊ ငါလဲ ဖဲကြွေးတွေရှိတာနဲ့ ရော့လုပ်လိုက်ရတာပါ"

"ကိုဖိုးထက် စကားမပြောပါနဲ့ဗျာ၊ ဒီဘက်နား တိုးထိုင်ပါ။ ကဲ....အစ်မကြီးကလဲ ငိုမနေပါနဲ့တော့လေ။ လူမြင် မကောင်းပါဘူး။ ကျွန်တော်တို့လဲ တတ်နိုင်သလောက် ကူညီမှာပေါ့။ ကောလင်းရောက်ယင်သာ လက်ကောက်ရောင်းခဲ့တဲ့ မိန်းမကို ပြပါနော်—ဦးလေး"

"ဟုတ်ကဲ့ ခင်ဗျာ"

ကောလင်းရောက်၍ သူတို့တတွေ ဆင်းသွားကြသော်လည်း မိငြိမ်းသာ စိတ်ကမူ အေးချမ်းမှုမရတော့။ သံကိုးကြိုးတန်းလန်းနှင့် ကိုယ့်သားသမီးကို ကိုယ်မချီနိုင် မပွေ့နိုင် ဖြစ်နေသည့် လူကြီးကို မြင်ယောင်နေသည်။ အသည်းခိုက်မျှ ငိုကြွေးနေရှာသည့် မိန်းမကို မျက်စိထဲက မထွက်။ ဖေဖေချီပါ၊ ဖေဖေချီပါ ဆိုသော သမီးကလေး၏ ငိုသံကို ကြားနေမိသည်။

"ဟုတ်တယ်ကိုရေ၊ ငရဲဆိုတာ ဒီ လူ့လောကကြီးထဲမှာပဲ ရှိနေတာမျိုးနော်။ နိဗ္ဗာန်မရောက်ရယင် ရှိပါစေတော့၊ ဒီလို ငရဲမျိုးတော့ မကျချင်ပါဘူး ကိုရယ်။ စိန်နားကပ် မပန်ရယင်လဲ နေပါစေတော့နော်"

မိငြိမ်းသာ တကယ်ခံစားချက်အပြည့်နှင့် ပြောမိသည်။ သူ့စကားအဆုံးတွင် ရွှေဘိုက ထွက်ကတည်းက မျက်နှာကြီးညိုနေသည့် 'ကို'က ကြည်ကြည်လင်လင် ပြုံးလိုက်ယင်း ပြော၏။

"ဒီလို သဘောပေါက်ယင် ငြိမ်းသာ နိဗ္ဗာန်ရောက်ဖို့ မဝေးတော့ဘူး သိလား" တဲ့။



နိုးထပြီလာ့ အိုမေတ္တာ

မခင်ချိုကို မြင်လိုက်သည်နှင့် ကိုစံမြင့် မျက်စိမျက်နှာ ပျက်သွား၏။ ကိုကျော်နှင့် စကားပြောစကို တိကနဲ ဖြတ်ကာ ထိုင်နေရာမှ ထ,ရပ်လိုက်၏။ သူ့အနီးသို့ ဈေးခြင်းတောင်းကြီးကို မနိုင့်တနိုင် ကိုင်ယင်း ရောက်လာသူ မခင်ချိုကို မလုံမလဲ နှုတ်ဆက်လိုက်၏။

"မခင်ချိုတောင် ဈေးက ပြန်ခဲ့မှကိုး"

မခင်ချို စကားမပြန်။ စကားမပြန်ရုံမျှသာမက မျက်နှာထားကိုပါ တင်းတင်းထားလိုက်၏။ သည်တော့ ကိုစံမြင့်ပို၍ အနေရ အထိုင်ရ ခက်သွားဟန်တူသည်။ မျက်နှာကြီး

နီသွား၏။ ပြီးတော့ မခင်ချိုကို ပြောသလိုလို၊ ကိုကျော်ကို ပြောသလိုလိုနှင့်—

"ရုံးချိန်တောင် နီးနေပြီ၊ ပြန်လိုက်အုံးမှ"

"ဟုတ်တယ်ဗျ၊ ရှစ်နာရီ ခွဲပြီးပြီ"

ကိုကျော်က ကြားက အားတုံ့အားနာဖြစ်ဟန်ဖြင့် စကားစင် ထောက်လိုက်၏။

မခင်ချိုကမူ အင်းမလုပ်၊အဲမလုပ်။ ကိုစံမြင့် လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် ကျပ်တန်များနှင့် ဆေးပေါ့လိပ် လေးလိပ်ကိုသာ စူးစမ်းသော အကြည့်ဖြင့် လှမ်းကြည့်နေ၏။ နောက်— လင်ယောကျ်ားဖြစ်သူ ကိုကျော့်ကို အဓိပ္ပာယ်ရှိစွာ တချက်ကြည့်လိုက်၏။ မခင်ချို၏ အကြည့်ကို ကိုကျော်က လွှဲဖယ်လိုက်၏။

"ကဲ... ဒီတခါတော့ ဘယ်လောက် ချေးသွားပြန်ပြီလဲ၊ ပြောပါအုံး"

ကိုစံမြင့် ဆင်းသွားသည်နှင့် မခင်ချိုက မကျေမနပ် မေးမိ၏။

"တဆယ်ထဲပါကွာ"

"တဆယ်ထဲ၊ ဟုတ်လား ကိုကျော်"

"ဟုတ်ပါတယ်ကွ၊ တဆယ်ထဲပါ"

"နေပါအုံး ကိုကျော်ရဲ၊ ခု- ခင်ချိုတို့ ဈေးရောင်းရတာက တနေ့ ဘယ်လောက်မြတ်တယ်များ ထင်နေလို့တုံး၊ တနေ့လုံး တကုပ်ကုပ် ထိုင်ရောင်းမှ ခြောက်ကျပ် ခုနစ်ကျပ် မြတ်တာ ကိုကျော်ရဲ့၊ ခု- တဆယ်တောင် ချေးလိုက်တယ် ဆိုတော့



အဲလေ... ချေးလိုက်တယ်လို့ ပြောမနေပါနဲ့၊ ပေးလိုက်တယ်လို့ပဲ ပြောလိုက်ကြပါစို့"

"ကွာ... ခင်ချိုကလဲ"

ကိုကျော်က လူအေးပီပီ လေသံပျော့နှင့်ညည်းသည်။မခင်ချိုကမူ အရှိန်ရဆဲ။

"ဟုတ်တယ်လေ၊ ချေးတယ်- ချေးတယ်နဲ့ ဘယ်တုံးက ပြန်ရဘူးလို့လဲ၊ ခင်ချိုကတော့ အပင်ပန်းခံရှာ၊ အငတ်ခံ စု၊ သူကတော့ သူ့ သူငယ်ချင်းတွေ တောင်းသမျှ ဝေဿန္တရာ လုပ်နေ။ ပြီးတော့ ဒင်းတို့ လင်မယားက ဘာ ကျေးဇူးမှ သိတတ်တာလဲ မဟုတ်ဘူး၊ ဒင်း မိန်းမ မိလုံးက ပိုဆိုးသေး"

"ကွာ... ဒီတခါ သူတို့ တကယ် အခက်အခဲ ရှိနေလို့ပါ ခင်ချိုရာ၊ မလုံး တော်တော် နေမကောင်းဘူးတဲ့ကွ"

"တော်တော် နေမကောင်းရုံမကလို့ လဲသေသေ၊ ရှင့်အပူ တပြားသား မပါပေါင်။ ဘာလဲ... ရှင်က ကိုယ့်မယားကို နှစ်ပြားမတန်အောင်မှိုချိုးမျှစ်ချိုးပြောထားတဲ့လူကိုအကြင်နာ ပိုနေသေးလား၊ ဟင်း—ဖြစ်စမ်းပါစေ၊ သူ့စေတနာနဲ့ သူ့ အကျိုးပေးတာ၊ ဒါနဲ့ နေစမ်းပါအုံး၊ ဆေးလိပ်ဖိုးကော ပေးသွားရဲ့လား"

"ပေးသွားပါတယ်ကွ ခင်ချိုရ၊ မင်းမလဲ လောဘတွေ- ဒေါသတွေ များလှချည့်လား"

"များတယ် များတယ်၊ ရှင်သာ လောဘမရှိ— ဒေါသမရှိတဲ့ အလောင်းအလျာ ဘဝနဲ့ နေ၊ ကျုပ်တို့ကတော့ မနေနိုင်ဘူး"

ဒေါ်နှင့်မောနှင့် ခပ်စွာစွာပြောပြီး ဈေးခြင်းတောင်းကြီးထဲက ဆေးလိပ်ထုပ်၊ အချို အချဉ်ထုပ် စသည့် ရောင်းစရာတိုလီမိုလီ ပစ္စည်းလေးများကို ကြမ်းပေါ်သို့ ချထားလိုက်၏။

"ဈေးရောင်းရတာကလဲ ပင်းပန်း သလောက် အကျိုးရှိတာ မဟုတ်ဘူး။ ဝယ်ရင်းဈေးကိုက တနေ့တခြား တက်တက်နေတာ၊ ကလေးတွေမုန့်ရောင်းရတာလဲ အားနာစရာ၊ ဆယ်ပြားတန်မှ လက်မလောက်ရှိတဲ့ ဇီးပေါင်းလေးရတာ၊ ငါးပြားတန် မုန့်ဆို မရှိသလောက်ပဲ။ ဒီကြားထဲ ဘယ်ဘဝက မြေပါတယ် မသိဘူး၊ မိလုံးတို့က လာလာနှိပ်စက်သေးတယ်။ ဆွေမတော် မျိုးမတော်၊ ကတဲ သူတို့မှ အားမနာ ပါးမနာ"

အလုပ်နှင့်လက် မပြတ်စေပဲ ပါးစပ်ကလည်း တတွတ်တွတ်ပြောနေဆဲ။ ကိုကျော်လည်း သူ့ဘက်ကလွန်သယောင်ယောင်ရှိနေသောအမှုမို့ မယားကို ခွန်းတုံ့ပြန်မနေတော့။ သူကပဲ အလျှော့ပေးလိုက်၏။

မိခင်ချို ပြောလည်း ပြောစရာ။ ပြောသင့်သည်ကလည်း အမှန်။ သူ့ အောက်တန်းစာရေး လခကလေးနှင့်သာ ဆိုလျှင် ယခုလို ငွေပိုငွေလျှံရှိရန် ဝေးစွ၊ ထမင်းနှင့်ဟင်း နပ်မှန်ဖို့ပင် မလွယ်လှချေ။ မခင်ချိုက တဘက်တလမ်းမှနေ၍ သူ့နည်းသူ့ဟန်နှင့် ရှာကြံနေ၍သာ ပြည့်ပြည့်စုံစုံ နေနေရခြင်း ဖြစ်ပေသည်။

"ဒီမှာ ကိုကျော်၊ ခင်ချို နောက်ဆုံးပြောမယ်၊ နောက်ကို ခင်ချိုမသိပဲ တပြားတချပ်မှ မပေးပါနဲ့၊ သူတို့လိုယင် ခင်ချိုဆီမှာ လာချေးပစေ"



"အေးပါကွာ၊ စိတ်ချပါ"

စကားနည်း ရန်စဲမှုကို လက်ကိုင်ထားလိုက်ရ၏။ ကိုကျော်က သူငယ်ချင်းချစ်တတ်သူမို့ သူငယ်ချင်းအပူဆိုလျှင် သူ့အပူလို သဘောထားတတ်သူတည်း။ အထူးသဖြင့် ငယ်ပေါင်းမိတ်ဆွေ ကိုစံမြင့်တို့မိသားစုနှင့် ပတ်သက်လျှင် သူအတတ်နိုင်ဆုံး ကူညီလေ့ရှိသည်။

တကယ်တော့ မခင်ချို ကိုယ်၌ကလည်း သည်မျှ စေတနာတွန့်တိုတတ်သူ မဟုတ်။ အပေးအကမ်းရက်ရောသူ၊ အကူအညီလက်မြန်တတ်သူတဦးသာတည်း။ သို့သော် ကိုကျော့် အရင်းနှီးဆုံးမိတ်ဆွေ ကိုစံမြင့်၏မိန်းမ မလုံးနှင့် ပတ်သက်လာလျှင်မူ စေတနာလည်းပျောက်၊ ကူညီလိုစိတ်လည်းမပေါက်၊ မေတ္တာလည်း ခန်းခြောက်သွားပေတော့သည်။

အကြောင်းက ရှိခဲ့ပေသည်ကိုး။

* * *

'အမိုက် က စ ပြာသာဒ် မီး လောင်' ဟူသော စကားပုံရှိသည်။

မခင်ချိုနှင့် မလုံးတို့ အမုန်းဇာတ်လမ်းကလည်း မပြောပလောက်သော အသေးအဖွဲပြဿနာလေးက စခဲ့ခြင်းဖြစ်သည်။

စ,ဖြစ်သည့် ပြဿနာက ဆန်၊ ဆီ၊ဆား၊ ငါးပိ ထုတ်ပေးရာ သမဝါယမဆိုင်မှာ။

ထိုနေ့က သမဝါယမဆိုင်က အဝတ်စများ မဲနှိုက်ရသည်။ ထို့ကြောင့် မခင်ချိုတို့လို အိမ်ရှင်မများ ဝီရိယလုံ့လ စိုက်ထုတ်

ကာ နံနက်လင်းအားကြီးကတည်းက ကုန်ဝယ်စာအုပ်သွားထပ်ကြသည်။ သို့မှ စောစီးစွာ မဲနှိုက်ရပြီး ဖော့ရောင်စုံထဲမှ ကိုယ်ကြိုက်နှစ်သက်ရာအရောင်ကို စိတ်တိုင်းကျ ရွေးချယ်ခွင့် ရရှိပေမည်။

မခင်ချိုလည်း မနက်ငါးနာရီမထိုးမီ စာအုပ်သွားထပ်ခဲ့သည်။ စာအုပ်ထပ်ခဲ့ပြီးအပြန်မှာမှ မလုံး၏ အကြီးဆုံးကလေး ဆယ်နှစ်သား 'နိုင်နိုင်' တယောက် ကုန်ဝယ်စာအုပ်ကလေး ကိုင်ကာ ဆိုင်သို့ပြေးသည်ကို မြင်လိုက်၏။

သို့သော် နံနက်စာ ချက်ပြုတ်အပြီး ဆိုင်သို့ သွားတော့ 'နိုင်နိုင်'က မဲနှိုက်ပြီးစီး၍ ဖော့ရောင်စုံ တစကိုပင် ရွေးချယ်ဝယ်ယူပြီးနေပါပြီ။

"ဟယ် .. နိုင်နိုင်က ဒေါ်ဒေါ်ချို နောက်မှလဲ စာအုပ်ထပ်သေး၊ အစောကြီးလဲ ရသေး"

ပြောမိသည်ကတော့ သည်စကားလေး တခွန်းထဲ။ ဒါပေမယ့် တဘက်မလုံးက ဘယ်သို့ အဓိပ္ပာယ်ကောက်ယူသည်မသိ။ မခင်ချို အိမ်ရှေ့သို့လာကာ ဒေါနှင့်မာန်နှင့် ရန်တွေ့တော့၏။ မခင်ချို အံ့ဩသွားသည်။

"နေပါအုံး မလုံးရဲ့။ ခင်ချိုက ဘာများ လွန်လွန် ကျူးကျူး ပြောမိလို့လဲ"

"ဒါတော့ ကိုယ့်ဘာသာ အသိဆုံးပေါ့။ သူများ သားသမီးကို ဖိဖိနှိပ်နှိပ်၊ ချိုးချိုးနှိမ်နှိမ် ပြောတာ ဘယ်သူ ခံနိုင်မလဲ။ သားသမီးချင်း စာနာမှပေါ့။ အင်းလေ— ညည်းမှာ စာနာစရာ သားသမီး မရှိတော့လဲ ပြောရခက်သား"



နောက်ဆုံးစကားပိုဒ်က မခင်ချို နှလုံးသားကို ပြင်းထန်စွာ ထိုးနှက်လိုက်၏။ ရင်ထဲ နာသွားသည်။ မျက်လုံးထဲတွင် မျက်ရည်များပြည့်လာသည်။ မလုံးကတော့ မိန်းမတို့ မာန်ဝင့်ရာ သားသမီးဂုဏ်က မျှားလှသူမို့ 'ငါ့စကားနွားရ' ပြောချင်သမျှ အားရအောင်ပြောပြီး ပြန်သွားတော့၏။ မခင်ချိုကမူ ရှင်းလင်းချက်လည်း မထုတ်၊ ဟုတ်၏- မဟုတ်၏လည်း ဝန်မခံ၊ နှုတ်လှန် လုံးဝမထိုးတော့ပဲ ငြိမ်ကျွန်ရင်ခဲ့ရ၏။

ပတ်ဝန်းကျင်ဆိုတာကလည်း ချစ်ချစ် ခင်ခင် ရှိနှင့်ကြသူများကို ပိုမိုချစ်ခင်အောင် ပြုချင်မှ ပြုမည်။ မုန်းစ ရှိသူများကိုမူ မုန်းကြိုး ရှည်သည်ထက် ရှည်အောင် စွမ်းဆောင် နိုင်ကြပါပေ၏။

"အဒေါ်က မခင်ချိုဘက်က နာလို့ပြောတာပါ။ မိလုံးက ပြောပါလား၊ မခင်ချိုက တခုလပ်တဲ့။ အရင် ယောကျ်ားနဲ့ တုန်းကလဲ ကလေးမရတဲ့ အမြုံမ—တဲ့"

အစ်ကိုကျော်ကို မမချိုက သိမ်းနိုင်တာပဲတဲ့။ အစ်ကိုကျော်ကို မမချိုက ဆေးခပ်ယူထားတာ တဲ့။ ဒါကြောင့် အစ်ကိုကျော်က မမချိုကို စွဲနေတာ တဲ့"

"အေးဟဲ့—ဟုတ်တယ်။ ဆေးခပ်ယူတာ အမှန်ပဲ။ အဲဒီလိုဆေးမျိုး မိန်းမတိုင်းမှာရှိတယ်လို့ မိလုံးကို ပြောပြလိုက်စမ်း"

စိတ်တိုတိုနှင့် သည်လိုမေးခွန်း တုံ့ပြန်မိသည့် အခါလည်း ရှိလာသည်။

"ချိုလေးကို ညီမအရင်းလိုချစ်လို့ မမက သတိပေးတာ၊ မလုံးက ချိုလေးကို မနာလိုနေတာအေ့၊ ဟိုနေ့က မင်္ဂလာ

ဆောင်ကို ချိုလေး ဖော့ဝမ်းဆက်ဝတ်သွားတယ်မဟုတ်လား၊ အဲဒါ မလုံးက မဲ့ကာရွဲ့ကာပြောနေတာ မမနားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ”

“ဟုတ်လား— ဘာတွေပြောနေတာတုံး ဟင်”

မေးသာ မေးရသည်။ မကောင်းသတင်း ကြားရမှာ ဖြစ်ကြောင်း မခင်ချို သိပြီးသားပါ။

“ပြောတာတွေကတော့ စုံလို့ပါပဲ ညီမရယ်။ အသက်ပဲ သုံးဆယ်ပြည့်တော့မယ်၊ ဆင်ပြင်ထားတာက ဆယ့်ခြောက်နှစ်သမီး ကျနေတာပဲတဲ့။ လင်က ရုံးစာရေးပေမယ့် မယားက မင်းကြီးကတော် စတိုင်တဲ့။ ဘဝင်ကိုင်လိုက်တာလဲ မပြောနဲ့တော့တဲ့။ မမလဲ အမြင်ကပ်ကပ်နဲ့ ပြောပစ်ခဲ့တယ်။ မခင်ချိုက ရုပ်လဲလှ၊ နုလဲနုတော့ ဘာဝတ်ဝတ် သူများထက် ထင်ပေါ်တာပေါ့အေ့လို့။ အော်.... ဒါနဲ့ အရင်လက မမယူထားတဲ့ ဆေးလိပ်ဖိုးနဲ့ ပဲဖိုး ခဏဆိုင်းအုံးနော် ချိုလေး။ ဒီလ အသုံး နည်းနည်းကြပ်သွားလို့”

“ဟုတ်ကဲ့ ရပါတယ် မမ”

“မရလို့လည်း မဖြစ်တော့၊ ရကို ရရပေမည်လေ။ မလုံးထံမှ သတင်းများကို သယ်ဆောင်လာသည့် ကျေးဇူးကို သည်နည်းဖြင့်သာ ဆင်နိုင်သည် မဟုတ်ပါလော။

ကိုကျော်ကတော့ တကယ့်လူအေး။ ကြားရသမျှကို မခင်ချိုက ပြန်လည်တိုင်တည်မိသည့်တိုင် သူကမလှုပ်ချောက်ချက်။

“ပြောစမ်းပါစေကွာ၊ သူ ဘာပြောပြော ကိုကျော်က ခင်ချိုကိုအချစ်မပျက်ယင်ပြီးတာပဲ။ တခုလပ်မကလို့ မကောင်း



တဲ့ မိန်းမဖြစ်ဖြစ် ကိုယ်မြတ်နိုးယင် ပြီးတာပဲ။ ဘာမှ အရေးစိုက်မနေနဲ့”

ပြောသူက ဘယ်လိုနှစ်သိမ့် ဖျောင်းဖျသော်လည်း မခင်ချို အရေးမစိုက်ပဲ မနေနိုင်။ တဘက်စကားကို အရေးစိုက် လေလေ၊ မုန်းစကရှည်လေလေ။ နောက်ဆုံး မလုံးနှင့် လမ်းမှာ ရင်ဆိုင် တွေ့လျှင်တောင်မှ ရန်သူကြီးများပမာ ရှောင်ကြရှားကြသည်အထိ ဖြစ်လာကြတော့သည်။

ငယ်သူငယ်ချင်းများဖြစ်ကြသော မလုံးယောကျ်ားကိုစံမြင့်နှင့် မခင်ချိုယောကျ်ား ကိုကျော်တို့ကမူ အဆက်အသွယ်ရှိဆဲ။ ဇနီး မယားများ နောက်ကွယ်တွင် အခေါ် အဝေါ် မပျက်။ အခင်မင်မပျက်။ ဒါကိုသိတော့ မခင်ချို ဆတ်ဆတ်ခါအောင် နာတော့သည်။

“ဘယ်လိုလဲ ကိုကျော်၊ ကိုယ့်အပေါ် ဘာကျေးဇူးရှိလို့ ဒီလောက် ခင်တွယ်နေရတာလဲ”

“ခင်ချိုကလဲကွာ၊ မလုံး မကောင်းတာ စံမြင့်နဲ့ ဘာဆိုင်လို့တုံးကွ၊ သူတို့ခမျာ ကိုယ့်ထက် နွမ်းပါးနေတဲ့အချိန် စိမ်းစိမ်းကားကားနေလို့ တော်ပါ့မလား။ ခုဆို မလုံးက သေကောင် ပေါင်းလဲဖြစ်နေတာ စံမြင့် ဘယ်လောက် ကသီရှာသလဲ။ ကလေးကလဲ ခြောက်ယောက်နဲ့”

“အိုတော်....သူတို့ဘာသာ အားအားယားယား မွေးထားတာ၊ ဘာတတ်နိုင်တာမှတ်လို့။ သူ့ကလေးတွေပဲ ကျုပ်က သွားထိန်းပေးရအုံးမှာလား”

"ဒါတော့ ထိန်းသင့်ထိန်းရမှာပဲကွ၊ စံမြင့်က ငါ့သူငယ်ချင်း၊ အရင်းနှီးဆုံးသူငယ်ချင်းကွ"

မခင်ချို တကျီကျီလုပ်လွန်းတော့ လူဖြောင့်စိတ်တိုကြီးက ခတ်ပြတ်ပြတ် ပြောချလိုက်၏။

* * *

"ကဲ.... ဒီအငယ်လေး နှစ်ယောက်ကိုတော့ မင်းပဲ တာဝန်ယူလိုက်ပေတော့၊ မလုံးတော့ ဆေးရုံတင်ရလိမ့်မယ်"

ပွေ့ချီလာသည့် တနှစ်သားလေးကို မခင်ချို ရင်ခွင်ထဲပြောင်းထည့် ပေးလိုက်ပြီး ကတိုက် ကရိုက် ပြန်ထွက်သွားတော့၏။ သုံးနှစ်ရွယ် 'တူးတူးမာ' ကလေးက လက်မလေးတပြွတ်ပြွတ်စုပ်ကာ မခင်ချိုဘေးတွင် ကုပ်ကုပ်ကလေး လာထိုင်သည်။

"ဟဲ့— ကောင်မလေး၊ လက်မကြီး စုပ်မနေစမ်းနဲ့၊ ရွံစရာကြီး"

'ကလေးတွေနဲ့ ဘာဆိုင်လို့တုံး၊ သူတို့က ကိုယ့်အပေါ် ဘာရန်ငြိုးမှလဲ ရှိခဲ့တာမဟုတ်ပဲနဲ့' ဟု ကိုယ့်စိတ်ကိုယ်ဖြေသော်လည်း မပြေ။ ကလေး ပေါက်စနလေးကိုပင် ကြည့်၍မရ ဖြစ်နေသည်။ ပြီးတော့ ဆိုးသည်က 'တူးတူးမာ' သည် သူ့အမေမလုံးနှင့် အတော်ကြီးရုပ်ဆင်သည်။ မျက်လုံးမှေးပုံ၊ နှာတံပြားပုံ၊ အသားဖြူစပ်စပ်နေပုံ၊ ကြည့်ယင်း— ကြည့်ယင်း မလုံးမျက်ခွက်နှင့် ပိုပိုတူလာသည်။



"ဟဲ့—လက်မစုပ်နဲ့ဆို၊ အံမာလေး.... လက်ကလဲ ဂျီး အထပ်ထပ်နဲ့၊ လက်သည်းကလဲရှည်လှပြီ၊ တော်စမ်း... ဒီလက်ကြီး မစုပ်စမ်းနဲ့"

"ချုတ်ပါဘူး အန်တီရဲ့၊ မီးကလေး ချာလို့ပါအန်တီရဲ့"

"ဘာ—ဆာလို့ ဟုတ်လား၊ နင်တို့ ခုထိ ညစာမစားရသေးဘူးလား"

"ချား ရသေးဘူး အန်တီ၊ အန်တီ ချားပြီးပြီလားဟင်၊ အန်တီက ချားပြီးလို့ ယက်မချုပ်တာပေါ့နော်"

စကားမပီ့တပီဖြင့် တူးတူးမာက မခင်ချိုကို ခေါင်းကလေးမော့ကာ ပြောနေသည်။

"ဒီကောင်လေးကော ထမင်းစားပြီးပြီလား"

"တူ—ချားရသေးဘူး အန်တီ၊ တူက ချိချိယဲ ချိတယ် အန်တီရဲ့၊ နော့—မောင်ယေး... နော့"

တူးတူးမာက သူ့မောင်လေး ခြေဖဝါးကလေးကို ကလိထိုးတော့ ဖိုးတရုတ်က ကိုယ်လုံးတစ်တစ်ကြီးကို လူးကာ လွန့်ကာ တခစ်ခစ်ရယ်သည်။

"ဟာ .. စိတ်ရှုပ်ရတဲ့အထဲ၊ ငြိမ်ငြိမ်နေစမ်း"

အော်ပစ်လိုက်၍ တူးတူးမာ မျက်နှာ လေးငယ်ကာ ငြိမ်ကပ်သွားပြန်သည်။ သည်တော့လည်းမခင်ချိုမနေနိုင်။ ရင်ခွင်ထဲက ဖိုးတရုတ်ကို ကြမ်းပေါ်ချကာ မီးဖိုထဲ ဝင်ခဲ့ရ၏။ ကိုကျော်အတွက်ခွဲထားသော ထမင်းနှင့် ဟင်းထဲမှအနည်းငယ် ခူးကာ တူးတူးမာကို ကျွေးရ၏။

"မီးကယေ—ချပ်လဲ ချွဲးတာပဲ အန်တီ၊ ချပ်ချပ်ချား ယင် အားရှိတယ်နော့"

အမဲသား အစပ်ချက်ကိုစားယင်း တရှူးရှူး တရှဲရှဲဖြစ်နေပုံမှာ ကရုဏာသက်စရာဟု မခင်ချို ပထမဆုံးတွေးလာမိသည်။ အစပ်မစားနိုင်ပါပဲနှင့် ကျေးသူ စိတ်တိုင်းကျအောင် ကြိတ်မှိတ်စားပြနေပုံမှာ ကြင်နာဖွယ်ရာပင်။ ဒီနေ့တော့ တခြားဟင်းလဲ မရှိပြီမို့ ရှိစေတော့၊ နက်ဖြန်ကျမှ ကလေးတွေအတွက် အသားပြုတ်ကြော်ကလေး လုပ်ပေးရတော့မည်ဟု တေးမှတ်လိုက်မိသည်ကို သူ့ကိုယ်သူ သတိမထားလိုက်မိပေ။

"ကဲ...လာ၊ မင်းကတော့ ဆီနဲ့ဆားနဲ့ စားပေါ့ကွာ"

ပစ်တိုင်းထောင်ရုပ်ကြီးလို ဝဝပုံ့ပုံ့- အိအိစက်စက်ကြီး ထိုင်နေသော ဖိုးတရုတ်က ဆတ်ကနဲ ဆတ်ကနဲ ခေါင်းညိတ်ပြလိုက်၏။ ပြီးတော့မခင်ချို ခွံ့သမျှကို တလုပ်ပြီးတလုပ်အားရပါးရ စားချေပါတော့၏။ ဘယ်လောက်များ ဆာနေရှာသည်မသိ။ ကိုကျော့်အတွက် ခွဲထားသည့် ထမင်းတလုံးချက်ခန့်မှာ သူတို့မောင်နှမ နှစ်ယောက်နှင့် ကုန်တော့၏။ 'ကိုကျော့်ဖို့ ထပ်ချက်လိုက်တာပေါ့လေ' ဟု တွေးကာ ထမင်းဆိပ်တက်၍ အိပ်ငိုက်စပြုလာသော ကလေး နှစ်ယောက်ကို အိပ်ခန်းထဲ ခေါ်ခဲ့ရ၏။ အချိန်ကလည်း မနည်းတော့ပါပြီ။ ခြေရင်းအိမ်က ည ရှစ်နာရီသိမ်းလေ့ရှိသော သုံးဘီးကားပင်လျှင် ပြန်လာသံ ကြားလိုက်ရပေပြီ။



"ဟဲ့...ဟဲ့...ဒါက ဘာလုပ်တာတုံး"

ဖောင်းအိ ဝကစ်သော လက်ကလေးက မခင်ချို၏ မို့မို့ရွှေရင်အုံကို လာဆုပ်လေရာ...မခင်ချို မနေတတ် မထိုင်တတ် ဖြစ်သွား၏။ ဖိုးတရုတ်က မခင်ချို ရင်ခွင်ထဲတွင် မှေးစင်းယင်း လက်က လှုပ်ရှားနေ၏။

"ဟာ—ဒီကောင်ကြီး တယ်ဆိုးတာပဲ၊ ငြိမ်ငြိမ် အိပ်စမ်းကွာ"

အူထဲကလည်း ယားသည်။ စိတ်လည်း ရှုပ်သည်။လူလည်း အနေရ အထိုင်ရ ကျဉ်းကျပ်သည်။ လက်ကလေးကို နှစ်ခါ သုံးခါ ဖယ်ချပစ်သော်လည်းမရ။

မောင်ယေးနော့၊ ဒါ- အန်တီယေ— မေမေမှ ဟုတ်ပဲ မောင်ယေးရဲ့၊ ကိုင်နဲ့နော့"

တူးတူးမာ၏ စကားသံလေးက မခင်ချို၏ရင်ထဲသို့အင်အားကြီးစွာ တိုးဝင်သွား၏။ မျက်ခုံး မို့အစ်အစ်ကလေးကို ပင့်ကာ မျက်လုံး မှေးမှေးကလေးများဖြင့် ကြည့်တတ်ပုံ ကလေးကလေးကလည်း မခင်ချို၏ မိခင်စိတ်ကို လှုပ်နိုးပစ်လိုက်၏။

"တူကတိပ်တိပ်ချိုးတာပဲ အန်တီရဲ့— တူကယေး အိပ်ယင် မေမေ့ချိုချိုကို အမြဲကိုင်တာအန်တီရဲ့၊ အန်တီ ချိတ်ချိုးယားဟင်။ ဒါဖြင့်- တူ့ကို ရိုက်ပါယားအန်တီ၊ မီး ရိုက်ရမယား၊ နာနာကြီး ရိုက်ရမယား"

စိတ်ရှုပ်ထွေးနေပုံရသော မခင်ချို၏မျက်နှာကို ကြည့်ကာ သူ့ မောင်လေးကိုအပြစ်ဆိုသည်။ သူ ကိုယ်တိုင်က သူ့အလွန်

ချစ်သော မောင်ငယ်လေးကို မရိုက်ရက်ပါပဲနှင့်၊ မရိုက်ချင်ပါပဲနှင့် တဘက်လူ၏ အရိပ်အကဲကို ကြည့်ကာ အကင်းပါးစွာ ပြောတတ် ဆိုတတ် သူကလေးကြောင့် မခင်ချို ရင်ထဲနင့်သွားသည်။ တမျိုးကြီးခံစားလိုက်ရသည်။ မျက်ရည်များဝေ့ဝဲလာကာ ရင်ထဲလှိုက်လာသည်။

"ကွယ်... သမီးရယ်၊ ဖိုးတရုတ်ကြီးကို ရိုက်ဖို့ မလိုပါဘူးကွယ်၊ အိပ်ပါစေ၊ သူ ကြိုက်သလိုအိပ်ပါစေ၊ သမီးလဲ သမီးကြိုက်သလို အိပ်ပါ၊ အန်တီစိတ်မဆိုးပါဘူးကွယ်"

ကရုဏာလေပြေသည် မေတ္တာရနံ့ကို သယ်ယူခဲ့၍ အခန်းတွင်းတွင် အေးမြပျံ့သင်း သွားစေပါပြီလေ။



## စိတ်တစ္ဆေ

"ဒေါ်ဒေါ်ကြီး၊ အဲဒီပန်းပင်တွေ နုတ်မပစ်ပါနဲ့"

အသံ စူးစူးသေးသေး တခုသည် ဘယ်ကပေါ်လာမှန်းမသိ။ ရုတ်တရက်မို့ ဒေါ်မြင့်မြင့်ကြီး တုန်၍ပင် သွားတော့၏။ ဖြတ်ကနဲ လှည့်ကြည့်လိုက်သော် တဦးတယောက်ကိုမျှ မတွေ့ရသဖြင့် ကြက်သီးမွေးညင်း ထသွား၏။

"မနုတ်ပါနဲ့ ဒေါ်ဒေါ်ကြီးရဲ့။ မိတူးတို့ စိုက်ထားတဲ့ ပန်းပင်လေးတွေပါ"

အသံထွက်ပေါ်လာရာသို့ သေသေချာချာ ကြည့်လိုက်မိသည်။ အလို.... ခြံထောင့်ရှိ ကုက္ကိုပင်ကြီးနားက ပေါ်

လာတဲ့ အသံပါလား။ ကြည့်စမ်း၊ ကောင်မလေးတယောက် ပါလား။

ဒေါ်မြင့်မြင့်ကြီးသည် နုတ်လက်စ သရက်ထည် ပန်းပင်များကို အဝေးသို့ လွှင့်ပစ်လိုက်ပြီး နေရာမှ မတ်တတ်ရပ်လိုက်၏။

"လာပါအုံးကွယ့်။ ဘာဖြစ်လို့ အော်နေရတာလဲ"

ကလေးမလေးက ခေါင်းကို တွင်တွင်ခါကာ သူ့နေရာတွင်ပင် ပေ၍ရပ်နေသည်။ သူသည် တခုခုကို မကျေနပ်သလို နှုတ်ခမ်း တလှုပ်လှုပ်ဖြင့် တတွတ်တွတ် ပြောနေသည်။

"ဘာတွေ ပြောနေတာလဲ၊ ဒီကို လာပါလား"

ကလေးမလေးသည် မတုန်မလှုပ်၊ သူ့နေရာမှ တဖဝါးမှ မခွာ။

ဒေါ်မြင့်မြင့်ကြီးသည် ပေါင် တရော့ခြောက်ဆယ် ကျော်သော သူ့ကိုယ်ခန္ဓာ အိအိတွဲတွဲကြီးကို မနည်းပင်သယ်ယင်း ကလေးမလေး ရှိရာသို့ တဖြည်းဖြည်း လျှောက်သွားမိသည်။ ကလေးမလေးကား သူ့နေရာမှ တဖဝါးမှ မခွာ။ ဒေါ်မြင့်မြင့်ကြီး တရွေ့ရွေ့လျှောက်လာပုံကို စိန်းစိန်းပါအောင် စိုက်ကြည့်နေလေသည်။

တဖြည်းဖြည်းနီးလာမှ ကလေးမ၏ရုပ်သွင်ကို ဒေါ်မြင့်မြင့်ကြီး သဲကွဲစွာ မြင်ရတော့သည်။ ဂါဝန် ညိုညိုညစ်ညစ်ကလေးနှင့်၊ ဆံပင်တိုကလေးနှင့် အသက် ရှစ်နှစ်ခန့်ပင် ရှိပေဦးမည်။ ဘယ်က ကလေးပါလိမ့်။ ဒေါ်မြင့်မြင့်ကြီး စကားပြောရန် အရှိန် ယူလိုက်စဉ်မှာပင် ကလေးမလေးက ငှက်ကလေး



တကောင် လှစ်ကနဲ ပျံသန်းသွားသကဲ့သို့ တဘက်သို့လှည့်ကာ ထွက်ပြေးသွားတော့၏။

"ဟဲ့— နေအုံးလေ။ လာအုံးလေ"

ကလေးမလေးက လှည့်၍ပင် မကြည့်။ ရော်ရွက်ကြွေလေး တရွက် လေပွေတွင် ပါသွားသလို လွင့်ပျောက်သွားလေသည်။

ဒေါ်မြင့်မြင့်ကြီးသည် ကလေးမလေး ပြေးသွားသည်ဟု ထင်ရသည့် လမ်းကွေ့ကလေးကို ငေးကြည့်ယင်း အမောကြီးမော ကျန်ရစ်တော့သည်။

"မြင့်…"

"အမယ်လေး…."

ဒေါ်မြင့်မြင့်ကြီးသည် သူ့ရင်သူ လက်နှင့်ဖိကာ နေရာတွင် လဲကျသွားတော့မည့်ကဲ့သို့ ညွတ်ကနဲ ဖြစ်သွား၏။ သူ့နောက်တွင် ရပ်နေသည့် ခင်ပွန်းသည် ဦးမောင်မောင်ကြီးသာ ဖမ်းဆွဲမထားလိုက်လျှင် လဲချင်လဲကျနိုင်ပေသည်။

"မြင့်ရယ်….ဘာဖြစ်လို့များ ဒီလောက် လန့်သွားရတာလဲ".

ဒေါ်မြင့်မြင့်ကြီး ရုတ်တရက် စကားမပြောနိုင်။ တဒိတ်ဒိတ် ခုန်နေသော သူ့ရင်ကိုသာ ဖိမြဲ ဖိထားရ၏။ ခါးကြားတွင် အစဉ်သဖြင့် ညှပ်ထားသည့် ရေမွှေးဆွတ်ထားသည့် လက်ကိုင်ပဝါကို လက်တဘက်ဖြင့် ဆွဲယူပြီး သုံးလေးချက် ဆင့်ရှူလိုက်ရ၏။ ပြီးမှ—

"စောစောက ကလေးတယောက် ဒီနားမှာ ရပ်ပြီး…"

သူ မြင်ခဲ့ ကြားခဲ့ သမျှကို ခင်ပွန်းသည်အား ပြန်ပြောပြသည်။

"ဒါများ မြင့်ရယ်....၊ဒီလောက် လန့်နေရသလား။ဘာလဲ မနေ့က ဟိုဘက်ခြံက ဒေါ်စိုးပြောတာ စိတ်ထဲစွဲနေလို့လား"

ဦးမောင်မောင်ကြီး ပြောမှ သူ သတိရကာ လူနှစ်ယောက် ဖက် လုံးပတ်မကသော ကုက္ကိုပင်ကြီးကို အသာ မော့ကြည့်လိုက်မိ၏။ 'သည်ကုက္ကိုပင်ကြီးမှာ အစောင့်ရှိတယ် ဆိုပဲ'။

"အလကား စကားတွေပါ မြင့်ရယ်။ စောစောက ကလေး မဆိုတာလဲ ဒီနားပတ်ဝန်းကျင် ရပ်ကွက်က ကလေးဖြစ်မှာ ပါ။ ကဲ—လာ၊ အိမ်ပြန်ကြစို့။ မောင်လဲ အလုပ်ကိစ္စတွေ မပြတ် ခဲ့သေးဘူး။ မနက်ဖြန်မှ တခါ ထပ်လာတာပေါ့"

* * *

သည်နေ့တော့ ခင်ပွန်းသည် မအားသဖြင့် ကားမောင်းသူနှင့် နှစ်ယောက်သား လာခဲ့ရသည်။ သည်ခြံရောက်၍ ကားမောင်း သူက ခြံရှင်းရန် ပေါက်တူးတို့၊ ဓားတို့ဆွဲ၍ ခြံထဲဝင်သွားသည့် တိုင် ဒေါ်မြင့်မြင့်ကြီး ကားပေါ်မှ မဆင်းဖြစ်သေးပဲ ငြိမ် စဉ်းစားနေမိသည်။

စဉ်းစားသည် ဆိုရာ၌ အခြား အကြောင်းကား မဟုတ်။ သည်ခြံကလေးနှင့် ပတ်သက်သည့် အကြောင်းများပင်။ သည် ခြံကလေးကို မူလ ပိုင်ဆိုင်သူက နှစ်ယောက်။ တယောက်ဆီက ငွေနှစ်ထောင်နှင့် ရလိုက်သည်။ ကျန်တယောက်ကိုမူ အကြွေး ရစရာရှိ၍ မြေနှင့်နှိမ်လိုက်ခြင်း ဖြစ်သည်။ ထိုသူမှာ ကလေး သုံးယောက် မိခင်၊ တခုလပ်မကလေး မမြအေးပင်။



ပေရှစ်ဆယ်၊ ပေခြောက်ဆယ်ရှိ မြေတကွက်ကို စုစုပေါင်း ငွေငါးထောင်ထဲနှင့် ရလိုက်၍ ဒေါ်မြင့်မြင့်ကြီးတို့ တွက်သား ကိုက်လှပေသည်။ သည်လိုတွက်သားကိုက်အောင် ဒေါ်မြင့်မြင့် ကြီးတို့ အတော်လေး ဖန်တီးယူခဲ့ရသည် မဟုတ်ပါလား။ တရားသည်၊ မတရားသည်ကိုမူ သူတို့ သိပ်အရေးမထားချေ။ နှစ်ဦးနှစ်ဘက် ကျေနပ်၍ လုပ်ကြတဲ့ အလုပ်ပေပဲ။ ပီတိဖြင့် တွေးနေရာမှ ရုတ်တရက် အတွေး တမျိုး ပေါက်လာပြန်၏။

'ဒေါ်စိုး ပြောသလို မဟုတ်တာတွေ ရှိနေလို့များ ဒီနေ ရာကို ဒီလောက်ငွေနဲ့ ထိုးပေးသွားတာလားမှ မသိတာ။ စော စောက မစုံစမ်းမိတာ မှားတာပဲ'

ဒေါ်မြင့်မြင့်ကြီးသည် ကားပေါ်မှ အသာ ဆင်း ကာ ခြံကလေးရှေ့တွင် ရပ်နေယင်း စဉ်းစားနေသည်။

'တဲကုပ်ကလေးကို ဖျက် ပစ် လိုက် ယင် ကောင်းမယ်။ ပြီးတော့ ကုက္ကိုပင်ကြီးကိုလဲ လှဲပစ်လိုက်အုံးမှ။ မြက်တွေ ကလဲ အတော့်ကို ရှင်းယူရအုံးမှာ'

သည်အတွေးဖြင့် ခြံထဲသို့ တရွေ့ရွေ့ ရောက်လာခဲ့သည်။ ကားမောင်းသူ မောင်ထွေးသည် ပေါက်ပြားတလက်ဖြင့် မြက်များကို ရှင်းနေရာမှ—

"တယောက်ထဲဆိုယင်တော့ မလွယ်ဘူး မမြင့်ရေ၊ တပတ် လောက်ကို ရှင်းယူရမှာ"

"အေးကွယ်၊ အိမ်က အလုပ်သမားတွေကလဲ ခုတလော အားမှမအားကြပဲကိုး။ မနက်ဖြန်တော့ ရှာကြံခေါ်ခဲ့သေးတာ

ပေါ့။ အော်....မောင်ထွေးရေ၊ မင်းတို့ အသိမိတ်ဆွေထဲမှာ သစ်ပင်ရှဲ့တတ်တဲ့လူ မရှိဘူးလား''

''ဟိုအပင်ကြီးလှဲဖို့လား မမမြင့်''

ဒေါ်မြင့်မြင့်ကြီးက 'အေး'ဟု ဆိုသော် မောင်ထွေးက ပေါက်ပြားကို ခဏချကာ စဉ်းစားနေသည်။

''တန်ရာတန်ဖိုး ပေးမှာပေါ့ကွယ်။ မေးစမ်းကြည့်ပါအုံး''

''မဟုတ်ဘူး မမမြင့်ရဲ့။ ဒီအပင်ကြီး လှဲလို့ဖြစ်ပါ့မလားလို့ ကျွန်တော် စဉ်းစားနေတာပါ''

''ဘာဖြစ်လို့ မဖြစ်ရမှာလဲ''

''ဟိုလေ....အစောင့်ရှိတယ်ဆိုလို့''

မောင်ထွေး၏ လေသံ တိုး တိုး သည် ဒေါ်မြင့်မြင့်ကြီး နားထဲသို့ စိမ့်ဝင်သွားသည်။

''ဒီခေတ်ကြီးမှာကွယ်၊ မင်းတို့က ယုံသေးသလား''

''မဟုတ်ဘူး မမမြင့်ရဲ့၊ဒီလိုအပင်ကြီးတွေမှာ ရှိတတ်တယ် မမမြင့်ရဲ့။ ကျွန်တော်တို့ ရွာမှာလေ ဒီလိုပဲ၊ သရက်ပင်ကြီး တပင်ရှိတာ ဘယ်သူမှ မလှဲရဲဘူး၊ အဲဒါ လူတယောက်က ဘာညာနဲ့လေကြွားပြီး တက်ခုတ်တာ၊ သစ်ပင်ပေါ်ကကျလို့ သေပါရောလား မမမြင့်ရဲ့''

''အမယ်လေး တော်ပါတော့ကွယ်''

ဒေါ်မြင့်မြင့်ကြီးသည် ကြား ရ ရုံ နှင့် ပင် ခေါင်းထဲက နောက်လာကာ ရင်ထဲကပါ အသက်ရှူရ ကျပ်လာတော့သည်။



''ဘာပဲဖြစ်ဖြစ်ကွာ၊ တခြံလုံး ပြောင်နေအောင်ရှင်းပစ်ပြီး ဘုန်းကြီး ငါးပါးလောက်ပင့်ပြီး ပရိတ်ရွတ်ပစ်လိုက်တာပေါ့၊ မကောင်းဘူးလား''

အရှင်သခင်က စီမံနေမှ လက်အောက်ငယ်သားက ဘာမျှ ငြင်းပယ်နေစရာ အကြောင်းမရှိလှ။ ဗောင်းတော်ညိတ်၊စိတ် တော်ကြိုက် လိုက်ရတော့သည်သာ။

''ကဲ=ကဲ သွား၊ တတ်နိုင်သလောက် ရှင်းလိုက်ချည့်အုံး။ ဟောဒီ စံပယ်ချုံကလဲ အလကား ရှုပ်နေတာပဲ။ မြွေတွေ ဘာတွေ အောင်းနေယင် အခက်''

''ဒေါ်ဒေါ်ကြီး''

''အမယ်လေး''

ဒေါ်မြင့်မြင့်ကြီး သည်အသံကလေးကို ဘာ့ကြောင့် လန့် နေမိမှန်းကိုမသိ။ဆည်းလည်းကလေးကို အသာအယာ ကိုင်လှုပ် လိုက်သကဲ့သို့ စူးစူးသာသာကလေး မြည်သော အသံကလေး မျှသာ ဖြစ်သည်။ သို့သော်—

''ဒီစံပယ်ချုံကလေးကိုတော့ ရှင်းမပစ်လိုက်ပါနဲ့ ဒေါ် ဒေါ်ကြီးရယ်၊ ဒါ မိတူးတို့ စံပယ်ချုံပါ''

မနေ့က လှစ်ကနဲ ထွက်ပြေးသွားသော ကလေးမလေးသည် စံပယ်ချုံ နောက်နားမှ ထွက်လာယင်း ပြောရှာသည်။ ဒေါ် မြင့်မြင့်ကြီးသည် ကလေးမကို စေ့စေ့ကြည့်၍ စိတ်ကိုတင်း ကာ–

''နင် ဘယ်ကလဲ၊ ဒီမှာ ဘာလာလုပ်နေတာလဲ''

''မိတူး ဒီအိမ်ကပါ''

ကောင်မလေးက တဲကုပ်ငယ်ကို လက်ညှိုးထိုးပြပြီး ဆက်ဖြေလိုက်ပြန်သည်။

"မိတူးတို့အိမ်က ပန်းပင်တွေကို နုတ်မပစ်ပါနဲ့ ဒေါ်ကြီးရယ်၊ မိတူးနဲ့ မောင်လေး ဖိုးကျော် စိုက်ထားတာတွေပါ။ နှမြောပါတယ်နော်"

သက်ရှိလူမှန်း သေချာသွားပြီဖြစ်သဖြင့် ဒေါ်မြင့်မြင့်ကြီး အတော်ကို စိတ်သက်သာရာ ရသွားသည်။

"ငါတို့ ဒီမှာ အလုပ်ရှိလို့ကွယ့်၊ ဒါတွေ ရှင်းပစ်လိုက်မှ အလုပ်တွေ လုပ်လို့ရမှာ"

"ဒါဖြင့် မိတူးတို့ အိမ်ကလေးကိုလဲ ဖျက်ပစ်လိုက်မှာပေါ့နော်"

"အေးကွယ်၊ ဖျက်ပစ်ရမှာပဲပေါ့"

"ဟိုအပင်ကြီးကိုရော"

"ဒီကုက္ကိုပင်ကိုလဲ ခုတ်ပစ်ရမှာပေါ့"

"ခုတ်ပစ်ယင်လေ၊ အဲဒီကုက္ကိုပင်ကို စောင့်တဲ့ ဖိုးဖိုးက စိတ်ဆိုးမှာပေါ့"

"ဘယ်သူရယ်"

"ဖိုးဖိုးလေ"

ဘာကြောင့်မှန်းမသိ၊ ဒေါ်မြင့်မြင့်ကြီး ကြက်သီးဖြန်းကနဲ ထသွားပြီး ကုက္ကိုပင်ကြီးကို တချက် မော့ကြည့်လိုက်မိ၏။

ခက်လက် ဝေဆာ အရိပ် ဖြာသော ကုက္ကိုပင်ကြီးသည် အပေါ်မှစီး၍ သူ့ကို လက်ဝါးကြီးများ ဖြန့်ကာ အုပ်ထား



သည်ဟု ဒေါ်မြင့်မြင့်ကြီး ထင်မှတ်လိုက်သည်။ ထိုခဏ၌ နှလုံးသွေးသည် ရင်ဝကို ဒိန်းကနဲဆောင့်လိုက်ရာ ခေါင်းထဲက မိုက်ကနဲ ဖြစ်သွားတော့၏။ အမူးသက်သာ၍ မျက်စိစုံဖွင့် ကြည့်လိုက်တော့ စောစောက ကလေးမလေး မရှိတော့ချေ။ စုပ်စ မြုပ်စ ပျောက်သွားပြန်ချေပြီ။

"မမမြင့် ခေါင်းမူးလို့လား၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မလိုပါဘူးကွယ်။ ဒါနဲ့ စောစောက ကောင်မလေး ဘယ်ဘက်ထွက်သွားတာ မြင်လိုက်လဲ"

"ဘယ်ကောင်မလေးလဲ"

"ခုတင် မမမြင့်နဲ့ စကားပြောနေတဲ့ ကလေးမလေးဟာလေ၊ ဂါဝန်ညစ်စုတ်စုတ်ကလေးနဲ့ အသက်ရှစ်နှစ်လောက်"

"ဟင့်အင်း... ကျွန်တော် မတွေ့မိဘူး"

မောင်ထွေးအဖြေကြောင့် ဒေါ်မြင့်မြင့်ကြီး ရင်တွေတုန်လာရပြန်ချေပြီ။ ဆန်းတော့ဆန်းသည်။ ဘယ်လိုပါလိမ့်။

နောက်တနေ့။

"ကဲ .. မင်းတို့ ဒီသစ်ပင်နဲ့ ဒီတဲကုပ်ကို အပြတ်ရှင်းလိုက်ကြကွယ်။ အိမ်ဖျက်ခနဲ့ သစ်ပင်လှဲခ ငွေတရာတိတိ ပေးမယ်။ အမြန်ဆုံးသာ ရှင်းပစ်လိုက်ကြပေတော့"

ဒေါ်မြင့်မြင့်ကြီး၏လေသံသည် မာ၍ သွက်နေ၏။ အိမ်မှာကတည်းက ခင်ပွန်းသည်နှင့် စကားပြော အဆင်မပြေ ဖြစ်လာရာ သည်မှာ ပို၍ လေသံ မာနေတော့၏။

"မောင်ထွေး၊ မင်းက တဲဖျက်တဲ့နေရာမှာ စောင့်ကြည့်နေ။ သစ်ပင်ကိုတော့ နည်းနည်း သတိထားခုတ်ဟေ့၊ အပင်က မြင့်လို့ သတိပေးတာ"

မောင်ထွေးသည် သခင်မအလိုကျ *ချက်ချင်းပင်ဆောင်ရွက်တော့၏။ တဲကုပ်ကလေးကို ဖျက်ချသည့် လူစုထဲတွင် သူပါဝင်ကာ အားတက်သရော ဆောင်ရွက်ပြနေလေရာ ကားထဲတွင် ထိုင်၍ စောင့်ကြည့်နေသူ ဒေါ်မြင့်မြင့်ကြီးက အကျေနပ်ကြီး ကျေနပ်တော့၏။ သည်ခြံကလေးနှင့်ပတ်သက်သည့် ကိစ္စများကို ခင်ပွန်းသည် အကူအညီမပါပဲ လုပ်ကိုင်နိုင်ကြောင်း သက်သေပြနိုင်သဖြင့် ပို၍ ကျေနပ်နေမိ၏။

'ရှင်းလင်းပြီးမှ အိမ်ကလူကြီးကို ခေါ်ပြလိုက်ရအုံးမယ်။ နေရာတကာ အသက်သာခိုချင်တဲ့ လူကြီးတော့လား'

ဒေါ်မြင့်မြင့်ကြီး၏ အတွေးသည် တိုးတိတ်ညင်သာသော အသံကလေးတခုကြောင့် လမ်းတဝက်တွင် ပြတ်သွား၏။ အသံကလေးသည် မြှင်းမြှင်းကလေး၊ လေးလေးတွဲ့တွဲ့ကလေး။ တကယ်ကြားရတာမှ ဟုတ်ရဲ့လား။ နားကြားလွဲလို့ ထင်ပါရဲ့။ မဟုတ်ပါ။ သေသေချာချာ နားစွင့်ထောင်ကြည့်မှ ရှိုက်ကြီးတငင် ကျိတ်၍ငိုနေသော အသံကလေးတခုဖြစ်မှန်း သိသာလာသည်။

"အမေရေ.. အမေရဲ့၊ မိတူးတို့အိမ်ကလေးကို ဖျက်ပစ်ကုန်ကြပြီ အမေရဲ့၊ အဟီး....ဟီး....ဟီး"



သည်ငိုသံလေးကြောင့် ဒေါ်မြင့်မြင့်ကြီး ခေါင်းနပန်းကြီးသွားတော့သည်။ ငိုသံကိုသာ ကြားရသည်။ ငိုသူကိုမူ အရိပ်အရောင်မျှပင် မတွေ့ရသဖြင့် ပို၍ စိတ်တုန်လှုပ်သွားသည်။

"အီး...ဟီး.. ဟီး၊ အဟင့်..ဟင့်..ဟင့်။ အမေရဲ့၊ လာကြည့်ပါအုံး အမေရဲ့၊ မိတူးတို့အိမ်ကလေး"

ကြေကွဲဝမ်းနည်းစွာ ပြောနေသော စကားလုံးများသည် ရှိုက်သံများကြားတွင် နစ်မြုပ်သွားပြန်သည်။

ကားထောင့်ထဲတွင် ကုပ်ကုပ်ကလေးထိုင်ယင်း ဒေါ်မြင့်မြင့်ကြီးတယောက် ချွေးစေးများပင် ပြန်လာတော့၏။ ရင်ထဲကလည်း ကတုန်ကယင်ဖြစ်ကာ ခေါင်းကပါ မူးနောက်နောက်ကြီး ဖြစ်လာပြန်တော့သည်။

'ဘုရား....ဘုရား၊ ပြုပြုသမျှကုသိုလ်အဖို့ကို သုံးဆယ့်တဘုံသတ္တဝါများအားလုံးကို အမျှပေးဝေပါတယ်။ အမျှယူကြပါ၊ အမျှ—အမျှ'

ရုတ်တရက် အသံကိုထွက်၍ပင် အမျှပေးဝေမိလျက်သား ဖြစ်သွား၏။ ဘာ့ကြောင့် အမျှဝေမိမှန်း သူ့ကိုယ်သူပင် သတိမထားလိုက်မိ။

သို့သော် ဒေါ်မြင့်မြင့်ကြီး အမျှဝေလိုက်ခါမှ ကျိတ်ငိုသံကလေးက ပေါက်ကွဲထွက်လာတော့သည်။

"မိတူးတို့ အိမ်ကလေးတော့ ပျက်သွားပြီကွယ့် မောင်လေးရဲ့"

တဲကုပ်ဂှာလေးကား အမိုးလုံးဝမရှိတော့ပေ။ ဖျက်သူများက ဘေးတွင်ကပ်ထားသည့် ဝါးထရံ အပေါက်အပြဲများကို အသာ ခွာထုတ်နေကြသည်။

''ဟဲ့... သမီး၊ သမီးမိတူး၊ အမေဖြင့် ပျောက်လို့ ရှာလိုက်ရတာ သမီးရယ်။ ဘာဖြစ်လို့ ဒီမှာ လာငိုနေရတာလဲ သမီးရယ်၊ တယ်ခက်တဲ့ သမီးပဲကွယ်''

အသံသစ်တခုက ရုတ်တရက်ပေါ်လာပြန်သည်။ နေပါအုံး၊ ဒီအသံ ကြားဘူးသလိုလိုပါပဲ။ ဒေါ်မြင့်မြင့်ကြီး အားတင်း၍ ကားတံခါးကိုဖွင့်ကာ အပြင်သို့ ဆင်းလိုက်၏။

''အော်....''

''မမြင့်''

မမြင့်ဟု ခေါ်လိုက်သူကား — သည်ခြံကလေး၏ ပိုင်ရှင်ဟောင်း တခုလပ်မကလေး ဒေါ်မြအေး။

''နေပါအုံး၊ ဒါ ညည်းသမီးလား''

ဒေါ်မြင့်မြင့်ကြီးက သူသိလိုသည်ကို ချက်ချင်း မေးမိ၏။

''ဟုတ်ပါတယ် မမြင့်''

''သူက အကြီးဆုံးပါ၊ စိတ်ရှုပ် နေရတာ မမြင့်ရယ်။ ဒီခြံကလေး ရောင်းလိုက်ကတဲက ငိုငိုနေတာ၊ ခုလဲ့ ဖျားနေတာ မမြင့်ရဲ့။ ဆေးထိုးရတာ သုံးချောင်းရှိပြီ။ ညတိုင်လဲ ထ,ထ ယောင်နေတာ လွန်လို့။ ကျွန်မဖြင့် ဘာလုပ်ရမှန်းကို မသိအောင်ပဲ မမြင့်ရယ်။ တိတ်ပါ သမီးရယ်၊ တိတ်ပါကွယ် နော်။ ခက်တယ် မမြင့်ရေ၊ သူက သိပ်ကို အစွဲအလမ်းကြီး



တရှာ်တဲ့ မိန်းကလေး မမြင့်ရဲ့။ လာ... အိမ်ပြန်စို့နော်—သမီး။ တကိုယ်လုံးလဲ ပူလိုက်တာ ချစ်ချစ်တောက်နေရော၊ နေပူကြီးထဲ ထွက်လာရသလား မိတူးရယ်''

မမြအေးသည် ဒေါ်မြင့်မြင့်ကြီးကို ရှင်းပြနေရာမှ သမီးလေးဘက်သို့လည်းလှည့်ကာ ချော့ရှာ၏။ မိတူးကလေးသည် မျက်ရည် တွေတွေကျနေရာမှ ဒေါ်မြင့်မြင့်ကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။ သူ့အကြည့်တွင် မုန်းတီးခြင်းသဘော အပြည့်အဝ ပါရှိနေလေသည်။

* * *

''မမြင့်.... ဒီမှာ လာလာငိုတဲ့ ကောင်မလေး ဆုံးသွားပြီတဲ့''

''ဟုတ်လား— ဘယ်တုံးကတဲ့လဲ''

ဒေါ်မြင့်မြင့်ကြီး၏ရင်သည် ဘာ့ကြောင့်မှန်းမသိ အတော်ကြီးပင် ရှင်းလင်း ပေါ့ပါးသွားလေသည်။

''မနေ့ညကတဲ့။ စောစောက ဟိုဘက်ခြံက ဒေါ်စိုး ပြောနေတာ ကြားလိုက်တယ် မမြင့်''

''အေး ကွယ်၊ ခြံရှင်းပြီး အပြန် မြအေးတို့ အိမ်ဘက်ခဏ လှည့်လိုက်တာပေါ့။ ငွေလေး ဘာလေးလဲ ကူရတာပေါ့ကွယ်။ တနေ့က တွေ့တုန်းကတဲက မြအေးက ပြောသား။

ကောင်မလေးက အတော့ကို ဖျားနေတာတဲ့။ နေပူကြီးထဲ ပေါက်လွှတ်ပဲစားလွှတ်ထားတော့ ဒီလိုပဲ ဖြစ်မှာပေါ့။ မအေ တွေက တယ်ပေါ့တာကိုး”

ဒေါ်မြင့်မြင့်ကြီးသည် တတွတ်တွတ် ပြောနေရာမှ ရှင်း သွားပြီဖြစ်သည့် တဲကုပ်ကလေးနေရာသို့ တချက် လှမ်းကြည့် လိုက်မိ၏။ အရင်ကလို ရှုပ်ရှုပ်ပွေပွေတော့မဟုတ်တော့ပါဘူး။ ကုက္ကိုပင်ကြီးလှဲပြီးယင် ဒီထက်ပိုရှင်းသွားအုံးမှာပဲပေါ့။

“အော်— မောင်ထွေးရေ၊ သစ်ပင်ကြီး ကိုတော့ ဒီနေ့ ပြီးပြတ်အောင် လုပ်ကြပစေကွယ့်နော်။ မင်းကလဲ ကြည့်ခိုင်း လိုက်ပါအုံး။ သတိတော့ ထားကြပစေနော်”

“စိတ်ချပါ မမမြင့်၊ ကျွန်တော် ပြောထားပြီးပါပြီ”

ပြောပြောဆိုဆို မောင်ထွေးက အလုပ်သမားများ ထံသို့ လျှောက်သွားသည်။ဒေါ်မြင့်မြင့်ကြီးတယောက်တည်း ပိန္နဲပင် ရိပ်ဝယ်ခိုယင်း ကျန်ရစ်ခဲ့၏။

သည်အခိုက် မိတူးနှင့် ပတ်သက်သည့် အတွေးတခုက သူ့ ရင်ဝယ် အမှတ်မထင် ဝင်ရောက်လာသည်။

‘ဒီကောင်မလေး သေသွားတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့ လား။ သူတို့ ခြံကလေးကို ငါတို့ မတရား ယူလိုက်တယ်လို့ အထင်ကြီးနဲ့ သေသွားတာလားမှ မသိတာ။ အဲဒီလို အစွဲနဲ့ သေသွားတာ ဆိုယင် သူ့ ဝိညာဉ်ဟာ ဒီ ခြံထဲက ခွာမှာ မဟုတ်ဘူး’

တွေးယင်း တွေးယင်း မိတူး၏ ရုပ်သွင် ကလေးကို မြင် ယောင်လာသည်။ သူ့ ကိုမုန်းတီးသော အကြည့်ဖြင့် စိန်းစိန်း



ပါအောင်ကြည့်ခဲ့သည့် မျက်လုံး ပြောင်ပြောင် ကလေးများ၊ တိုးတိုးတိတ်တိတ်ကြိတ်၍ လှိုက်လှဲတငင်ရှိုက်ကာငိုကြွေးခဲ့သည့် ကြေကွဲဖွယ်အသံကလေး။ သူတို့ အိမ်ကလေးကို ဖျက်ဆီးမပစ် ရန်၊ သူတို့ ပန်းပင်ကလေးများကို ခုတ်မပစ်ရန် အသနားခံ တောင်းပန်သည့် အသံစူးစူးကလေး။ မိတူးနှင့် ကြုံခဲ့ဆုံခဲ့စဉ်က မြင်တွေ့ ခဲ့ရသမျှ အားလုံးသည် ဒေါ်မြင့်မြင့်ကြီး ရင်ဝယ် ငြိတွယ်နေသည်မှာ ပယ်ဖျောက်ပစ်၍ မရတော့ချေ။

‘အို... ဘာဖြစ်လို့များ တွေးနေ မိပါလိမ့်၊ သူသေသွား ပြီပဲ။ အေးသွားပြီပေါ့’

ဒေါ်မြင့်မြင့်ကြီးသည် မျက်စိကို စုံမှိတ်ပြီး ဟင်း ကနဲ သက်ပြင်းရှည်ကြီးတချက် ချလိုက်သည်။

သည်ခဏတွင် ဒေါ်မြင့်မြင့်ကြီး နားထဲတွင် စွဲနေသည့် အသံကလေးက ရုတ်တရက် ပေါ်ထွက်လာပြန်၏။

“ဒေါ်ဒေါ်ကြီး....ဒေါ်ဒေါ်ကြီး၊ စံပယ်ချုံ ကလေးကို တော့ ခုတ်မပစ်လိုက်ပါနဲ့နော်”

ဒေါ်မြင့်မြင့်ကြီးသည် အသည်းရော အူပါတုန်ပြီး‘အမယ် လေး’ဟု တခွန်းသာဆိုနိုင်ပြီး သတိလစ် မေ့မြောသွားတော့ သည်။

မောင်ထွေးသည် ဒေါ်မြင့်မြင့်ကြီးရှိရာသို့ အပြေးအလွှား ရောက်လာသည်။ ဒေါ်မြင့်မြင့်ကြီး အနားတွင် မှုန်တေတေ ကလေးရပ်နေသည့် ခြောက်နှစ်ရွယ် ကောင်ကလေးတယောက် ကို မောင်ထွေးတွေ့ရ....

"မင်း– မင်း ဘာလာလုပ်နေတာလဲ။ မင်းဘယ်ကလဲ"

"ကျွန်တော် ဒီအိမ်ကပါ ဦးဦးရယ်။ ဒေါ်ဒေါ်ကြီးကို ကျွန်တော် ဘာမှ လုပ်တာ မဟုတ်ပါဘူး။ သူ့ဘာသာသူ လဲကျသွားတာပါ ဦးဦးရယ်"

ကောင်ကလေးက ယခင်တဲကုပ်ကလေးရှိခဲ့သည့် နေရာကို လက်ညှိုးညွှန်ပြယင်း ဖြေသည်။ စင်စစ် သည်ကောင်ကလေး သည် သေဆုံးသွားသူ မိတူးကလေး၏ မှာထားချက်အရ လာ ရောက် တောင်းပန်နေခြင်းကို ဒေါ်မြင့်မြင့်ကြီးသာသိလျှင်–။



# ကရုဏာရှင်မိခင်

"အော်....ကိုတူး နေကောင်းကြတယ် နော်"

သူ့ အသံသည် ခပ်တိုးတိုး ပင် ဖြစ်သည်။ သို့သော် ကျွန်တော့်ရင်ထဲတွင်မူ ကျယ်လောင်စွာ မြည်ဟည်း၍ ပဲ့တင် ရိုက်ခတ် သွားလေသည်။ 'အော် .. ကိုတူး' ဆိုသည့် အမှတ် မထင် တွေ့လိုက်ရ၍ အံ့ဩ သွားသံ ကလေးမှာ တုန်တုန် ယင်ယင် လှုပ်လှုပ် ရှားရှား။

'နေကောင်းကြတယ်နော်' ဆိုသည့် စကား အစိပ္ပာယ် မှာမူ ကျွန်တော်တို့ နှစ်ယောက် အတွက် အလွန် တာသွား ပေသည်။

ကျွန်တော် ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိသေးပဲ နေရာတွင်ပင် ရပ်နေမိ၏။ အတန်ကြာမှ လှုပ်ရှားသွားရသည့်စိတ်ကို ပြန်ထိန်းကာ "နေကောင်းပါတယ်၊ အခု ဘယ်သွားမလို့လဲ" ဟု ပြန်မေးလိုက်မိ၏။

"ဆေးရုံကိုလေ၊ ဂျူတီ ရှိတယ်" တဲ့။

စင်စစ် သည်အဖြေကိုသူပေးစရာပင်မလိုပါ။ ကျွန်တော်သိပြီးသားပင် ဖြစ်ပါသည်။ သူ- သူနာပြု ဆရာမကလေး ဖြစ်နေကြောင်း ကျွန်တော်သိခဲ့သည်မှာ သုံးလေးနှစ်ပင် ရှိခဲ့ပါပြီ။ ကျွန်တော့်မျက်စိအောက်မှာပင် ဦးထုပ်အဖြူကလေးဆောင်း လုံချည်အနီ ရဲရဲကလေးဝတ်ကာ အလုပ်ဆင်းခဲ့သည်မှာ အခါပေါင်း မရေမတွက်နိုင်ပါပြီ။

ကျွန်တော် တွေးနေဆဲ သူက နှုတ်ဆက်သည်။ "သွားအုံးမယ်" တဲ့။

သူ့မျက်နှာထားကား တစက်မျှမပျက်။ ခပ်ပြုံးပြုံးကလေးပင် နှုတ်ဆက်သွားခြင်းဖြစ်၏။

ကျွန်တော် အတော့်ကို အံ့ဩသွားမိသည်။ သူနှင့် မမျှော်လင့်ပဲ တွေ့ဆုံရ၍မဟုတ်။ သူနှင့်တွေ့ရန် မျှော်လင့် ခဲ့သည်လည်း မဟုတ်။ ဟိုဘက် လမ်းထိပ်နှင့် သည်ဘက် လမ်းထိပ် တလမ်းထဲ နေနေကြသူများဖြစ်သဖြင့် တနေ့မဟုတ် တနေ့ တွေ့ကြရလိမ့်မည်။ ဆုံကြရလိမ့်မည်ဟု သာမန်မျှသာ အတွေးပေါက်ခဲ့၏။ ထို့ကြောင့် သူနှင့် တွေ့ရသည်ကို ကျွန်တော် ထူးထူးခြားခြား မအံ့ဩမိ။



ကျွန်တော်အံ့ဩမိသည်က သူ့စိတ်သဘောထား။ အဘယ်မိန်းကလေးသည် သူနှင့် နှစ်ရှည်လများ ချစ်ကျွမ်းဝင်ခဲ့ပြီး အခြားတပါးသော မိန်းကလေးတဦးကို ကောက်ကာငင်ကာ လက်ထပ်ယူလိုက်သော ယောကျ်ား တယောက်အား စကားကြည်သာ ပြောနိုင်ပါအံ့နည်း။

အဘယ်မိန်းကလေးသည် တယုတယ ပြုစုပျိုးထောင်ခဲ့ရသော ငုံမတ္တာပင်စည် သန်သန်မာမာကြီးကိုပင် ခြေမှုကပ်၍ ဖြတ်ပိုင်း ခုတ်လှဲ ပစ်ရက်သည့် ယောကျ်ား တယောက်ကို ခွင့်လွှတ်နိုင်ပါအံ့နည်း။

ကျွန်တော်သည် သူ ခွင့်မလွှတ်နိုင်ဖွယ်ကောင်းသော သူ၏ တခါက ချစ်သူ၊ သို့မဟုတ် သူသည် ကျွန်တော်၏ တခါက ချစ်ဦးသူ။

'သိပ်ကို ချစ်စရာကောင်းတဲ့ မိခိုင်ရယ်' ဟု ကျွန်တော် အထပ်ထပ် အခါခါ ရေရွတ်မိခဲ့သော ကျွန်တော့် နှောင်းအတိတ်က ချစ်အရိပ်။

* * *

"ကိုတူး၊ မိခိုင်ကို တကယ်ပဲ စိတ်ဆိုးသလားဟင်၊ တကယ့်ကို ခွင့်မလွှတ်နိုင်ဘူးလား"

သူသည် ကျွန်တော့်ကို တချက်စိုက်ကြည့်ယင်း မေး၏။ နဂိုက ရွှန်းတောက်သော သူ့မျက်လုံးသည် ပို၍ အရောင်လက်လာသလိုလို၊ သူ့အသံသည် အတန်ငယ် လှုပ်ခတ်သွားသည်ဟု ကျွန်တော် ထင်လိုက်မိသည်။ သူ့ မျက်လုံးထဲတွင်

မျက်ရည်စများ ဝေ့နေလေမည်လားဟု ကျွန်တော် ထင်သွားမိ၏။

သို့သော် သူကား ဘယ်တော့မှ မျက်ရည်ကျတတ်မည့် မိန်းကလေး မဟုတ်ဟု ကျွန်တော် ထင်သည်။

"ခွင့်မလွှတ်နိုင်ဘူး ဆိုတော့ကော"

"အဲဒီလိုဆို မိခိုင် အံ့ဩရရုံပါပဲ။ ကိုတူး ချိန်းတဲ့နေ့က မိခိုင်မှာ အရေးတကြီးကိစ္စ ပေါ်လာလို့ မလာနိုင်ဘူးဆိုတာ အကျိုးအကြောင်း ရှင်းပြပြီးပြီပဲ ကိုတူးရယ်။ ဒါကို မကျေနပ်ဘူးဆိုတော့လဲ မိခိုင် မတတ်နိုင်တော့ဘူး"

"အရေးမစိုက်တဲ့ သဘောပေါ့နော်၊ ဟုတ်ရဲ့လား။ ဒီမှာ မိခိုင်၊ ကိုယ်တို့ ချစ်ခဲ့ကြတာ နှစ်နှစ်ပြည့်တော့မယ်။ ဘယ်နှစ်ခါများ ချိန်းတွေ့ဘူးသလဲ၊ သမီးရည်းစားရယ်လို့ ဘယ်လို အခွင့်အရေးများ ယူဘူးသလဲ၊ ရိုင်းရိုင်းပြောရယင် မင့်ပါး နမ်းဘူးဖို့ဝေးလို့ လက်ကိုတောင် ကိုင်ခဲ့ဘူးသလား"

"အို—ကိုတူးကလဲ"

ကျွန်တော့်စကားကြောင့် သူ ရှက်သွားသည်။ ပါးမို့မို့ကလေး ရွှေးရောင်လျှမ်းကာ ခေါင်းကလေးငုံ့သွားတော့၏။ ခေါင်းငုံ့ထားလျက်က ကြည်လင် ရှန်း လဲ့ သော မျက်လုံးကလေးများဖြင့် တချက်စွေကြည့်ကာ—

"ဘာတွေ လျှောက်ပြောနေမှန်း မသိဘူးကွယ်။ မိခိုင် ကိုတူးကျေနပ်အောင် မပြောတတ်လို့ စိတ်ညစ်နေတာ သိရဲ့လား။ ပြောစရာစကားတွေ ရှိတယ်ဆို၊ ဟိုနေ့က မပြောရတာ အခု ပြောလိုက်ပေါ့"



"ပြောမှာပါ.... ပြောမှာပါ။ မိခိုင် ဟိုအလုပ် လျှောက်လိုက်တယ်ဆို"

"အော်....သူနာပြုဆရာမ အလုပ်လား"

သူ့ အသံက တည်ငြိမ်သွားသည်။ အမူအရာကလည်း အေးစက်စက်နှင့်။ ဒါကိုကြည့်ပြီး ကျွန်တော် စိတ်တိုလာသည်။

"ဟုတ်တယ် မဟုတ်လား။ မညာနဲ့၊ ကိုယ်ကြားပြီးပြီ"

"မညာပါဘူး ဆရာကြီးရယ်။ လက်စသတ်တော့ ဒါကြောင့် ကိုတူး ဒေါပွနေတာကိုး။ ဟုတ်တယ် ကိုတူးရဲ၊ အခု သင်တန်းတောင် တက်ရတော့မယ်"

"အင်း—ကောင်းပါတယ်—ကောင်းပါတယ်။ ကိုယ် မလုပ်စေချင်တဲ့အလုပ်ကိုမှ ရွေးလုပ်တာကိုး"

"ကိုတူးရယ်၊ ဒါ မိခိုင် ဝါသနာပါတဲ့ လုပ်ငန်းပါ"

"ဘာဝါသနာလဲ၊ အများ အထင်အမြင်သေးတဲ့အလုပ်၊ လူတကာ၊ ယောကျ်ားတကာကို ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ် ပြုစုရတဲ့အလုပ်။ နည်းနည်းပါးပါးလဲ ကိုယ့်ကိုယ်ကို တန်းဖိုးထားအုံးမှပေါ့"

"သိပ်ခက်တာပဲ၊ ကိုတူး အမြင်မှားနေပြီ"

သူ့စကားသည် ကျွန်တော့် ဒေါသကို ပွားစေလေသည်။ ချစ်သူ ကန့်ကွက်ထားသည့် အလုပ်ကိုမှ သူ တမင်လုပ်သည်။ ချစ်သူကိုအရေးမစိုက်။ သည်လိုမိန်းကလေးကို ဆက်ချစ်နေရ—

"တော်ပါပြီ မိခိုင်ရယ်၊ ကိုယ် ဘာမှ အမြင်မမှားဘူး။ ဒါ ဘာမှ မဟုတ်ဘူး၊ ဟိုကောင် မြှောက်ပေးလို့ မဟုတ်လား"

ကျွန်တော် သူ့ကို တိုက်ရိုက်ပင် စွပ်စွဲလိုက်၏။ မခံချင်စိတ်တွေ၊ နာကျည်းစိတ်တွေက ကျွန်တော့် ရင်ထဲတွင် လျှံနေ၏။ ဟိုကောင် ဆိုသည်မှာ ဆေးကျောင်း နောက်ဆုံးနှစ်က— 'ကျော်ဦး'။ သည်ကောင် မိခိုင်ကို လာရစ်နေမှန်း ကျွန်တော် ရိပ်မိသည်။ ပြီး— မိခိုင်ကလည်း ပေါင်းသင်း ဆက်ဆံရေးကောင်းသည်။ မိန်းမ၊ ယောကျ်ား၊ ကလေး၊ အရွယ် မရွေး၊ အဆင့်အတန်းမရွေး ခင်မင်ပေါင်းသင်းတတ်သည်။ ရပ်ကွက်ထဲတွင် သာရေးနာရေးရှိပါက သူ ရှေ့ဆုံးက တက်တက်ကြွကြွ ဖိဖိစီးစီးနှင့်။

တနေ့က ကျွတော် သူ့အလုပ်အကြောင်းမေးမည်ဟု ချိန်းခဲ့ရာ သူ မပေါ်လာ။ အိမ်ဘေးမှ အဆုတ်နာ ရောဂါသည် တယောက် သွေးအန်၍ ဆေးရုံသွားပို့နေရသည်ဟု သူက ဆိုသည်။ ကျွန်တော်က ကိုယ့်အရေး မဟုတ်ပါပဲနှင့် နေရာတကာ ပါတတ်သော သူ့အကျင့်ကို အနည်းငယ်မျှ မနှစ်သက်။ သူများ အပျိုကလေးတွေကဲ့သို့ သိမ်းသိမ်းသန့်သန့်၊ တည်တည် ငြိမ်ငြိမ် နေစေချင်သည်။

နောက်တချက်က ကျွန်တော် ကျော်ဦးကို မနာလို။ သူက ဆေးကျောင်းသားဖြစ်၍ ကျွန်တော့်လို ဘီ-အေ သမားထက် အမျိုးသမီးလောကတွင် ရေပန်းစားသည်။

"မိခိုင်သဘောကို ကိုတူး နားလည်ဖို့ကောင်းပြီ။ မိခိုင် သူများမြှောက်ပေးတိုင်း လုပ်တတ်တဲ့ မိန်းကလေး မဟုတ်ဘူး ကိုတူး"



"အို... ဘာဆင်ခြေမှ ပေးမနေနဲ့တော့။ မိခိုင် စိတ်ကြိုက်သာ နေပေတော့။ ကိုယ် ဘာမှ မပြောတော့ဘူး။ နောက်မှသာ အဆိုးမဆိုနဲ့"

ကျွန်တော်လည်း မပျော့၊ သူကလည်း မပျော့။

ချစ်သူ့အလို မလိုက်ရကောင်းလားဟု သူ့အပေါ် မကျေနိုင် မချမ်းနိုင်၊ မာန်လေးနှင့် မခေါ်မပြော နေလိုက်သည်။

ရည်ရွယ်ချက်မဖျက်သောမိခိုင်ကလည်း ဦးထုပ်အဖြူကလေး ဆောင်းကာ၊ ထမီအနီကလေးဝတ်ကာ ဟန်ကလေးနှင့်။

* * *

ရှုံးသာ တက်နေရသည်၊ စိတ်ထဲက တထင့်ထင့်။ ကျွန်တော့် သားကလေး အတော်ဖျားနေသည်။ မနက်က ရုံးလာခါနီး တခါကြည့်ရုံနှင့် တဆယ့်ခြောက်ကျပ် ပူဇော်ရသော ထိပ်သီး ဆရာဝန်ကြီးထံ ဝင်ပြခဲ့သေးသည်။ ဆေးထိုးပေးသည်။ ဆေးဝယ်တိုက်ခိုင်းသည်။ သို့တိုင် ကလေးက အပူမကျ။ သည့်အတွက် စိတ်ထဲက မကောင်း။

ညနေရုံးအပြန် မသက်သာသေးလျှင် ဆရာဝန်ထံ နောက် တခေါက် သွားပြရပေဦးမည်။ ငွေကုန်မှာကို ကျွန်တော်တို့ မစိုးရိမ်။ အထူးသဖြင့် ကျွန်တော့်ဇနီး မှုမှုနွဲ့မှာ ချမ်းသာသော မိဘမှ ဆင်းသက်လာသူပီပီ ငွေကို ခပ်ဖောဖောသုံးတတ်သည်။ အရာရာကို ငွေဖြင့်သာ ပြီးစတမ်း။ ငွေဖြင့် ဖန်ဆင်းယူလျှင် ဘာမဆို ရနိုင်သည်သာဟု ယူဆထားသော အမျိုးသမီး။

သည်အခိုက် တယ်လီဖုန်းလာသည်။

"သားကလေး တက်သွားလို့ ဆေးရုံသို့ပို့လိုက်ရသည်" တဲ့။

သည်တော့ ကျွန်တော့်မှာ ငယ်ထိပ် မြွေခဲသည့်နှယ်။ ခြေဖျားလက်ဖျားအေးကာ ထူပူမူးနောက်သွားရသည်။

ကျွန်တော့်သားကလေးရှိရာသို့ မည်သို့မည်ပုံ ရောက်ရှိသွားသည်ဟုပင် မသိပါ။

သား....သား၊ ကျွန်တော့်နှလုံးသည်းပွတ်ဖြစ်သော သားကလေးသည် ပက်လက်ကလေး ငြိမ်လျက်။ အသက်မှ ရှိသေးရဲ့လားဟု သားလက်ကလေးကို မဝံ့မရဲ စမ်းကြည့်မိ၏။

"သက်သာသွားပါပြီ၊ မှိန်းနေတာပါ"

ကျွန်တော် နားယဉ်ခဲ့သော အသံ။

"အော်...."

ကျွန်တော်သည် သားလက်ကို ဆုပ်ကိုင်ထားလျက်က မိခိုင်ကို ငေးနေမိ၏။

သားအတွက် သောကရောက်ရလွန်း၍သာ သားကို ရေခဲအုပ်ပေးနေသည့် ဆရာမကို ကျွန်တော် မမြင်ခဲ့။

မိခိုင်ကမူ ကျွန်တော့်ကို လည်းကောင်း၊ ခပ်ဝေးဝေးတွင် ရပ်၍ကြည့်နေသူ မူမူနွဲ့ကိုလည်းကောင်း လုံးဝမကြည့်ပေ။ သူ့စိတ်သည် သူ့အလုပ်ပေါ်တွင်သာ ရောက်နေပုံရ၏။ သူသည် သူ့အလုပ်တာဝန်ကို သေသပ်သွက်လက်စွာ ဆောင်ရွက်နေလေသည်။

သည်အခိုက်မှာပင် သားကလေးက ထပ်အန်ပြန်သည်။ အသာအယာ ပွေ့ချီထားသော မိခိုင်ကို အန်ဖတ်လူးကုန်တော့၏။

"ကိစ္စမရှိပါဘူး၊ပြီးတော့ အဝတ်လဲလိုက်ယင်ရပါတယ်"



ကျွန်တော့်အားနာဟန်ကို ကြည့်ကာ မိခိုင်က စကားပြေပြော၏။

ကျွန်တော့်ဇနီး မူမူနွဲ့က မလှမ်းမကမ်းမှ ရပ်ကြည့်နေရာက သူပါ ပျို့အန်လာလေသည်။ မူမူနွဲ့သည် အလွန်ရွံတတ်သည်။ ကြောက်လည်း ကြောက်တတ်သည်။ယခုတောင် သူ့ရင်သွေးမို့ သူရပ်ကြည့်နေခြင်း ဖြစ်သည်။ တစိမ်းပြင်ပြင်သာဆိုလျှင် သူမျက်စိလွှဲ ရှောင်ထွက်သွားမည်မှာ သေချာလှသည်။

သားကလေး သက်သာကာရှိသေး၊ နောက်ထပ် ကလေးတယောက် ရောက်လာပြန်သည်။

မိခိုင် ပျာယာခတ်ရပြန်သည်။သွေးများဖြင့်ဒလိမ်းထိုးလာသည့် ကလေးကို မရွံ့မရှာ ပြုစုပေးနေပြန်သည်။ ကျင်လည်ဖျတ်လတ်စွာ လုပ်ကိုင်နေပုံမှာ အံ့သြစရာပင်။ သူ့အလုပ်ကို သူ စိတ်ဝင်စားလွန်းသဖြင့် သူ့အမူအရာမှာ ရင့်ကျက်တည်ငြိမ်လွန်းလှသည်။

ခဏကြာသော် သူအနားသို့ ရောက်လာပြီး— "ကလေးအတွက် အစောင့်တယောက်လောက် ထားနိုင်ယင် ကောင်းပါတယ်"ဟု လေသံမှန်မှန်ဖြင့် လာပြော၏။

မူနှင့်ကျွန်တော် တိုင်ပင်ရပြန်သည်။မူက သူမအိပ်နိုင်၊သားကလေးကို သူကြည့်မနေရဲဟု ဆိုသည်။ သည်တော့—

"ကျွန်တော်ပဲ စောင့်အိပ်ပါ့မယ်"

မိခိုင်က လှစ်ကနဲ ပြုံးသည်။ကျွန်တော်သာမြင်လိုက်ရသည့် အပြုံး။

"ဒီမှာ အမျိုးသားစောင့်ခွင့် မရှိပါဘူး"

ကျွန်တော် မူ့ကို ကြည့်လိုက်မိ၏။ မူကလည်း ဘာမျှ မပြော။ ကျွန်တော် နောက်ဆုံး အရဲစွန့်ကာ—

"ဆရာမက ညဂျူတီ မဟုတ်ဘူးလား ခင်ဗျာ"

ကျွန်တော့်အသံတွင် သူ့ကို အားကိုးသည့်သဘော၊ သူ့ အကူအညီကို ယူလိုသည့်သဘော ပါသွားကြောင်း ကျွန်တော် သိလိုက်ပါသည်။

"ဆရာမက လေးနာရီဆိုယင် တာဝန်ကုန်ပါပြီ" တဲ့။

ကျွန်တော်က 'ဆရာမ'ဟု ခေါ်၍ သူကလည်း အရွဲ့တိုက်ကာ 'ဆရာမ'ဟု တမင်သုံးမှန်း သိပါသည်။ သို့သော် ကျွန်တော် သူ့ကို စိတ်ဆိုး၍ မရတော့ပါ။

"ဒီမှာ ဆရာမရဲ့၊ စောင့်အိပ်ဖို့ လူငှားလို့ မရဘူးလား ရှင်။ဘယ်လောက် ပေးရပေးရပါ။ငှားလို့ရယင် ငှားပေးစမ်းပါ။အဲဒါကြောင့် ဆေးရုံဆို စိတ်ပျက်တာ မောင်ရဲ့။ စည်းကမ်းတွေက သိပ်များတာ"

သူ့စကားကြောင့် မိခိုင် ပြုံးပြန်၏။ မူက တတောင်ခန့်ရှိသော သူ့လက်ဆွဲအိတ်ကို ဇတ်ကနဲဖွင့်ကာ ငွေစက္ကူထပ်ကို ဆွဲထုတ်လိုက်ပြီး-

"ဆရာမ၊ ဒီမှာ ငွေသုံးရာ၊ နောက်လိုယင်လဲ ပြောပါ။ လူစောင့်ကိုတော့ ဆရာမပဲ ရအောင်ရှာပေးပါ"

"ကောင်းပါပြီ အစ်မကြီး၊ ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပါမယ်"

မိခိုင်သည် အပြုံးမပျက် ပြောယင်း ငွေများကို လက်ခံထားလိုက်၏။



ကားပေါ်သို့ ရောက်သည်နှင့် မူက "တွေ့လား၊ငွေပေးလိုက်တော့ ချက်ချင်း ခေါင်းညိတ်တာပဲ။ နို့မဟုတ်ယင် ဂျီးဂျများနေအုံးမှာ၊ ခုတော့ ဘယ်လောက်လွယ်လဲ"

ကျွန်တော် မူ့စကားကို မကြိုက်ပါ။သို့သော် ထုံးစံအတိုင်း နှုတ်ပိတ်ရင်း သူ့ စိတ်သဘောအတိုင်း လိုက်နိုင်လျှင် အားရပါးရ ထောက်ခံပြီး သူ့သဘောနှင့် ကိုယ့်သဘော မကိုက်ညီပါက ဆိတ်ဆိတ်နေတတ်သောအကျင့် ကျွန်တော် ရခဲ့သည်မှာ ကြာပြီ။

သို့သော် ကျွန်တော်သိသည်။ မိခိုင် ငွေတွေကို ယူထားလိုက်သည်မှာ ဒီ့ပြင်အကြောင်း ရှိပေလိမ့်မည်။ဘာအကြောင်းမှန်းတော့ ကျွန်တော် မသိ။

* * *

သည်ကနေ့ သားကလေး ဆေးရုံမှ ဆင်းသည်။ ကျန်းကျန်းမာမာ၊ရွှင်ရွှင်လန်းလန်း။ ဆေးရုံတွင် စုစုပေါင်း ဆယ့်ငါးရက် နေခဲ့ရသည်။အူရောင်ငန်းဖျား ဝင်သောကြောင့်တဲ့။

ယခုတော့ ကျန်းမာပကတိ ချမ်းသာစွာရှိပြီ။ အားလုံး ပျော်ကြသည်။ မူလည်း သားကိုဖက်ကာ တရှုပ်ရှုပ်နမ်းသည်။ ဒါကိုကြည့်ကာ ကျွန်တော် ကြည်နူးရသည်။

"သားရေ၊ ဆရာမကို ကျေးဇူး အများကြီး တင်ပါတယ် ခင်ဗျာလို့ ပြောပြီး ရှိခိုးလိုက်"

သားက ကျွန်တော် သင်ပေးသကဲ့သို့ဆိုကာ မိခိုင်ကို ရှိခိုးသည်။ ဒါကို မူက မနှစ်သက်သော မျက်နှာထားဖြင့် ကျွန်တော့်ကို ကြည့်သည်။

"ကျေးဇူးတင်ဖို့မလိုပါဘူး သားသားရယ်။ နေမကောင်းဘဲလူကို ပြုစုရမှာ ဆရာမတို့တာဝန်ပါ။ အော်...အစ်မကြီးကို ပြောဖို့ မေ့တော့မလို့၊ သားသားကို စောင့်အိပ်ပေးတဲ့အတွက် ကျွန်မကို ငွေသုံးရာ ပေးခဲ့တယ်နော်"

"ဟုတ်ပါတယ်၊ နည်းနေလို့လား"

"အို...မနည်းပါဘူး၊ အဲဒီငွေတွေကို ဟောဒီဆေးရုံမှာ လိုအပ်တဲ့ ကလေးခြင်ထောင်တို့၊ အိပ်ရာခင်းတို့ ဝယ်ဖို့အတွက် ကျွန်မ အလှူငွေ ထည့်လိုက်ပါတယ်။ အစ်မကြီးတို့ သဘောတူပါတယ်နော်"


"အော်... ဒါလား၊ ဘာမှ သဘောမတူစရာအကြောင်း မရှိပါဘူး ဆရာမရယ်၊ ဆရာမငွေ ဆရာမ လှူတာပဲဟာ"

"ဒီလိုမဟုတ်ဘူးရှင့်၊ အစ်မကြီးတို့နာမည်နဲ့ လှူလိုက်တာပါ။ ဟောဒီမှာ ဖြတ်ပိုင်းပါ။ သားသားနာမည်လဲ ထည့်လိုက်တယ်နော်၊ သားသား ကုသိုလ်ရအောင်လို့"

မူသည် ဖြတ်ပိုင်းစာရွက်ကိုတလှည့်၊ မိခိုင်ကိုတလှည့် ကြည့်ကာ အံ့အားသင့်နေပုံရသည်။

ကျွန်တော်ကမူ စိတ်ထဲက တိတ်တခိုး ပြောနေမိပါသည်။

'ငါဟာ နဂါးပဲလို့ အမောက်ထောင်ပြမနေပါနဲ့တော့ မိခိုင်ရယ်။ မိခိုင်ရဲ့ ဖြူစင်တဲ့ စိတ်သဘော၊ နာကျည်းမှုကို စေတနာ သန့်သန့်နဲ့ ထေပစ်တတ်တဲ့ သဘောတွေကို ကိုယ်နားလည်ပါပြီ။ မိခိုင်ဟာ စင်စစ်တော့ ကရုဏာရှင် မိခင်၊ ချစ်ကြင် ကြည်ညိုစရာကောင်းတဲ့ မိန်းကလေးပါ။ ကိုယ့်ကို ခွင့်လွှတ်ပါလေဦးတော့....'



# အရောင်မဲ့အရိပ်

မနေ့တနေ့က အထိ ကားဖြင့် ဗိကန်၊ လှစ်ကန် သွားခဲ့ရသော ဈေးကို ယနေ့ ခြေကျင်လျှောက်လာခဲ့ရသဖြင့် ခရီးပို ဝေးနေသလိုခံစားနေရ၏။ လောလောလတ်လတ် ပင်စင်ယူခါစ အရာရှိကတော်တဦးမို့ စိတ်ဓာတ်အင်အား လျော့ပါးဆုတ်ယုတ် နေသည်ကို ခံစားနေရသော်လည်း ရုတ်တရက် လက်မခံချင်။ ခါတိုင်းလိုပင် ရှင်ရှင်လန်းလန်းနေနိုင်အောင် ကြိုးစားယင်း စိတ်တွင် ကြည်လင်ချမ်းမြေ့မှု၊ ကိုယ်ခန္ဓာတက်ကြွ သွက်လက်မှု မရှိသည်ကို ဒေါ်ခင်ရီမြင့် သိသာစွာ ခံစားနေရသည်။

'အော်… တော်တော်လှမ်းသေးတာပဲ'

ဈေးဆီသို့ မျှော်ကြည့်ယင်း တုံ့နှေးစပြုလာသော ခြေထောက်တို့ကို မောင်းတင်လိုက်၏။ သို့တိုင် ဗွက်ထနေသည့် မြေလမ်းမပေါ်တွင် သူ သွက်သွက် မလျှောက်နိုင်၊ မလျှောက်တတ်။ လက်ထဲတွင် ပလတ်စတစ် ခြင်းတောင်းကြီး ဆွဲခဲ့ရ၍ တကြောင်း၊ လျှောက်နေကျလမ်းမျိုးမဟုတ်၍ တကြောင်း၊ သည်လောက်ဝေးဝေး လမ်းလျှောက်လေ့မရှိခဲ့၍ တကြောင်း၊ ရွှံ့များဖြင့် ပေကျံနေသည့် ရာဘာဖိနပ်က ချော်ချော်နေ၍ တကြောင်း၊ အမျိုးမျိုးသော အကြောင်းကြောင်းတို့ကြောင့် သူ့နောက်အတော်လှမ်းလှမ်းကလိုက်ပါလာသော ဈေးသည်မသုံးဦးပင် စကား တပြောပြော၊ ရယ်သံ တသောသောနှင့် သူ့ကို ကျော်တက်သွားကြသည်။

"ရွှေမန်းလာမှာတဲ့အေ့နော်၊ ငါတို့တော့သုံးညကြည့်မှာ။ ဒေါ်မြအေးတို့အဖွဲ့နဲ့ ဖျာစပ်တူ ဝယ်ကြည့်မှာ၊ ညွန့်ဝင်းလဲ ပါလာမှာတဲ့အေ့"

"တို့တော့ စိန်မဟာသဘင်ပဲဟေ့၊ ပဋိက္ခရားမှာ ရဲစိန်က သိပ်တော်တာအေ့"

"ကျုပ်လဲ အမေမသိအောင် ကျပ်ပြားလေးတွေခိုးစုထားတာ နှစ်ဆယ့်ခြောက်ကျပ်တောင်ရပြီ မမစိန်ရဲ့"

"စုထား—စုထား၊ ဒါမှ ညတိုင်း ညီဝင်းစိန်ကို ငါးကျပ်တန် စံပယ်ကုံး လက်ဆောင်ပေးနိုင်မှာ"

"အမယ်—မမစိန်ကလဲ၊ ကျုပ်တယောက်ထဲ မဟုတ်ပါဘူးနော်၊ မိလှရီလဲ မြို့တော်မောင်မောင်သိန်းကို ဒူးယားသုံးဗူး



လက်ဆောင်ပေးတာပဲ၊ အောင်ထူးက သွားပို့ပေးရတာတဲ့။ သူ့တောင် လမ်းမှာ တဗူး ဖောက်သောက်ခဲ့သေးတာတဲ့တော့်"

"ကြည့်စမ်း၊ သေချင်းဆိုး မသာ။ ခုမှ ငါသိတယ်၊ လာပေ့စေအုံး၊ ဈေးလယ်ခေါင်မှာကို တုတ်ပစ်လိုက်စမ်းမယ်"

"မလုပ်ပါနဲ့ ကောင်မရယ်၊ အောင်ထူးက ညည်းကို ချစ်ရှာပါတယ်။ ဒီကောင်လေး မဆိုးဘူးနော်။ ဈေးထဲ ကူလီထမ်းတာလဲ တနေ့တနေ့ ငါးကျပ်၊ တဆယ် ရတာ၊ ညည်း သိပ်စဉ်းစားမနေနဲ့"

"အောင်မယ်၊ မမစိန်ကြီး အောင်သွယ်ခ ဘယ်လောက်ရတယ် မသိဘူး"

"ဟင်းနော်၊ ငါက စေတနာနဲ့ ပြောနေတာ၊ လင်ယူမှားယင် ငါ့လို ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနေရမှာစိုးလို့ ပြောတာဟဲ့"

မုန်လာဥတွေ၊ ချဉ်ပေါင်စည်းတွေ၊ ခဝဲသီးတွေ ထိုးထိုးထောင်ထောင် ဖြစ်နေသည့် တောင်းကြီးများကို ရွက်ယင်း လှုပ်ရှား သွားလာနေကြပုံမှာ သွက်လက်လွန်းလှပေသည်။ သူတို့သည် လွတ်လပ် ပျော်ရွှင်စွာပင် လျှောက်နေကြသည်။ တဦးကဆို ဗိုက်ကြီး တငေါ့ငေါ့နှင့်။ သည်မျှ ပင်ပန်းဆင်းရဲသည့်ဘဝတွင် ပျော်ရွှင်တက်ကြွစွာ နေနိုင်ကြသေးသည်ကို ဒေါ်ခင်ရီမြင့် အံ့သြနေသည်။

"အလို…ဒါက ဘာလုပ်နေကြပြန်တာပါလိမ့်၊ ဟင်း"

ဒေါ်ခင်ရီမြင့် ကပျာကယာမျက်လုံး လွှဲလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် ချုံဖုတ် ခပ်ရှုပ်ရှုပ်ရှိသည့် နေရာရောက်သော်

ကိုယ်စန်ဆောင် ဈေးသည်မက ဟိုကြည့်သည်ကြည့် ကြည့်ပြီး အပေါ်သွားဟန် ပြင်လိုက်သောကြောင့်ပင်။ ကျန် မိန်းကလေး နှစ်ယောက်ကပါ—

'လမ်းမကြီးပေါ်တောင် မရှောင်ဘူး၊ တော်တော်ပက်စက်တဲ့ မိန်းမတွေ'

သူတို့ လမ်းလယ်ခေါင်တွင် အလုပ်ရှုပ်လိုက်ကြသဖြင့် ဒေါ်ခင်ရီမြင့် သူတို့ကို ပြန်မီလာသည်။

သည်အခိုက် ...။

ကားတစီး ဝှီးကနဲ ဖြတ်ကျော်သွားသည်။

ရှုံ့စက်များ ဒေါ်ခင်ရီမြင့်၏ နှစ်ရာ့ အစိတ်တန် အင်ဒိုနီးရှား ပါတိတ်လုံချည်ကို ပြေးကပ်လာသည်။ တော်တော့တော်သေးသည်။ သည်လုံချည်က လေးငါးကြိမ် ဖွပ်လျှော်ပြီးသား တပတ်နွမ်းမို့။ စိတ်တိုတိုနှင့် ကားထဲ လှမ်းကြည့်လိုက်တော့ အဖော်တဦးနှင့် ရယ်ကာ မောကာ စကားပြောသွားသော ဝန်ထောက်ကတော်ပေါက်စ ဒေါ်ဝေဝေဟန်ကို မြင့်လိုက်ရ၏။

'ရိုင်းလိုက်တာ၊ တော်တော့ကို ရိုင်းတယ်။ အိမ်က ကိုကိုပင်စင်မယူခင်လေးတင် သူ့မောင်လေးအတွက် အလုပ်ပေးဖို့လာအပူကပ်သေးတာ။ ခုတော့ လမ်းတွေ့တာတောင် နှုတ်ဆက်ဖော်မရဘူး။ ဒရိုင်ဘာကလဲ လမ်းလျှောက်သွားနေရတဲ့ လူတွေကို နည်းနည်းတော့ အားနာဖို့ကောင်းပါတယ်'

ကိုယ်ကိုယ်တိုင် ကားစီးခဲ့ရစဉ်က လမ်းပေါ်က လူတွေကို ဂရုပြုမိခဲ့ပါလေစ ဟူ၍တော့ သူ့ကိုယ်သူ မဆန်းစစ်မိ။ ကားသံ



ကြားလျှင် တိမ်းပေးကြလိမ့်မည်ဟူသော အသိသာ ရှိခဲ့ကြောင်း ယခု သူ မေ့လျော့နေပေပြီ။

ဈေးသည်မတွေက ကားသမားကို အော်ဟစ် ကျိန်ဆဲယင်းကျန်ရစ်၏။ ပြီးတော့—

"အန်တီ့ ပါတိတ်လှလှလေး ရှုံ့တွေပေကုန်ပြီ။ မိကြွယ်၊ ညည်းလင်ကို ကား ဖြည်းဖြည်းမောင်းဖို့ ပြောထားအုံး၊ ဒီမှာ အန်တီ့ လုံချည်လေး နှမြောစရာဟယ်"

"ဟင်းနော်။ အန်တီ၊ အန်တီ့ ပါတိတ်က အင်ဒိုနီးရှား ပါတိတ်လားဟင်၊ သုံးရာကျော်ဆိုတာ ဟုတ်လား ဟင်"

လုံချည်ပေါ်က ရှုံ့စက်များကို သုတ်ပစ်နေသည့် ဒေါ်ခင်ရီမြင့်ကို စပ်စုနေကြပြန်သည်။ နှုတ်ကြမ်း၊ လျှာကြမ်း ပြောတတ်သည့် ဈေးသည်မတွေနှင့် အချေအတင် ပြောမနေချင်သဖြင့် 'အေး' ဟု တခွန်းသာဖြေပြီး မျက်နှာထား တည်ထားလိုက်၏။ နောက်တချက်က 'အန်တီ' 'အန်တီ'နှင့် တတီတီထိတ်နေကြသည်ကို နားခါးနေသည်။ တကယ်တော့ ဒေါ်ခင်ရီမြင့် တသက်မှာ သူ့ထက်နိမ့်ကျသူ မည်သူကမျှ 'အန်တီ' ဟု မခေါ်ခဲ့ကြ။ အားလုံးက 'မမ' ဟုသာ ခေါ်ခဲ့ကြသည်။ သူကိုယ်တိုင်ကလည်း တပည့်တပန်းများနှင့် ဆက်ဆံပြောဆိုလျှင် 'မမ' 'မမ'နှင့်သာ သုံးစွဲခဲ့သည်ကိုး။ သူ့ထက် မြင့်သူများကမူ 'မစွက်မောင်မောင်မြင့်' ဟု ခေါ်ကြပြီး၊ ဂုဏ်ရည်တူများက 'ရီ' ဟု ခေါ်ခဲ့ကြသည်။ ယခု ဈေးသည်မတွေကမူ—

"မမက သိပ်နူတာပဲ၊ အလှလဲ တစက်မှ မပျက်သေးဘူး၊ မသိတဲ့လူသာဆို မမကို သုံးဆယ်ကျော်လောက်ပဲ ထင်မှာ။ မမက သိပ် ကုသိုလ်ကောင်းတာပဲ၊ တကယ်၊ တကယ်"

အိမ်ကကိုကို နောက်ဆုံး အလုပ်လုပ်ခဲ့သည့် ရုံးကြီးမှ စာရေးမလေးများက သည်အတိုင်း မှတ်ချက်ချခဲ့ကြသည်မှာ ဘာကြာသေးလို့တုံး။ ဒေါ်ခင်ရီမြင့်ရင်ထဲ မကျေနပ်မှုတွေ တိုးသည်ထက် တိုးလာသည်။

တကယ်တော့ သည်ကနေ့မနက်သည် ဒေါ်ခင်ရီမြင့်အတွက် ဘာဝ အပြောင်းအလဲ တဆစ်ချိုးကွေ့ကလေး မဟုတ်ပါလား။ သူ့ခင်ပွန်း အရာရှိကြီး ဦးမောင်မောင်မြင့် အငြိမ်းစားယူသည့် အစ ပထမနေ့ မဟုတ်ပါလား။

အခါတိုင်း အိပ်ရာနိုးလျှင် ကြက်ဥ၊ ပေါင်မုန့်နှင့် ကော်ဖီက စားပွဲပေါ်တွင် အဆင်သင့်။ ထမင်းချက် မောင်အေးက တာဝန်ယူရခြင်းပင်။ ဈေးကိုလည်း ကိုယ်တိုင် သွားစရာမလို။ ယခုလို မိုးတွင်းကာလ စိုစိုစွတ်စွတ် ညစ်ညစ်ပတ်ပတ်ဆိုလျှင် ဒေါ်ခင်ရီမြင့် ဘယ်တော့မှ ကိုယ်တိုင်မသွား၊ အိမ်ဖော်ကောင်းမလေး ညိုပုကို လွှတ်စမြဲ။ ညိုပုကလည်း ကားဖြင့် သက်သက်သာသာ သွားရ၍တကြောင်း၊ ဈေးဖိုးမှပိုသောအကြွေလေးများကို အပိုင် သိမ်းရ၍ တကြောင်း၊ ကားမောင်းသူ ကိုထူးနှင့် နှစ်ပါးရည်တူ ကြည်ဖြူစွာ စကားပြောနိုင်ခွင့်ရ၍တကြောင်း ဈေးသွားရသည်ကို မည်သည့်အခါမှ မငြင်း၊ မငြိုငြင်။ တခါတရံ ညှော်ကောင်းစောင်ကောင်းများကို အထူး စိမ်ချက်ပြုတ်ကျွေးမွေးစရာ ပွဲလမ်းရှိပါမှ ဒေါ်ခင်ရီမြင့်



ကိုယ်တိုင် သွားသည်။ ထိုအခါ ကားမောင်းသူ ကိုထူးနှင့် အိမ်ဖော် ညိုပုတို့က နောက်ပါးမှ ခြင်းတောင်းကိုင်များ အဖြစ်။

သည်ကနေ့တော့ အိပ်ရာကနိုးနိုးချင်း စိတ်တိုစရာများချည့် တွေ့ရသည်။ စားပွဲပေါ်မှာမုန့်၊ ကော်ဖီ အဆင်သင့်မရှိ။ မီးဖိုထဲ ဝင်တော့ ရေနွေးအိုးက အငွေ့ တထောင်းထောင်း။ အောက်ခေါ်မှ ညိုပုအပြေးအလွှားရောက်လာသည်။ ညှော်ခန်းထဲ လှည်းကျင်းနေရ၍ ကော်ဖီ မဖျော်ရသေးသည့် အကြောင်း ဆင်ခြေလဲရှာသည်။

"အိပ်ရာက နိုးနိုးချင်း ငါ ကော်ဖီ သောက်တတ်တယ် ဆိုတာ ညည်းမသိဘူးလား ညိုပု၊ ကော်ဖီ အရင်ဖျော်မှပေါ့၊ ညှော်ခန်းက ဒီလောက်အစောကြီး ဘယ်ညှော်သည်လာမှာမို့တုံး။ ဖျော်စမ်း မြန်မြန်"

ဝမ်းမီး တောက်လောင်မှု ငြိမ်းအေးသွားမှ တယောက်တည်းနှင့် အိမ်ရှေ့ရော မီးဖိုချောင်ပါ အလုပ်များနေရသည့် ညိုပုကို သနားစိတ် ဝင်လာသည်။ အင်း– ခါတိုင်းတော့ မောင်အေးရှိနေတာကိုး။ ခက်တယ်လေ၊ မောင်အေးကလဲ ထမင်းကျွေးရတဲ့အပြင် လခ,က တရာ့ငါးဆယ် ပေးရသေးတော့ ကြာရှည်တတ်နိုင်မှာမဟုတ်ဘူး။ ကိုကို့ ပင်စင်ကလဲ ငါးရာကျော်ကျော် လေးရယ်၊ ညိုပု တယောက်ကိုတောင် အနိုင်နိုင် ထားရမှာ။ ဒါတောင် သူ့အမေက တလ ခြောက်ဆယ် လိုချင်တာတဲ့။ ငါးဆယ်ပဲယူဖို့ မနည်း လှည့်ပတ်ပြော

ထားရတာ။ တယောက်တည်း ဟိုတွေးသည်တွေး တွေးယင်း စိတ်မောနေတော့သည်။

"ဈေးသွားမယ် ဟေ့" ဟု ပြောလိုက်တော့ သူ့ရှေ့သို့ ညိုပုက ဈေးခြင်းတောင်း လာချပေးရာ သူ နားမလည်နိုင်ပဲ ညိုပုကို မော့ကြည့်လိုက်မိ၏။ ခဏနေမှ ထမင်းချက် တာဝန်ကိုပါ ယူနေရသည့် ညိုပုအဖြစ်ကို ပြန်သတိဝင်လာသည်။

"ကျွန်မ သွားလိုက်ရမလား မမ"

"နေပေ့စေအေ၊ ငါပဲ သွားလိုက်ပါ့မယ်"

မီးဖိုထဲဝင်ပြီး ပြာတွေနှင့် လူးနေရတာနှင့်စာလျှင် ဈေးဝယ်ရသည်ကမှ သက်သာလိမ့်ဦးမည်ဟု ဒေါ်ခင်ရီမြင့် ယူဆသည်။ ချမ်းသာ၍ အလိုလိုက်သော မိဘ လက်ထဲကနေ ဂုဏ်ရှိန်မြင့်၍ အခြေအရံ ပေါများသော၊ မယားကို လွန်စွာ ချစ်မြတ်နိုးသော လင်ယောကျ်ားလက်ထဲသို့ တက္ကသိုလ်ပညာ တပိုင်းတစဖြင့် ရောက်ခဲ့သည့် ဒေါ်ခင်ရီမြင့်သည် သူ့တသက်တွင် မီးဖိုချောင်ထဲသို့ မှတ်မှတ် ရရ မဝင်ခဲ့ဘူးချေ။ ထို့ကြောင့် အပျိုဖြန်းအရွယ် ဆယ့်သုံးနှစ် သမီးတုန်းကလည်း လက်သည်းရှည် ထားခဲ့သည်။ ယခု မြေးများ၏ ဘွားဘွား အဖြစ် ငါးဆယ့်သုံးနှစ်ကျော်တော့လည်း လက်သည်းရှည် ထားနိုင်ဆဲ။ ပြီးတော့ ဒေါ်ခင်ရီမြင့် အကျင့်က နှုတ်ခမ်းနီဆိုးခြင်းနှင့် လက်သည်းရှည် ဆေးဆိုးခြင်း။ မီးဖိုထဲဝင်ပြီး ချက်ပြုတ် လုပ်ကိုင် နေရ မှဖြင့် လက်သည်းရှည်တွေထဲ ချေးဝင်ကုန်မှာ၊ ကျိုးကုန်မှာပေါ့။



သည်လို တွေးယင်း စိတ်ပျက်ပျက်ဖြင့် လာခဲ့ရသည်။ လမ်းပေါ်ရောက်တော့ စိတ်မကျေနပ်စရာတွေ ပိုတွေ့လာရသည်။ လျှောက်ယင်း လျှောက်ယင်း ညောင်း ညောင်း လာတော့ အိမ်က ကိုကို့ ကို အပြစ်တင်မိပြန်သည်။

ဒါကြောင့် ပင်စင်မယူခင် ကားလေးတစီးလောက် ဝယ်ထားပါဆိုတာ မဝယ်ဘူး။ (နိုင်ငံခြား)က ပါလာတဲ့ ကားလေးကိုလဲ ရောင်းပစ်တာ သိပ်နှမြောဖို့ကောင်းတာပဲ။ အဲဒါတွေလဲ သူ အရည်ဖျော်ပစ်လို့ ကုန်တာ။ ခုတော့ အိမ်လေးတလုံးတောင် အနိုင်နိုင်။ သူကိုယ်တိုင် တချပ်မှောက်ဝိုင်းတွေမှာ ရှုံးပစ်ခဲ့သည့်ငွေများကိုတော့ ထည့်မစဉ်းစားမိ။ မေ့ချင်ဟန် ဆောင်နေတာလည်း ဖြစ်နိုင်သည်။ အမှန်မှာ ဒေါ်ခင်ရီမြင့် က လှလှနေ၊ ပေါ့ပေါ့စား၊ များများကစားတတ်သူပင်။ အိမ်က ကိုကို ဝန်ထောက်ဘဝနှင့် ရန်ကုန်နေရစဉ်က မြင်းပွဲကိုပင် မီလိုက်သေးသည်။ အတော်ပျော်စရာကောင်းခဲ့သည်ပဲ။

"အို...ရီပါလား၊ လမ်းလျှောက်လာရတာလား၊ အဝေးကြီးဟာကိုကွယ်၊ ဂရေစီ စောင့်နေမယ်လေ၊ ကား ပါပါတယ် ရီရဲ့"

"သိုင်းကျူး ဂရေစီ၊ နေပါစေတော့၊ အညောင်းပြေ လျှောက်လာလိုက်တာပါ။ ကျေးဇူးပါပဲ"

"အားနာလို့လား ရီရဲ့၊ အေးအေးဆေးဆေး ဝယ်ပါ၊ စောင့်နိုင်ပါတယ်။ ဒါလင်က ပင်စင်ယူလိုက်ပေမယ့် ဌာနမှာ

သူမရှိယင် မဖြစ်ဘူးဆိုပြီး လူကြီးတွေက ပြန်ခန့်ထားတာလေ၊ ကားတစီး ပေးထားတယ်လေ”

“ဟုတ်လား၊ ကံကောင်းတာပေါ့ကွယ်၊ ဝမ်းသာစရာပဲ။ ဒါပေမယ့် ဒုက္ခခံပြီးမစောင့်ပါနဲ့တော့၊ ရီက ဈေးဝယ်ယင်ကြာတယ်၊ သွားမယ်နော်”

နှုတ်လည်းဆက်၊ထွက်လည်းထွက်။ သို့မဟုတ်ပါက နှုတ်များသကာလို ချိုပြီး နှလုံးသားကတမာလိုခါးသည့် ဂရေစီ စကားတွေကို သူ ဆက်ကြားနေရဦးမည်။ သို့တိုင် ဒေါ်ခင်ရီမြင့် နားထဲတွင်—

“သူ မရှိယင် မဖြစ်ဘူးဆိုပြီး လူကြီးတွေက ပြန်ခန့်ထားတာလေ” ဟူသော စကားကို မခံချိ မခံသာ ပြန်ကြားနေသည်။

ဒေါ်ပွပွနှင့် ဈေးထဲရောက်ခဲ့သည်။အသားတန်းဆီ ဦးစွာဝင်ခဲ့၏။ ဝက်သားတော့ ဝယ်လို့မဖြစ်၊ အိမ်က ကိုကိုရောသူပါ သွေးတိုးနည်းနည်းရှိသဖြင့် ရှောင်ရမည်။ ဆိတ်သားတော့လည်း သိပ်မကြိုက်သဖြင့် နောက်ဆုံး ကြက်ခြောက်ဆယ်သား တကောင်လောက် ဝယ်ရန် ဆုံးဖြတ်လိုက်သည်။

ခြင်းထဲသို့ ကြက် ရောက်လာသည်နှင့် သိသိသာသာကြီး လေးလာသည်။လက်မောင်းမှာမချိတ်တော့ပဲ လက်ကဆွဲလာရသည်။ ကြက်ကလေးတကောင်မှာ သူ့အတွက် ဝန်ထုပ် ဝန်ပိုးကြီး ဖြစ်နေသည်။

“ဟိတ်—ကြည့်စမ်း၊ မခင်ရီမဟုတ်လား၊ဟာ—အစစ်ပေါ့။ ဝမ်းသာလိုက်တာဟယ်”



ပြာလဲ့လဲ့ စူးရှရှ အသံရှင်ကို ဒေါ်ခင်ရီမြင့် လှည့်ကြည့်လိုက်၏။ မျက်မှန်ကြီးနှင့်၊ အသားညိုညို၊ ပိန်ကပ်ကပ် မိန်းမကြီးတယောက်။ မသိပါလား၊ ဘယ်သူများပါလိမ့်၊ လူကိုလဲ မခင်ရီတဲ့။ ခေါ်ပုံက ရိုင်းလိုက်တာ။

“မမှတ်မိဘူးထင်တယ်”

ရင်းနှီးစွာဖြင့် ဒေါ်ခင်ရီမြင့်၏လက်မောင်းကိုဆွဲကာ ပြုံးနေပြန်သည်။

“ကျွန်မ ထွေးထွေးလေ။ မန်းတက္ကသိုလ်တုန်းက တခန်းထဲနေခဲ့ကြတာလေ။ ရွှေဘိုက ထွေးထွေးလေ”

နာမည်ကြားတော့ ဝိုးတဝါး။ တဖြည်းဖြည်းနှင့် ပုံဖော်၍ရလာသည်။ ဟုတ်တာပေါ့၊ ခင်ထွေးပေပဲ။ ကျောင်းတုန်းက အညာသူမလေးဟု အမည်ပေးခဲ့သော ခင်ထွေးပဲ။ ကွဲကွာခဲ့ကြသည်မှာ နှစ်ပေါင်းသုံးဆယ် ကျော်ခဲ့ပြီးကိုး။

“ဆောရီး ထွေးထွေးရယ်၊ မင်းက ရုပ်ပြောင်းနေတော့ ရီ လုံးလုံးမမှတ်မိဘူးလေ၊ မင်း သိပ်ပိန်သွားတယ်။ ဟိုတုန်းက ဝဝတစ်တစ် ကလေးရယ်၊ အသားတွေလဲ ညိုသွားတယ်၊ ပြီးတော့ အသံ....”

“ဟုတ်တယ်၊ ကျွန်မ အသံတွေပျက်သွားတယ်။ ပြီးတော့ မျက်စိလဲ ခွဲလိုက်ရတယ်လေ။ မခင်ရီ ကတော့ ဝလာတာ တခုပဲ၊ ဘာမှမပြောင်းလဲဘူးနော်။ တွေ့ရတာ သိပ် ဝမ်းသာ တာပဲဟယ်”

“ထွေး....အခု ဘယ်မှာနေလဲ”

"ကျွန်မ ဒီ ဈေးပေါက်တည့်တည့်က လမ်းထဲမှာပဲလေ။ ဒီကနေ ဆယ်မိနစ်လောက်တော့ လျှောက်ရတယ်။ လမ်းဆုံးတော့ ညာဘက်ကွေ့၊ သုံးအိမ်ကျော်မှာ အုန်းပင်လေးတွေနဲ့ ခြံကလေးဟာပေါ့"

"ဟုတ်လား၊ ရီတို့ဖြင့် ဒီအရပ်မှာ အခြေစိုက်ခဲ့တာ ငါးနှစ်ထဲတောင် ရောက်ပါပြီ။ ထွေးနဲ့ ဘာဖြစ်လို့မဆုံမိတာပါလိမ့်"

"ကျွန်မတို့က ဒီကိုပြောင်းခဲ့တာ လေးငါးရက် ရှိသေးတာ မခင်ရီရဲ့။ ပုသိမ်ကျောင်းမှာလုပ်တုန်း မျက်စိအခြေအနေ ဆိုးလာတာနဲ့ ရန်ကုန်မှာခွဲလိုက်ရတာ။ အဲဒီနောက် စာဆက်မသင်နိုင်လို့ ပင်စင်ယူပြီး ဒီမှာ အခြေချလိုက်တာပဲ"

"ဟုတ်လား၊ အိမ်က ရီ့ ကိုကိုလဲ ပင်စင်ယူတာ မကြာသေးဘူး။ ထွေး အမျိုးသားကကော"

မေးသာမေးရသည်။ ဝါရော်နေပြီဖြစ်သည့် တက်ထရွန်ဖြူ လက်စက ပုံဟောင်းကြီးနှင့် ပါတိတ်လုံချည်အနွမ်းကို ဝတ်ဆင်ထားသည့် သူငယ်ချင်း၏ ခင်ပွန်းသည် အရာရှိ,အရာခံ မဖြစ်နိုင်ဟု စိတ်ထဲက အလိုလို သိနှင့်နေသည်။

ဒေါ်ခင်ထွေးကမူ ပြုံးပြုံးကလေး ဖြေသည်။

"ကျွန်မက သူများတွေလိုမစုံခဲ့ဘူးလေ။ ဒါပေမယ့် ကျွန်မမှာလဲ ကလေးတွေ အများကြီး ရှိပါတယ်၊ တူတွေ၊ တူမတွေလေ"

သည့်နောက်တော့ တဦးက သား အကြောင်း၊ သမီးအကြောင်း။ ဘာအရာရှိဖြစ်၍ ဘယ်ရောက်နေကြောင်း၊ သမီးက ဘာကတော်ဖြစ်နေကြောင်း ပြော၍၊ ကျန်တဦးက သူ



တာဝန်ယူ ကျောင်းထားပေးနေရသည့် တူတွေ၊ တူမတွေ အကြောင်းနှင့် အိမ်တွင် ဖွင့်ထားသော စေတနာကျူရှင်ကျောင်းလေးအကြောင်း အားရပါးရပြောယင်း နှစ်ဦးစလုံး ကြည်နူးနေကြတော့သည်။ စကားပြောယင်းပင် ဈေးဝယ်ကြသည်။

"လျှော့အုံး ကောင်မလေး၊ တမတ် သုံးစည်း ထားလိုက်"

"မလျှော့နိုင်လို့ပါ အန်တီရယ်၊ သူများဈေးလဲ မေးကြည့်ပါအုံး၊ အန်တီ့မို့ လျှော့ထားပြီးသားပါ"

လာပြန်ပြီ ဒီအန်တီ။ ဒေါ်ခင်ရီမြင့် နားကလောသွားသည်။ သည်ဈေးသည်ထံမှ သူ မဝယ်လိုတော့။

"ဆရာမ....ဆရာမ"

"ဆရာမ...."

ရှေ့ကသွားနှင့်သော ဒေါ်ခင်ထွေး ခေါ်သံလာရာသို့ လှည့်ကြည့်လိုက်သည်။ ဒေါ်ခင်ထွေးကြည့်ရာသို့ ဒေါ်ခင်ရီမြင့်ကပါ လိုက်ကြည့်လိုက်တော့ ဆံပင်ဖွားရှားကျဲကာ ထတီ ခြေသလုံးလယ်လောက်ရောက်အောင် ဝတ်ထားသည့် မိန်းမရွယ်တဦး။ ထိုမိန်းမသည် အချိုသာဆုံးသော မျက်နှာနှင့် မပြေးရုံတမယ် လာနေသည်။

"ဆရာမ မဟုတ်လားဟင်၊ တူပါတယ်လို့ အဝေးကြီးထဲက ကြည့်နေတာ၊ ကျွန်မကို မှတ်မိလားဟင်"

ရို့ကျိုးသေဝပ်သော ဟန်ကလေးဖြင့် သူ့ရှေ့တွင်ရပ်ပြောလာသော မိန်းမကို ခပ်စူးစူးကြည့်ပြီး—

"ညည်း မေအေးညီမ ချိုချိုမဟုတ်လား။ ရွှေဘိုကျောင်းတုန်းက ရှစ်တန်းမှာ ညည်းကို ဆရာမ သင်လိုက်ရဘူးတယ်လေ"

"ဟုတ်….ဟုတ်တယ်ဆရာမ။ အခု ဆရာမ ဈေးဝယ်လာတာလားဟင်။ ကျွန်မဆိုင် ခဏလိုက်ခဲ့ပါအုံး။ ကျွန်မလဲ ဈေးရောင်းနေတာပါ။ ခဏလေးပါ။ ဒီနားတင်ပါ။ လိုက်ခဲ့ပါအုံး ဆရာမရယ်"

ဖြတ်ဆို သူ့ဆရာမလက်ထဲက ခြင်းတောင်းကိုဆွဲကာ ဇွတ်အတင်း ခေါ်နေတော့၏။

"မခင်ရီရေ၊ ခဏတော့ လိုက်သွားအုံးမှ"

"ရပါတယ်၊ သွားတာပေါ့"

ချိုချိုက ဝမ်းသာအားရ ဆွဲခြင်းကြီး မ,ကာ သွားနှင့်တော့သည်။

"တော်ပြီလေ ချိုချို၊ဆရာမတို့ ဒီလောက်ဆိုလောက်ပါပြီ"

သူ့ဆိုင် ရောက်ရောက်ချင်း ခဝဲသီးတွေ၊ ခရမ်းသီးတွေကို ဒေါ်ခင်ထွေး ခြင်းတောင်းထဲသို့ အပြည့်အသိပ်ထည့်နေလေရာ မနည်း တားယူရသည်။

"ဆရာမ ကျွန်မတို့ကို ပညာ သင်ပေးခဲ့တဲ့ ကျေးဇူးတွေ အများကြီးပါဆရာမရယ်၊ကြုံတုန်းကြုံခိုက်ကန်တော့ရတာပါ။ နောက်လဲ ကျွန်မတို့ဆိုင်ကိုဝင်ပါနော် ဆရာမ။ဟို—အန်တီလဲ ခဝဲသီး စားချင်ယင် ယူသွားပါအုံးလား၊ အားမနာပါနဲ့ အန်တီ"

"ကျေးဇူး တင်ပါတယ်ကွယ်၊ တော်ပါပြီ"



သည်တခါမှာတော့ အန်တီဟု အခေါ်ခံရ၍ စိတ်တိုရမှန်း ဒေါ်ခင်ရီမြင့် သတိ မထားမိတော့။ ဖြူစင်သော စေတနာ သက်သက်ဖြင့် နှစ်ပေါင်းများစွာက ကျေးဇူးတရားကို တုံ့ပြန်နေသည့် ဈေးသည်မလေး၏မေတ္တာကို တသိမ့်သိမ့် ခံစားနေမိခြင်းကြောင့်ပင်။

"ဒါ—ညည်း သမီးလေးလား၊ဘယ်နှစ်တန်း ရောက်ပြီလဲ"

ဒေါ်ခင်ထွေးက ဆယ့်သုံးနှစ်ခန့် မိန်းကလေး တဦးကို မေးငေါ့ပြယင်း မေးလိုက်၏။ မိန်းကလေးက လသားအရွယ် ကလေးလေးကို ရင်ခွင်ထဲထည့်ထားယင်း ချဉ်ပေါင်ရွက် ဖြင်စည်းနေရာက မော့ကြည့်လိုက်၏။မျက်နှာပေါက်ကို မြင်ရုံနှင့် ချိုချိုသမီးမှန်း သိသာနေသည်။

"ဟုတ်ပါတယ် ဆရာမ၊ သူလဲ ခြောက်တန်းနဲ့ ကျောင်းနုတ်ထားရတာ ဆရာမရဲ့။ကျွန်မက ကလေးများလို့ မနိုင်ဘူး ဆရာမရဲ့။သူတို့အဖေကလဲ သင်္ဘောဆိပ်မှာ ကုန်ထမ်းပါတယ်။ ဒါပေမယ့် မလောက်လို့"

"အော်—အေး၊စိတ်မကောင်းပါဘူး ချိုချိုရယ်။ဒါကြောင့် ကျောင်းတုန်းက ညည်းတို့ကို ငါပြောခဲ့တာပေါ့။အဲဒီ နေ့က ညည်း ကျောင်းပြေးပြီး၊ အော် … အခု ညည်းအိမ်ထောင်ကျတာ အဲဒီ ကောင်လေးနဲ့ပဲလား"

"ဟုတ်—ဟုတ်ပါတယ် ဆရာမ"

ဒေါ်ခင်ရီမြင့်က သည်မျှ မှတ်ဉာဏ်ကောင်းသော သူငယ်ချင်းဆရာမကြီးကို အံ့သြသွားသည်။

"အေး—အေး၊ ကလေးတွေ စာမလိုက်နိုင်ယင် လွှတ်လိုက်ပေါ့။မင်းတို့က ဘယ်နားနေကြတာတုံး"

ဒေါ်ခင်ထွေး စကားရှည်နေသည်ကို ဒေါ်ခင်ရီမြင့် အတော်ကြီး သည်းခံခဲ့ရလေသည်။ ဒေါ်ခင်ထွေးက သူ့အိမ်နေရာကို သေချာညွှန်းပြီး ချို့ချို့ သားသမီးတွေ စာသင်လွှတ်ဖို့ အထပ်ထပ်မှာကြားပြီးမှ ကိစ္စက ပြတ်တော့သည်။

သူတို့နှစ်ယောက် ဈေးထဲက ထွက်ခဲ့တော့ မနက် ရှစ်နာရီ ထိုးလုပြီ။ ကိုကိုတော့ နိုးနေလောက်ပြီ။ ညီပု ဖျော်ပေးတဲ့ ကော်ဖီ သောက်မှသောက်တတ်ပါ့မလား။ကိုကိုက နက်(စ်)ကို ခါးခါးမှ ကြိုက်တာ။

"ကလင်—ကလင်"

ဆိုက်ကားတစီးအသံပေးယင်း သူတို့နှင့်ဦးရှေ့တွင် ရပ်လာသည်။ ဒေါ်ခင်ရီမြင့် အတွေးပြတ်သွား၏။

"ဆရာမတို့ ပြန်မှာ မဟုတ်လား"

"ဟဲ့—မင်း အားလို့လား မောင်ကျော်တင့်၊ မအားယင် မပို့ပါနဲ့ နေပေ့စေ။နေ့တိုင်းတော့ အားနာပါတယ်"

"ဟာ— ဆရာမကလဲ ကျွန်တော်တတ်နိုင်တာ ပြုစုရတာပဲဗျာ။ လာပါ၊ တက်ပါ၊ အန်တီကော လာပါ"

သည်တကြိမ်မှာတော့ သူ တခါမျှ အထင်မကြီးခဲ့မိသော ဒေါ်ခင်ထွေးကို အထင်ကြီးရုံသာမက အားကျစိတ်ပါ ပေါ်ပေါက်လာရတော့သည်။ယခုမှပင် ဒေါ်ခင်ရီမြင့်သည်သူတပါး အရိပ်ခိုရခြင်းနှင့် ကိုယ်ပိုင် အလင်းရောင် ဖြန့်ဝေနိုင်မှု၏ ကွာခြားခြင်းကို နားလည် သဘောပေါက်လာမိပေတော့သည်။



# အညာသား ကိုမောင်အေး

ကိုမောင်အေးကို အရင်က ကျွန်မတခါမျှမမြင်ဘူးခဲ့ပါချေ။ ယခုတခေါက် ကျွန်မ၏ခင်ပွန်းသည် အညာမှပြန်အလာတွင် သူပါလာခဲ့ခြင်းဖြစ်ပါသည်။ခင်ပွန်းသည်က ကိုမောင်အေး ကျွန်မတို့ အိမ်မှာနေယင်း အလုပ်ရှာလိမ့်မည်ဖြစ်ကြောင်း၊ ထိုက်သင့်သည့် အားလျော်စွာ ကျွေးမွေးထားရန် စသည်တို့ကို ရောက်ရောက်ချင်း ပြောပြပါ၏။ ကျွန်မသည် ကျွန်မအား တိုင်ပင်သမှုမပြုပဲ ခေါ်လာသည်ကို စိတ်တိုတိုနှင့်—

"ကိုထွေးကလဲ သိပ်ကိုခက်တာပဲ။ အစစအရာရာ တိုင်းသုံးနေရတဲ့အချိန်မှာ လူပိုတယောက် အလကား ခေါ်လာ

တယ်။ မိချိုကိုများ တိုင်ပင်ပါအုံးလားလို့။ ဒီလူက ဘာအလုပ်ရှာမှာလဲ။ ဘယ်နှစ်တန်း အောင်လို့လဲ။ သူ့အလုပ်က ချက်ချင်း ရနိုင်မှာ မို့လား''

''မိချိုကလဲကွယ် တိုးတိုး ပြောပါကွယ့်၊ ကြားသွားပါအုံးမယ်။ ကိုမောင်အေးက တောသားပဲကွယ်၊ အတန်းပညာတော့မရှိဘူးပေါ့။ ဒါပေမယ့် သူ လက်သမားအလုပ်ကို ကျွမ်းကျွမ်း ကျင်ကျင် လုပ်တတ်တယ်၊ အလုပ်ကရမှာပါ။ ကိုထွေးလဲ ကူညီ လုပ်ပေးရမှာပေါ့။ အိမ် အလုပ်တွေ လုပ်ရတာကလေးတဘက်နဲ့ မနိုင်နိုင်ဘူး မဟုတ်လား။ သူရှိတော့ ထမင်းတွေ ဘာတွေ ကူချက်ခိုင်းပေါ့။ ကောင်းကောင်း ချက်တတ်တယ် မိချိုရဲ့။ အညာမှာ သူပဲ ချက်ကျွေးခဲ့တာပဲ''

''ဟင် .. မချက်ခိုင်းချင်ပေါင်၊ ရွံစရာကြီး''

''ဘာဖြစ်လို့''

ကျွန်မစကားကြောင့် ကိုထွေးက တအံ့တဩ မေးလိုက်၏။

''ဘာဖြစ်လို့ရမလဲ ကိုထွေးရဲ့၊ ရွံစရာ ကောင်းလို့ပေါ့။ လူကလဲ မည်းလိုက်တာ ကြုတ်လို့။ လူကြည့်လိုက်ယင် သွားပဲအရင်မြင်ရတယ်။ ရုပ်ကလဲ ဆိုးလိုက်တာ လွန်ရော။ နှဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်၊ နှာသီးလန်လန်၊ ပါးစပ်ပြဲပြဲ၊ မျက်လုံးက ပြူးပြူးကြီးနဲ့ ဘီလူးကြီးအတိုင်းပဲ။ လူမရွေးပဲ ချီတိုင်းလိုက်တဲ့ သားလေးတောင်မှ သူ့မြင်တာနဲ့ ငိုရော''

''အ ဟေး....ဟေး....ဟေး''



ကျွန်မစကားကြောင့် ကိုထွေးက အားရ ပါးရ ရယ်မောလိုက်တော့၏။ အရယ်ရပ်မှ

''မိချိုအပြောက ဒေါသ သင့်နေပြီဟေ့။ သူ့ခမျာ ဒီလောက် အရုပ်မဆိုးရှာပါဘူး မိချိုရာ။ ထားပါ၊ အရုပ် ဆိုးတယ်ပဲ ထားပါတော့။ စိတ်ကတော့ တကယ်ရိုး၊ တကယ်ဖြောင့်၊ တကယ်ကောင်းတဲ့လူ မိချိုရေ့။ မိချိုက သူ့ကိုအိမ်မှာ မထားချင်လို့လဲ မဖြစ်တော့ဘူး။ ကိုထွေး တာဝန်ခံပြီး ခေါ်ခဲ့တာဆိုတော့ အလုပ်ရတဲ့အထိ တာဝန်ယူရမှာပဲ''

ကိုထွေးက စကားလည်းဆုံး ကျွန်မအနားမှလည်း ထွက်ခွာ သွားတော့သည်။ ကျွန်မ အနားတွင် သူဆက်နေပါက စကားကြောရှည်နေအုံးမည့် ကျွန်မဝသီကို သူသိသောကြောင့်တည်း။

* ● ●

သည်လိုနှင့် ကိုမောင်အေးတယောက် ကျွန်မတို့အိမ်တွင် နေဖြစ်သွားသည်။ နေဖြစ်သွားတော့လည်း ကျွန်မမှာ သူ့အတွက်ဝတ္တရားရှိသည့်အလျောက် ကျွေးမွေး ထားရပြန်၏။ စိတ်ထဲကမူ သိပ်မသတီလှပေ။ အရုပ်ဆိုးလွန်းသော သူ့မျက်နှာကိုလည်း မကြည့်နိုင်သမျှ မကြည့်ပဲ နေခဲ့၏။

ကိုထွေးပြောခဲ့သည့်အတိုင်းပင် သူသည် အင်မတန်သဘောကောင်းသောသူ ဖြစ်ကြောင်း အိမ်တွင်နေ၍ နှစ်လခန့်ရှိသော

အခါ သိလာရ၏။ သို့တိုင် ကျွန်မက သူ့ကို စကားသုံးခွန်း ပြည့်အောင် မပြောခဲ့မိသေး။ သူ့ကို မုန်းသောကြောင့်ကား မဟုတ်ပါချေ။ လူထယောက်ကို အသားလွတ်မုန်းတီးရန်အထိ ကျွန်မစိတ်တို့ မပုပ်ပါချေ။ သို့ရာတွင် သူ့ကိုတော့ ကျွန်မ ရွံမြဲရွံဆဲပင်။ ကျွန်မ၏စိတ်ကို သူကလည်း ရိပ်စားမိဟန် တူပါ၏။ ကျွန်မ အိမ်ရှေ့နေလျှင် သူနောက်ဖေးတွင် နေ၏။ ကျွန်မ နောက်ဖေးတွင်နေလျှင် သူအိမ်ရှေ့တွင်နေ၏။ သူကိုယ်တိုင် ဤကဲ့သို့ အလိုက်သိသိ နေထိုင် ရှာသောကြောင့် ကျွန်မ သနားမိသည်။ သနားသောစိတ်ကို ရွံသောစိတ်က ဖုံးလွှမ်းထားသောကြောင့် ကရုဏာတရားသည် ချောင်ထဲတွင် ပိတ်မိနေပါတော့၏။

သူရောက်စက အဖြစ်တခုကို ကျွန်မ မျက်စိထဲတွင် မြင်ယောင်လျက်ပင် ရှိပါသေး၏။

ထိုနေ့က ကျွန်မသည် သားကလေးကို ပုခက်ထဲတွင် သိပ်ထားပစ်ခဲ့ပြီး ညစာ ချက်ရန် မီးဖိုထဲသို့ ဝင်ခဲ့၏။ မီးဖိုထဲသို့ မဝင်ခင် အိမ်ရှေ့တွင် ကုပ်ကုပ်ကလေး ထိုင်ကာ ဆေးလိပ်သောက်နေသော သူ့ကို ''ကလေး အိပ်နေတယ်၊ ကြည့်လိုက်စမ်းပါ။ ကျွန်မ ထမင်းချက်မလို့''ဟု အော်မှာခဲ့၏။ ငါ့ကို ဘာများ ခိုင်းပါလိမ့် မလဲဟု စောင့်မျှော် နေဟန် တူသော သူသည် ''ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့'' ဟု ကပျာကသီဖြေရှာပြီး ထိုင်ရာမှ ကုပ်ကုပ် ကုပ်ကုပ်နှင့် ထ,လာကာ ကလေး ပုခက် အနားတွင် လာထိုင်နေတော့၏။



သူ့အရပ်ရှည်ကြီးကို ကိုင်းကိုင်းကွကွ လုပ်ထားပုံကိုလည်းကောင်း၊ 'ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့'ဟု ကမျာကသီ ဖြေးကာ ထလာခဲ့ပုံကိုလည်းကောင်း ကြည့်ကာ ကျွန်မ ရယ်ချင်စိတ် ပေါက်သွားရ၏။ နောက် သနားစိတ်များ ဝေသွားရ၏။ အော်....သူ့ခမျာ အိမ်ရှင် မျက်နှာမသာယာ၊ ညှိုးသည်အနေခက် ဆိုသလို ဖြစ်နေရှာ ထင်ပါရဲ့။ စကားလေး ဘာလေး နည်းနည်းပါးပါး ပြောရအုံးမယ်ဟု ကိုယ့်စိတ်ကို အလျှော့ပေးလိုက်မိ၏။

ကျွန်မ ချက်ပြုတ်ပြီးစီး၍ အိမ်ရှေ့သို့ ထွက်လာသောအခါ သူကို ကလေးချီထားလျက်သား တွေ့ရ၏။ သူသည် ကျွန်မ ထွက်လာသည်ကို သတိမပြုမိပဲ သားလေးကို အားရ ပါးရ ဖက်ရမ်းနမ်းရှုပ်လျက်ရှိ၏။ ကလေး၏ ပါးကလေးနှစ်ဘက်ကို တရှုပ်ရှုပ် နမ်းနေသော သူ့ကို ကြည့်ယင်း ကျွန်မ စိတ်ဆိုးလာမိတော့၏။

''ဒီမှာ ကိုမောင်အေး၊ ကလေးကိုချစ်ယင် ဒီလို မနမ်းရဘူးရှင့်။ ရှင့်မှာရှိတဲ့ ရောဂါပိုးတွေ ကလေးကို ကူးနိုင်တယ်။ ကျွန်မရော၊ ကလေးအဖေရော ကလေးကို ဘယ်တော့မှ ဒီလို မနမ်းဘူး။ နောက်ကို မနမ်းပါနဲ့''

စောစောက ပေါ်ပေါက်လာသော သနားစိတ်တို့ ဘယ်သို့ ထွက်ပြေးသွားကြလေပြီ မသိ။ သူ့လက်ထဲမှ ကလေးကို သာ အမြန်ဆုံးဆွဲယူ ပွေ့ချီလိုက်ပြီး အိမ်ခန်းတွင်းသို့ ဝင်လာခဲ့မိ၏။သူ ဖက်ရမ်းနမ်းရှုပ်ခဲ့သော သားလေး၏ ပါးနှစ်ဘက်

ကို ပိုးသတ်ဆေးထည့်ထားသော ရေဖြင့် အသာအယာ ဆေးပေးလိုက်မိ၏။

သည်ကတည်းက သားလေးကို သူမနမ်းတော့ချေ။ သူ့ဆန္ဒ သူ့သဘောအလျောက်လည်း ဘယ်တော့မှ မချီတော့ချေ။ ကိုထွေးကဖြစ်စေ၊ ကျွန်မက ဖြစ်စေ ချီခိုင်းမှ ချီရှာတော့၏။

သူ ကလေးချစ်တတ် ကြောင်းကို ကျွန်မ သိပါသည်။ ကျွန်မတို့ အိမ်အနီးအနားတွင်ရှိသော ကလေးများကို တွေ့လျှင် သူ ယုယုယယ ချီပိုးတတ်၏။ ဂရုတစိုက် နှုတ်ဆက်တတ်၏။ ကြည်ကြည်နူးနူး စကားပြောဆို ပြောင်နောက်နေတတ်၏။ ကလေးများကလည်း သူ့ကို ချစ်ကြပေသည်။

သို့သော် ကျွန်မကမူ သားလေးကိုလည်း သူ မချစ်စေချင်ပါ။ သားကလေးကလည်း သူ့ကို မချစ်စေချင်ပေ။ သို့ရာတွင် မဖြစ်စေချင်သော အရာကိုမှ ရွေးပြီး ဖြစ်လေ့ရှိသော သည်လောကကြီးကို ကျွန်မ အလွန် ဒေါသ ဖြစ်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် သူကလည်း သားကိုချစ်၍ သားကလေးကလည်း သူ့ကို မျက်စိအောက်မှ အပျောက်မခံနိုင်လောက်အောင် ချစ်ခင်နေသောကြောင့်တည်း။

သည်တော့မှ ကျွန်မ မတတ်နိုင်တော့ပြီ။ သားကိုထိန်းရန် တာဝန် သူ့ကို လွှဲရတော့၏။ သို့ရာတွင် စည်းကမ်း သတ်မှတ်ချက်ကလေးများဖြင့်–



"ကလေးကို မနမ်းရဘူးနော် ကိုမောင်အေး၊ ငိုတိုင်းလဲ ထွေ့ကရာမုန့်တွေ ဝယ်မကျွေးရဘူး။ ဒီ့ပြင် ကလေးတွေနဲ့ ဆော့ယင်လဲကိုမောင်အေး အနားကမခွာပဲ စောင့်ကြည့်နေပါ ဟုတ်လား"

သူသည် ကလေးကို ချီထားလျက်ကပင် ထုံးစံအတိုင်း သူ့အရပ်ရှည်ကြီးကို ကိုင်းကိုင်းကွကွ လုပ်ယင်း—

"ဟုတ်ကဲ့ပါခင်ဗျ၊ ကလေးအတွက် စိတ်ချပါ ဆရာမ"

သူသည် အားရဝမ်းသာ ဖြစ်နေရှာထင်ပါ၏။ သားကို ချီပိုးယင်း တပြုံးပြုံး ဖြစ်နေတော့၏။

သူ့အတွက် စည်းကမ်းကလနား ချမှတ်ပေးသည်ကို မကျေနပ်သော ကိုထွေးက သူ့ကွယ်ရာတွင် ကျွန်မကို ဆူပါတော့၏။

"မိချို၊ ဒါတော့ လွန်လွန်းပီဟေ့။ ကိုမောင်အေးကို သူ့အလကားသက်သက် နှိမ်နေတာပဲ။ သူလဲ ကလေးငါးယောက်တောင်ရှိတဲ့ အဖေတယောက်ပါကွ။ ခုထိ ကိုမောင်အေးကို ကြည့်လို့ မရသေးဘူးလား မိချို။ လူတန်းစား ခွဲခြားတဲ့စိတ်တွေ ဒီခေတ်မှာ မရှိသင့်တော့ပါဘူး မိချိုရာ၊ တယ်ခက်တာကိုးကွ"

ကိုထွေးစကားကြောင့် ကျွန်မ ပြုံးမိပါတော့၏။ ကိုထွေးထင်နေသည်မှာ လူတန်းစား ခွဲခြားချင်စိတ်ကြောင့် ကိုမောင်အေးကို ကျွန်မ ကြည့်မရဖြစ်နေသည် မဟုတ်ပါ။ ကိုထွေးအထင် လုံးဝ မှားပါသည်။ ကျွန်မ ကိုမောင်အေးကို ကြည့်မရ

သည်မှာ လူတန်းစားစိတ်ကြောင့်မဟုတ်ပါ။ ကိုမောင်အေး၏ ရုပ်ရည်ကြောင့်သာ ဖြစ်ပါသည်။ ကိုမောင်အေး၏ ရုပ်ရည်ကို ကြည့်ပြီး 'ဒီလူဟာ ရိုးသားဖြောင့်မတ်တဲ့စိတ် ရှိဟန်မတူဘူး' 'ဒီလူဟာ အင်မတန် ရှုံစရာကောင်းတာပဲ' အစရှိသည့် ဝေဖန်ချက် ထင်မြင်ချက်တို့ကို သူ့ကို တွေ့ဘူးသည့် လူတရာလျှင် ကိုးဆယ်ရာခိုင်နှုန်းက ပေးကြပါသည်။

ကိုမောင်အေးကိုကြည့်ပြီး "သမီးမိချို၊ဒီလူကို ဘာဖြစ်လို့ အိမ်မှာ ခေါ်ထားရတာလဲ။ သူ့ကြည့်ရတာ ရိုးသားပုံမပေါ်ဘူး။အင်္ဂါရုပ်ကလဲ ညှိုပါဘိသနဲ့" ဟု ကိုထွေးတို့ မေမေကပင် ပြောဘူးသေး၏။ ကိုမောင်အေးခမျာ သည်မျှပင် ကံဆိုးရှာလေသည်။

* * *

ကျွန်မတို့ အိမ်သို့ ရောက်၍ လေးလခန့် ကြာလျှင် ကိုမောင်အေး လက်သမားအလုပ် ရလေသည်။ တနေ့လျှင် ရှစ်ကျပ်မျှသော ငွေထဲမှ စားစရိတ်အဖြစ် တနေ့ကို သုံးကျပ် ကျွန်မတို့ကို ပေး၏။ကျန် ငါးကျပ်ကိုမူ ကျစ်ကျစ်ပါအောင် သိမ်းတော့၏။

ယခုအခါကျွန်မကလည်းသူ့ကိုစကားပြောနေပြီဖြစ်၍သူကလည်း သူ့အိမ်သားအကြောင်း၊ သူ့ရွာ အကြောင်း၊ သူ့သားသမီး ကလေးများအကြောင်း ပြောပြတတ်၏။



"ကျွန်တော်တို့ ဆီမျှား အင်မတန် ဆင်းရဲတာ ကလားခင်ဗျ။ တနေကုန်တနေခန်းလုပ်လို့ ငွေတကျပ် ရချင်မှ ရတာခင်ဗျ။ လယ်ကလေး ယာကလေးတော့ အနည်း အကျဉ်းရှိပါ့။ ဒါပေမယ့် မိုးက တနှစ်လုံးနေလို့ တခါ ရွာချင်မှ ရွာတာကိုးခင်ဗျ။ ဒီတော့ လယ်ကိုအားကိုးလို့ ဘယ်မှာရပါ့။ ရန်ကုန်မှာအလုပ်လုပ်နေရတာက ပင်ပန်းသလောက် ငွေကလဲ ရတော့ ပင်ပန်းရကျိုးနပ်သပေါ့ ဆရာမရယ်။ ဆရာနဲ့ ဆရာမကျေးဇူးများ ကျွန်တော် သေအထိမမေ့ပါဘူး။ ဒီမှာကြည့်၊ ကျွန်တော် ထီထိုးထားတယ်။ သိန်းဆုကြီးများ ပေါက်ယင်တော့လား၊ ဘယ် ပြောကောင်းမလဲ ဆရာမရယ်၊ ဆရာ့ကျေးဇူးကိုငွေအထုပ်ကြီးနဲ့ကို ပြန်ဆပ်မဗျ။တကယ်ပဲ စိတ်ထဲတေးထားပကော"

သူက အားရပါးရပြော၏။ ကျွန်မကမူ သူ့ စကားကို အလေးအနက်သိပ်မပြုမိလှပဲ "ဟုတ်ပါရဲ့ရှင်။ ကိုမောင်အေး သိန်းဆုပေါက်ပါစေလို့ ကျွန်မ ဆုတောင်းနေပါ့မယ်။ ဒါမှလဲ ကျွန်မတို့ ချမ်းသာတော့မှာပဲ" ဟု ရယ်ရွှင်သောသော ပြောလိုက်မိသေး၏။

* * *

ကိုထွေး ခရီးသွားသော နေ့တနေ့။ ကိုမောင်အေးလည်း အလုပ်ဆင်းနေသောအချိန်။ အိမ်သို့ လူ တယောက် ရောက်

လာပါသည်။ ထိုသူသည် ကိုထွေး၏တပည့်ရင်းထဲမှ တယောက်ဖြစ်ပြီး ကိုမောင်အေးတို့ ရွာ၏ အနီး အခြား တရွာတွင် နေသော သူလည်း ဖြစ်ပေသည်။

"ကိုမောင်အေးတယောက် ဆရာမတို့အိမ်မယ် သောင်တင်နေတယ်ဆို၊ ဟုတ်လား ဆရာမ"

ခရီးရောက်မဆိုက်မေးလိုက်သော မေးခွန်းကြောင့် ကျွန်မမှာ အံ့အားအသင့်ကြီး သင့်သွားရပါသည်။

"ဟုတ်တယ် ကိုကျော်လှိုင်ရဲ့၊ ကိုထွေးက ခေါ်လာတော့ ကျွန်မ လက်ခံထားရတာပေါ့။ အစကတော့ ရှင်သိတဲ့အတိုင်း သူ့ရုပ်က ကြမ်းလွန်းတော့ ကျွန်မ လက်ခံမထားချင်ခဲ့ဘူး။ နောက်တော့လဲ သူ့ကို သနားပြီး ဘာမှ မပြောတော့ပါဘူး။ ခု တော့လဲ အိမ်သားတယောက်လို ဖြစ်နေပါပြီလေ။ သားကဆို ကိုမောင်အေးကို သိပ်ခင်နေတာပဲရှင့်"

"ဟာ....ဒါကဒီလိုပဲ ဖြစ်ရမယ်လေ။ သူ့အတွက် ဒါဟာ အကွက်ကောင်းပဲပေါ့။ ဆရာမက သူ့အကြောင်း ဘာမှသိတာ မဟုတ်ဘူး။ ကျွန်တော်တို့ကလဲ တရွာထဲသားလို ဖြစ်နေတော့ ပြောယင်မကောင်းပါဘူး ဆိုပြီး မပြောပဲနေတာ ဆရာမရဲ့။ ဒီလူက အတော်မကောင်းတဲ့လူ။ ပထမ သူ့ကို သနားအောင်လုပ်၊ ပိုင်ပြီဆိုမှဖြင့် ကျေးဇူးရှင်ရော ဘာရောမရှောင် စီးပွားဖြစ် ကြံတော့တာပဲ။ ဆရာမ သူ့ကို သတိထားပါ။ ဒီလူက အရက်လဲ အင်မတန် သောက်တတ်တာကလား"

"ဟင်—ဟုတ်လား။ ဒီမှာတော့ ကောင်းကောင်း မွန်မွန်ပဲ နေပါတယ်။ ဟုတ်မှ ဟုတ်ရဲ့လားရှင့်"



"ဟုတ်လို့ပြောတာပေါ့ ဆရာမရယ်။ အရက်သောက်တတ်ရုံတင်မဟုတ်ဘူး။ အလိမ်အကောက်လဲ အင်မတန် ဝါသနာပါတဲ့လူကလား။ သူ့ရုပ်ပုံ ကြည့်ပါလား။ သူတော်ကောင်းလက္ခဏာ ဘယ်နှစ်ချက်ပါလို့လဲ"

'ဟုတ်မှာပါပဲ—ဟုတ်မှာပါပဲ။ ဒီလိုရုပ်ပုံမျိုးဟာ ကျေးဇူးရှင်သော ဘာသော ရှောင်မယ့်ပုံ မဟုတ်ဘူး။ ကိုထွေး ခရီးသွားနေတုန်း ငါ့ကို ဒမြတိုက်ယင် ဘယ်လို လုပ်မလဲ။ မေမေကလဲ လူကြီးဆိုတော့ အားကိုးရတာ မဟုတ်ဘူး၊ ဒုက္ခပဲ'

ကျွန်မနှုတ်မှ ဖော်မပြောသော်လည်း အထက်ပါ အတိုင်းပင် တွေးနေမိခဲ့ပါ၏။ ကျွန်မ၏ အတွေးသည် ကိုကျော်လှိုင်၏ စကားကြောင့် ပြတ်သွားရပြန်၏။

"ကျွန်တော်က ဆရာမတို့အတွက် စိုးရိမ်လို့ ပြောဖြစ်တာပါ။ လေးငါးခြောက်လမပြောပဲ မျိုသိပ်နေခဲ့တာသာ ကြည့်ပါတော့။ ပြီးတော့ တနေ့ ဒီအိမ်ကထွက်ပြီး တခြားမှာ ရှာနေမှာပဲထင်ပြီး မပြောပဲနေခဲ့တာ။ ခုပုံဆိုတော့ သူက ဘယ်သွားတော့မလဲ။ ကပ်ရပ်နေတော့မှာပေါ့။ ဒီလူဟာ လူသတ်မှုနဲ့ ထောင်ကျဘူးတယ် ဆရာမရေ့။ သိပ်တော့ လန့်မသွားနဲ့အုံး"

'သိပ်တော့ လန့်မသွားနဲ့အုံး' ဆို သော်လည်း ကျွန်မ မလန့်ပဲ မနေနိုင်ပါ။ ရင်ထဲတွင် ထိတ်ကနဲပင် ဖြစ်သွားသည် အထိ ကြောက်လန့်သွားမိပါသည်။

ထို့ကြောင့် ကိုကျော်လှိုင်ပြန်သွားလျှင်သွားချင်း ကိုထွေးမေမေနှင့် တိုင်ပင်ရပါသည်။ မေမေက ကိုမောင်အေးအလုပ်မှ ပြန်လာလျှင် အကျိုး အကြောင်း စစ်မေးရန် အကြံပေးပါသည်။

"ဒါကြောင့် မေမေ အစကထဲက ပြောတာ မဟုတ်လားချီရဲ့။ ဒီလူ့ကြည့်ရတာ အကဲမရဘူးလို့။ ဖိုးထွေးကလဲ သိပ်ခက်တာပဲ။ ဒီလူ့ကြောင့် စိတ်မချရတာနဲ့ ဖိုးထွေး ခရီးသွားတိုင်း မေမေ ဒီမှာ လာလာနေရတာပေါ့။ နေရာတကာ စိတ်ကောင်းရှိနေလို့ ကောင်းတဲ့ကာလမဟုတ်ဘူး သမီးရေ့။ လူအမျိုးမျိုး စိတ်အထွေထွေပဲကွယ်"

ထိုနေ့က ကိုမောင်အေး ပြန်လာ လာချင်း ကျမက မေးမြန်း စုံစမ်းမိပါတော့၏။

"ဟုတ်ပါတယ် ဆရာမ။ ကျွန်တော် အရင်ဆယ်နှစ်လောက်တုန်းက အရက်သောက်တတ်ပါတယ်။ အခုတော့ အနံ့တောင်ခံလို့ မရဘူးခင်ဗျ"

သူက တည်တည်ငြိမ်ငြိမ် ကျိုးကျိုးနွံနွံနှင့်ပင် ဖြေလိုက်ပါသည်။ ကျွန်မက သူ့အမူအရာကိုကြည့်ယင်း ရှေ့ဆက်မေးရန် အားနာသွားမိတော့၏။ သို့ရာတွင် ကိုကျော်လှိုင် ပြောသွားသောစကားတို့က နားထဲမှ မထွက်သေးသောကြောင့် ဆက်မေးလိုက်မိ၏။

"ရှင် ထောင်လဲကျဘူးတယ်ဆို"



သည်တခါတော့ သူ့အတော်ကလေး လှုပ်လှုပ် ရှားရှားဖြစ်သွားပါတော့သည်။ အတန်ကြာအောင် အချိန်ဆွဲနေပြီးမှ 'ဟုတ်ကဲ့ခင်ဗျ' ဟု ခပ်တိုးတိုး ဖြေလေသည်။

ကိုကျော်လှိုင်ပြောသွားသမျှကား အမှန်ပင်ဖြစ်နေချေပြီ။ သည်တော့ ကျွန်မ ဘာလုပ်ရမည်နည်း။ အိမ်သားတယောက်လို လနှင့်ချီ၍ နေလာခဲ့သူတယောက်ကို 'အိမ်မှာမနေနဲ့တော့။ ရှင့်ကို လက်ခံမထားနိုင်တော့ဘူး' ဟု တင်းတင်း ပြတ်ပြတ်ပြောကာ နှင်ထုတ်ပစ်လိုက်နိုင်သည်အထိ ကျွန်မ မရက်စက်နိုင်ပါချေ။ ပြောလည်း မပြောရက်ပါ။ သို့သော် မပြောပဲနှင့်ကော ကိစ္စပြီးပြတ်သွားမည်တဲ့ လဲား။

ထိုညတွင် မေမေက ကျွန်မကို အကြံတခု ပေးပါသည်။ ထို့ကြောင့် ထိုနေ့ နံနက် ကိုမောင်အေးအလုပ်ဆင်းရန် ပြင်ဆင်နေခိုက် ကျွန်မ ဇွတ်မှိတ်၍ ပြောလိုက်တော့၏။

"ဒီမှာ ကိုမောင်အေး၊ ဖေဖေနေမကောင်းလို့ ကျွန်မတို့ သွားနေရလိမ့်မယ်။ ကျွန်မတို့ သွားနေတဲ့အတွင်း ရှင် ဒီ့ပြင်တနေရာမှာ ခဏ သွားနေပါလား။ ကိုထွေး ပြန်လာတော့ ပြန်လာတာပေါ့"

သည်တော့ သူက ထုံးစံအတိုင်း 'ဟုတ်ကဲ့ခင်ဗျ' ဟုဆိုကာ အိပ်ရာလိပ်ကလေးထုပ်၊ အဝတ်အစား များကို သံသေတ္တာကလေးထဲ ထည့်ရှာတော့သည်။ အားလုံး ပြီးစီးသောအခါ မေမေချီထားသော သား၏ ခြေထောက်ကလေး တဘက်ကို ဆွဲယူကာ အသာအယာ နမ်းလိုက်၏။ ပြီး—သူ့ အိပ်ရာကလေး

ကိုဆွဲ၊ သေတ္တာကလေးကို ထမ်းကာ အိမ်ပေါ်မှ ကိုင်းကိုင်းကွကွနှင့် ဆင်းသွားလေတော့၏။

* * *

သူ့အကြောင်း မကောင်းတာချည်း ကြားထားရသော်လည်း ယခုလို နှုတ်ဆိတ်လှစွာဖြင့် ဆင်းသွားသောသူ့ကို ကြည့်ယင်း အလွန်တရာပင် စိတ်မကောင်း ဖြစ်မိပါ၏။ သူ ဘယ်သွားနေရှာပါလိမ့်မလဲ ဟူ၍လည်း တွေးကြည့်မိ၏။ ထိုကဲ့သို့ စိတ်မကောင်း ဖြစ်ပင် ဖြစ်ရသော်လည်း ရင်ထဲတွင်မူ အတော်ကလေး ပေါ့၍ သွားရလေသည်။

ကိုထွေး ပြန်လာသောအခါ မမေနှင့် ကျွန်မက အကျိုးအကြောင်း ရေလည်အောင် ပြောပြရပါသည်။ ကိုထွေးသည် ကျွန်မတို့ လုပ်သမျှကို ကောင်းသည် ဆိုးသည် မပြောပဲ ငြိမ်ငြိမ်း နားထောင်နေပါသည်။ ကိုထွေး ဘာမျှ မပြောသော်လည်း သူ့တပည့်အတွက် စိတ်မကောင်း ဖြစ်နေ သည်ကိုမူ ကျွန်မ အတပ်သိပါသည်။

“မိချို သူ့ကို မုန်းလို့မဟုတ်ပါဘူး ကိုထွေးရယ်၊ သူ့သတင်းတွေ လန့်လို့ပါ။ အိမ်မှာကလဲ ကိုထွေး ခရီးထွက်နေယင် ကြီးကြီးမားမား ယောကျ်ား ကျန်ခဲ့တာမှ မဟုတ်ပဲ။ မိချို ကြောက်တာပေါ့”



သည်လိုနှင့် ကိုမောင်အေးတယောက်ကို ကျွန်မ မေ့များပင် မေ့သွားခဲ့ပါပြီ။ တနှစ်နီးပါး ကြာသောအခါမှ ကျွန်မနာမည်နှင့် ငွေငါးရာ စာတိုက်မှ လာလေသည်။ ဘယ်ကပါလိမ့်ဟု စဉ်းစားမရ ဖြစ်နေ၏။ ငွေပို့သူ မောင်အေး၊ ခေတ္တပုပ္ပားဟု ပါရှိသည့်တိုင် ကျွန်မ စဉ်းစားမရခဲ့။ ငွေနှင့် အတူလာသောစာကို ဖောက်ဖတ်ပြီးမှ ကျွန်မ၏မိုက်မဲမှု၊ ကိုမောင်အေး၏ ကျေးဇူးတရား သိတတ်မှုကို ပြက်ပြက်ထင်ထင် မြင်မိပါတော့၏။

ကိုမောင်အေး၏ စာမှာ ‘ကျေးဇူးရှင် ဆရာနဲ့ ဆရာမ ခင်ဗျား’ ဟု အစချီထားလေသည်။ သူ့စာထဲတွင် သူ့ရုပ်ရည် အကျိုးပေး မကောင်းပုံ၊ သူငယ်စဉ်ကမိုက်မဲခဲ့ပုံများကို ဖော်ပြထား၏။ အဆုံးသတ်နားတွင်မူ…

> ဆရာမ ကျွန်တော့်ကိုနှင်ထုတ်လိုက်တုန်းက ကျွန်တော် အင်မတန်မှ ဝမ်းနည်းခဲ့ရပါတယ်ခင်ဗျား။ ကျွန်တော့်အကြောင်း မကောင်းပြောတာ ဘယ်သူလဲ ဆိုတာလဲ ကျွန်တော် သိပါရဲ့ ခင်ဗျား။ နို့ပေမယ့် ကျွန်တော် ဘာမျှ မဖြေရှင်းခဲ့ပါဘူး ဆရာမ။ ဖြေရှင်းသည့်တိုင်လဲ ကျွန်တော့်ရုပ်ရည်နှင့် ကျွန်တော့်ပါးစပ်မှ ထွက်သည့်စကားကို မယုံမည့် ဘက်ကသာ များနေကြောင်း ကျွန်တော် ရိပ်မိခဲ့ပါတယ် ခင်ဗျား။ လူဆိုတာ တခါမိုက်ခဲ့တဲ့အတွက်ကြောင့် တသက်လုံး မိုက်လိမ့်မည်ဟု ယူဆလျှင် မှားပါလိမ့်မည် ခင်ဗျား။ ကျွန်တော်

ထောင်ကလွတ်ပြီးတဲ့နောက် အလုပ်ကို ကြိုးကြိုးစားစား၊ ရိုးရိုးသားသား လုပ်ကိုင်ရန် ဆုံးဖြတ်ထားခဲ့ပါတယ် ခင်ဗျား။ ဆုံးဖြတ်ထားတဲ့ အတိုင်းလဲ ယနေ့တိုင် ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်စားသောက်လျက် ရှိပါတယ် ဆရာမခင်ဗျား။

အရင်အပတ် သိန်းထီ ဖွင့်ပွဲတွင် ကျွန်တော် ထီတထောင်ဆု ပေါက်ပါတယ် ခင်ဗျား။ ထိုအထဲမှ ဆရာမတို့ကျေးဇူးကို ဆပ်တဲ့အနေဖြင့် ငွေငါးရာ ပေးပို့အပ်ပါတယ် ဆရာမခင်ဗျား။ ဆရာမတို့ တအိမ်သားလုံး ကျန်းမာ ချမ်းသာပါစေရန် ကျွန်တော် အမြဲဆုတောင်းလျက် ရှိပါသည်။

ကိုမောင်အေး၏စာသည် ဤတွင် ပြီးဆုံးသွားခဲ့လေသည်။ ကျွန်မမှာမူ သူ့စာကို လက်က မချနိုင်သေးပဲ ကိုင်ထားမိပါသေး၏။ သူ၏ ရုပ်ပုံ၊ နေထိုင်သွားလာပုံတို့ကိုသာ မြင်တတ်ပြီး သူ၏ စိတ်နှလုံးကို ထိုးဖောက်ပြီး မမြင် တတ်သော ကျွန်မ၏ ကိုယ်ကိုသာ အပြစ်တင်မဆုံး ဖြစ်နေရပါတော့၏။



သော့

"ဘယ့်နှယ်လဲ၊ ဒီနေ့ကော ဘာပြဿနာ တွေ့ရသေးလဲ သမီးရဲ့"

"ဟာ—ဖေဖေရာ ပြောမပြောချင်ပါဘူး"

"အေး—အေး၊ ကဲ … ပြော—ပြော"

အဖေကြီးသည် သမီး၏ သဘောကို သိလှန်း သူပင်တည်း။ သမီးက ပြောမပြောချင်ပါဘူးဟု အစချီလာလျှင် တကယ်တော့ အိတ်သွန်ဖာမှောက် တခုမကျန် ပြောတော့မည်မှန်း သိပြီးသားပင်။ ထို့ကြောင့်ပင် အဖေကြီးသည် စားပွဲပေါ်သို့ ကြိမ်ခြင်းတောင်းကလေးကို တင်ပြီး သူ့ဆီ

ပြန်ရောက်လာမည့် သမီးဖြစ်သူကို ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ယင်း စောင့်နေလိုက်သည်။ သားအဖ နှစ်ယောက် အနီးသို့ အမေကြီးပါ ရောက်လာသောအခါ အိမ်ရှိလူများ စုံသွားလေပြီတည်း။

"ဇော်ထူးဆိုတဲ့ ကလေးပဲလား သမီး"

"အစစ်ပေါ့ ဖေဖေ၊ သူပဲပေါ့။ သမီးဖြင့် စာသင်ရတာ ဒီလောက် ပင်ပန်းတယ် မထင်ဘူး။ သူ့လိုကလေးတွေ ထိန်းသိမ်းပဲ့ပြင်ရတာ သိပ်မောတာပဲ ဖေဖေရာ။ ဒီနေ့လဲ ခါတိုင်းလိုပဲ ကျောင်းပေါက်ဝမှာ တွေ့ခဲ့ပြီး၊ ကျောင်းတက်တော့ အတန်းထဲမှာ မရှိဘူး ဖေဖေရဲ့"

အလယ်တန်းပြ ဆရာမ အဖြစ်သို့ ရာထူး တက်ခါစ ဆရာမ ဒေါ်ခင်သန်းသည် ကျောင်းမှာ မာန်တင်း အားသွင်းထားရသမျှ မိဘရှေ့ ရောက်သောအခါ မာန်ကျ အားလျော့သွားတော့သည်။ ငါးနှစ် ခြောက်နှစ်အရွယ် ပိစိကွေးလေးတွေကို စာသင်ရသည့် မူလတန်းပြ ဆရာမဘဝတုန်းကလည်း စာလည်း သင်ရ၊ ငိုလည်း ချော့ရ၊ ဆော့လည်း ထိန်းရသည့် သူ့အလုပ်ကို စိတ်တိုင်းမကျခဲ့။တကယ်တော့ သူသည် သူ့အောက် မောင်ငယ် ညီမငယ်များ မရှိသည့် တဦးတည်း သမီးဘဝမို့ ကလေးငယ်များ၏ ဇွဲမျိုးကို မနည်း သည်းခံခဲ့ရသည်။အလယ်တန်း၊အထက်တန်း ကျောင်းဆရာဘဝကမှ နိပ်သေး၊ စာသင်ပေးရရုံသက်သက်၊ ဒီ့ပြင် ဗာဟီရ ကိစ္စဝိစ္စတွေ မရှိဟု ယူဆခဲ့မိ၏။ယခု လုပ်သက်အတော်ရ၍ ပညာရေး ဒီပလိုမာလက်မှတ်



တွေ ဘာတွေရပြီး အလယ်တန်းပြ ဆရာမ ဖြစ်လာပြန်တော့လည်း ထင်သလို မဟုတ်ပြန်ပေ။

ဒေါ်ခင်သန်း သင်ကြားပေးရသည်က ရှစ်တန်း။ ကလေးတွေက ကိုယ်ခန္ဓာရော အတွင်းစိတ်ပါ ပြောင်းလဲစ ဆယ့်လေးငါးနှစ်အရွယ်။ကလေးငယ်တွေလို အဆော့ အကစား မပျက်သည့်ကြားက လူပျိုစိတ်၊ အပျိုစိတ်၊ ထွေရာလေးပါး စိတ်ကလေးတွေ ထိုးဖောက် ဝင်ရောက်စ၊ကြီးကောင်ဝင်စအရွယ်။ မိန်းကလေးတွေက သနပ်ခါး မွှန်မွှန်လိမ်းကာ ထဘီကို ခါးသေးအောင် 'စည်း' ဝတ်လာတတ်ကြပြီး ကောင်လေးတွေက ဆံပင်ကို မသိမသာ ခပ်ရှည်ရှည်ထား 'သ'လာတတ်ကြကာ ပုဆိုးကို တရွတ်တိုက် ဝတ်လာတတ်ကြပေပြီ။သည်လို ကလေးတွေ၏ လေ့ကျင့်ခန်း စာအုပ်ထဲမှ ရည်းစားစာများ တွေ့ရသည်ကလည်း ကျောင်းဖွင့်၍ နှစ်လ မပြည့်တတ်သေးမီ လေးငါးကြိမ်မကပြီ။တချို့ ကလေးတွေကျတော့လည်း ပကတိ ဖြူစင်သော ကလေးစိတ်ဖြင့် ဆော့တတ်၊ နောက်တတ်၊ အကျီစား သန်တတ်ကြသည်က အလွန်။တဦးနှင့်တဦး နာမည်ပြောင်တွေ ခေါ်တတ်တာ၊တယောက်လွယ်အိတ် တယောက်က ဝှက်ယူတာ၊ သူငယ်ချင်း၏ ထိုင်ခုံပေါ် ခွေးလှေးယားသီးမှုန့် ဖြူးတာ၊ ကြောက်တတ်သောသူကို မြွေ ရေ ခွံ ဖြင့် တို့တာ။ စုံသည်မှ စုံတကာ့စုံ။

သည်မျှလောက်တော့ ဒေါ်ခင်သန်းက မဖြူ။ အပျော်သဘော၊ကလေးမနေဘဲဖြင့် စ,ကြ၊ နောက်ကြခြင်းကို ကြီးမား

သော အပြစ်ဟု မယူဆ။ ပြဿနာ ပေါ်လာလျှင်သာ ဆုံးမသည်။ အတန်းထဲ၌ စာသင်ချိန်မှာ စိတ်ဝင်စားမှုရှိလျှင် ကျေနပ်ပြီးသား။ ဒေါ်ခင်သန်း သတ်မှတ်ချက်က၊ ကျောင်းသားသည် စာသင်ချိန်တွင် စာသင်ခန်းထဲ၌ ရှိကို ရှိရမည်။ ကျောင်းသားသည် စာသင်ခန်းကို မကြောက်ရ၊ စာသင်ခန်းအတွင်း၌ ပျော်ရမည်။သို့မှ ကျောင်းသားတာဝန် ကျေသည်။ ကျောင်းသား ပီသသည်ဟု။

ဒေါ်ခင်သန်း၏ သတ်မှတ်ချက်ကို ပြတ်ပြတ်သားသား တော်လှန်သူကား 'ဇော်ထူး'။ သည်ကလေးသည် အသက်ဆယ့်ခြောက်နှစ်နှင့် ရှစ်လရှိပြီဟု မှတ်ပုံတင် မွေးစာရင်းအရ သိရှိရသည်။ အသက်နှင့်စာသော် အတန်းက ငယ်နေသည်။ ဒေါ်ခင်သန်း လေ့လာကြည့်သော် ဆဋ္ဌမတန်းတွင် နှစ်နှစ်၊ သတ္တမတန်းတွင်နှစ်နှစ် နေခဲ့ရသောကြောင့်ဟု သိရ၏။သည်မျှလောက်က အရေးမဟုတ်၊တချို့ ဉာဏ်ရည် မကောင်းလှသော ကလေးများသည် သနားစရာ တောင်းလှသည်။ သူများတနာရီနှင့်ရသောစာကို ခများများ နှစ်နာရီခန့်ကျက်မှ ရတတ်ပေသည်။ထိုသို့သော ကလေးများသည် ပညာရှာရာ၌ သူများထက်ပို၍ ပင်ပန်းရှာကြပေသည်။

ဇော်ထူးတယောက် တတန်းကို နှစ်နှစ်နေသည်က အရေးမဟုတ်သော်လည်း သူ့အသက် ဆယ့်ခြောက်နှစ်ကျော်က ဒေါ်ခင်သန်းအတွက် အလွန်အလွန် အရေးပါလှသော အရေးကြီးတရပ် ဖြစ်လာပေသည်။ဇော်ထူးသည် ဆယ့်ခုနစ်နှစ်သား ပီပီ



လူကောင်ကြီးကလည်း အတန်းထဲရှိ အခြား ကလေးတွေထက် အပုံကြီး ထွားသည်။ စိတ်ကလည်း ကလေးစိတ် လုံးလုံးမရှိတော့ပြီ။ သူသည် အခြား ကလေးများနှင့် သိသိသာသာကြီး ကွာခြား နေပေသည်။

"ဖေဖေလဲ သိသားပဲ ဖေဖေရယ်။သမီး ဒီဆရာအလုပ်ကို ဝါသနာပါလို့ကို ဝင်လုပ်ခဲ့တာပဲ။သမီး သင်ရတဲ့ ကလေးတွေအပေါ်လဲ အမြဲ စိတ်ဝင်စားပြီး စိတ်ရှည်ရှည် ထားခဲ့ပါတယ်။ ဒီနေ့တော့ တကယ့်ကို စိတ်တိုစရာကောင်းတာ ဖေဖေရဲ့"

သည်လိုအစချီကာ ဒေါ်ခင်သန်းသည် ကျောင်းက ပြဿနာကို ရှေးဆရာကြီးဟောင်းတဦးဖြစ်သူ ဖအေကြီးကို ပြောပြတော့သည်။ မနက်က အတန်းထဲ နာမည်စာရင်းခေါ်တော့ မောင်ဇော်ထူးက မရှိ။ သူ့သူငယ်ချင်း မောင်မြင့်လွင်က မောင်ဇော်ထူး၏ခွင့်စာကို လာပေးသည်။ ဒေါ်ခင်သန်းကလည်း ကျောင်းပေါက်ဝတွင် ဇော်ထူးကို ကိုယ်တိုင် မြင်တွေ့ခဲ့သူမို့ မကျေနပ်။ ပြီး—ဇော်ထူး ကျောင်းပြေးပေါင်းလည်း များလှပြီ။ သည်တကြိမ်ကျမှ ထူးထူးခြားခြား ခွင့်စာတွေ့၊ ဘာတွေ တင်နေသဖြင့် အံ့ဩသွားမိသည်။

"စိတ်တိုတိုနဲ့ စာအိတ် ဖောက်ဖတ်လိုက်တော့ ဘာတွေရေးထားတယ်ထင်သလဲ ဖေဖေ"

မျက်နှာကလေးနီနီ၊ဒေါ်ကလေးပါပါဖြင့်မေးပုံကို တချက်အကဲခတ်လိုက်မိ၏။ ဖခင်ကြီးမှာ ရုတ်တရက် အဖြေရခက်သွားသည်။ ဇော်ထူးနှင့်ပတ်သက်သမျှ အားလုံး ကြားသိခဲ့ရပြီးသားပင်။ ပြီး—သမီးဖြစ်သူကလည်း အသက်အစိတ်ကျော်

ကျော်သာ ရှိသေးသည့်ပြင် အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်က သိပ် မထွားကျိုင်းသဖြင့် ငယ်ပုံ ပေါက်သည်။ ဒေါ်တောင် ဆံထုံးကြီးနှင့်၊ အင်္ကျီလက်ရှည်ကြီးနှင့် လူကြီးဆန်ဆန် တည်တည်ကြီး နေတတ်သူမို့သာ တော်တော့သည်။ ကေန္တ ခွင့်စာဆိုပြီး ပေးခဲ့သောစာသည် ...

"အင်း—ခုခေတ် ကလေးတွေကလဲ အခက်သားကလား။ ဆရာသမားကို မိဘနဲ့တဂိုဏ်းထဲထားပြီး ချစ်ကြောက်ရိုသေဖို့ဆိုတာ သိပ်မျှော်လင့်ထားလို့မရဘူး သမီးရယ်။ ဖေဖေတို့ခေတ်လို မဟုတ်တော့ဘူးကွယ့်"

အဖေကြီးက ထုတ်ဖော်မပြောသင့်သော သူ့အတွေးကို တဘက်လှည့် စကားဖြင့် ခပ်လေးလေး မှတ်ချက် ချလိုက်ရှာသည်။

"ဒါတော့ ဟုတ်ပါတယ် ဖေဖေ။ ဖေဖေတို့ခေတ်နဲ့ ယခုခေတ် ဆရာတပည့် ဆက်ဆံရေး သိပ် ကွာခြားနေပြီဆိုတာ သမီးသဘောပေါက်ပါတယ်။ ဒါပေမယ့် ခုလောက်ကြီးတော့ ဆရာကို မထီမဲ့မြင် မလုပ်သင့်ဘူးလို့ သမီးထင်တယ်လေ။ ဒီလို ဖေဖေရဲ့၊ ခါတိုင်း ဇော်ထူး ကျောင်းပြေးယင် လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာဖြစ်ဖြစ်၊ ကျောင်းဝကအုတ်ခုံမှာဖြစ်ဖြစ် သွားရှာယင် တွေ့တာချည့်ပဲ၊ သမီးကလဲ ရှာတာချည့်ပဲ။ ဒီနေ့တော့ သူက ကျွန်တော် ဒီနေ့ မဟာနန္ဒာကန်ဘက် သွားပြီ။ ဆရာမ တွေ့အောင်ရှာနိုင်ယင် ရှာပါတော့တဲ့။ ကဲ—ရေးသွားပုံက"



အဖေကြီး 'ဟင်း'ကနဲ သက်ပြင်းချလိုက်မိသည်။ အဖြစ်မှန်ကို သိလိုက်ရ၍ စိတ်လက်ပေါ့ပါးသွားသည်က အမှန်။

"သမီးလဲ စိတ်တိုတိုနဲ့ ကျောင်းအုပ်ကြီးဆီတိုင်လိုက်တယ်။ နက်ဖြန် သူ့မိဘတွေခေါ်တွေ့ပြီး ပြန်အပ်လိုက်မလားလို့"

"ဒီလိုတော့လဲ မလုပ်ပါနဲ့အုံး သမီးရယ်။ နည်းနည်းထိန်းကွပ် ဆုံးမကြည့်ပါအုံး။ ကလေး ပညာရေး နစ်နာမှာစိုးလို့ပါ"

"အိုတော်၊ ဒီလောက် ဆရာမကို စော်ကားတဲ့ကောင်၊ မိဘပြန်အပ်တာ အေးတာပေါ့"

အမေကြီးက ငြိမ်သက်နေရာမှ ကောက်ကာ ငင်ကာ ဝင်ပြောလိုက်၏။

"မင်း ဒီလိုဒေါသရှေ့မထားနဲ့လေ မစိန်။ ငါက ငါ့အတွေ့အကြုံနဲ့ ငါ ပြောနေတာပါ။ ဒီလိုရှိတယ်သမီးရဲ့၊ ဒီကလေးမှာ ဘယ်လို အားနည်းချက်တွေများ ရှိနေလို့လဲ၊ ဆိုပါစို့ သမီးရယ်၊ အတန်းထဲမှာ သူ အသက်အကြီးဆုံးဖြစ်နေတာကို ရှက်လို့လား၊ စာစစ်ယင် မရလို့လား၊ သူ့ အိမ်တွင်းရေး ပြဿနာရှိနေလို့လား၊ မိဘက စီးပွားရေးမကောင်းလို့ စာအုပ်စာတမ်း ပြည့်ပြည့်စုံစုံ မဝယ်နိုင်လို့လား။ အဲဒီ အားနည်းချက်တွေထဲက တခုခု ရှိနေယင်လဲ ကလေးဟာ စာထဲ စိတ်မဝင်စားနိုင်ဘူး သမီးရဲ့"

ဒေါ်ခင်သန်းက ခေါင်းကို ခပ်သွက်သွက်ပင်ခါလိုက်မိ၏။

"သမီး အားလုံးကိုလေ့လာပြီးပါပြီ ဖေဖေ။ သူ့အိမ်ကလဲ အခြေအနေ မဆိုးလှပါဘူး။ သူက အကြီးဆုံးသား ဖေဖေရဲ့၊ သူ့အောက်မှာ လေးယောက်။ ဖအေက ရုံးစာရေး၊ မအေက ဈေးသည်။ တခုတော့ရှိတယ် ဖေဖေ၊ သူ့ကို အတန်းထဲက ကလေးတွေက ဘိုးတော်—ဘိုးတော်နဲ့ ခေါ်ကြတယ်။ ဒါလဲ သမီးကြားလို့ မခေါ်ဖို့ ပြောပြီးပါပြီ။ ဒီကလေးက စိတ်ကို လေနေတာ ဖေဖေရဲ့၊ စာထဲကိုစိတ်မဝင်စားတာ။ တော်တော် ကြာတော့ အတုမြင် အတတ်သင်ဆိုသလို ဒီ့ပြင် ကလေးတွေ ပါ အတုခိုးမှားမှာ စိုးရတယ် ဖေဖေရဲ့။ တလောကလဲ စီးကရက်တဖွာဖွာနဲ့၊ သူကစတာ သုံးလေးယောက် သောက် တတ်ကုန်လို့ မက္ကရာကြိမ်လုံးနဲ့ နှက်ထားရသေးတာ"

"ဘာဟဲ့—မက္ကရာကြိမ်လုံး၊ ဟုတ်လား"

မိခင်ကြီး၏မေးပုံကြောင့် ဒေါ်ခင်သန်း ပြုံးလိုက်မိသည်။ ကျောင်းက အခေါ်အဝေါ်တွေ အမေကြီးမှ မသိရှာသေး ပဲကိုး။ ထို့ကြောင့် ရှင်းပြရပြန်သည်။

"ကျောင်းမှာ ကြိမ်လုံး အကြီးအသေး အမျိုးမျိုး ရှိတာ မေမေရဲ့။ အဲဒါ သမီးတို့ ဆရာ—ဆရာမတွေက နာမည်ပေး ထားကြတာလေ။ မက္ကရာကြိမ်လုံးတဲ့၊ ယိမ်းနွဲ့ပါးကြိမ်လုံးတဲ့၊ ရန်ကြီးအောင်ကြိမ်လုံးတဲ့"

"ကြံကြံဖန်ဖန် အေရယ်"

မည်သို့ပင် မှတ်ချက်ချချ ထို ကြိမ်လုံးများ တန်ခိုးကြီးမား လှကြောင်း ဒေါ်ခင်သန်းတို့သာလျှင် သိကြပါ၏။



"သမီးတော့ ဒီကလေးကို ဘယ်လိုကိုင်တွယ်ရမှန်း မသိ တော့ပါဘူး ဖေဖေရယ်။နက်ဖြန်တော့ သူ့ကို ကတိဝန်ခံချက် ပေးခိုင်းရမှာပဲ"

ကျောင်းသား တယောက်အတွက်နှင့် ည အိပ်ချိန်မှာပင် ဖြောင့်ဖြောင့် အိပ်မရနိုင်သော ဆရာ့အဖြစ်ကို ဘယ်သူတများ သိနိုင်လိမ့်မည် မဟုတ်ပေ။

* *

"ပြော—မပြောချင်ပါဘူး ဖေဖေရယ်"

"ဟော...အေး—အေး၊ ကဲ—ပြောပြော ဇော်ထူးပဲလား"

ထုံးစံအတိုင်း အတိုင်အဖောက် ညီကြပြန်လေပြီ။

"ဟုတ်တယ် ဖေဖေ ဇော်ထူးပဲ။ကတိဝန်ခံချက်ပေးထား တာမှ တပတ်မပြည့်သေးဘူး၊ ကျောင်းလစ်ပြန်ပြီ ဖေဖေရဲ့။ ဒီတခါတော့ သမီး အပြုတ်လုပ်မှ ဖြစ်တော့မယ် ထင်ပါရဲ့"

အဖေကြီး စဉ်းစားသည်။ ကျောင်းဆရာဟောင်းကြီးပီပီ စာသင်သားများကို ပဲ့ပြင်ဆုံးမ ထိန်းကွပ်နိုင်သည့် နည်းလမ်း ရှိသမျှကို ရှာဖွေသည်။ မိမိတပည့်တယောက်ကို လက်မြှောက် အရှုံးပေးလိုက်ရသည့် ဘဝကို သမီးဖြစ်သူ မရောက်စေချင်။

"ညည်းတို့ မက္ကရာကြိမ်လုံးက ဒီကလေးတော့ မနိုင်ဘူး လား အေ"

"မနိုင်ဘူး မေမေ၊မနိုင်ဘူး။ရိုက်လဲ ရိုက်ရိုက်ပဲ။ကြာတော့ ရိုက်တဲ့လူက အားနာလာရတယ်။သမီးတို့ သူ့ကိုလေရိုက်တယ်၊

ဆူတယ်၊ ဒဏ်ပေးတယ်၊ ရှက်အောင်ပြောတယ်။ ဒါပေမယ့် မရပါဘူး။သမီးဖြင့် စိတ်ရှုပ်လှပြီ''

ဆရာ၊ ဆရာမများ၏ အဆူအငေါက်၊ အဆုံးအမတို့ကို နားခံယင်း သူ့ထက်ငယ်သော အတန်းသူ အတန်းသားများ အလယ် မျက်နှာငယ်လေးဖြင့် ဒဏ်ပေးခံနေရသည့် ဇော်ထူး၏ ရုပ်သွင်ကို အဖေကြီးက မှန်းဆ၍ ပုံဖော် ကြည့်နေမိသည်။ လူပျိုလေးဆိုတော့ ရှက်စိတ်တော့ ဝင်ရှာမည်မှာ အမှန်။

''ကျောင်းတက်တဲ့ အခါကော အတန်းထဲ ငြိမ်ငြိမ်နေရဲ့ လား''

''အဲဒါတော့ နေပါတယ် ဖေဖေ။ ဒါပေမယ့် ကျောင်း ပြေးတာ ရက်များတော့ စာတော့ သိပ်မလိုက်နိုင်ဘူး''

''ကိစ္စမရှိဘူးလေ၊ ကျောင်းမှန်မှန်တက်တဲ့အခါ လိုက်နိုင် လာမှာပေါ့''

''ဒါပေမယ့် ကျောင်းမှ မှန်မှန်မတက်တာ ဖေဖေရဲ့''

''ဟုတ်ပါရဲ့တော်...၊ ကျောင်းပြေးလို့ ပြဿနာ ပေါ်နေ ပါတယ်ဆိုမှ၊ ဒီ အဖေကြီးကလဲ''

အမေကြီးက စိတ်မရှည်ဟန်ဖြင့် ဝင်ပြောလိုက်၏။ အဖေ ကြီးက လက်ဝါးတကာကာဖြင့် ဟန့်လိုက်ပြီး ခပ်ဆတ်ဆတ် ပြောသည်။

''ငါနားလည်ပါတယ် မစိန်ရ။ ဒီကလေးကို ပြုပြင်နိုင်မယ့် နည်းတခု စဉ်းစားရလို့ ပြောနေတာပါ။ ဒီမှာ သမီး၊ အခု အချိန်ထိ သမီးတို့ သူ့ကို ကျောင်းစည်းကမ်း လိုက်နာထိန်း သိမ်းအောင် ဆရာ့ အခွင့်ဩဇာသုံးပြီး ဆုံးမခဲ့ပြီးပြီနော်''



''ဟုတ်တယ် ဖေဖေ''

ဒေါ်ခင်သန်းသည် ဖခင်ကြီး၏ စကား အသွားအလာကို ကောင်းစွာ သဘောမပေါက်ပဲ ဖြေလိုက်ရ၏။

''ဒီတခါ သူ့ကို တာဝန်တခု သတ်သတ်မှတ်မှတ်ပေးပြီး ဆောင်ရွက်စေတဲ့နည်းနဲ့ ပြုပြင်ကြည့်ပါအုံးလား သမီး''

နားမရှင်းသည်ကို မေးလိုက်တော့မည့် သမီးကို ဖခင်ကြီး က ချက်ချင်း ရှင်းလင်းပြောပြလိုက်ပြန်သည်။

''ဒီလို သမီးရဲ့၊ သမီးတို့ အတန်းမှာ သော့ တချောင်း ချောင်းလောက်တော့ ရှိမှာပေါ့''

''ရှင်... ဖေဖေ၊ သော့ ဟုတ်လား။ ဟုတ်ကဲ့၊ ရှိပါတယ်။ သမီးတို့ ကျောင်းခန်းသော့လဲ ရှိတယ်။ဗီရိုသော့လဲ ရှိပါတယ်။ အဲဒီ သော့နဲ့—''

သည်တချီလည်း စကားဆုံးအောင် မပြောလိုက်ရပြန်ပေ။ အဖေကြီးက ကြားဖြတ် ပြောလိုက်ပြန်သောကြောင့်ပင်။

''အေး—အဲဒီ သော့ကို မောင်ဇော်ထူး အပ်ထားလိုက်။ ကျောင်းခန်းသော့ကို သူလာမှ ဖွင့်ပေးရမယ်။ ကျောင်းဆင်း တော့ သူကိုယ်တိုင် ပိတ်သွားရမယ်။ ဗီရိုသော့ကိုလဲ ပစ္စည်း လိုချင်တဲ့အခါ သူ့ကို ခေါ်ဖွင့်ခိုင်း။ ယူပြီးယင် ချက်ချင်း ပြန်ပိတ်။ တချိန်လုံး ဖွင့်မထားနဲ့၊ အဲဒီသော့ အဖွင့်အပိတ် တာဝန်ကို သူ့ကို ပေးလိုက်။ အလိုလို ကျောင်းတက် မှန်လာ လိမ့်မယ်''

ယခုမှပင် ဒေါ်ခင်သန်း နားလည်မိပါတော့၏။ မမျှော် လင့်ပဲ ရရှိသော 'တာဝန်ပေးခြင်း နည်းလမ်းသစ်' ကို သူ

ချက်ချင်းပင် သဘောကျသွား၏။ သူ တခါတရံမှ မစဉ်းစားမိသော ကလေးသူငယ်ပြုပြင်ရေး နည်းလမ်းသစ်ကိုပေးသော လက်ဦးဆရာကြီးကို ကြည်ညို လေးစားစွာဖြင့် တမြတ်တနိုး ကြည့်နေမိတော့သည်။

* * *

တပတ်မှသည် နှစ်ပတ်။

နှစ်ပတ်မှသည် သုံးပတ်။

သုံးပတ်မှသည် တလ။

မောင်ဇော်ထူးကို သော့အပ်ပြီးသည့် နောက်ပိုင်းဝယ် အခြေအနေအရပ်ရပ်သည် များစွာ တိုးတက်လာခဲ့၏။ မောင်ဇော်ထူး ကျောင်းမပြေးသဖြင့် ဒေါ်ခင်သန်းမှာ စိတ်လက်ချမ်းသာစွာဖြင့် စာသင်ကြားခြင်း အမှုကို ဖြောင့်ဖြောင့်ပြုနိုင်ခဲ့လေသည်။ ဆရာ—ဆရာမများနှင့် မောင်ဇော်ထူး၏ ဆက်ဆံရေးမှာလည်း များစွာ ပြောင်းလဲလာခဲ့လေသည်။

ကျောင်းမှ အိမ်သို့ ပြန်ရောက်လျှင်လည်း မျက်နှာကလေး အိုအိုဖြင့် 'သမီးဖြင့် စိတ်ရှုပ်လှပြီ'၊ 'ဒီတခါတော့ အပြတ်လုပ်မှ ဖြစ်တော့မယ်' ဆိုသည့် ညည်းသံများ မကြားရသည်မှာ အတော်ကြီးကြာပြီ ဖြစ်သဖြင့် အဖေကြီးမှာ တခုခု လိုနေသလိုလိုပင် ခံစားနေရသေး၏။

ပထမအစမ်းစစ်ပြီး၍ အောင်စာရင်းများ ထုတ်ပြန်သော နေ့တွင်မူ အဖေကြီး စူးစမ်းမိတော့သည်။

"ဇော်ထူးတယောက် ဘယ့်နှယ်လဲ"



အို—မောင်ဇော်ထူး ဘာသာစုံအောင်တယ် ဖေဖေ။ ဒီနှစ်သူ တနှစ်ထဲနဲ့ အောင်မှာပဲ။ ဒီ့ပြင် ဆရာမတွေကဆို သူ ခုလိုပြောင်းလဲလာတာကို သိပ်အံ့သြနေကြတာ ဖေဖေရဲ့။ ဒါနဲ့ သမီးက ဖေဖေရဲ့ သော့တွဲအကြောင်း ပြောပြရသေးတယ်"

ကျေနပ်နေသော မျက်နှာကလေးဖြင့် အားရပါးရ ပြောပြရာက ဖြတ်ကနဲ ဆက်မေးလိုက်မိ၏။

"ဒါနဲ့ ဖေဖေ၊ ဒီလို သော့တွဲအပ်ပြီး တာဝန်ပေးပြုပြင်ဖို့ နည်းလမ်းကို ဖေဖေ ဘယ်လို စဉ်းစားမိတာလဲဟင်"

သည်တော့ အဖေကြီးက ဟက်ဟက်ပက်ပက် ရယ်တော့သည်။ ရယ်ရလွန်း၍ ထွက်ကျလာသော မျက်ရည်ကြည်စလေးများကို အသာအယာသုတ်ယင်း....

"ဖေဖေငယ်ငယ်က မောင်ဇော်ထူးလိုပဲ သိပ်တေခဲ့တာ သမီးရဲ့။ ဖေဖေတေပုံကတမျိုး။ အချိန်မရှိ,အချိန်ရှိ လည်ချင်ရာလည်၊ သုံးချင်သလိုသုံးနဲ့ တာဝန်မဲ့ နေတတ်တာပေါ့။ ဘာမှ ကြောင့်ကြရမှန်းလဲ မသိခဲ့ဘူး။ သမီး ဘိုးဘိုးနဲ့ ဘွားဘွားကဆို သားယောကျာ်းလေး တဦးထဲ ပါတာမို့ ဖေဖေ့ကို သိပ်အားကိုးချင်ကြတာ၊ စိတ်ချ ယုံကြည်ချင်ကြတာ။ ချော့ပြော၊ ခြောက်ပြော၊ ရိုက်ဆုံးမ။ အို—ဘယ်လိုမှ ပြုပြင်လို့ မရခဲ့ဘူး။ တနေ့တော့ သမီး ဘိုးဘိုးနဲ့ ဘွားဘွားက မန္တလေးကို နာရေးတခုသွားစရာရှိလာတယ်။ အဲဒီမှာ ဖေဖေ့ကို ခေါ်ပြီး သော့တွဲ အပ်ခဲ့တာပဲ။ ဘယ်သေတ္တာထဲမှာ ဘာရှိတယ်၊ ဘယ်သေတ္တာထဲမှာ ငွေသား ဘယ်လောက်ပေါ့လေ။ အဲဒီတော့ ဖေဖေက ဘာလုပ်တယ်မှတ်လဲ။ သော့တွဲကြီး

ခါးပုံစထဲထည့်ထားပြီး အိမ်ကနေ တဖဝါးမှ မခွာတော့တာ၊ သမီး ဘိုးဘိုးနဲ့ဘွားဘွား ပြန်ရောက်တဲ့နေ့အထိပဲ သမီးရေ။ အဲဒီကစပြီး တာဝန်မဲ့နေတတ်တဲ့ အကျင့်လဲ ပျောက်သွားတာပဲ သမီးရဲ့။ ဒါပေမယ့် ဖေဖေ့ကိုပေးခဲ့တဲ့ သော့တွဲဟာ ဘယ်သေတ္တာကိုမှ ဖွင့်လို့ရတဲ့ သော့တွဲမဟုတ်မှန်းကိုတော့ နောက်ဆယ်နှစ်လောက်ကြာမှ ဖေဖေ သိခဲ့ရတာ”

ပြောယင်း အဖေကြီး ရယ်ပြန်သည်။ သည်တခါတော့ ဒေါ်ခင်သန်းပါ သဘောကျစွာ လိုက်ရယ်မိတော့၏။

ချက်သိလိုက်သည့် ဘိုးဘိုး။

အကြံပိုင်လိုက်သည့် ဘိုးဘိုး။

ဒေါ်ခင်သန်းသည် သျှောင်ကြီး ချောနေအောင် ထုံးထားတတ်သည့် ဘိုးဘိုးကို လွမ်းဆွတ်စွာ ဦးညွတ်လိုက်မိပါတော့၏။



## ရွှေတံခါးကြီး ဖွင့်ပါအုံး

ကရင်မ၊ ကိုနိုင်၊ မတူး၊ ကျော့ကျော့၊ မိုးမိုး၊ ဖိုးကဲနှင့် မောင်ထွေးတို့ တပျော် တပါးကြီး ကစား နေကြသည်။ တခစ်ခစ်ရယ်လိုက်၊ တယောက်ကို တယောက် တွန်းလိုက် ထိုးလိုက်နှင့်။ သူတို့ကို ကြီးကြပ် အုပ်ချုပ်သူမှာ မတူးနှင့် မောင်ထွေးတို့၏ အစ်ကိုကြီးဖြစ်သူ မောင်စိုးမြင့် ဖြစ်လေသည်။

လွန်ခဲ့သည့် နှစ်နှစ် သုံးနှစ်ကဆိုလျှင် မတူးတို့ ကစားရာတွင် မောင်စိုးမြင့်လည်း ပါဝင်ခဲ့သည် ဖြစ်၏။ ယခုမူ သူ့အမေက “ဟဲ့—ကောင်ကြီးနော်၊ကလေး မဟုတ်မတော့ဘူး။

ကလေးတွေနဲ့ ဝင်မဆော့နဲ့'' ဟု ကြိမ်းမောင်းထားသောကြောင့် ငြိမ်နေရလေပြီ။ ဒါတောင် မတူးတို့ကစားလျှင် ဘေးက ထိုင်ကြည့်ကာ ဘယ်သူက ညစ်တယ်၊ ဘာကစားနည်း ကစားပါလား စသည်ဖြင့် ဆုံးဖြတ်ချက်၊ ညွှန်ကြားချက် ပေးလေ့ရှိ၏။

''ရွှေတံခါးကြီး ဖွင့်ပါအုံး''

''မဖွင့်နိုင်ဘူး''

''ငွေတံခါးကြီး ဖွင့်ပါအုံး''

''မဖွင့်နိုင်ဘူး''

ကိုနိုင်နှင့် မောင်ထွေးတို့က တံခါးပိတ်ထားသည့် ဟန်ဖြင့် တယောက်လက်ကိုတယောက် တင်းတင်းကိုင်ကာ ကျော့ကျော့တို့ရှေ့က ပိတ်ကာထားလေသည်။ ကျော့ကျော့က ရှေ့ဆုံးခေါင်းဆောင်၊ ကရင်မက နောက်ဆုံးက။

''ရွှေတံခါးကြီး ဖွင့်ပါအုံး၊ လက်ဆောင်တွေပါလာတယ်''

ကျော့ကျော့က ဦးဆောင်၍ အသံစူးစူးဝါးဝါး ကလေးဖြင့် အော်လိုက်ကြပြန်သည်။

''ဘယ်မှာလဲ ပြပါအုံး''

''ဟောဒီမှာပါ ရော့''

''ကဲ—တံခါးဖွင့်လိုက်ပြီ၊ ဝင်ပေတော့''

ကိုနိုင်တို့က လက်ကို အပေါ်မြှောက်ပေးလိုက်၏။ ကျော့ကျော့တို့က ခေါင်းကလေးများငုံ့ကာ ခပ်သုတ်သုတ် လျှိုဝင်လိုက်၏။ သူတို့ဝင်နေဆဲ ကိုနိုင်နှင့်မောင်ထွေးက လက်ကို ပြန်ချလိုက်၏။ သူတို့လက်ထဲတွင် မိုးမိုးကို မိလျက်သား ဖြစ်နေ၏။



''ဟော့—အေး—ဟော့—အေး၊ ငါ့ကိုချည်း ဖမ်းနေတာပဲ။ နင်တို့ ညစ်တယ်၊ ငါမကစားတော့ဘူး''

မိုးမိုးသည် နှုပ်တရှုပ်ရှုပ်လုပ်ယင်း ရန်ထောင်နေတော့သည်။ မျက်စောင်းတခဲခဲ၊ လက်သီး တငေါက်ငေါက်နှင့်။

''မညစ်ပါဘူး ဟ၊ ဒီလိုပဲ ဖမ်းလိုက်တာပဲ''

''ဟုတ်ပါတယ် မမိုးရဲ့၊ ကျွန်တော်တို့ ဒီအတိုင်းဖမ်းတာ''

''အောင်မယ်၊ နင်က ငါ့ကိုမဲနေတာ ငါသိတာပေါ့။ မနေ့က စိန်ပြေးတမ်းကစားတုန်းက နင့်ကို ငါ သုံးခါဖမ်းခဲ့လို့ ပြန်ဖမ်းတာ မဟုတ်လား။ ငါသိပါတယ် မောင်ထွေးရ''

မိုးမိုး၏စွပ်စွဲချက်ကို မောင်ထွေးက ဘာမှ ပြန်မပြောတတ်တော့သဖြင့် သူ့အစ်မ မတူးကိုသာ မော်ကြည့်နေလိုက်မိသည်။

''ဟုတ်တယ် ဒီကောင်လေး၊ သူက သိပ်အမှတ်ထားတာ''

အလို— သူ့အမကလည်း သူငယ်ချင်း ဘက်ကပါလား။ မောင်ထွေးသည် မျက်နှာကလေး ငယ်လျက် မျက်ရည်ဝဲလာတော့သည်။ အားလုံးထဲတွင် အသက်အငယ်ဆုံး ဖြစ်သောကြောင့် ရန်ဖြစ်လျှင် သူသာ အရှုံးပေးရမြဲ။

''တော်ပြီ၊ ငါ နင်ပါယင် နောက် ဘယ်တော့မှ မကစားတော့ဘူး''

မိုးမိုးသည် သူ့ဂါဝန်အိတ်ထဲကဆီးပြားထုပ်ကို ထုတ်ယူကာ သူတို့အိမ်ဘက်သို့ ထွက်သွားတော့၏။

''မိုးမိုးရေ—ဟော့—ခဏနေပါအုံး၊ ဒီမှာ တို့ထုပ်ဆီးတိုးတမ်း ကစားမယ်လေ၊ လာပါဟာ''

''ဟော့အေး၊ ငါ မကစားချင်းဘူး''

*မိုးမိုးသည် ဆီးပြားကို မြုံ့ယင်း ခပ်တင်းတင်း ပြော၏။* သူ့မျက်လုံးက မောင်ထွေးကို စောင်းကြည့်လျက်—

"မောင်ထွေး ပါလိုလား၊ မောင်ထွေး၊ နင် ထွက်သွား၊ တို့ လုပ်နေတယ်"

"ဟုတ်တယ် ဟေ့၊ မောင်ထွေးပါယင် ချော်လဲလိမ့်မယ်"

မတူး ပြောသည်နှင့် ကျော့ကျော့ကပါ သံယောင်လိုက် ပြောတော့သည်။ မောင်ထွေး ဒေါသထွက်လာသဖြင့်-

"မထွက်ဘူး၊ မထွက်ဘူး။ ငါလဲ ပါမယ်"

"မပါရဘူး"

"ပါမှာပဲ"

သူတို့ အချီအချဖြစ်နေသဖြင့် ကြီးကြပ်ရေးမှူးကြီး မနေသာတော့ပြီ။ ဝင်ရောက် ဖျန်ဖြေရပြန်သည်။

"ဟုတ်သားပဲ ညီလေးရာ၊ထုပ်ဆီးတိုးတာ ကြမ်းတယ်ကွ။ မင်း ချော်လဲလိမ့်မယ်။လာပါကွာ အစ်ကိုကြီးနဲ့"

"ဟင့်အင်း ဗျာ၊ ကျွန်တော် ကစားမှာ"

"ထုပ်ဆီးတိုးတာ မိန်းကလေးတွေ ကစားတာကွ။ ယောကျ်ားလေး မပါရဘူး"

"ပါရပါတယ်၊ အရင်တုန်းက အစ်ကိုကြီး ကစားနေတာ ကျွန်တော် တွေ့သားပဲ။ ခုလဲ ကိုကိုနိုင်တို့၊ ဖိုးကဲတို့ ပါမှာ"

"ပြောမရဘူးကွာ၊ ကဲ— ဒါဖြင့် တပွဲကစား ဟုတ်လား။ မတူးက ထွက်ပေးလိုက်ပါဟာ၊ ကိုယ့် မောင်လေးပဲ"

မတူးက နေရာမှ တလက်မမှမခွာပဲ ခေါင်းကိုခပ်သွက်သွက် ခါပြလိုက်၏။မောင်စိုးမြင့် စိတ်ရှုပ်သွားရချေပြီ။ ခဏကြာမှ—



"အေး၊ နင်တို့ တယောက်မှ ပြောလို့မရဘူး၊ ငါ သရက် သီးမှည့်ကျွေးမယ်ဆိုတာ မကျွေးတော့ဘူး။ မာလကာသီးလဲ ငါတယောက်ထဲ စားတော့မယ်၊ မှတ်ထား"

သည်တော့ အစားမက်သော မောင်ထွေးက သူ့ အစ်ကို ဘက်သို့ အနည်းငယ်တိုးသွားပြီး—"အစ်ကိုကြီး ခု ကျွေးမှ" ဟု အလျော့ပေးလိုက်၏။ မောင်စိုးမြင့်က—

"အေးပေါ့၊ ခုကျွေးမှာပေါ့" ဟု ဆိုကာ ချော့ခေါ်သွား ရ၏။

"ဟဲ့—မောင်ထွေး ဘာဖြစ်လို့လဲ၊ ချော်လဲလာလား"

မောင်ထွေးတို့၏ မိခင်က အိမ်ပေါက်ဝက ဆီးမေးလိုက်၏။ အငယ်ဆုံး သားကလေး ဖြစ်သဖြင့် အရိပ်တကြည့်ကြည့်နှင့် အလိုလိုက်သည်ကလည်း တရားလွန်။

"မဖြစ်ပါဘူး မေမေ၊ မုန့်စားချင်တယ်ဆိုလို့"

"မာလကာသီးနော် အစ်ကိုကြီး၊ဟိုဘက်က မိုးမိုးတို့ အိမ် ဘေးကအပင်မှာ အလုံးကြီး အကြီးကြီးပဲ။ခူးပေးနော်"

"ဟ....သူများအပင် ဥစ္စာ"

"ဟင့်အင်း၊ကျွန်တော်တို့အိမ်ဘက် ရောက်နေတဲ့အကိုင်းမှာ သီးနေတာဗျ၊ လာကြည့် ကျွန်တော် ပြမယ်"

မောင်စိုးမြင့်သည် ညီငယ်၏အလိုကိုလိုက်ကာ အိမ်ဘေး ဆင်းကြည့်ရ၏။ မောင်ထွေး ပြောသည့်အတိုင်းပင် မာလ ကာသီး ဝင်းဝင်းကြီး နှစ်လုံး ထင်နေ၏။

"ခူးလိုက်အစ်ကိုကြီး၊ကျွန်တော်တို့ တယောက်တလုံး စားရအောင်"

မောင်ထွေးသည် ခုန်ဆွခုန်ဆွနှင့် မြူးနေတော့၏။ မောင်စိုးမြင့်သည် အပင်ပေါ်သို့ ခက်ခက်ခဲခဲတက်ကာ မာလကာသီးနှစ်လုံးကို ဆွတ်လိုက်ပြီး ညီငယ်ရှိရာသို့ ပစ်ပေးလိုက်၏။

"မင်းပဲ စားပါကွာ၊ အစ်ကိုကြီး မစားချင်ပါဘူး"

မောင်ထွေးသည် မာလကာသီး နှစ်လုံးကို ကိုင်ကာ မတူးတို့ကစားနေရာသို့ လှစ်ကနဲ ပြေးထွက်တော့သည်။

"အစ်မတူး ရော့၊ နင်တလုံးစား"

"ဟယ်—ဒါ နင် ဘယ်ကရတာလဲ"

မိုးမိုးက မာလကာသီးနှစ်လုံးကို စူးစူးစိုက်စိုက်ကြည့်ယင်း မေးလိုက်၏။ သူမေးပုံမှာ စွပ်စွဲသည့် လေသံအပြည့် ပါ၏။

"ဘယ်က ရရပေါ့"

"ငါတို့အပင်က ခိုးခူးလာတာ မဟုတ်လား"

"ကြံကြံဖန်ဖန်"

မိုးမိုးသည် စကား ဆက်မပြောပဲ သူ့အိမ်ရှိရာသို့ အပြေးသွားတော့၏။ မောင်ထွေးက မာလကာသီး နှစ်လုံးကို ခပ်ဝေးဝေး မြက်တောထဲသို့ လွှင့်ပစ်လိုက်၏။ မကြာလှပါချေ။ မိုးမိုးတို့အိမ်ဘက်မှ မိုးမိုး အမေကြီး၏ အသံကို ကြားရလေသည်။ ကြားရသည့်အသံကား ဒေါမာန်အပြည့်၊ စွပ်စွဲချက်အပြည့်၊ချိုးနှိမ် သရော်လှောင်ပြောင်သည့် စကားလုံး အပြည့်။



"တော်တော် ကဲလွန်းလှပါတယ်၊ အဝိစိ ချိုးကပ်မယ့် သူခိုးလေးတွေ။ စားချင်ယင် ကိုယ့်အိမ်ကဟာ ကိုယ်ဆို့ဟဲ့။ သူများပစ္စည်းကိုမှ ကြိုက်တတ်သလား၊ အကျင့်နှယ်တော်၊ ဒီလိုအကျင့်ကောင်းရှိမှန်းစောစောကမသိလို့သာ လာနေမိတာပါ၊ ခုမှ သူခိုးမှန်းသိရတယ်"

ကျော့ကျော့တို့အုပ်စုသည် မိုးမိုးတို့အိမ်ရှိရာသို့ ဖြည်းလေးစွာ လျှောက်သွားကြ၏။ အပြစ်ရှိနေသော မောင်ထွေးကမူ ဘာလုပ်ရမှန်းမသိပဲ ကြောင်နေတော့၏။ မျက်နှာ ဆီးရွက်လောက်ကလေးနှင့် ...

"နင်ခူးလာတာလား မောင်ထွေး"

"မဟုတ်ဘူး၊ အစ်ကိုကြီးခူးပေးတာ"

မတူးက မျက်နှာကလေးရှုံ့ကာ "ဘာဖြစ်လို့ ခူးရတာလဲဟာ၊ ဒီမိန်းမကြီးက သိပ်ဆဲတာ"ဟု ပြောနေ၏။

"ကိုယ့်သားသမီးမှ ကိုယ်မနိုင်ယင်လဲ လူတွေထဲ လာမနေနဲ့တော့။ တခါလဲမဟုတ်၊ နှစ်ခါလဲမဟုတ်၊ ဟိုတခါကလဲ အိမ်ရှေ့ကနှင်းဆီပန်းတွေခိုးသွားပြီ၊ ခုတခါလဲမာလကာသီး"

'နှင်းဆီပန်း'ဆိုသောအသံ ကြားရမှ မောင်ထွေးတို့အမေ ခေါင်းထောင်လာတော့၏။ အစပထမ မိုးမိုးတို့အမေ အော်ကြီး ဟစ်ကျယ် ပြောနေသည်ကို ကြားသော်လည်း သူတို့ကို ပြောနေမှန်း မသိချေ။ နှင်းဆီပန်းဆိုခါမှ သူတို့ကို တိုက်ရိုက် ပြောနေမှန်းသိတော့၏။ ထို့ကြောင့် လုံချည်ကို ခပ်တင်းတင်း

ပြင်ဝတ်၊ အံကျီလက်မောင်းကို ပင့်ကာ အိမ်ရှေ့သို့ ထွက်သွားသည်။

"ဒီမှာ မကြည်၊ နှင်းဆီပန်းကိစ္စ ရှင့်ကို ရှင်းပြပြီးခဲ့ပြီ မဟုတ်လား။ ကျွန်မတို့ ဘာမဟုတ်တဲ့ပစ္စည်း ယူဖို့ မပြောနဲ့၊ ထောင်နဲ့ သောင်းနဲ့ ချီပြီး ငွေကိုင်ရတာတောင် တပြားမလိမ်ဘူး"

"အမယ်လေး၊ သူတော်ကောင်းတွေမှန်း သိပါသတော့်၊ သိပါသတော့်။ ဒါကြောင့် ကျုပ်တို့အိမ်က ပစ္စည်းတွေ ခဏခဏ ပျောက်တာ၊ ခြေဆော့၊ လက်ဆော့၊ ဘယ်လိုဟာမျိုးတွေလဲ မသိပါဘူး၊ ပန်းလဲ ပန်းမို့လို့၊ အသီးလဲ အသီးမို့လို့၊ ကိုယ့်သားသမီးကိုယ် ဆုံးမဖို့ဝေးရော၊ လက်ဆုပ်လက်ကိုင်မိလို့ ပြောတာတောင် ပြောင်, ငြင်းနေသေးတယ်။ ဟောဒီမှာ ကျုပ်သမီးမေးကြည့်၊ ရှင့်သား လက်တဆုစ်ကောင်လေး စားနေတာ သေသေချာချာ တွေ့ခဲ့တာတဲ့။ ရှင့်သားခေါ်မေးပါ၊ ခေါ်စမ်းပါ"

ဒေါ်ကြည်သည် သေချာပေါက်လေသံ၊ ဒီတချီ အပိုင်နိုင်ပစ်တော့မည့်ဟန်နှင့် အော်ကြီးဟစ်ကျယ်ပြောနေလေသည်။

"ဟဲ့—မောင်စိုးမြင့်၊ မောင်ထွေးရော၊ ခေါ်စမ်း"

မောင်စိုးမြင့်သည် မျက်စိ မျက်နှာပျက်ပျက်နှင့် ခေါင်းကလေးငုံ့ကာ ဆင်းလာခဲ့မိ၏။ အိမ်ရှေ့တွင် ဝိုင်းကြည့်နေသောလူများကိုပင် ရဲရဲ မျက်နှာချင်းမဆိုင်ဝံ့ပဲ မောင်ထွေးကိုရှာရန်



သုတ်ခြေတင်တော့၏။ အရင်းစစ် အမြစ်လှန်လျှင် မူလတရားခံက သူပဲမဟုတ်လော။ မောင်ထွေးကို ကျော့ကျော့တို့အိမ်တွင် တွေ့သော်လည်း ခေါ်၍မရပေ။ မလိုက်ပါရစေနှင့်ဟု ကြောက်ကြောက်လန့်လန့်နှင့်ငြင်းနေချေတော့၏။ ကျော့ကျော့မိခင်က "ဒီမှာနေပါစေကွယ်၊ ကလေးသိပ်ကြောက်နေတာ။မကြည်ကို ဒေါ်ဒေါ် သွားတောင်းပန်ပေးပါ့မယ်"ဟု ဝင်ပြောသောကြောင့် သူပါ မောင်ထွေးအနားတွင် ပေကပ် ထိုင်နေရစ်မိတော့၏။

ကျော့ကျော့တို့အမေရောက်သွားသောအခါ ဒေါ်ကြည်၏ဒေါသမှာ အထွတ်အထိပ်သို့ ရောက်နေချေပြီ။ ထိုနည်းတူစွာပင် မောင်ထွေး အမေကလည်း တခွန်း မခံ တုံ့ပြန်ကာ ထမီစွန်တောင်ဆွဲနေသောကြောင့် သူကြားဝင် ဖျန်ဖြေရန် အခွင့်မရ ဖြစ်တော့၏။

"ဒီက မပြောချင်လို့ ကြည့်နေတာ။ မိုးမိုး ကိုလဲ သူတို့မောင်နှမ သုံးယောက်က အလှန်နိုင်တာ။ ဒီက ကလေးကရိုးလို့ ခံနေရတာများပြီ။ မိုးမိုးဆီက ခဲတံပျောက်ယင် သူတို့အိတ်ထဲ တွေ့တာပဲ၊ ပေတံလဲ ဒီလိုပဲ။ တလောကလဲ သူ့အဖေမိတ်ဆွေ နိုင်ငံခြားကပါလာတဲ့ လက်ကိုင်ပုဝါလေးတွေ ဆယ့်နှစ်ထည်တောင် ကလေးကို ပေးထားတာ။ ဘယ်လောက်မှ မကြာသေးဘူး၊ သုံးထည်ထဲကျန်တော့တယ်။ ဒါနဲ့ဘယ်ရောက်ကုန်လဲမေးတော့ မတူးက တထည်ဆယ်ပြားနဲ့ဝယ်လို့ ရောင်း

လိုက်သတဲ့။ ဘယ်လောက်လည်တဲ့ ကလေးတွေလဲ ကြည့်စမ်း။ ဒီက လက်ကိုင်ပုဝါလေးတွေက တက်ထရွန် အပွင့်ရိုက်ကလေးတွေ၊ လှလိုက်တာလွန်လို့၊ အိလိုက်တာလဲ စက်နေတာပဲ။ ဒီဗမာပြည်မှာ ခုနေ ဘယ်ရှိလိမ့်အုံးမတုံး။ရှိလဲတထည်ငါးကျပ်၊ နှစ်ဆယ် အသာကလေးပေးရမှာ။ ခုတောင် သူတို့အိမ်သွားရှာယင် တွေ့အုံးမယ်။ ဟင်း .. ကျမ့ ပိုပြောတာ မဟုတ်ပါဘူး ဦးလေးရယ်၊ တကယ်ပါ။ မယုံယင် မိုးမိုးသာ မေးကြည့်ပါတော့။ ဟဲ့.... မိုးမိုး၊ အော်—ဘယ်ရောက် သွားပြန် ပတုံး၊ မိုးမိုးရေ...’’

ဒေါ်ကြည်သည် အိမ်ရှေ့တွင် ရပ်ကြည့်နေသော ရပ်ဆွေရပ်မျိုး စိတ်ဝင်စားသူများကို တိုင်တည် ပြောဆိုယင်း ‘‘ဘာဖြစ်လို့တုံး မကြည်တို့’’ဟု လာမေးသော ရပ်ကွက် လူကြီးဦးထင်တလုံးကို ရှင်းပြ လိုက်သေးသည်။ နောက် သက်သေပြနိုင်ရန် သမီးကို ခေါ်သောအခါ သမီးဖြစ်သူက အိမ်ပေါ်တွင် မရှိချေတော့ပြီ။

ဒေါ်ကြည်လောက် စကားများများလည်း မပြောတတ်၊ ရန်လည်း မတွေ့တတ်သော မောင်ထွေးတို့ အမေသည် မောမောနှင့် အိမ်ထဲသို့ဝင်၍ ရေသောက်ရသေး၏။ မာလကာသီး ခူးမစားပါဟု တင်းတင်းပြတ်ပြတ် ငြင်းဆိုနိုင်လောက်အောင်လည်း သူ့ဘက်က တပ်မလုံသောကြောင့်မငြင်းဆိုနိုင်။ မောင်စိုးမြင့်တို့ကိုသာ တစေ့တစောင်း ကြည့်ရှု စောင့်မျှော်နေဆဲ



အိမ်ပေါ်သို့ ကျော့ကျော့တို့ အမေ တက်လာကာ ကောင်လေးနှစ်ယောက် သူ့အိမ်တွင် ရောက်နေကြောင်း၊ မာလကာသီး ခူးစားသည်မှာ အမှန်ဖြစ်ကြောင်း စသည်ဖြင့် ပြောပြလိုက်၏။

‘‘ကလေးတွေ မလိမ္မာတော့လဲ သည်းခံလိုက်ပါ ညီမကြီးရယ်။ မကြည်ကလဲ အလွန် နှမြောတတ်တာ မဟုတ်လား။ ကိုယ့်ကလေးက လွန်တော့လဲ တောင်းပန်လိုက်ပေါ့’’

‘‘ကျွန်မတို့ ဒီလောက်မရှိင်းပါဘူး အစ်မရယ်။ လူတောထဲ နေလာတာပါ။ ဒီမိန်းမ စကားပြောတာကိုက ရိုင်းစိုင်းလွန်း အားကြီးလို့ပါ။ မဟုတ်ဘူး၊ ဒီမိန်းမ ကျမတို့ကို မနာလိုနေတာ၊ သူ့သမီးအဖျင်းမ သုံးတန်နှစ်နှစ်ကျပြီး မောင်ထွေးက မီလာတာကို မနာလို ဖြစ်နေတာ။ နှင်းဆီ ပန်းတွေ တုန်းကလဲ ကျမတို့ခူးတာမဟုတ်ပါဘူး။ ဈေးထဲမှာ ကုလားမလေးတွေ ဆယ်ပွင့်ကို ငါးမူးဆိုတာနဲ့ ပေါလို့ဝယ်ပြီး စားပွဲထိုးတာ၊ တိုက်တိုက်ဆိုင်ဆိုင် သူတို့ နှင်းဆီပန်းပင်က အပွင့်တွေ ဖြစ်နေတာကိုး။ ကုလားမလေးတွေ ခိုးရောင်းတာပေါ့၊ ကျွန်မတို့ မသိပါဘူး၊ ကြုံကြုံဖန်ဖန် အစ်မရယ်။ အိမ်ကလူက လခ သုံးရာကျော် ရပါတယ်။ သူတို့လို တရာကျော်လေးနဲ့ မလောက်မင စားနေရတာ မဟုတ်ပါဘူး။ သူတို့နဲ့ အိမ်ချင်း ကပ်နေရတာကို မကောင်းပါဘူး။ ငါးပြားမတန်တဲ့ မာလကာသီးများ ခြင်းလိုက်ဝယ်ကျွေးနိုင်တယ်ဟော့နားလည်လား’’

မောင်ထွေး အမေသည် ကျော့ကျော့မေမေကို သံမှန်နှင့် ပြောပြနေရာမှ ကျယ်လောင်စွာအော်ပြီး အိမ်ရှေ့ ကပြင်သို့ ဝုန်းကနဲထွက်သွားပြန်သည်။ထွက်သွားပေမပေါ့။ ဒေါ်ကြည်က "သူခိုးကျင့် သူခိုးကြံ ကြံတော့ မျက်နှာတောင် ထွက်မပြရဲတော့ဘူး မဟုတ်လား၊ အဲဒါပဲ ကြည့်ပေတော့" ဟူ၍ စိန်ခေါ်လိုက်ပြန်သောကြောင့် ဖြစ်ပေ၏။ သည်တော့ ဖျန်ဖြေသူ ကျော့ကျော့တို့ အမေလည်း မနေသာတော့။

"တော်ပါ မောင်ထွေးတို့ အမေရယ်။ ကိုယ့်အလွန် ဆိုတော့ သည်းခံပါ"

"မကြည်ကလဲ မပြောပါနဲ့တော့အေ၊ ကလေး အမိုက်အမဲတွေပဲ။ လူကြားမကောင်းပါဘူး"

ဤသို့ စကားပြေ ထိုးသော်လည်း အရာမထင်ချေ။

"ရိုင်းစိုင်းလွန်းလို့ပါ အစ်မရယ်။ ဒီလောက် ရိုင်းစိုင်းတာ သည်းခံလေ ကဲလေဖြစ်နေတာ။ကျွန်မသည်းမခံနိုင်ဘူး"

"အောင်မယ်၊ သူခိုးက လူလူဟစ်လို့ ဘယ်သူက ရိုင်းတာလဲဟင်၊ ဘယ်သူက ရိုင်းတာလဲလို့။ လူ့ကျင့်ဝတ် တရားဆိုလို့ တပြားသားတောင် မရှိတဲ့ဟာတွေ၊ စဉ်းစားစမ်းပါ အစ်မကြီးရဲ့။ ကလေး အမိုက်တွေမို့ တခါ နှစ်ခါ သည်းခံတော်ရောပေါ့။ မိဘကို တိုင်ပြန်တော့လဲ မျက်စိမှိတ် ငြင်းတယ်၊ ဒါကောင်းသလားဟင်"

"ကဲ—ကဲ တော်ကြစမ်းပါဗျာတို့၊ တော်ကြစမ်းပါ"



ရပ်ကွက်ထဲတွင် အသက် အကြီးဆုံး ဖြစ်သူ ဘဘိုးမြင့်က တောင်ဝှေးဖြင့် ဒေါ်ကြည်၏အိမ်တိုင်ကို ဖြန်းကနဲ ရိုက်လိုက်ယင်း အော်လိုက်၏။ ဘဘိုးမြင့်သည် သူ့အော်သံကြောင့် အရှိန်တန့်သွားသော မိန်းမနှစ်ယောက်ကို မျက် မှောင် ကုပ်ကြည့်ယင်း....

"နင်တို့တွေဟာ ကလေးတွေ လောက်တောင် အလိမ္မာ မရှိကြဘူး။ သိပ်မိုက်တဲ့ မိန်းမတွေ။ ဘာမဟုတ်တာလေးနဲ့ အမုန်းပွားကြ၊ အမျက်ထားကြနဲ့။ ဟိုမှာ ကြည့်လိုက်စမ်း"

ဒေါ်ကြည်ရော၊ မောင်ထွေးအမေရော၊ အခြားစိတ်ဝင်စားသူများပါ ဘဘိုးမြင့် တောင်ဝှေးညွှန်ရာသို့ လျင်မြန်စွာ ကြည့်လိုက်မိကြ၏။

မြင်ရသောရှုခင်းကား—မောင်ထွေးတို့ကလေးတသိုက်ပင်။ သူတို့ထဲတွင် မိုးမိုးလည်း ပါ၏။ မောင်စိုးမြင့်လည်း ပါ၏။ မောင်ထွေးလည်းပါ၏။ မိုးမိုးက မောင်ထွေးလွှင့်ပစ်ခဲ့သော မာလကာသီးနှစ်လုံးကိုသွားကောက်ကာ သူ့အမေမီးဖိုချောင်ထဲမှယူခဲ့သော ဓားဖြင့် အညီအမျှ ခွဲစိတ်ကာ မောင်ထွေးကို တစိတ်ပေး၏။ မောင်စိုးမြင့်ကိုလည်းပေး၏။သူလည်း တစိတ်စား၏။ သူတို့မျက်နှာကလေးတွေမှာ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည် နူးနူး။ တချီတချီတွင် ရွှင်မြူး ချိုသာသော ရယ်သံကလေးများကို စီစီညံအောင် ကြားရလေသည်။

'ကဲ .. ဘယ့်နှယ်ရှိစ' ဟူသော မျက်နှာပေးဖြင့် ဘဘိုးမြင့်က ဒေါ်ကြည်တို့နှစ်ယောက်ကိုကြည့်လိုက်လေသည်။ မောင်ထွေးအမေက ဘဘိုးမြင့်ကို ရှုံ့တွန့်တွန့် မျက်နှာထား ကလေးဖြင့်

တချက်ကြည့်ကာ အိမ်ထဲသို့ အသာကလေး လှမ်းဝင်သွားတော့သည်။ ဒေါ်ကြည်ကလည်း တင်းနေသော မျက်နှာထားကို တထစ်လျှော့ချလိုက်ပြီး ဖိနပ်ချွတ် တံခါးကို ခပ်မြန်မြန်ပိတ်ကာ အိမ်အတွင်းသို့ သွက်သွက်ကလေး ဝင်သွားတော့၏။

ထိုအခိုက်မှာပင် ကလေးတို့၏ ကစားသံက လျှံတက်လာပြန်၏။

"ရွှေတံခါးကြီး ဖွင့်ပါအုံး"

"ရွှေတံခါးကြီး ဖွင့်ပါအုံး"



# ဂျိုးစုးတို့ရွာ အလည်တခေါက်

"မငြိမ်း၊ ဒီမှာ ကြည့်စမ်း"

ကျွန်မ၏ ခင်ပွန်းသည်က သူ့လက်တွင် ကိုင်ထားသော ငါးရံ့ကြီး နှစ်ကောင်ကို မြှောက်ပြလိုက်၏။ မျက်နှာကြီးကား ပြုံးလျက်။

"ဒီကောင်ဂျိုးစုး မိလာတာလေ၊ ဟောဒီငွေတောင်ဆည်ထဲက ရတာတဲ့။ ကြော်ပြီး အချဉ်ချက်ပေးစမ်းကွာ။ ဒီငါးမျိုး မစားရတာ ကြာလှပြီ။ အရသာရှိလိုက်မယ့် အမျိုး"

ကို့စကားကြောင့် ကျွန်မမှာပြုံးမိပါတော့သည်။ ကျွန်မတို့ ရောက်နေသည်မှာ လှိုင်ကော်မြို့နှင့်ဆယ့်နှစ်မိုင်ခန့် ကွာ

ဝေးသော ထွန်စက်သင်တန်း ဆောက်နေသည့်နေရာပင် ဖြစ်လေသည်။ အနီးတွင် ငွေတောင်ဆည်ကြီးရှိသော်လည်း ငါးကား ရှားပါးလှသည်။ ကျွန်မတို့ရောက်နေသည်မှာ ငါးရက်ရှိနေပြီဖြစ်သော်လည်း တခါမျှ ငါးမစားရသေးပေ။ ရှိသည့်ငါးများကလည်း ငါးမွှား၊ ငါးဖြူကလေး၊ ငါးဖိန်းတို့သာ ဖြစ်သည်။ စားနေကျ မဟုတ်သောကြောင့် ထိုငါးများကို ကျွန်မတို့ စားမရ။

"ဟော့....ဂျိုစူး၊ နေအိုးလေ။ ငွေ တဆယ်လောက် ပေးလိုက်ကွာ"

"ဟေး....မပေးပါနဲ့ ဆရာမ၊ ငါ မယူဘူး"

ဂျိုစူးက ကျွန်မအနီးသို့ ခပ်သွက်သွက် လျှောက်လာကာ ပြော၏။ အနီးသို့ ရောက်သောအခါ ကျွန်မကို ပြုံးရယ်ပြီး မော်ကြည့်လိုက်၏။ ရယ်လိုက်သောအခါမှ ဝါကျင်ကျင် သူ့သွားတို့က ထင်းကနဲပေါ်လာ၏။ ဂျိုစူးသည် ပါးစပ်တွင်းမှ ကွမ်းများကို ထွေးထုတ်လိုက်ပြီး "ဆရာမတို့ စားဖို့ယူလာတာ စားပါ"ဟု ပြော၏။

"အေး—အေး မယူချင်လဲနေ။ ငါ မင့်ကို ဘောင်းဘီ တထည်ပေးမယ်။ မင်း ဘောင်းဘီစုတ်နေပြီဆို"

"ဟုတ်—ဆရာ၊ ငါ့မိန်းမ ကလေးမွေးနေတော့ ဂျပ်မခုတ်နိုင်ဘူး။ ငါ့မှာ အင်္ကျီလဲ မရှိဘူး"

ဂျိုစူးက သူလိုချင်သည်ကို ရှင်းရှင်းပင်ပြောလိုက်၏။ သူ့စကားက ရှင်းလှ ပြတ်လှသလို သူ့ မျက်နှာထား အမူအရာကလည်း ရိုးသားစင်ကြယ်လှပေသည်။



သည်တော့မှ ဂျိုစူးကို ကျွန်မ အသေ အချာ ကြည့်လိုက်မိ၏။ သူ့ခေါင်းက ဆံပင်များသည် ဖွာလျှာ ကြဲနေ၏။ နီကျင်ကျင် စုတ်ဖွားဖွား၊ ခေါင်းမညှပ်သည်မှာ မည်မျှကြာလေပြီလဲ မပြောတတ်၊ ဆံပင်တို့မှာ နားရွက်ကိုပင် အုပ်လုမတတ် ဖြစ်နေ၏။ ကိုယ်အပေါ်ပိုင်းတွင် ဝတ်ထားသည်က အထည်ကြမ်းကြီးဖြစ်၏။ တိုက်ပုံအင်္ကျီလိုလို၊ ရှပ်အင်္ကျီလိုလိုပုံစံ မပြီတော့ပေ။ အစုတ်အပြဲ အဖာအထေးတို့ကလည်း တထည်လုံး အပြည့်။ ရင်ဘတ်တွင်လည်း ကြယ်သီး မရှိပေ။ ရင်ဘတ်ဟကွဲကြီးနှင့်။ ခါးတွင်ဝတ်ထားသည်က ကာကီဘောင်းဘီ၊ ထိုကာကီဘောင်းဘီကို အတို ဟု ခေါ်ရမည်လား၊ အရှည်ဟု ခေါ်ရမည်လား မပြောတတ်တော့ချေ။ မူလကမူ ဘောင်းဘီရှည်ပင် ဖြစ်ပါလိမ့်မည်။ ဝတ်ဆင်ထားသည်က ကာလကြာမြင့်ပြီဖြစ်သောကြောင့် ဒူးဆစ်အောက်နားအစများက စုတ်ပြတ်ကုန်ဟန် တူချေ၏။

ကျွန်မ၏ ခင်ပွန်းသည်က တဲပေါ်သို့ တက်လာကာ အိပ်ခန်းတွင်းသို့ ဝင်သွား၏။ ပြန်ထွက်လာသောအခါ အရောင်မွဲနေပြီဖြစ်သော ဇင်စဘောင်းဘီ နက်ပြာတထည် ပါလာ၏။

"ရော့..ဂျိုစူး၊ ဒါဆို မင်းတနှစ်မကဝတ်ရမယ်။ ဘယ်ကမှ မစုတ်သေးဘူး"

ဂျိုစူးက ဘောင်းဘီကို ဖြန့်ကြည့်ကာ တပြုံးပြုံးဖြစ်နေ၏။

"ဒါ သိပ်ကောင်းတယ်ဆရာ။ ငါ ဘုရားကျောင်းတက်မှ ဝတ်မယ်။ ဆရာမ ငါတို့ရွာ လာလည်ပါအုံး"

ဂျိုစူးသည် သွားသုံးဆယ့်နှစ်ချောင်း ပေါ်အောင် ရယ်ယင်း ဖိတ်ခေါ်လိုက်၏။

"အေး....လာလည်အုံးမယ်။ အခု ဆရာမသားနေမကောင်းသေးလို့။ သားနေကောင်းမှ လာခဲ့မယ်နော်"

ဂျိုစူးသည် ခေါင်းတချက်ညိတ်ပြီး ထွက်သွားတော့၏။ သူလိုသော ဘောင်းဘီရချ် ကျေးဇူးတင်စကားလည်း မပြော၊ ပြန်ကာနီး နှုတ်ဆက်စကားလည်းမဆို။ သည်လို လောကွတ်စကားလှလှကို ပြောရဆိုရမှန်းလည်း သူသိဟန် မတူပါချေ။

"အဲဒီ ဂျိုစူးကလဲ ကို့ တပည့်ပဲလား၊ သူ့ ကြည့်ရတာ သိပ်ရိုးသားတဲ့ပုံပဲနော်။ သူတို့ရွာက ဘယ်နားမှာလဲ"

တပည့်တော့ မဟုတ်ပါဘူး။ ဟို ထွန်စက်မောင်းတဲ့ မောင်စင်း သိလား၊ အဲ သူ့ သူငယ်ချင်းလေ။ ကိုတို့ အမဲပစ် ထွက်တော့ ဂျိုစူးဆီက တူမီး ငှားရတာပေါ့။ ဒါနဲ့ သိနေတာ။ သိပ်ရိုးတဲ့ လူမျိုးပေါ့ကွာ။ ရိုးလွန်းလို့ အ,တယ်တောင်ခေါ်ရမှာ။ သူတို့ရွာက ဒီကနေ ခြောက်မိုင်လောက် သွားရသေးတယ်။ မိငြိမ်းသွားချင်ယင် ကို လိုက်ပို့ပေးမယ်။ မနက်ဖြန်သွားတာပေါ့"

ဂျိုစူးတို့ ရွာသို့ နောက် တနေ့တွင် ကျွန်မတို့ သွားဖြစ်သည်။ ကိုယ်နွေးတေးတေးရှိသေးသော သားကို ထူထူထဲထဲ ဝတ်ပေးကာ ကား ရှေ့ခန်းမှ ထားရ၏။ ကားကလေးမှာ



လှိုင်ကော်မြို့ထဲရှိ ကျွန်မ ခင်ပွန်းသည်၏မိတ်ဆွေ ဦးလှတင်၏ ကား ဖြစ်သည်။

ဂျိုစူးတို့ရွာ အဝင်ဝအထိ ကားလမ်း ပေါက်လေသည်။ သို့သော် ရွာထဲရှိ လမ်းများကား အဖုအထစ် များလှသဖြင့် ကားကို ဆက်မမောင်းစေပဲ ရွာထိပ်တွင် ရပ်ပစ်ခဲ့ရ၏။

ရွာထဲသို့ဝင်မိသည်နှင့် ကျွန်မတို့လူစုအနီးသို့ ရွာသူရွာသားများက ဝိုင်းလာ ကြတော့သည်။ ကျွန်မတို့ လူစု ဆိုသည်မှာ ကျွန်မတို့ ဇနီးမောင်နှံ၊ သားသားနှင့် ကားမောင်းသူ မောင်စင်းတို့ ဖြစ်၏။

မောင်စင်းက သည်ရွာသား ဖြစ်သည်။ ထို့ကြောင့်ရွာထဲရှိ ပဒေါင်များက ကျွန်မတို့ကိုကြည့်ကာ မောင်စင်းကို မေးမြန်းစုံစမ်းနေကြဟန် တူ၏။ မောင်စင်းက သူတို့ဘာသာ ဓလေ့စကားဖြင့် ပြန်လည် ဖြေကြားယင်း ကျွန်မတို့ကို ဦးဆောင်ခေါ်ယူသွားသည်။

"မိငြိမ်း၊ ဟိုရှေ့က အိမ်ကလေးပေါ်မှာ ယက်ကန်း ရက်နေတဲ့ ကောင်မလေးကို ကြည့်လိုက်စမ်း"

ကျွန်မက ကိုပြရာသို့ မျှော်ကြည့် လိုက်မိ၏။ သူတို့ရွာထဲမှ အိမ်များမှာ အားလုံးတပုံစံထဲသာ ဖြစ်ကြ၏။ ခြေတံရှည် အိမ်ကလေးများပင်။ အကာကို ဝါးဖြင့် ကာ၍ အမိုးမှာ မြက်ခြောက်ရှည်ကြီးများကို နှီးဖြင့် သွယ်ခတ်ထားသော အမိုးသာ ဖြစ်၏။ သူကြီးအိမ်တအိမ်သာ သွပ်မိုးနှင့် ဖြစ်သည်။ အိမ်

အပေါ်ထပ်တွင် ပြတင်းပေါက် တပေါက် တံခါးမ တခုသာ ရှိသည်။

ရှစ်ပေနီးပါးမြင့်သော အိမ်မပေါ်သို့တက်သည့် လှေကားများမှာလည်း များသောအားဖြင့် ဖြုတ်၍ရသော လှေကားအရှင်များဖြစ်၏။ လှေကား ထောင်ရန် ဖိနပ်ချွတ်သဖွယ် စင်ကလေးနေရာတွင် ပဒေါင်အမျိုးသမီးကလေးတဦး ဂျပ်ခုတ်နေသည်ကို တွေ့ရ၏။

အမျိုးသမီးကလေး၏ လည်ပင်းတွင် ကြေးခွေကြီးများ စွပ်ထားသည်။ ကျွန်မ စိတ်ထင်အားဖြင့် ဆယ့်ငါးကွင်း၊ ကွင်းနှစ်ဆယ်ခန့် ရှိပေမည်။

"သူ့ ကြည့်ရတာ မေးညောင်းလိုက်တာကိုရာ။ ဒီကွင်းကြီးတွေနဲ့ လေးနေရှာမှာပဲ။ ဒီကွင်းကြီးတွေက ဘာဖြစ်လို့ တပ်ထားရတာလဲ မောင်စင်း"

"လှဖို့ပေါ့ဆရာမ၊ ဒါပေမယ့် အခု အစိုးရက ဒီလိုတပ်တာ နေမကောင်း ဖြစ်တတ်တယ်ဆိုတာနဲ့ နောက်အပျိုတွေ မတပ်ကြတော့ဘူး။ တချို့ တပ်ပြီးသားပြန်ဖြုတ်ပြီး ရောင်းစားကြတယ်။ ဟိုမှာ ကြည့်ပါလား၊ အဲဒါ ကျွန်တော့်သူငယ်ချင်း နယ်လီလေ၊ သူ ဖြုတ်ပြီး ရောင်းတာ ငွေသုံးဆယ်တောင်ရတာကော၊ဟေး—နယ်လီ၊ လာစမ်း"

မောင်စင်းသည် သူတို့ရွာသူကြီး၏ တူလည်း ဖြစ်သည်။ မြေကျေးရှင်းတွင် လယ်ထွန်စက်မောင်းသည့်အလုပ်ရနေသော



သူလည်း ဖြစ်သည်။ နောက်, ခေတ်ပညာလည်း ငါးတန်းအောင်သည်။သူတို့ရွာတွင် ကျောင်းနေဘူးသူ နည်းပါးလှ၏။ ထို့ကြောင့် သူ့ရွာတွင် သူသည် အရေးပါသောလူတယောက်ဖြစ်နေ၏။ အသက်နှစ်ဆယ်ခန့်ပင် ရှိသေးသော်လည်း ရွာတွင်ဩဇာအာဏာရှိသည်။ ယခုလည်း နယ်လီ ဆိုသော ပဒေါင်အပျိုမကလေးကို အနီးသို့ ခေါ်ကာ ကျွန်မတို့ ရောက်လာကြောင်း ဂျီစူးတို့ အိမ်သို့ အပြောလွှတ်လိုက်၏။

"နယ်လီ သေချာပြောပေး၊ ကြားလား"

"နေပါအုံး မောင်စင်းရ၊ မင်းတို့ရွာက တယ်ခေတ်မီပါလား၊ ကောင်မလေးတွေနာမည် ကြားရလိုက်ယင် နယ်လီတို့၊ သယ်(လ်)မာတို့ပါလား၊ ဟိုကောင် ဂျီစူးမိန်းမနာမည် ဘယ်သူ၊ ရိုစီ ဆိုလား"

"လူစီပါ ဆရာ၊ ဒီနာမည်တွေ ဘုရားကျောင်းက ဖာသာကြီး ပေးခဲ့တာဆရာ၊ ကျွန်တော့် နာမည်လဲ ခုမှ မောင်စင်းခေါ်တာ၊ အရင်က ဟင်နရီခေါ်တာ"

"အင်း—အဲဒါပဲကြည့်တော့ မိရှေးငြိမ်း၊ ခရစ်ယာန် သာသနာပြုတွေ ဘယ်လောက်ပေါက်ရောက်ခဲ့သလဲဆိုတာ ဒီအနီးအနားရွာတွေဆို အားလုံး လိုလို ဗရင်ဂျီဘာသာ ဝင်တွေချည့်ပဲ၊ တနင်္ဂနွေနေ့ဆိုယင် ဘာမှ ခေါ်ခိုင်းလို့မရဘူး။ ဘုရားကျောင်းသွားရမယ်၊ ဒီနေ့ ဘုရားအတွက် အလုပ်လုပ်ပေးရမယ်ဆိုပြီး မလာကြတော့ဘူး"

ဂျီစူးတို့အိမ်မရောက်မီ လမ်းတကွေ့တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတခုကို တွေ့ရ၏။ သေးငယ်စုတ်ချာသော ရွာကလေးနှင့် မလိုက်အောင်ပင် ဘုရားကျောင်းက တင့်တယ်လှပခန့်ညားလွန်းလှပေသည်။ ပြာသော ကောင်းကင်အောက်တွင် ဘုရားကျောင်း ဖြူဖြူချွန်ချွန်ကြီးက ထင်းနေ၏။

ဘုရားကျောင်းအတွင်းမှ လူ လေးငါးဆယ် ထွက်လာကြသည်။ ထိုအထဲတွင် ဂျီစူးပါ ပါလာ၏။

"ဟော့—ဆရာမ၊ ငါ့ဆီလာတာလား၊ အေး—အေး"

ဂျီစူးသည် အားရဝမ်းသာပြောကာ ရှေ့ကမပြေးရုံတမယ်သွားနှင့်တော့၏။ ဘုရားကျောင်း အတွင်းမှ ထွက်လာသောလူအုပ်သည် ကျွန်မတို့ ဘေးတွင်လည်းကောင်း၊ နောက်တွင်လည်းကောင်း ရှိနှင့်နေသော လူအုပ်နှင့် ပေါင်းကာ တပုံကြီး ဖြစ်သွားတော့၏။

"အိမ်ပေါ်တက်ပါဆရာ၊ ဒါ ဂျီစူးတို့အိမ်"

ဂျီစူးတို့ အိမ်ပေါ်သို့ တက်လိုက်သည်နှင့် ချဉ်စုတ်စုတ်စူးရှရှအနံ့ကြီးက နှာခေါင်းတွင်းသို့ တိုးဝင်လာ၏။ အနံ့ကြီးမှာ ဆိုးရွားလှသဖြင့် ကျွန်မသည် ခေါင်းကိုက်ခုင်သလိုလို၊ အန်ချင်သလိုလို ဖြစ်လာ၏။

ဂျီစူးက မှောင်ပိတ်ပိတ်ဖြစ်နေသော သူတို့ အိမ်ခန်းတွင်းသို့ ဝင်ထိုင်ရန်ပြောသော်လည်း ကျွန်မက ဇွတ်ပေ၍လှေကားထောင်သည့် ဇင်ကလေးပေါ်တွင်သာ ထိုင်လိုက်၏။တအိမ်လုံး



ဖုံလက်လေးသစ်တက်ကာ ညစ်ပတ် ပေရေနေသည်မှာ ပြောစရာမရှိ။ အိမ်အောက်ထဲတွင်မွေးထားသော ဝက်ပေါက် စ, လေး ငါးကောင်ကလည်း တအီအီ၊ ကြက်မ ကြက်ဖ မိသားစုတအုပ်ကလည်း မြေကြီးပေါ် ယက်စားလိုက်၊ ကျွန်မတို့ထိုင်နေရာသို့ တက်လာလိုက်၊ အိမ်ခန်းထဲဝင်လိုက်နှင့် မျက်စိနောက်စရာကောင်းလှသည်။ အိမ်ခန်းထဲက ကလေး ငိုသံကလည်း စီစီညံ နေလေသည်။

"ဘယ့်နှယ်လဲ၊ ကိုယ့်တိုင်းရင်းသား သွေးရင်း ညီအစ်မတွေရဲ့ဘဝကို လေ့လာချင်တဲ့ ဆရာမကြီး၊ ဘယ်လို ခံစားရပါသလဲ"

နှာခေါင်းကိုလက်ကိုင်ပုဝါဖြင့်ပိတ်ကာ ငူငူကြီး ထိုင်နေသော ကျွန်မကို 'ကို' က ခနဲ့လိုက်ပါသည်။ ကျွန်မသည် စကားတွေအများကြီးပြောပစ်လိုက်ချင်သော်လည်း ဂျီစူးရော မောင်စင်းပါ အနားတွင် ရှိနေသည်ကတကြောင်း၊ ခေါင်းထဲက မူးနောက်နောက် ရီဝေဝေ ဖြစ်နေသည်က တကြောင်းကြောင့် "အင်မတန်သနားစရာကောင်းတဲ့ ဘဝလို့ ထင်မိတယ်လေ။ လူနေမှုအဆင့်အတန်း အများကြီး တိုးတက်ဖို့လိုသေးတယ်ပြောရမှာပေါ့"ဟု သာ ခြုံ၍ ဖြေလိုက်မိသည်။

"ဒါ ဂျီစူးမိန်းမ လူစီပေါ့ဆရာမ"

မောင်စင်းက နယ်လီနှင့်အတူ ခေါင်ရည်အိုးတလုံးစီဆွဲကာ အိမ်ခန်းတွင်းမှ ထွက်လာသောအမျိုးသမီးကို လက်ညှိုးထိုးပြ

လိုက်၏။ လူစီ၏အသားအရေမှာ သွေးအားနည်းနေသည့်အသွင် ဖြူရော်ရော် ဖြစ်နေ၏။ ကလေးငယ်တယောက်ကိုလည်း သူ့ကျောပေါ်တွင် စောင်နှင့်သိုင်းထားသည်။ သူတို့သည် ပြုံးပြုံးကလေး လုပ်ကာ ငြိမ်နေ၏။ ကျောပေါ်က ကလေးကား အသံကုန်ဟစ်ကာ ရူးရူး ဝါးဝါး အော်ဟစ်ငိုနေ၏။

"ကလေး ဘာဖြစ်လို့လဲ၊ ငိုလိုက်တာ"
"ဗိုက်နာတယ်ဆရာမ၊ ညကလဲ မအိပ်ဘူး"
"ဘာဆေး တိုက်ထားသလဲ"
"ရှော—ဘာမှ မတိုက်၊ နောက် ပျောက်သွားမှာလေ"
"အို—တိုက်ရမှာပေါ့၊ ပြစမ်းပါအုံး ကလေး"

လူစီသည် ကလေးကိုထုတ်ယူကာ ကျွန်မ ရှေ့တွင် ချထားလိုက်၏။

ကလေး လေးက နှစ်နှစ်ကျော်ခန့်ပင်ရှိသေး၏။ ငိုရလွန်းသောကြောင့် အသံကလေးများပင် ပြာနေရှာလေပြီ။ နံရိုးကျဲကျဲ ဗိုက်ပူကလေးနှင့်။ ဗိုက်ကို လက်တင်ကြည့်သောအခါ မာမာတင်းတင်းကြီး ဖြစ်နေ၏။

"ကလေး ဝမ်းသွားရဲ့လား"
လူစီက ခေါင်းခါပြ၏။
"ဘယ်နှစ်ရက်ရှိပြီလဲ၊ ဝမ်းမသွားတာ"
"သုံးလေးရက် ရှိပြီလေ"



"ကဲ—ဒါဖြင့် ဆပ်ပြာရှိတယ်မဟုတ်လား၊ ယူခဲ့ မြန်မြန်"

ဆပ်ပြာ သူတို့အိမ်တွင် မသုံးသောကြောင့် သူကြီးအိမ်သို့ ပြေးကာ ယူရသေး၏။ ဆပ်ပြာရသောအခါ အတောင့်ကလေး ပွုကာ ကလေး၏ စအိုအတွင်းသို့ သွတ်သွင်းကာ ဝမ်းချူပေးလိုက်၏။ ခဏကြာလျှင် ကလေးဝမ်းသွားတော့၏။ ဝမ်းသွားပြီးမှ ကလေး အငိုလျော့သွားလေသည်။

ကလေးကို ရေဖတ်တိုက်ပေးပြီးမှ လူစီကို နို့တိုက်ခိုင်းရ၏။ ကလေးလည်း နို့စို့ယင်းပင် သနားစဖွယ် အိပ်မောကျသွားလေသည်။

"ဆရာမ အားကြီး တော်တယ်၊ လူစီ အလကား ကောင်မ"

"အော်—ဂျူးကလဲ၊ ဒီလိုမပြောပါနဲ့၊ လူစီလဲ မသိလို့ပေါ့၊ နောက်ကို မှတ်ထားနော်၊ ဗိုက်နာယင် အရမ်း မနှိပ်ရဘူး၊ ကလေးကို ဝမ်းလဲမချုပ်စေနဲ့၊ ဝမ်းချုပ်ယင် အခုလုပ်သလိုလုပ်"

ကျွန်မ ဂျူးနှင့်စကားလက်ဆုံကျနေစဉ်မောင်စင်းကလည်း နယ်လီနှင့် စကားတွတ်ထိုးနေ၏။ ခဏကြာသော် နယ်လီရော မောင်စင်းပါ အိမ်အောက်သို့ဆင်းသွားကြတော့၏။ မကြာမီ အိမ်အောက်မှ ခွေးများဟောင်သံ၊ ကြက်မိသားစု၏ ကတော်သံ၊ ပြေးသံ၊ လွှားသံကိုကြားရတော့၏။ ကြက်ဖကြီးတကောင်သည် ကျွန်မတို့ထိုင်နေရာသို့ ပျံတက်လာသဖြင့် သားပင် လန့်

သွားရချေ၏။ ဆယ်မိနစ်ခန့်ကြာမှ အခြေအနေက ပြန်လည်ငြိမ်သက်သွားလေသည်။

မောင်စင်းက အိမ်ပေါ်သို့ ပြေးတက်လာပြီး "ဟိုဘက်အိမ်မှာ ဝက်,ပေါင်နေတယ် ဆရာ၊ ကြည့်မလား"ဟု လာမေး၏။ ကျွန်မကလည်း ညစ်ပတ်နံစော်လှသော အိမ်ကလေးပေါ်တွင် ထိုင်နေသည်ထက် ဟိုဟိုသည်သည် လျှောက်ကြည့်နေသည်က ပိုကောင်းပေလိမ့်မည်ဟု အတွေးပေါက်ကာ "သွားကြည့်ရအောင်"ဟု ပြောလိုက်၏။

ကျွန်မတို့ ရောက်သွားသောအခါ ဝက်,ပေါင်၍ပင် ပြီးနေလေပြီ။ ဝက်ကို သူကြီးဖြစ်သူက ဓားမထက်ထက်ကြီးနှင့် ပိုင်းကာ,ဖြတ်ကာ ဝေခွဲပေးနေ၏။ မောင်စင်းနှင့် ဂျိုစူးသည် သူကြီးအနီးသို့ကပ်ခါ စကား တခွန်း-နှစ်ခွန်း ပြောလိုက်၏။ သူကြီးသည် ဝက်တွဲ နှစ်တွဲကို ယူကာ ဘာယောက်တတွဲ ပေးလိုက်၏။

"ကောင်းလိုက်တဲ့ အသားကွာ၊ ဘယ်လောက်ပေးခဲ့ရသလဲ မောင်စင်း၊ တို့ကို တတွဲလောက် ဝယ်ပေးစမ်းပါလား"

"ဒါ ဆရာတို့ဖို့ ဆရာ၊ ပိုက်ဆံမပေးရဘူး၊ နောက်တခါ ကျွန်တော်တို့အိမ်က ဝက်,ပေါင်ယင် ဒီလိုပဲ လူစေ့ပေးရတယ်၊ တလှည့်စီပေါ့ ဆရာ"

"ဟိုမှာ ပိုနေတာတွေကကော"

"အဲဒါတွေက မနက် ဈေးနေ့မှာ ဆန်တို့၊ အသီးအရွက်တို့နဲ့ လဲစားမပေါ့။ ဒီအိမ်ရှင်က ဝက်သားပေးယင် ဟိုဘက်



အိမ်က အာလူးပေးမယ်၊ ဟိုဘက်အိမ်က ဆားပေးမယ်။ ဒီလို လဲစားတာပေါ့ ဆရာ"

သူတို့ ဓလေ့ အကျင့်ကလေးကား ချစ်စရာပင် ကောင်းကောင်းချေသေးတော့၊ သည်လို ပစ္စည်းချင်း ဖလှယ်ကာ လိုအပ်တာ ရနေမှတော့ ငွေကြေး,ပိုက်ဆံဆိုတာ ဘာလုပ်ဖို့ပါနည်း။ ထို့ကြောင့် သူတို့ဆီမှာ ချမ်းသာသည်ဟု ပြောလျှင် ငွေကြေး ချမ်းသာခြင်းကို ရည်ညွှန်းသည် မဟုတ်ပေ။ နွားကောင်ရေ အများဆုံးရှိသူ၊ ကြက်ကောင်ရေ အများဆုံးရှိသူ၊ ဝက်ကောင်ရေအများဆုံးရှိသူ၊ ကြေးကွင်းသန္တာစေ့အများဆုံးရှိသူ၊ သားယောကျ်ားကလေး အများဆုံး မွေးထားသူများသာလျှင် ချမ်းသာသည်မည်ပေ၏။

ကျွန်မတို့ ဂျိုစူးတို့အိမ်သို့ ပြန်ရောက်သောအခါ ခေါင်ရည်အိုးများအနီးတွင် ကြက်သားကြော်ပန်းကန်ရောက်နေလေပြီ။ သည်တော့မှ စောစောက နယ်လီနှင့်မောင်စင်းတို့ အိမ်အောက်ဆင်းကာ ကြက်ဖမ်းကြသည်မှာ ကျွန်မတို့ကို ကြော်ကျွေးရန်ဖြစ်သည်ဟု သဘောပေါက်မိတော့၏။

"ဆရာမ စားပါနော်၊ ခေါင်ရည်စုပ်ပါအုံး၊ ခေါင်ပေါက်အောင် စုပ်ရမယ်နော့"

ဂျိုစူးသည် 'နော့'ချင်းထပ်အောင် ပြောကာ ညှော်ဝတ်ပြုနေ၏။

"ခေါင်ပေါက်အောင် စုပ်တယ်ဆိုတာ ဘယ်လိုလဲ ကို"

"ခေါင်တအိုးလုံးကုန်အောင် စုပ်ဖို့ပြောတာ"

“အို—မှုးလဲနေမှဖြင့်”

“မမှုးပါဘူး ဆရာမ၊ ကျွန်တော်တို့ ဒီမှာ ယောကျ်ားတွေရော၊ မိန်းမတွေရော၊ ကလေးတွေပါ ခေါင်းစုပ်ကြတာပဲ၊ ရေမှ သိပ်မသောက်ပဲ။ ဟောဒီကောင် သုံးနှစ် ရှိသေးတယ်၊ ခေါင်းပေါက်နေပြီ”

မောင်စင်းက အနီးတွင်ရပ်နေသော ဂျီစူး၏ တူကလေးကို ညွှန်ပြယင်း ပြော၏။ မောင်စင်း အပြောကောင်းသောကြောင့် လည်းကောင်း၊ ဂျီစူးတို့ လင်မယား အတန်တန်တိုက်တွန်းသောကြောင့် လည်းကောင်း၊ ကျွန်မကိုယ်တိုင်က ခေါင်းရည်၏ အရသာကို သိချင်သောကြောင့်လည်းကောင်း ကျူရိုးကလေးမှ တဆင့် တစုပ်,နှစ်စုပ် စုပ်ယူပြီး စမ်းကြည့်လိုက်သည်။

ပူနွေးနွေး၊ ချဉ်စုပ်စုပ် အရသာကြောင့် ကျွန်မ မျက်နှာရှုံလိုက်မိ၏။ သားကလည်း သောက်ချင်သည်ဆိုသောကြောင့် ပေးစုပ်ရသေး၏။ ကိုယ်တော်ချောလေးက ခေါင်းရည်ကို ဘယ်လို အရသာတွေ့နေသည် မသိ၊ တစုပ်ပြီး တစုပ် အားရပါးရ စုပ်နေတော့၏။ ကျွန်မ တားသော်လည်း ခေါင်းရည်လက်မလွှတ်တော့ပေ။ သားကိုကြည့်ကာ ဂျီစူးတို့က သဘောကျနေ၏။ မောင်စင်းက ကြက်ပေါင်တခုကို ဖဲ့ကာ သားကို ပေးလိုက်သေး၏။ သည်တော့ ဖိုးသားကြီး အကြိုက်တွေ့သွားချေတော့ပြီ။

“ဒီခေါင်းရည်က ဘာကိုလုပ်တာလဲကွ”



သားကို ပြောမရသည့်အထဲ ‘ကို’က ခေါင်းရည်သုတေသနလုပ်နေချေသေး၏။

“ဒီပြောင်းတွေကို အချဉ်ဖောက်ထားတာပေါ့ ဆရာ”

မောင်စင်းက အိမ်ပေါ်တွင် ဝါးတန်း,တန်းကာ ချိတ်ဆွဲထားသည့် ပြောင်းဖူးများကို ပြယင်း ဖြေ၏။

“ကျွန်တော်တို့အားလုံး ဆန် သိပ်မစုဘူး ဆရာ၊ ပြောင်းပေါ်တဲ့အချိန်ကျယင် ကြက်တွေ—ဝက်တွေရှိတဲ့လူက ပြောင်းနဲ့လဲပြီး စုထားကြရတာပဲ”

သူပြောတာ မှန်ပါလိမ့်မည်။ မောင်စင်း ထမင်းချက်စားသည်ကို ကျွန်မ သုံးလေးကြိမ်တွေ့ဘူးသည်။စားနိုင်သောက်နိုင်သည့် အရွယ် အလုပ်ကြမ်းသမားပင် ဖြစ်သော်လည်း ဆန်ချက်လျှင် နို့ဆီဗူးတလုံးသာ ဖြစ်သည်။ ဒါကလည်း ညစာ မနက်စာ နှစ်နပ်အတွက် ဖြစ်သည်။ ဟင်း ချက် ပုံ က လည်း အာဟာရဓာတ် ပါမပါမှု မပြောတတ်။မြင်ရသည်မှာမူ မသတီစရာကောင်းလှချေ၏။ရှိသမျှသော ရွှေဖရုံသီး၊ မန်ကျည်းရွက်၊ ဂေါ်ဖီထုပ် တို့နှင့်ဝက်သားရှိလျှင် ဝက်သား၊ မရှိလျှင် ငါး၊ ဘာမှမရှိလျှင်အသီးအရွက်များထဲသို့ဆားခပ်ကာပြုတ်လိုက်၏။ ဤသည်ကပင် ဟင်းဖြစ်တော့၏။ ငါးဆိုလျှင် အကြေးကိုသာထိုးသည်။ အူတွေဘာတွေ ထုတ်မနေ၊ အတောင်အလက်ပင် မဖြတ်။သည်အတိုင်း ရေဆေးကာ အိုးထဲ ပစ်ထည့်လိုက်ခြင်းသာ ဖြစ်၏။အစားကလည်း စားလိုက်သည်မှာ ဘာကိုမျှ

မရှောင်။ တနေ့ ကျွန်မတို့ တဲကလေးရှေ့တွင် စကားပြောနေဆဲ ပုတ်သင်ညိုကြီးတကောင်ကို လောက်လေးခွနှင့်ပစ်၍ မီးဖိုထဲပစ်ထည့်ကာ မီးဖုတ်စားလိုက်၏။ တခါတရံ ဆန်မရှိလျှင် ထမင်းမစားပဲနေ၏။ ဟင်းရွက်ဟင်းသီး မရှိလျှင် ဟင်းမပါပဲ စား၏။ သူတို့လက်စွဲထားသည်ကား ခေါင်ရည်ပင်ဖြစ်တော့၏။ ခေါင်ရည်ကိုမူ သူတို့အပြတ်မခံနိုင်ကြ။ သည်တော့ ခေါင်လုပ်ဖို့ ပြောင်းကို သူတို့ အထူးဂရုစိုက်၍ စုဆောင်းရ၏။

သည်အဖြစ်က မောင်စင်းတယောက်တည်းအဖြစ် မဟုတ်။ ဂျိုစူးတယောက်တည်း၏အဖြစ် မဟုတ်။ သူတို့၏ မိသားစုများ၊ သူတို့၏ ဆွေမျိုးသားချင်းများ၊ သူတို့၏ ရွာ၊ သူတို့၏ရွာ အနီးအနားရှိ ရွာများ၊ သူတို့ သူတို့အားလုံး၏ အဖြစ်ပင်။

သည်လို ခေါင်ရည်ကိုသာ တခုံတမင်လုပ် သောက်နေကြသဖြင့် ကျန်းမာရေး ဘယ်မှာ ကောင်းနိုင်ပါအံ့နည်း။ သူတို့ရွာတွင် အသက် ခုနစ်ဆယ်ကျော်သည့် လူ တယောက်မျှမရှိဟု သိခဲ့ရ၏။ အသက် ငါးဆယ်ကျော်သာရှိသေးသည့် သူကြီးပင်လျှင် ဆံဖြူသွားကျိုး အင်အားချည့်နဲ့နေပေပြီ။ မိန်းမများဆိုလျှင်လည်း အခွင့်အရေး သိပ်မရကြ။ ယောကျ်ားယူလျှင် ယောကျ်ားအိမ်သို့ လိုက်ကာ ကလေးများများ (အထူးသဖြင့် သား ယောကျ်ားလေးများ) မွေးပေးရမည်ဟု သူတို့ ယူဆကြ၏။ ဂျိုစူးမ၏ မိန်းမ လူစီဆိုလျှင် အိမ်ထောင်ကျသည်မှာ လေးနှစ်မျှရှိသေးသည်။ ကလေးသုံးယောက် ရနေပေပြီ။



ကျွန်မသည် သက်ပြင်းချလိုက်မိ၏။ သူတို့ဘဝကို စိတ်ပျက်၍မဟုတ်ပေ။ အဆင့်အတန်း နိမ့်ကျလွန်းလှသော အဖြစ်ကို အားမလိုအားမရ ဖြစ်သော စိတ်၊ ကရုဏာသက်မဆုံးသော စိတ်၊ သူတို့ဘဝကို မြှင့်တင်ပေးလိုသော်လည်း မစွမ်းနိုင်သော မိမိကိုယ်ကို အပြစ်တင်မိသော စိတ်တို့ကြောင့်သာလျှင် ဖြစ်ပါ၏။

သူတို့သည် ကျွန်မတို့၏ သွေးရင်းမောင်နှမများ ဖြစ်ကြပါသည်။ တမြေထဲနေ တရေထဲသောက်သည့် တပြည်ထောင်စုသားများ ဖြစ်ကြပါသည်။ သို့သော် မြို့ကြီး ပြကြီးများနှင့် သူတို့ခြောက်မိုင်ရွာကလေး၏ အခြေအနေ အဆင့်အတန်းကား ကွာခြား လွန်းလှပါသည်။ ဖြစ်စေချင်သော ဆန္ဒမှာ သူတို့ ယုံကြည်ကိုးကွယ်သော ဘာသာတရားကိုမူ ရှိရင်းစွဲ အတိုင်း ထားလိုက်ပါဦးတော့။ သူတို့ ချစ်စရာကောင်းသော၊ လောဘကင်းသော၊ စုဝေးစည်းရုံးမှုရှိသော ကုန်ဖလှယ်၍စားသုံးမှုကို လည်း သည်အတိုင်း ရှိပါစေဦးတော့။ သို့သော် သူတို့၏ နေမှုထိုင်မှု၊ ကျန်းမာရေးကို ဂရုစိုက်တတ်မှု ရှိလာအောင် ပြုပြင်ပေးရန် လိုပေသည်ဟု ကျွန်မ မှတ်ချက်ချမိပါသည်။

ကျွန်မ၏ ဆန္ဒသည် မဝေးကွာလှသော တနေ့တွင် ပြည့်ဝလာလိမ့်မည်ဟု ခြွင်းချက်မရှိ ယုံကြည်မိပါသည်။ ကျွန်မဆန္ဒ ပြည့်ဝမည့်အချိန်ကို ကျွန်မ စောင့်ရပေဦးမည်။ ကျွန်မ ခင်ပွန်းသည်၏ ဆန္ဒကမူ ကျွန်မတို့ကားဆီသို့ ပြန်အရောက်တွင် ပြည့်ဝနေပြီကို ကျွန်မ တွေ့လိုက်ရသည်။

"အားပါး၊ တယ်ဟုတ်ပါလား ဟေ့၊ ကြက်ရော၊ ဝက်ရော စုံလို့ပါလား။ ဂျိုးလိမ့်မှာတယ်၊ ငါ အကျီတထည် ပေးအုံးမယ်"

'ကို'က အားပါးတရ ပြောလိုက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်မတို့ကားပေါ်တွင် ဝက်သားဖတ်တွဲနှင့် ခြေချင်းတွဲကာ ကြိုးချည်ထားသော ကြက် သုံးကောင်က အခန့်သား ရောက်နေသောကြောင့်ပင်။



# သမုဒ္ဒရာနှင့် ရေစက်ငယ်

**သမီးလေးငြိမ်းသာ....**

သမီးမရှိတော့ဘူးဆိုယင်ပဲ အိမ်ကြီး တခုလုံးဟာ တိတ်ဆိတ် ခြောက်သွေ့နေတော့တယ်။ သမီးအိမ်မှာ မရှိတော့ဘူးဆိုတာကို မတွေးမိအောင် မေမေအများကြီး ကြိုးစားပါတယ်။ ဒါပေမယ့် သမီးရဲ့ စကားသံစာစာ၊ သီချင်းသံ သာသာကလေးတွေကို မကြားရတော့ပြီ ဖြစ်တဲ့ အတွက် မေမေ့အိမ်မှာ သမီးမရှိတော့ဘူးဆိုတာ သိနေရတယ်။

တအိမ်လုံး နေရာအနှံ့ တခန်းဝင်တခန်းထွက် သွားလာနေတတ်တဲ့ သမီးရဲ့ လှုပ်ရှားပုံကလေးတွေကို မမြင်ရတော့

ပြီ ဖြစ်တဲ့အတွက် မေမေ့အိမ်မှာ သမီးမရှိတော့ဘူး ဆိုတာ သိနေရတယ်။ တိတ်ဆိတ်ငြိမ်သက်နေလွန်းတော့ စိတ် ပြေရာ ပြေကြောင်း စာဖတ်မယ် မေမေကြံပြီး စာအုပ် ဗီရိုကြီး ရှိရာကို လာပြန်ယင်လဲ ခါတိုင်း ဗီရိုကြီးရှေ့မှာ စာအုပ်တွေ တပုံတပင်ကြီး ဘေးနားမှာချပြီး တင်ပလ္လင်ခွေပြီး မျက်မှန်ကြီး တဝင်းဝင်းနဲ့ စာဖတ်နေတတ်တဲ့ သမီးရဲ့ဟန်ကို မြင်ယောင်လာတော့ မေမေ့မှာ မျက်ရည်ဝဲရပြန်တယ်သမီး။

သမီးရယ်၊ သမီးကတော့ မေမေ့ အသည်းနှလုံးကြားကနေထွက်ပြီး သမီးရဲ့ ချစ်သူရင်ခွင်မှာ ပျော်ပိုက်နေတဲ့အချိန်ဆိုတာ မေမေသိပါတယ်။ မမေးသင့်မမေးအပ်တဲ့ မေးခွန်းဆိုတာ မေမေသိပါတယ် သမီးရယ်။ ဒါပေမယ့် မေမေ မမေးပဲ မနေနိုင်လွန်းလို့ မေးလိုက် ချင်ပါတယ်။ သမီးချစ်သူရဲ့ ရင်ခွင်ဟာ မေမေ့ ရင်ခွင်ထက်ပဲ အေးမြလေသလား။ သမီးချစ်သူရဲ့ မေတ္တာရိပ်ဟာ မေမေ့ မေတ္တာရိပ်ထက် ပိုမိုကြီးမား ခိုနားစရာ ကောင်းတယ်ရယ်လို့ ထင်သလားလို့ ပါပဲကွယ်။ ဒီမေးခွန်းမေးလို့ မေမေ့ကို ခွင့်လွှတ်ပါ သမီး။ မေမေ့အသက်နဲ့ထပ်တူ ချစ်မြတ်နိုးပြီး အရိပ်တကြည့်ကြည့်နေခဲ့တဲ့ သမီးလေး မေမေ့ အနားမှာ မရှိတော့ဘူး။ မေမေ့ကို သမီး ခွဲခွာသွားပြီ။ ကမ္ဘာသစ်မှာ ပျော်မွေ့နေပြီ ဆိုတဲ့ အတွေးတွေက မေမေ့



ရင်ကို ပူလောင်စေလွန်းလို့ အတွေး ချော်ပြီး မေးမိတာပါ။

တကယ်ဆိုတော့ လောကမှာတာ အိမ်ရာထူထောင်ခြင်း၊ မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းဆိုတဲ့ မိဘဝတ္တရား ငါးပါးကိုလဲ မေမေ နားလည်ပါတယ် သမီး။ ဒါပေမယ့် ခုလို မမျှော်လင့်တဲ့ အချိန်မှာ ရုတ်တရက်ကြီးခွဲခွာသွားတော့ မေမေ့မှာ ရင်ထုမနာ ဖြစ်ရပါတယ်။ မေမေ့စိတ်ဝေဒနာကို သမီးနားလည်အောင် အလွယ်ဆုံး ဥပမာပြရယင် သမီးမွေးထားတဲ့ ခွေးမလေး မိဖြူကို သမီးအမှတ်ရသေးတယ် မဟုတ်လား။

မိဖြူ သုံးလသမီးလောက်ကျတော့ ခဏခဏ နေမကောင်းဖြစ်တာနဲ့ ခွေးကို ဘယ်လိုပြုစုရမှန်း မသိတဲ့ မေမေတို့ဟာ သမီးကျောင်းသွားနေတုန်း ခွေးကုတဲ့ ဆရာဝန်အိမ်ကို ဆေးကုဖို့ ပို့လိုက်တာလေ။ သမီးကျောင်းကလဲပြန်လာရော ခြံဝမှာ မိဖြူကိုမတွေ့တာနဲ့ တအိမ်လုံး ဒေါင်းတောက်အောင် ရှာတော့ တာပဲ မဟုတ်လား။ သမီးရေ...သမီး၊ မိဖြူရေ ...နဲ့ အော်ခေါ်တာတွေရော! ကြာတော့ မေမေနဲ့ ဖေဖေက သမီးကို မိဖြူအကြောင်း ချော့မော့ပြောပြပြီး နေကောင်းတော့ ပြန်ခေါ် ပေးပါ့မယ်လို့ ကတိ ပေးရတယ်လေ။ ပထမတော့ သမီးကျေနပ်သလိုလိုနဲ့ ငြိမ်နေပါသေးရဲ့၊ ဒါပေမယ့် ညစာ ထမင်းစားကြတော့

သမီး မစားတော့ဘူး။ ထမင်းဝိုင်းကိုတောင် မလာဘူး။ အခန်းအောင်းနေတော့တယ်။

သမီးဖေဖေက ငြိမ်းသာကို သွားကြည့်ပါအုံးဆိုလို့ အခန်းထဲချောင်းကြည့်လိုက်တော့ သမီးဟာ မိဖြူနဲ့ သမီး တွဲရိုက်ထားတဲ့ဓာတ်ပုံလေးကိုကြည့်ပြီး မျက်ရည်တွေတွေ ကျနေတာတွေ့ရတယ်။ မေမေနဲ့ ဖေဖေ နှစ်ယောက်စလုံးချော့တာတောင်မှ သမီးအငိုမတိတ်ဘူး။ ဒါနဲ့ပဲ ည ကိုးနာရီလောက် ကျတော့ သမီးအတွက် မိဖြူကို ပြန်ခေါ် ပေးရတော့တယ်။ မိဖြူလဲ အိမ်ပြန်ရောက်ရော သမီးက မိဖြူကို ဖက်နမ်း။ မိဖြူကလဲ ဆော့နဲ့ တအိမ်လုံး ဆူညံ သွားတာပဲ မဟုတ်လား။ 'နောက်တခါ ငါ မရှိတုန်း နင် ဘယ်သူ ခေါ်ခေါ် လိုက်မသွားနဲ့နော်'လို့ ခွေးကို တတွတ်တွတ် မှာနေသံ ကြားရတော့ မေမေတို့မှာ ပြုံးရသေးတယ်။ အော်—ကလေးဆန်လွန်းတဲ့ သမီးလေး။ ခုတော့—

အခု သမီးမေမေ့ဆီက ခွဲခွာထွက်သွားတော့ မေမေ ခံစားရတဲ့ စိတ်ဝေဒနာ၊ လွမ်းဆွတ်တ,သ သတိရမှုတွေဟာ မိဖြူကို တခြားအိမ် ပို့လိုက်တုန်းက သမီး ခံစားရတဲ့ စိတ်ဝေဒနာ၊လွမ်းဆွတ်တ,သ သတိရမှုတွေထက် အဆပေါင်း အရာအထောင်မက သာလွန်တယ်ဆိုတာတော့ သမီးသိအောင် မေမေ ပြောပြ ချင်ပါတယ်ကွယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးကို မေမေဟာ အသက်နဲ့ထပ်တူ ချစ်မြတ် နိုးလွန်းလို့ပါ သမီး။



သမီးဟာ မေမေ့ နှလုံးသားထဲက ပေါက်ဖွားလာတဲ့ ရင်သွေး ရင်နှစ် အချစ်ရတနာကလေးမို့ပဲ သမီး။

စိတ်နှလုံး ရိုးသား ဖြောင့်မတ်ပြီး အပူအပင် မရှိ ငြိမ်းငြိမ်းသာသာနေတတ်တဲ့သမီးမို့ မေမေဟာ သမီးကို ငြိမ်းသာလို့ ချစ်စနိုးခေါ်ခဲ့မိတယ်။ နေရာတကာ သမီးစိတ်တိုင်းကျဖြစ်အောင် မေမေ ကြိုးစား ပေးခဲ့တာလဲ သမီးအသိ။ အခု တခါမှ မေမေ့ အပေါ် ဘယ်အချက်ဘယ်လို စိတ်နာပြီး သမီးမေမေ့အပါးက ထွက်ခွာသွား သလဲ သမီးရယ်။ ဆောင်းတွင်း အမီ ဆွယ်တာ နီနီရဲရဲကလေးတထည် ထိုးပေးပါလို့ သမီး ပူဆာခဲ့လို့ မေမေဟာ အားလပ်တဲ့အချိန်လေးတွေမှာ မနားမနေ ဆွယ်တာထိုးခဲ့တာ ပြီးကာတောင် နီးပြီ။ ခုတော့ သမီးက မရှိတော့ဘူး။ ဆွယ်တာ ပြီးတော့ကော ဘယ်သူက ဝတ်အုံးမှာလဲ။ ဒီဆွယ်တာကို ဝတ်မယ့် ချစ်တဲ့သမီးက မရှိတော့ဘူးလေ။ မေမေ၊ သမီးကို ပြန်တွေ့ပါစေ သမီးရယ်။ သမီး၊ မေမေ့ကို ပစ်ပစ်ခါခါ လုပ်သွား ရက်ပေမယ့် သမီးကို အကြာကြီး မတွေ့ရပဲ မေမေ မနေနိုင်ပါဘူး။ သမီး မေမေ့ဆီ ပြန်လာပါကွယ်။သမီးလေးမျက်နှာကို မေမေ ခဏဖြစ်ဖြစ် တွေ့ပါရစေ။

'မေမေ... သမီးကို ခွင့်လွှတ်ပါ။ သမီး အစ်ကိုခေါ်ရာ လိုက်သွားပါပြီ' ဆိုတဲ့ စာလေးကို မေမေ ဖတ်ရတော့ ယုံတောင် မယုံနိုင်ဘူး။ အခေါက် တရာ

လောက်ဖတ်ပြီးမှ ငေးငေးကြီး ဖြစ်နေမိတယ်။ သမီး ဖေဖေက မေမေ့ အမူအရာကို ကြည့်ပြီး လက်ထဲက စာကိုယူဖတ်ပြီး "မိုက်လိုက်လေ—မိုက်လိုက်လေ သမီး မိုက်တူးမ" လို့ တုန်တုန်ယင်ယင်ကြီး ပြောလိုက်တော့မှ မေမေ သတိပြန်ဝင်လာတယ်။ "သမီးတို့အမေ မငိုနဲ့၊ ဒီလောက် မငိုနဲ့ သတိထားလေ" လို့ သမီး ဖေဖေက သတိပေးတော့မှ မေမေဟာ ရှိုက်ကြီးတငင် ပင်ပန်းကြီးစွာ ငိုနေမှန်း သိတော့တယ်။

ရက်စက်တဲ့သမီး၊ မိုက်တဲ့သမီး၊ စိမ်းကားလိုက်တဲ့သမီး၊ မေမေဟာ ဝမ်းလဲနည်း၊ ဒေါသလဲဖြစ်၊ စိတ်ရောလူပါပင်ပန်းပြီး အားလျော့သွားတာပဲသမီး။ သမီး နောင်ရေးအတွက် တင့်တောင့်တင့်တယ် ဖြစ်စေဖို့ ရည်ရွယ်ထားတာတွေလဲ အလကားဖြစ်ပြီ ရေစုန်မျှောပြီလို့ ရင်ထုမနာလဲဖြစ်မိတယ်။ အဲဒီနေ့ကစပြီး၊ မေမေဟာ ချုံးချုံးကျအောင် ပိန်သွားလိုက်တာ ခုထိပါပဲ သမီးရယ်။ ပထမဆုံး လေးရက်ကတော့ မိဘအပေါ် ရက်စက်တဲ့ သမီး၊ ဒင်းတော့ ပစ်ထား လိုက်မယ်ဟဲ့ ဆိုပြီး သမီးအကြောင်း အိမ်မှာဘယ်သူမှ စကား မစတမ်း၊ သမီးနဲ့ပတ်သက်တာမှန်သမျှ အသံမပေးစတမ်း ဆိုပြီး မေမေဟာ ကရုဏာ ဒေါသောနဲ့ ပိတ်ပင်ခဲ့တယ်။

တပတ်ကျော်လာတော့ မေမေ မနေနိုင်တော့ဘူး။ သမီးဖေ့ဖေကို သတင်းမေးရတော့တယ်။ သမီးဖေဖေ



က သမီးတို့ မေမြို့ဘက်ကို တက်သွားတယ်လို့ သတင်းရကြောင်း၊ မေမြို့မှာ ရှိတဲ့ မိတ်ဆွေတွေကို သံကြိုးရိုက်စုံစမ်းခိုင်းထားကြောင်း၊ စိတ်ကိုဖြေဖို့ အကြောင်းတွေကို နားဝင်အောင် နှစ်သိမ့် ဖျောင်းဖျတယ်။ မေမြို့ဘက်သွားတယ်လို့ သိရတော့ ချမ်းအေး လှတဲ့ မြို့မှာ သမီးများအအေးမိ ဖျားနာနေရှာမလား။ အိမ်ကနေပြီး ဖြစ်သလိုထွက်သွားရလို့ အနွေးအင်္ကျီမှ ပါသွားရဲ့လား၊ သမီးရဲ့ ချစ်သူကကော သမီးကို မေမေ့လို ဂရုစိုက်ပါ့မလားနဲ့၊ အတွေးစုံပြီး သမီးရဲ့အဝတ်သေတ္တာလေးတွေကို မေမေ မွှေမိပြန်တယ်။

သေတ္တာထဲမှာ အားလုံးသေသေသပ်သပ်ပဲ ရှိပါရဲ့။ လုံချည်နှစ်ထည်နဲ့ အင်္ကျီသုံးထည်ပဲ လျော့နေတယ်။ သမီး ကစားနေကျ ဂျပန်မရုပ်ကလေးရယ်၊ ကြောင်ရုပ်ကလေးရယ်၊ ခွေးရုပ်ကလေးရယ်ကိုလဲ နေရာတကျတွေ့ရတယ်။ မေမေဟာ သမီးရဲ့ အင်္ကျီလေးတွေကို တယုတယကိုင်ပြီး ငိုမိပြန်ပါတယ်။ သမီး ဖေဖေက မေမေ့အနားရောက်လာပြီး သေတ္တာတွေနားက ဝေးရာခေါ်သွားမှ မေမေသက်သာရာရတော့တယ်။ သမီးကတော့ ဒါတွေ သိလိမ့်မယ်မဟုတ်ဘူး။

သတိရတယ် သမီးရယ်။ မနက်ကနေမိုးချုပ်၊ မိုးချုပ်ကနေ နောက်တနေ့မနက်၊ ဒီလိုနဲ့ပဲ သံသရာလည်ခဲ့ရတာ မေမေပင်ပန်းလှပြီ။ ခါတိုင်း မနက်ဆိုယင် အအိပ်ကြီးတဲ့ သမီးကို နှိုးရတာ မေမေတာဝန်တခု

မဟုတ်လား။ အခန်းပြင်ကနေ "သမီးထ၊ ၆-နာရီ ထိုးပြီ"ဆိုယင် *တုတ်တုတ်မလှုပ်သေးဘူး။ ဆယ်ခါ* လောက်နှိုးမှ "မေမေကလဲ အစောကြီးရှိသေးတာ" ဆိုပြီး အသံတိတ်သွားပြန်ရော။ သမီးရဲ့ကျောင်းသွား ရမယ်လေ၊ ခြောက်နာရီခွဲပြီ"လို့ ထပ်တလဲလဲ နှိုး တော့မှ မေမေ့သမီး နိုးတော့တယ် မဟုတ်လား။

မေမေက သမီးနေမြင့်အောင် အိပ်တာကို ကြိုက် တာမှတ်ဘူးသမီးရဲ့။ မေမေနဲ့ အတူတူ အိပ်တုန်းကဆို ယင်၊ အတူတူ အိပ်တုန်းကဆိုလို့ သမီးဟာ မွေးက တည်းက မေမေနဲ့တခြင်ထောင်ထဲ အိပ်ခဲ့ရာမှာ သမီး အသက် ၂၁-နှစ် ပြည့်တဲ့ ဟိုးတနှစ်ကစပြီး သမီးက အခန်းပြောင်းသွားတယ်။ အဲဒီတုန်းတ မေမေ သမီး ကို ဝမ်းပန်းတနည်း ပြောခဲ့တာ မှတ်မိသေးလား။ သမီးကို မေမေ ခွဲမအိပ်ချင်သေးပါဘူး။ ဘာဖြစ်လို့ သမီးအခန်းပြောင်းရတာလဲ၊ မေမေနဲ့ မအိပ်ချင်တော့ ဘူးလားလို့ မေးခဲ့တာလေ။ အခုတော့ သမီးက မေမေနဲ့ခွဲအိပ်ရုံတင်မကဘူး၊ မေမေ့ရင်ကိုတောင်ခွဲပစ် သွားတာပဲနော်။ ထားပါသမီးရယ်၊ သမီးနဲ့ မေမေ အတူတူနေခဲ့တုန်းက ပျော်စရာ လေးတွေကိုပဲ သမီး မမေ့အောင် မေမေရေးပြချင်ပါတယ်။

မေမေနဲ့အတူတူ အိပ်တုန်းကဆိုယင် ခြောက်နာရီ ထိုးတာနဲ့ သမီးထရပြီလေ။ မထယင်လဲ မေမေက ပေါင်တွင်းကြော အသာလိမ်ဆွဲတတ်တာကိုး။ အဲဒီ



အခါမျိုးကျယင် သမီးကနှုတ်ခမ်းတထွာလောက် စူပြီး မေမေကြီးက အားကြီးဆိုးတာပဲ၊ သမီးဖြင့် အိပ်ရေး ဝသေးဘူးဆိုပြီး စူစူမူမူ ပြောပြီး ထရတော့တယ်။ အိပ်ရာက နိုးပြီဆိုမှဖြင့် သမီးဟာ သွက်လက်ပေါ့ပါး လှုပ်ရှားတော့တာပဲ။နောက်ဖေးမှာ ထမင်းချက်နေတဲ့ ကိုခွေးကိုသွားပြီး ဩဇာ ပေးလိုက်သေးရဲ့။ ကော်ဖီ ကိုယ်တိုင်ဝင်ဖျော်ပြီး ဖေဖေ့ကို ရှီးသွားဖို့ နှိုးသေးရဲ့၊ ပြီးတော့မှ ရေမိုးချိုး အလှပြင် လွယ်အိတ် ဆွဲပြီး ကျောင်းသွားတော့တာပဲ မဟုတ်လား။ မေမေကြီး တော့တာလို့ နှုတ်ဆက်ပြီး ဆတ်ကော့ လတ်ကော့ လျှောက်သွားတတ်တဲ့ သမီးရဲ့ဟန်လေးကို မေမေ ခုထိ မျက်စိထဲက မထွက်သေးဘူး။ မေမေ့ မျက်စိမှာတော့ သမီးလေးဟာ ကလေးပဲပါကွယ်။

အဲ—ညနေ နှစ်နာရီ သုံးနာရီ ထိုးပြီဆိုယင် သမီး ကျောင်းက ပြန်လာတာပဲ။ လွယ်အိတ်ကို စာကြည့် စားပွဲပေါ် ပစ်တင်ပြီး ဘာဟင်း ချက်တုံး ဆိုပြီး ကြောင်အိမ်ကို မွှေနှောက် စားသောက် တော့တာပဲ လေ။ စားသောက်ပြီးပလားဆိုယင် သမီးဟာ မိဖြူနဲ့ အိမ်ပေါ်မှာ တဝုန်းဝုန်းတဒိုင်းဒိုင်းနဲ့ ဆော့တော့တာ ပဲ။ တခါ တလေလဲ သီချင်းတွေ ဟစ်ဆိုတတ်သေးရဲ့၊ ဆော့လဲပြီးရော သမီး ညနေစာထမင်းချတယ် မဟုတ် လား။ သမီးဟာ ကလေးကြီးလို နေတတ်ပေမယ့် အိမ်တွင်းမှုကျတော့ မေမေ့သမီး ပီသရှာပေတယ်။

ထမင်းချက်ပြုတ်ပြီးတော့ သမီး ရေမိုး ချိုးပြန်ရော၊ *သမီးက ရေချိုးခန်း မင်းသမီးလေ။* ဘာဖြစ်လို့ ဆို တော့ ရေချိုးခန်းထဲမှာ သီချင်းတညည်းညည်းနဲ့ ရေ ချိုးတာ မေမေအော်မှ ထွက်လာတတ်စမြဲ မဟုတ် လား။

ညနေစောင်းလို့ ဖေဖေရုံးကပြန်လာတော့ သား အမိ သားအဖတတွေ ညစာ စားကြရော၊ ညစာ စား ပြီးတော့ သမီးဟာ လက်ဖက်အုပ်ရယ်၊ လက်ဖက် ရည်ကြမ်းအိုးရယ်၊ ကွမ်းအစ်ရယ် ယူလာပြီး ဖေဖေနဲ့ မေမေထိုင်နေတဲ့နေရာမှာ ချပေးတယ်လေ။ ဒီတော့ ဖေဖေက ဘုန်းကြီးလို့ သက်ရှည်ပါစေဗျာ၊ လင် ကောင်း သားကောင်း ရပါစေလို့ ဆုတောင်းပေးစမြဲ မဟုတ်လား။ အဲဒီအခါမှာ သမီးက ဖေဖေ့ကိုမျက် စောင်းထိုးပြီး၊ ထ,သွားတတ်စမြဲ။ ဒါတွေ အားလုံး မေမေအမှတ်တရနဲ့ မြင်ယောင် နေမိပါတယ် သမီး။

အခုတော့ လှုပ်ရှားသွက်လက်တဲ့ သမီးကလေး မရှိ တော့ပြီမို့ တအိမ်လုံးတိတ်ဆိတ်နေတယ်ကွယ်။ မနက် ဆိုယင်လဲ သမီးရဲ့ ဆူသံပူသံလေးတွေ မေမေ မကြား ရတော့ဘူး။ ကျောင်းသွားတဲ့ ဟန်လေးကိုလဲ မေမေ မမြင်ရတော့ဘူး။ မိဖြူနဲ့ ဆော့နေတဲ့ အသွင်ကလေးကို လဲ မေမေ မတွေ့ရတော့ဘူး။ သမီးဟာ အားလုံးကို ခွဲခွာသွားတာပဲနော်။ သမီးရဲ့အခန်းကိုကြည့်လိုက်ယင် သမီး ရှိစဉ်တုန်းကလိုပဲ အားလုံး မပြောင်းမလဲ ရှိနေ



တယ်။ ပြောင်းလဲ နေတာကတော့ သမီးကလေးရဲ့ အခန်းထဲမှာ သမီးကလေး မရှိတော့တာပဲ။

ခုတင်ပေါ်မှာ ဇာခြင်ထောင် ဖြူဖြူကလေး ကလဲ ထောင်ထားရက်ပဲ။ မွေ့ရာပေါ်က အိပ်ရာခင်း ဖြူဖြူက လေးလဲ ရှိရက်ပဲ။ ခုတင်ခေါင်းရင်းက စာကြည့် စား ပွဲပေါ်မှာ သမီးကြိုက်တတ်တဲ့ ကော်မစ်စာအုပ်လေး တွေ၊ ကာတွန်းစာအုပ်ကလေးတွေလဲ ရှိရက်ပဲ။ စာ ကြည့်စားပွဲ ဘေးက ချိတ်မှာလဲ သမီးရဲ့ ကျောင်းလွယ် အိတ်ကလေး ချိတ်ထားရက်ပဲ၊ လွယ်အိတ် ဘေးက ချိတ်မှာတော့ သမီး ကစားနေကျ တင်းနစ်ရိုက်တံရယ် လေ၊ အားလုံးမပြောင်းမလဲ ရှိနေပါတယ် သမီးရယ်။ သမီးရဲ့အခန်းထဲမှာ သမီးလေးကို ပြန်တွေ့လိုက်ရယင် မေမေ ဘယ်လောက် ပျော်မိမလဲ။

သမီးလေး၊ သမီးလေးဟာ အိမ်မှု ကိစ္စတွေကို ကျွမ်းကျင် တတ်သိပြီးသား ဖြစ်ပေမယ့် အခုလို တအိမ်ထောင် သီးသန့် ထူထောင်ပြီးထားတဲ့ ကမ္ဘာ သစ်ကို ပိုင်ပိုင်နိုင်နိုင်မှ ကြိုးကိုင် အုပ်ထိန်းနိုင်ပါ့ မလားလို့ မေမေ တွေးပူမိတယ်။ သမီးလေး ပင်ပန်း ရှာမှာပဲလို့ မေမေ စိတ်မောမိတယ်။ သမီးရယ် အားလုံး အိပ်မက်ပဲဖြစ်ပါစေလို့ ဆုတောင်းလိုက်ချင် ပါရဲ့။ ဒါမှ အိပ်ရာကနိုးယင် သမီးလေးကို မေမေ့ အနားမှာ ပြန်တွေ့ရမှာ မဟုတ်လားကွယ်။ သမီးလေး မေမေ့ဆီကို ပြန်မှ လာပါအုံးမလား။ သမီးလေးရဲ့

မျက်နှာကို မေမေ ပြန်တွေ့မှ တွေ့ရပါ့မလား၊ မေမေ့ ရင်ထဲမှာ ဒီအတွေးတွေဝင်လာတိုင်း ပူပင်သောကတွေ ပို့ပိုလာရတယ် သမီးရယ်။

ဟော—အခုလဲ တနေ့ဝင်လို့ တမိုးချုပ်တော့မယ်။ သမီးဖေဖေတောင် ပြန်လာပြီ။ သမီးချစ်တဲ့ (ခွေးမ လေး) မိဖြူလဲ ဖေဖေ့ကို ခြံဝက ကြိုနေလေရဲ့၊ မိဖြူ ဘေးမှာတော့ သမီး မဟုတ်ပါဘူးလေ။ ဖေဖေဟာ မေမေ့ကို ပြုံးပြုံးရွှင်ရွှင်နဲ့ မော့ကြည့်ယင်း စကား တခွန်း ပြောလိုက်တယ်။ ဖေဖေ့စကားကြားတော့ မေမေ ဝမ်းသာ ကြည်နူးစိတ်တွေ ဖုံးလွှမ်းသွားတာ ကြောင့် ဘာစကားမှ မပြန်နိုင်ပဲ အူကြောင်ကြောင် ကြီး ရပ်နေမိတော့တယ် သမီး။

သမီးဖေဖေက အိမ်ပေါ်တက်လာပြီး မေမေ့ပခုံး ကို အသာပုတ်လိုက်ယင်း "သမီးတို့ကို ရှာတွေ့ခဲ့ပြီ၊ သူတို့ သိပ်ကြောက်နေကြလို့ လာမတွေ့ကြတာ၊ ဒီည လာ ကန်တော့ကြလိမ့်မယ်၊ ကြားရဲ့လား။ သမီးတို့ မေမေ"လို့ အားပါးတရ ထပ်ပြောလိုက်ပြန်တယ်။ မေမေဟာ ဖေဖေ့ပခုံးကို မှီပြီး အားပါးတရ ငိုချ ပစ်လိုက်ပြန်တယ် သမီး၊ သမီးဖေဖေမျက်နှာကို ကြည့် လိုက်ပြန်တော့ မျက်ရည်တွေဝဲလို့ပဲ။ ဘာပဲဖြစ်ဖြစ်လေ၊ မေမေကတော့ စိတ်သက်သာရာ ရသွားပါပြီ။ သမီး လေးကို မေမေ ပြန်တွေ့ရတော့မယ်ဟာပဲ မဟုတ်လား ကွယ်၊ မေမေ့သမီးလေးကို မေမေပြန်တွေ့ရတော့မယ်။



သမီး၊ ဒီစာ အဆုံးမသတ်ခင် မေမေဟာ မကြာခင် အတောအတွင်း အနှေးနဲ့အမြန် မိခင်တယောက်ဘဝ ကို ရောက်ရတော့မယ့် သမီးကို တခု ထပ်ပြောပြချင် တယ်။ ဒါကတော့ တခြား မဟုတ်ပါဘူးကွယ်။ 'မိဘ မေတ္တာဆိုတာ မခန်းခြောက်နိုင်တဲ့ သမုဒ္ဒရာကြီးလို ဖြစ်ပြီး မိဘတွေဟာ သားသမီးတွေဆီက ရေစက်ငယ် တစက်လောက် မေတ္တာတုံ့ပြန်မှုရယင် ကျေနပ် အားရ ဝမ်းသာမဆုံးကြပါဘူး' ဆိုတဲ့ အကြောင်းလေးပါပဲ သမီး။ ဒီလိုထားရှိတဲ့ မိဘမေတ္တာအကြောင်းကိုတော့ သမီး ခုနေခါ သိပ် သဘောပေါက်အုံးမယ် မဟုတ် ပေဘူး။ သမီးကိုယ်တိုင် မိခင်တယောက် ဖြစ်လာတဲ့ အချိန်ကျမှ သေသေချာချာ သဘောပေါက်လာ လိမ့်မယ် သမီး။

ကဲ—မေမေချစ်တဲ့ သမီးလေးနဲ့ သမီးလေးရဲ့ချစ်သူ မေမေ့ရဲ့သားကြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြ ပါစေလို့ ဆုတောင်းယင်း မေမေ့ရဲ့စာကို အဆုံးသတ် ပါပြီကွယ်။

သမီးတို့—သားတို့ရဲ့
**ချစ်သောမေမေ**

ဒေါ်ရီရီသည် စာကို သေချာအောင် နောက်တကြိမ် ထပ်၍ ဖတ်လိုက်ပြန်သည်။ စိတ်ကျေနပ်မှု သေချာစွာ ခေါက်၍ သူ့ ရှေ့ရှိ ယွမ်းအစ်ကလေးထဲသို့ ထည့်လိုက်သည်။ ထို ယွမ်းအစ်

ကလေးထဲတွင်ကား သမီးကလေးငြိမ်းသာ ဝတ်ဆင်လေ့ရှိသော နီလာတဆင်စာ၊ ရွှေတဆင်စာနှင့် စိန်လက်စွပ်ကလေးတကွင်း ရှိလေသည်။ ဒီည သမီးတို့ လာကန်တော့လျှင် ပေးလိုက်ရန် ရည်စူးပြီးဖြစ်သော ပစ္စည်းများတည်း။


ဒေါ်ရီရီသည် ယွန်းအစ်ကလေးကို ပိတ်ပြီးမှ ပြန်ဖွင့်လိုက်သည်။ ယွန်းအစ်ထဲမှ စာရွက်ခေါက်လေးကို ခပ်သွက်သွက် ကောက်ယူကာ ယွန်းအစ်ကလေးကို ပြန်ပိတ်ထားလိုက်၏။

'ငါ့စာဖတ်ရယင် သမီးကလေး စိတ်ဆင်းရဲရှာတော့မယ်။ အို—ဒီစာကို သမီးကလေး မဖတ်စေရဘူး'

စာရွက် များကို အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်မိတော့သည်။

အော်-ကြီးမားလှသော မိဘမေတ္တာပါတကား။

[ ချစ်လှစွာသော မေမေသို့ ]



## နွေမှာပျိုးသောပန်း

သစ်သား ခြံတံခါးမကြီးတွင် ထိုးထားသော သံဂလန့်ကြီးကို လွယ်လွယ်ကူကူ ဖွင့်မရသဖြင့် မခင်နွဲက အံကလေးကြိတ်လိုက်မိသည်။ရင်ထဲတွင် လှိုက်လှိုက်လှဲ့လှဲ့ ဖြစ်လာသော်လည်း ရှိသမျှအားကို သုံးကာ ဆွဲဖွင့်တော့မှ ဂျလောက်ကနဲ မြည်ကာ တံခါးက ပွင့်သွားတော့၏။ တံခါးပွင့်သည်နှင့် သူ့နောက်နားမှ စကားသံ အောအောကြီးကို ကြားလိုက်ရသောကြောင့် မခင်နွဲက ချာကနဲ လှည့်ကြည့်ယင်း—

"ဘာပြောတယ်ရှင့်"

"အော်....ဟော်—ဟော်၊ အမိက အတော် အားရှိသွားပဲလို့ ပြောတာပါ။ ကဲလေ....ဝင်ပါ၊ ခြံထဲကိုဝင်ပါ"

မခင်နှဲက နှုတ်ခမ်းကို တင်းတင်းစေ့ထားယင်းက သူမကို မထိတထိ ပြောနေသောလူကို မကျေမနပ် ကြည့်နေမိ၏။ ခေါင်းတွင် ကာကီဦးထုပ် ဆောင်းထားသည်။ ကိုယ်တွင် ဝတ်ထားသည်မှာလည်း ကာကီရောင် ရှပ်အင်္ကျီ လက်တိုနှင့် ကာကီရောင် ဘောင်းဘီရှည် ဖြစ်လေသည်။ သည်ခြံထဲတွင် သည်လို အဝတ်အစားမျိုးနှင့် အလုပ်ဆင်းကြသူပေါင်း နှစ်ဆယ်ခန့်ကို နေ့တိုင်း တွေ့နေရသဖြင့် အလုပ်သမားများထဲမှ တယောက်ဖြစ်လိမ့်မည်ဟု မခင်နှဲက တွေးလိုက်သည်။

"ခြံပိုင်ရှင် ဦးအောင်ထွန်းနဲ့ တွေ့ချင်လို့၊ ဘယ်မှာ တွေ့နိုင်မလဲရှင်"

"အော်....မြေပဲနုတ်ဖို့ အလုပ်သမားတယောက် လိုတယ်ဆိုတဲ့ သတင်းကြားလို့ အလုပ်လာလျှောက်တာ ထင်ပါရဲ့။ ဒါပေမယ့် အမိကြည့်ရတာ အကြမ်းခံနိုင်မယ့်ပုံလဲ မပေါက်ပါဘူး"

မခင်နှဲက စိတ်ပျက်ပျက်နှင့် ရှေ့သို့ ဆက်မလျှောက်တော့ပဲ နေရာတွင်ပင် တန့်ကနဲ ရပ်ပစ်လိုက်သည်။ ပြီးမှ—

"ရှင်၊ ကျွန်မကို ဘာမှ ဝေဖန်နေစရာ မလိုပါဘူး။ ကျွန်မ အလုပ်လာလျှောက်တာလဲ မဟုတ်ပါဘူး။ ရှင် ထင်တာတွေ လျှောက်ပြီး အရမ်းပြောမနေပါနဲ့။ ဦးအောင်ထွန်းနဲ့သာ တွေ့ပါရစေ"



"အမိ၊ တွေ့ချင်တဲ့ ဦးအောင်ထွန်းဟာ အမိနားမှာပဲ ရပ်နေပါတယ်"

"ရှင် ..."

"အော်....ဟော်၊ ကျုပ်နာမည် ဦးအောင်ထွန်းပါပဲ။ ဒီမှာ ဖတ်ကြည့်ပါအုံးလား"

မခင်နှဲက ကမ်းပေးလာသော စက္ကူကတ်ပြား အဖြူလေးပေါ်မှ စာလုံးကလေးများကို အလောသုံးဆယ် ဖတ်ကြည့်လိုက်မိ၏။ အောင်ထွန်း၊ အထွေထွေ စီမံခန့်ခွဲရေး အလုပ်သမား၊ သုခရိပ်မြုံ။

"ကဲ— ဦးအောင်ထွန်းကို အမိ ပြောစရာရှိတာ ပြောနိုင်ပါပြီ"

သည်တော့မှ မခင်နှဲက လူ အကဲခတ်ညံ့ပုံကို တွေးယင်း ပြုံးလိုက်မိသည်။ ပြုံးထားသော မျက်နှာကလေးကို မော့လျက် ဦးအောင်ထွန်းအကို စကား စလိုက်ရသည်။

"ကျွန်မက ဦးအောင်ထွန်းဆိုလို့ အသက် လေးဆယ် ငါးဆယ်လောက်ရှိမယ့် အဘိုးကြီး မှတ်နေတာ၊ ကျွန်မ နာမည်က မခင်နှဲပါ။ ဟိုဘက်ခြံကို ပြောင်းလာတာ သုံးရက်ပဲ ရှိသေးတယ်။ ဒီနေ့တော့ ဖေဖေနဲ့မေမေက ဒီဘက်ခြံက ဦးအောင်ထွန်းကို ထမင်းစား ဖိတ်ချည်ဆိုလို့ ကျွန်မကိုယ်တိုင် လာဖိတ်တာပါ။ အဲဒါ—"

"အဲဒါ ကျုပ်က လိုက်စားရမယ်ပေါ့"

"ဟုတ်....ဟုတ်ကဲ့"

မခင်နွဲ့က ထစ်ထစ်ငေါ့ငေါ့ဖြေယင်း ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။

"ဝမ်းနည်းပါတယ် မခင်နွဲ့၊ ကျုပ်တို့လို အချိန်ပြည့် အလုပ်လုပ်နေရတဲ့ အလုပ်သမား တယောက်အဖို့ အိမ်လည်ဖို့ အချိန် မပေးနိုင်ပါဘူး။ အဲ—"

"တော်ပါပြီ၊ အချိန်မှ်ပေးနိုင်လဲ အတင်း မတိုက်တွန်းပါဘူး၊ သွားမယ်"

မခင်နွဲ့က ထောင်းကနဲ ဒေါသ ထွက်လာကာ စကားပြောကြီးကျယ်လှသည့်လူကို ထားရစ်ကာ ခြံတံခါးဝဆီသို့ လှမ်းလိုက်သည်။ ရိုင်းစိုင်းလှသည့်လူဟု မှတ်ချက်လည်း ချလိုက်မိသည်။

"ခဏ နေပါဦးလေ"

"လွှတ်ပါ၊ ရှင့်လက်က မြေကြီးတွေ ကျွန်မအင်္ကျီ ပေကုန်ပြီ"

သည်တော့မှ ဦးအောင်ထွန်းက မခင်နွဲ့၏ လက်မောင်းကလေးကို လွှတ်လိုက်သည်။

"အင်္ကျီပေတာ ရေလျှော်ပစ်လိုက် ရပါတယ်။ကျုပ်စကားမဆုံးသေးပဲ ထွက်သွားတာမို့ လှမ်းဆွဲလိုက်မိတာပါ။ကျုပ်ကကျုပ် မလိုက်နိုင်ပေမယ့် ကျုပ် ညီမလေးကို ထည့်လိုက်ပါ့မယ်လို့ ပြောမလို့ဟာ၊ အမိက ဒေါသကြီးပြီး ထွက်သွားတာကိုး။ ဟေး...ဝေဝေ လာစမ်း၊ ဒီကိုခဏ"

ဝေဝေဆိုသော အသက်နှစ်ဆယ်ရှယ် မိန်းကလေး တဦးသည် ခါးတွင် ချိတ်ထားသော တောင်းကလေးကို လက်ဖြင့်



ထိန်းထားယင်းက ပြေးလာလေသည်။ တောင့်တင်း သန်မာထွားကြိုင်းသော ကိုယ်လုံးလေးသည် ချေးတို့ဖြင့် စိုရွှဲနေသော ပင်နီဖျင်ကြမ်း အင်္ကျီအောက်မှ အထင်းသား ပေါ်လွင်နေ၏။ ခြေသလုံး တုတ်တုတ်ကလေးများကို အစိမ်းရင့်ရောင် လုံချည်အောက်မှ မြင်နေရ၏။ မိန်းကလေး၏ ပါးပြင်နှစ်ဘက်နှင့် နှုတ်ခမ်းနှစ်လွှာတို့သည် ဆေးမဆိုးပါပဲလျက် ပန်းနုသွေးရောင်ကြွနေလေသည်။

"ဝေဝေ၊ ဒါက ဟိုဘက်ခြံကို ပြောင်းလာတဲ့ မခင်နွဲ့တဲ့။ ဒါကတော့ ကျုပ်ညီမ ဝေဝေပဲ။ ကိုင်း—ဝေဝေ၊လုပ်လက်စ အလုပ်တွေကို ထားရစ်ခဲ့။ မခင်နွဲ့ ထမင်းစား လာဖိတ်တာ အစ်ကို့ အစား လိုက်သွားလိုက်စမ်း၊ခု ဆယ်နာရီခွဲပြီ။ဆယ့်နှစ်နာရီ မထိုးခင် အရောက်ပြန်ခဲ့"

"ဟုတ်ကဲ့...အစ်ကို"

ညီမဖြစ်သူအား မှာကြားပြီးလျှင်ပြီးချင်း သူ့လုပ်ငန်းခွင်သို့ ခြေလှည့်သွားတော့၏။ သည်တော့မှ မခင်နွဲ့က သက်ပြင်းကလေးတချက်ချယင်း ဝေဝေ့ကို ပြုံးပြလိုက်မိတော့သည်။

* * *

"ရှင့်—ဦးအောင်ထွန်း၊ ဘာပင်တွေ စိုက်နေသလဲ"

"အော် .. ကြာပြီလား ရောက်နေတာ၊ဒေလီယာအပွင့်ကြီးတွေလေ၊ဒီအခင်းက လွှတ်နေတာနဲ့ စိတ်ကူးရပြီး စိုက်နေတာ"

"ဟင် ခုလို နွေခေါင်ခေါင်ကြီးမှာ ရှင်ပါ့မလား"

"ဒါကတော့ မြေ—ရေ—လေ အယုအယအပေါ်မှာ တည်တာပါပဲ။ ဟိုမှာကြည့်ပါလား၊ နွေခေါင်ခေါင်ကြီးမှာ ကျုပ်စိုက်ထားတဲ့ အပင်လေးတွေ၊တချို့ကပွင့်လို့၊တချို့ကသီးတောင်နေကြပြီ"

မှန်ပါသည်။မခင်နှဲတွေ့နေရသမျှ မြေနေရာတို့သည် စိမ်းစိုသောသစ်ပင်၊ ယာခင်းများဖြင့်သာ ပြည့်နေပါသည်။ သူ့အကွက်နှင့်သူ အကွက်ချကာ စိုက်ပျိုးထားသည်မှာ အားရစရာ ကောင်းလှသည်။ ထွားလှန်းသော ဂေါ်ဖီထုပ်ကြီးများ၊ စိမ်းစိုလန်းဆတ်သော ဆလတ်ရွက်ကြီးများက သက်သေပြနေလေသည်။ ယခု သည်ပန်းခင်း အကွက်ကလေးများတွင်ပင် နှင်းဆီပွင့်ကြီးများသည် ခြောက်လက်မ ကျော်ပေသည်။

"ဒါထက် နေပါအုံး၊ မခင်နှဲက ဝိဇ္ဇာတန်းအောင်ပြီးသားလို့ ပြောသံကြားပါတယ်"

"ဟုတ်ပါတယ်၊ သာဖြစ်လို့ပါလဲ"

"အော်—ဟော်၊ ဝိဇ္ဇာမကြီး ဖြစ်နေတာတောင် နွေမှာ ပန်းပင်စိုက်တာ ရှင်ပါ့မလားမေးတာ အံ့သြလွန်းလို့ပါ"

"ဘာရှင့်"

မခင်နှဲက စိတ်တိုစွာ အော်လိုက်မိတော့သည်။

"ရှင့်လို မြေကြီးနဲ့ဖက်ပြီး တနေကုန် အလုပ်လုပ်နေရတဲ့ လူမှမဟုတ်ပဲ၊ ရှင့်လို နေရာတကာ မသိနိုင်ပေါင်"

"ဘယ့်နှယ် ဝိဇ္ဇာမကြီး"



သူက မခင်နှဲရှေ့တွင် ရပ်ယင်း စကား ဆက်လိုက်သည်။ မခင်နှဲက သူ့ကိုကျော်လွန်ကာ ထွက်သွားရန် ပြင်သော်လည်း မရတော့ပေ။

"မြေကြီးနဲ့ဖက်ပြီး တနေကုန် အလုပ်လုပ်နေရတာ ဟုတ်လား။ဒါ မခင်နှဲ ကျုပ်ကို အသားလွှတ်နှိမ်တာပဲ။ဒီမှာ မခင်နှဲ၊ ကျုပ် အလုပ်ကို ကျုပ် ဂုဏ်ယူတယ်၊ မြတ်နိုးတယ်၊ လေးစားတယ်၊တန်ဖိုးထားတယ်။ အမိတို့လို ကောလိပ်တက်နိုင်မှ၊ ဒီဂရီတသီကြီးပါလာမှ ပညာရှိတယ် မထင်ပါနဲ့။ဒီအလုပ်မျိုးဟာလဲ ပညာအများကြီးလိုပါတယ်။အမိလို တနေ့တနေ့ဆံထုံးကလေးပြင်လိုက်၊ နှုတ်ခမ်းနီလေးဆိုးလိုက်၊ လက်သည်းအရှည်ကြီးတွေ တယုတယ လုပ်လိုက်၊ ခြံထဲ ဆင်းထိုင်လိုက်၊ စန္ဒယားလေး တီးလိုက်၊ အင်္ကျီလုံချည် အသစ်ကလေးလဲပြီး ကားနဲ့ လျှောက်လည်လိုက် လုပ်နေတဲ့ မိန်းကလေးမျိုးဟာ တန်ဖိုးကိုမရှိဘူး"

"ဟင်....ရှင်....ရှင်"

မခင်နှဲက တ ဆတ် ဆတ် တုန် လာ ကာ ဦးအောင်ထွန်း၏ ရင်အုပ်ကြီးကို ထုရိုက်ပစ်ကာ ခြံပြင်သို့ အပြေး ထွက်ခဲ့မိ၏။ ဒေါသ ထွက်လွန်းသဖြင့် မျက်ရည်များပင် ရစ်ဝဲကျလာလေသည်။ဦးအောင်ထွန်း၏ တဟားဟားရယ်မောသံကြီးကို ကြားနေရသောအခါ ပို၍ပင် မခံချိမခံသာ ဖြစ်နေမိရှာ၏။သည်လိုလူ့ဂွစာမျိုးနှင့် ဘယ်တော့မှ မျက်နှာချင်း မဆိုင်ဟူ၍လည်း ဆုံးဖြတ်လိုက်မိ၏။

"ဟင်၊ မမနှဲ ဘာဖြစ်လို့လဲ ဟင်"

ဝေဝေက ကြည်ဥခြင်းကလေးကိုမြေပေါ်တွင်ချထားယင်း မခင်နှဲ၏ ပခုံးကို ယုယုယယ သိုင်းဖက်ယင်း မေးလိုက်သည်။ မခင်နှဲကလည်း ဒေါသဖြစ်ဖြစ်နှင့် တလုံးမကျန် ပြောပြယင်း သူမ၏ မှတ်ချက်ကလေးကိုပါ ထည့်လိုက်သည်။

"ဝေဝေ့ကိုတော့ မမနှဲ တကယ် ခင်ပါတယ်။ ဒါပေမယ့် မမနှဲ ဇေဝေတို့ခြံထဲကိုတော့ နောက်ထပ် ဘယ်တော့မှ လာမှာ မဟုတ်တော့ပါဘူး။ ဝေဝေ့အစ်ကိုလို လူ့ဂွစာမျိုးနဲ့လဲ ဘယ်တော့မှ ရင်မဆိုင်ပါရစေနဲ့တော့"

"မဟုတ်ပါဘူး မမနှဲရယ်၊ အစ်ကိုဟာ တခါခါ ကလေးလိုပါပဲ။ခွင့်လွှတ်လိုက်ပါ မမနှဲရယ်နော်။ ဝေလဲ အစ်ကို့ကို ပြောပါအုံးမယ်"

"အမယ်လေး မပြောလိုက်ပါနဲ့၊ မမနှဲကိုယ်ကို မမနှဲ ဒီ့ထက်ပိုပြီး တန်ဖိုး မရှိတဲ့ မိန်းကလေးအဖြစ် မခံပါရစေနဲ့တော့ ဝေဝေရယ်၊ မမနှဲသွားမယ်၊ ဝေဝေအားယင် လာလည်ပေါ့"

သွယ် သွယ် နွဲ့ နွဲ့ မိန်းမချောလေး၏ နောက်ကျောပြင်ကို ကြည့်ယင်း ဝေဝေက အားနာဝမ်းနည်းဖြစ်ကာ ကျန်ရစ်ခဲ့ရှာလေသည်။

* * *

ဖခင်ကြီးနှင့် မိခင်တို့ တဘက်ခြံသို့ ကူးသွားသည်နှင့်တပြိုင်ထဲ မခင်နှဲက ဝတ္ထုစာအုပ်တအုပ်ကိုယူကာ ခြံထဲသို့ဆင်းလာတော့



သည်။ဦးအောင်ထွန်းက "ဦးလေးတို့ မိသားတစု ကျွန်တော့်အိမ်၌ နံနက်စာစားရန် ကြွရောက်ပါ" ဟူ၍ စာရေးဖိတ်ကြားထားသောကြောင့် ဖေဖေနှင့်မေမေက သွားရောက်ကြရခြင်းဖြစ်လေသည်။ မခင်နှဲကမူ "ခေါင်းမူးနေတယ် ဖေဖေ" ဟူသော အကြောင်းပြချက်ဖြင့် ကပ်ကိုး၍ကျန်ခဲ့သည်။ သည်လိုလူ့ဂွစာအိမ်မျိုး မသွားချင်ပါဘူး။ဘယ့်နှယ် သူ့ခေတ်နှင့်သူ အလုပြင်ဆင် မှမ်းမံသည်ကိုပဲ အပြစ်မြင်နေတတ်သော လူမျိုးကို ဘယ်လိုလုပ်ပေါင်း၍ ဘယ်ပုံ မိတ်ဆွေဖြစ်နိုင်ပါမည်နည်း။

"ဘယ့်နှယ် မခင်နှဲ၊ ခေါင်းမူးနေတယ်ဆိုတဲ့လူက စာတော့ အဖတ်နိုင်သားပဲ နော်"

ကြိမ် ပက်လက်ကုလားထိုင်တွင် စာအုပ်နှင့် ငြိမ်နေသော မခင်နှဲက သူမနောက်ပါးမှ ရုတ်တရက် ပေါ်ထွက်လာသော အသံကြောင့် တုန်လှုပ်သွားမိတော့သည်။ သို့သော် စိတ်ကို ချက်ချင်းပင် ထိန်း၍ နေရာမှ ဇတ်ကနဲ ရပ်လိုက်ယင်း—

"ဟုတ်တယ်၊ ရှင်ထင်တဲ့အတိုင်းပဲ ဦးအောင်ထွန်း၊ ရှင်နဲ့ မျက်နှာချင်းမဆိုင်ချင်လို့ ခေါင်းမူးတယ်ဆိုပြီး နေရစ်တာပဲ။ ကဲ—ရှင်သိချင်တာ သိရပြီ မဟုတ်လား"

"ကျွန်တော်လာတာ စိတ်အေးအေး ချမ်းချမ်းနဲ့ ရန်ပြေမာန်ပြေ လာတာနော် မခင်နှဲ"

"ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်မကတော့ ရှင့်ကို ရန်လိုမာန်လို စကားပဲ ပြောချင်ပါတယ်။ ကဲ— ပြန်ပါ ဦးအောင်ထွန်း။ တန်ဖိုးမရှိတဲ့ မိန်းကလေး တယောက်နဲ့ စကားပြောနေတာ ရှင်ပါ တန်ဖိုးလျော့ပါတယ်"

ပြောပြောဆိုဆို မခင်နွဲ့က စာအုပ်ကိုပိတ်ကာ အိမ်ဘက်သို့ ခြေလှမ်းသွက်သွက် လျှောက်လာခဲ့လေသည်။ သည်တပွဲတွင်ဖြင့် သူ အနိုင်ရခဲ့လေပြီ မဟုတ်ပါလား။

သို့သော် သူမ၏အောင်ပွဲသည် နေ့လယ်တွင် အပြတ်ချခြင်း ခံရပြန်ပါတော့သည်။ အဖေဖြစ်သူနှင့်အတူ ဦးအောင်ထွန်းပါ ဧည့်ခန်းတွင်းသို့ ဝင်လာသည်ကို မြင်လိုက်ရကတည်းကမခင်နွဲ့က နေရာမှ ထလိုက်သည်။

"ဟုတ်တယ်၊ ဦးတော့ မောင့်လုပ်ငန်းကို အတော်လေး သဘောကျတယ်။ အားလဲပေးတယ်။ သစ် တ ပင် ကောင်း ငှက်တသောင်းနားရတယ် ဆိုတာလို ဒီအနီးအနား ပတ်ဝန်း ကျင်က လူတွေ အားလုံးလိုလိုရဲ့ အသက်မွေး ဝမ်းကျောင်း အလုပ်ကလဲ မောင့် ခြံကြီးပေါ်မှာပဲ တည်နေတော့တာပဲ။ စီးပွားရေးအနေနဲ့ ကြည့်ကြည့်၊ လူမှုရေးအနေနဲ့ ကြည့်ကြည့် အဘက်ဘက်က သာစုခေါ်ရမယ့် လုပ်ငန်းပါပဲ။ ဒါကြောင့်လဲ ကြီးပွားပေတာပဲ"

"ဟုတ်ပါတယ် ဦး၊ ပြီးတော့ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်စလုံးပါကိုယ်တိုင်ကိုယ်ကျ ဝင်လုပ်နေတော့ အလုပ် သမားတွေကလဲ မခိုမကပ်ရဲကြတော့ဘူး။ လခ ပေးတဲ့အပြင် သူတို့ အိမ်ထောင်စုတွေအတွက်ပါ ခွဲတမ်းစနစ်နဲ့ ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက်တွေပါပေးတော့ သူတို့က ပိုကျေနပ်နေကြ တယ် ဦးရဲ့။ တချို့ကတော့ ကျွန်တော်တို့နဲ့ သိပ်အတွေးမညီ ကြဘူး။ ဒီဂရီလက်ကိုင်ရှိယင် အစိုးရအရာရှိ လုပ်ဖို့လောက်ပဲ စိတ်ကူးနေကြတာ။ ခုလို အလုပ် ရှားပါးတဲ့ ခေတ်ကြီးမှာ



ဘီအေ၊ ဘီအက်စ်စီ ဘွဲ့ရရုံနဲ့ အလုပ် ကောင်းရဖို့ အင်မတန် ခဲယဉ်းတာကလား ဦး၊ ခုလို ကိုယ့် အစွမ်းအစနဲ့ ကိုယ့်အား ကိုယ်ကိုးပြီး လုပ်ချင် ကိုင်ချင်တဲ့လူက အင်မတန် နည်းတာ။ ရေသာခိုနေချင်တဲ့ စိတ်တွေများပြီး ဆန်ကုန် မြေလေး ဖြစ် နေတဲ့ လူတွေပဲများတာ"

ဦးအောင်ထွန်း၏ စကားဆုံးသော် မခင်နွဲ့ကနေရာမှ ချာ ကနဲ လှည့်ထွက်ပြီး အိမ်ပေါ်ထပ်သို့ တက်ရန် ဟန်ပြင်လိုက် သည်။ ဦးအောင်ထွန်း၏ မျက်လုံးများသည် မိမိအား ကြည့် မနေသော်လည်း ပြောလိုက်သော စကားများမှာ မိမိအား ရည်ညွှန်း နေသည်ကို သိသဖြင့် အံကလေး ကြိတ်မိသည်ထိ ဒေါသ ထွက်လာမိသည်။

"ဟဲ့— သမီး မခင်နွဲ့၊ လာစမ်းပါအုံး ဖေဖေ့ဆီ"

မခင်နွဲ့က သက်ပြင်း တချက်ချယင်း ပြန်လှည့် လာခဲ့ရ တော့၏။

"သမီး မနက်ဖြန်ကစပြီး အလုပ်ဆင်းရတော့မယ်"

"ဘယ်မှာလဲ ဖေဖေ"

"အလုပ် ကတော့ ဝေး ဝေး လံ လံ ပဲ သမီး။ ဟောဒီ မောင်အောင်ထွန်းရဲ့ ခြံထဲမှာ"

မခင်နွဲ့က ရှင့်အကြံ ဒါအကုန်ပဲလား ဟူသော အကြည့် မျိုးဖြင့် ဦးအောင်ထွန်းကို လှစ်ကနဲ ကြည့်လိုက်သည်။ ပြုံး တုန်းတုန်းဟန်ဖြင့် မိမိအား ကြည့်နေသည်ကိုမြင်လိုက်ရသော် ပို၍ မခံချိ မခံသာ ဖြစ်မိတော့သည်။

"သမီးက ကောင်းကောင်း နေကောင်းတာမှ မဟုတ်ပဲ ဖေဖေ။ ဒါကြောင့် မဟာဝိဇ္ဇာတန်းတောင် တန်းလန်းကြီး ဖြစ်နေတာ မဟုတ်လား"

"မေမေလဲ ပြောပါတယ်။ ညည်းအဖေကို ဘယ်လို ဖြစ်တယ် မပြောတတ်ပါဘူး။ ကျုပ်သမီး အလုပ် မလုပ်လို့ ကျုပ်တို့ ငတ်မသေနိုင်သေးပါဘူးရှင်"

အမေဖြစ်သူကပါ မကျေမနပ် ဝင်ပြောလိုက်သည်။

"အေး—မင်းတို့ပြောလိုက်ယင်ဒါပဲ။ ဒီကောင်မလေးကလဲ တနေ့တနေ့ ခေါင်းမူးရတာနဲ့၊ ဇက်လေး ရတာနဲ့ပဲ အချိန်ကုန်နေတာ မဟုတ်လား။ မောင်အောင်ထွန်း နှမလေး တွေ့လား၊ ကျန်းမာ လိုက်တာ ဒေါင် ဒေါင် မြည်နေတာပဲ။ ကျန်းမာမှာပေါ့၊ သူ့ အချိန်နဲ့သူ အလုပ် လုပ်၊ စားချိန်နဲ့စား၊ အိပ်ချိန်နဲ့အိပ်လို့။ အေး—ညည်းမှာတော့ တနေ့တနေ ဘာ အလုပ်များ ဖြစ်ဖြစ် မြောက်မြောက် လုပ်သလဲ။ အိမ်အလုပ်ဆိုလဲ မသိပဲ။ ပန်းပင်လေး ရေလောင်း တာတောင် ကုလားမလေးမှ၊ ခေါင်းရှောင်မှ မအောကိုယ်တိုင် လျှော်ပေးနေရတာ"

"ကဲပါ ဖေဖေရယ်၊ အလုပ် လုပ်ဆိုလဲ လုပ်ပါ့မယ်။ ကဲ—ဟိုဘက်ခြံမှာ ဘာလုပ်ရမှာလဲ"

"ကြက်စာကျွေးရမယ်၊ ကြက်ဥကောက်ရမယ်"

သည်တခါ ပြောလိုက်သူက ဦးအောင်ထွန်းပင် ဖြစ်ပါသည်။ မခင်နွဲ့သည် 'ဘာ' ဟု ရုတ်တရက် အော်လိုက်မိသည်။



"ကျွန်မလို ဝိဇ္ဇာဘွဲ့ရပြီးတဲ့ မိန်းကလေးတယောက်ကလားရှင်၊ ကြက်စာကျွေးရမှာ၊ ကြက်ဥကောက်ရမှာ"

မခင်နွဲ့သည် အံ့သြလွန်းသဖြင့် ကောက်ကာငင်ကာ မေးချလိုက်မိတော့၏။

"အောင်မယ် သမီးရယ်၊ ဒီအလုပ်ဟာ သေးနုပ်တဲ့အလုပ် မဟုတ်ပါဘူး။ မောင်အောင်ထွန်းတောင် အောက်ခြေသိမ်းက စပြီး လုပ်လာတာပဲ။ မောင်အောင်ထွန်းရဲ့ လမ်းစဉ်ကို လိုက်စမ်းပါ သမီးရဲ၊ မောင်အောင်ထွန်းဟာ စိုက်ပျိုးရေးဘက်မှာ သိပ္ပံဘွဲ့ရထားတဲ့ လူငယ်တဦးပါ။ ပြီးတော့ ဖေဖေကိုယ်နှိုက်က အဲဒီလုပ်ငန်းကို နဂိုကတဲက သဘောကျလွန်းလို့ စိတ်ကူးထားတာ၊ ခုမှပဲ အကောင်အထည် ဖော်ဖြစ်တော့မယ်။ ကဲ—မောင်အောင်ထွန်းရေ၊ မနက်ဖြန်ကစပြီး သမီး မင်းခြံမှာ အလုပ်လာဆင်းပါလိမ့်မယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ လခကတော့ ဦးကိုပြောထားတဲ့အတိုင်းပါပဲ။ အလုပ်ချိန်ကတော့ မနက် ရှစ်နာရီခွဲ ကနေ ညနေ သုံးနာရီခွဲ အထိပါပဲ။ မနက်စာကို ခြံထဲမှာပဲ အားလုံးစားကြရပါတယ်။ မနက်စာအတွက် ကျွန်တော်တို့က တာဝန်ယူပါတယ်။ ကဲ—ကျွန်တော် ပြန်ပါအုံးမယ်၊ ဝတ်စုံကိုတော့ ညီမလေး ညနေကျ လာပို့ပါလိမ့်မယ်"

မခင်နွဲ့က နှုတ်ခမ်းကလေးကို ကိုက်ကာ နေရာတွင်ပင် ရပ်ကျန်ရစ်ခဲ့ရတော့၏။

* * *

"ဘယ့်နှယ် ကျုပ်ခြံထဲကို ဘယ်တော့မှ မလာဘူးဆို"

"ဟုတ်တယ်၊ အခုလာတာက မိတ်ဆွေတယောက် အနေနဲ့ လာတာမဟုတ်ဘူး၊ အလုပ်သမားတယောက်အနေနဲ့လာတာ"

မခင်နွဲ့က ပင်နီအင်္ကျီ လက်ရှည်ကလေးကို အပေါ်သို့ဆွဲတင်ယင်း ခပ်မာမာပင် ပြောလိုက်မိသည်။

"အေး—ကောင်းပြီ၊ ဒါဖြင့် မင်းတာဝန်ကို စ,ပေတော့၊ ဟိုမှာ ချိတ်ထားတဲ့တောင်းလေးတွေ တွေ့လား၊ အဲဒီ တောင်းလေးတွေထဲကို ကြက်ဥတွေ ကောက်ထည့်၊ ပြီးယင် တံခါးဝမှာ လာထား၊ နောက်တတောင်းယူထည့်၊ ကြက်ဥကောက်ပြီးယင် ကြက်စာ လိုက်ဖြည့်၊ ဟုတ်ပြီလား။ မသိတာရှိယင် ကျုပ်ကို မေးနိုင်တယ်"

"နားလည်ပါပြီ"

ပြောပြောဆိုဆို တောင်းကလေးကို ဖြုတ်ယူကာ ကြက်များထားရာအိမ်မှ တံခါးလေးကို ဆွဲဖွင့်ဝင်လိုက်သည်။ နှာခေါင်းထဲတွင် ဖွဲနုစော်နှင့် ကြက်ချေးစော်က စူးစူးဝါးဝါး နံလာသဖြင့် နှာခေါင်း တချက် ရှုံ့လိုက်မိသည်။ ကြက်များကို နှစ်ကောင်စီ, နှစ်ကောင်စီ သံအိမ်တန်းကြီး ထဲဝယ် အကန့်အကန့် ပြုလုပ်၍ ထည့်ထားလေ၏။

လူဝင်လာသည်နှင့် ကြက်များက ဆူညံစွာ အော်ကြမြည်ကြ တော့သည်။ ကြက်အကောင်ပေါင်း ငါးရာခန့် ရှိလိမ့်မည် ထင်သည်။ သံတံခါး ဆင်ခြေလျှောလေးများတွင် ကြက်ဖြူဖြူကလေးများက စီတန်းနေလေသည်။ မခင်နွဲ့က နှာခေါင်းကို လက်ကိုင်ပုဝါတထည်ဖြင့် အုပ်ထားယင်း ကြက်ဥ



များကို တလုံးစီကောက်ကာ တောင်းထဲသို့ ထည့်ရတော့သည်။ ကြက်ဥကောက်ရသည်မှာ တစောင်းပင် မပြည့်တတ်သေး၊ ခေါင်းက မူးလာတော့သည်။ ထို့ကြောင့် တောင်းကလေးချကာ ကြက်အိမ်ကလေးကို မှီနေလိုက်ရသည်။

"အမိလို ဟန်မျိုးနဲ့တော့ ညနေမိုးချုပ်တောင် ကြက်ဥကောက်လို့ ပြီးမှာမဟုတ်ဘူး"

မခင်နွဲ့က စိတ်ပေါက်ပေါက်ဖြင့်လှည့်ကြည့်သည်။

"ဒီအလုပ်မျိုး ကျွန်မ တခါမှ မလုပ်ဖူးဘူးဆိုတာလဲ ရှင် အမှတ်ရပါအုံး"

"ဒါတွေ ကျုပ်နားမလည်ဘူးလေ၊ ကျုပ်ဆီလာတဲ့ အလုပ်သမားတယောက်ကို လုပ်ရည် ကိုင်ရည် ဘယ်လောက်ရှိသလဲ ဆိုတာ အကဲခပ်ဖို့ပဲ ကျုပ်နားလည်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်က လခပေးထားရတာကိုး"

မခင်နွဲ့က ဘာပြန်ပြောရမှန်းမသိပဲ လက်သီးလေး ကိုသာ တင်းတင်းပါအောင် ဆုပ်ထားလိုက်မိတော့သည်။ ဦးအောင်ထွန်းကမူ ဘာမျှမဖြစ်သလို လေတချွန်ချွန်ဖြင့် အခန်းထဲမှ လှည့်ထွက်သွားလေသည်။

"ဒီမှာ—ဒီမှာ"

မခင်နွဲ့က သူ့နောက်သို့ ခပ်သုတ်သုတ်ပြေးလိုက်သွားယင်း ခေါ်လိုက်မိတော့သည်။

ဦးအောင်ထွန်းကမူ သနားစဖွယ် သူ့ကို မော့ကြည့်နေသော မခင်နွဲ့၏မျက်နှာကလေးကို တည်တည်ကြီး ကြည့်နေလိုက်သည်။

“ကျွန်မကို ဒီ့ပြင် အလုပ်အလုပ်တခုခုခိုင်းပါ ဦးအောင်ထွန်းရယ်၊ ဒီကြက်အလုပ်တွေတော့ ကျွန်မ မလုပ်ပါရစေနဲ့၊ ခေါင်းတွေမူးပြီး သိပ်အန်ချင်....”

စကားပင်မဆုံးသေးမီ မခင်နွဲ့က ဝေါကနဲအန်ချလိုက်လေသည်။ သည်လိုဆိုတော့လည်း ဦးအောင်ထွန်းကပျာပျာသလဲဖြစ်ကာ နီးရာခုံတန်းကလေးပေါ်တွင် ဖေးဖေး မမ ထိုင်စေလေသည်။ တခဏချင်းမှာပင် ညှိုးနွမ်းသွားသော မခင်နွဲ့၏ မျက်နှာကလေးကို ကရုဏာသက်စွာကြည့်နေမိတော့၏။ “သိပ်ခေါင်းမူးနေသလား မခင်နွဲ့၊ သက်သာရဲ့လား ဟင်” ဟု၍ တတွတ်တွတ်မေးနေပြန်သည်။

ကျွန်မ သက်သာပါပြီဦးအောင်ထွန်း၊ ဒါပေမယ့် ကျွန်မ ဒီကြက်အလုပ်တွေတော့ ပြန်မလုပ်ပါရစေနဲ့တော့နော်”

မခင်နွဲ့က သူ့ဘေးတွင် မတ်မတ်ရပ်ယင်း တောင်းတောင်းပန်ပန်ကလေး ပြောနေမိသည်။

“ကောင်းပါပြီ မခင်နွဲ့၊ ကြက်အလုပ်တွေ ဒီ့ပြင်လူ တယောက်ကို လွှဲလိုက်ပါ့မယ်။ ဒီနေ့ တရက်တော့ အိမ်ပြန်ပြီး အနားယူချင်စိတ် မရှိဘူးလား”

“ရှင်က ကြည်ကြည် ဖြူဖြူ ခွင့်ပေးမှာတဲ့လား ဦးအောင်ထွန်း”

“အော်...မခင်နွဲ့ရယ်”

ဦးအောင်ထွန်းက သူ့အား မဝံ့တဝံ့ကလေးကြည့်နေသော မခင်နွဲ့ကို ပြန်ကြည့်ယင်း ညည်းလိုက်မိတော့သည်။

* * *



“ကြည့်စမ်း ကိုအောင်ထွန်း၊ ကျွန်မအကွက်ထဲက မုန်လာဥကြီးတွေ မထွားဘူးလား၊ ခုလောက်ဆို ကျွန်မလဲ အောင်လက်မှတ် ရကောင်းပါပြီနော်”

“ညက မိုးရွာလို့ ထင်ပါရဲ့၊ ဇီဇဝါတွေရော စံပယ်တွေပါ ပွင့်လိုက်တာ အားကြီးပဲ။ ကျွန်မတို့ ခူးရတာ လက်တောင်မနိုင်, နိုင်ဘူး”

“မနေ့က ဦးငွေရတို့ ကုန်ပိုးငွေ လာရှင်း သွား တယ် ကိုအောင်ထွန်း၊ ကျွန်မပဲ လက်မှတ်ထိုး ယူထားလိုက်ရတယ်”

စသည်စသည်တို့က မခင်နွဲ့၏ ပြောင်းလဲလာသော လေသံဖြစ်သလို—

“အော်... ဟော်၊ ထမင်းစားသံချောင်း ခေါက်တာတောင် မကြားပဲ အလုပ်တွေချည်း ကုန်းလုပ်နေပါရော့လား။ မခင်နွဲ့ ရောက်မလာသေးတာနဲ့ ကျွန်တော် လာခေါ်တာ၊ လာ—သွားကြစို့”

“မခင်နွဲ့က အလုပ်ပင်ပန်းပြီး ထမင်းစား ကောင်းလာသလို ထင်ပါရဲ့၊ ပါးကလေးတွေကို ဖောင်းလာတာပဲ”

“ကျွန်တော် နေ့လယ်က ရန်ကုန်ထဲသွားတယ် မခင်နွဲ့ရဲ့၊ ဒီလုံချည် အဆင်ကလေးမြင်တော့ မခင်နွဲ့နဲ့ လိုက်မှာပဲဆိုပြီး ဝယ်ခဲ့တာ ကြိုက်ရဲ့လား-ဟင်”

'စသည်စသည်တို့ကလည်း ပြောင်းလဲလာသော ဦးအောင်ထွန်း၏ စကားသံများပင် ဖြစ်ပါတော့သည်။ ထိုကဲ့သို့ ပြောင်းလဲလာသော လေသံနှင့်အတူ သူတို့နှစ်ဦး၏ တိုက်များကို စည်းခြားထားသော ခြံစည်းရိုးကိုလည်း ဖြုတ်ပစ်လိုက်ကြတော့သည်။ ကျယ်ပြန့်သော ယာခင်းများ၏ အလယ်တွင် ဦးအောင်ထွန်း၏တိုက်နှင့် မခင်နွဲ့တို့ တိုက်သာ ထင်ထင်းလင်းလင်းကြီး ရှိလေသည်။မခင်နွဲ့တို့ခြံမှ မြေရိုင်းများကို ဦးအောင်ထွန်းတို့ လူများစုအားဖြင့် အသုံးပြုကာ ပန်းမျိုးစုံ ခြံကြီးအဖြစ် ပြောင်းလဲ ပစ်လိုက်လေသည်။ လိုအပ်သော ငွေကို မခင်နွဲ့၏ဖခင်ကြီးက ဦးအောင်ထွန်းအား ပုံ၍ အပ်ထားလိုက်လေသည်။ မနက်စာကို မခင်နွဲ့က ဦးအောင်ထွန်းတို့ မောင်နှမနှင့်စား၍ ညစာကိုမူ ဦးအောင်ထွန်းတို့မောင်နှမကို မခင်နွဲ့တို့က ကျွေးမွေးသည်အထိ ခင်မင်အကျွမ်းဝင်လာကြသည်။

ယနေ့ညလည်း ထုံးစံအတိုင်း ညစာ စားသောက်ပြီးကြ၍ ဧည့်ခန်းထဲဝယ် စုရုံးကာ မခင်နွဲ့ တီးပြသော စန္ဒရားသံကို နှစ်နှစ်ခြိုက်ခြိုက် နားထောင်ကြလေသည်။

'သည်ရဂုံမြနန်းက သာလွန်းစွာလေး၊ ပွင့်စံပယ်
ခတ္တာငယ်ကြိုင်လျှမ်းလို့ ထုံးပန်းနံ့မွှေး၊ ထူးခတ္တာတည့်
ရောင်ဖြာ ပင်စုံစွာ သာကျွန်းမို့ ပျိုမြန်းလို့တွေး၊ ဖိုမ
ငှက်ကယ် မြူးကြတယ် စိတ်ဝယ် ဟိုသည် တွေးပါငဲ့
လေး၊ မယ့်မယ် ပျော်တသက်ရယ်နှင့် ခွဲခက်ချည့်
လေး—'



"ကျွန်တော် အစက အနုပညာဆိုလို့ ဘာမှ ဝါသနာပါတဲ့ကောင် မဟုတ်ဘူး၊ ခုထိ သီချင်းတပုဒ်ပြည့်အောင် မဆိုဘူးသေးဘူး၊ ဒါကို ခုမှ နောင်တ ရနေမိတယ်"

မိဘနှစ်ပါး ခြံထဲသို့ ဆင်းသွားသည်နှင့် ဦးအောင်ထွန်းက မခင်နွဲ့ ထိုင်နေရာ စန္ဒရားခုံကလေးနားသို့ လာရပ်ယင်း တည်တည်ခန့်ခန့်ကြီး ပြောလိုက်လေသည်။ မခင်နွဲ့က သူ ဘာဆိုလိုမှန်း မသိသဖြင့် မော့်၍သာ ကြည့်နေမိသည်။

"ကျွန်တော့်စိတ်တွေ ဘာဖြစ်နေမှန်း မသိဘူး၊ခုလို မခင်နွဲ့ သီချင်းဆိုပြီး စန္ဒရားတီးနေတဲ့အခါမှာ ကျွန်တော်က ဘေးကထိုင်ပြီး စည်းလိုက်ပေးနိုင်ယင် ကောင်းမှာပဲလို့ တွေးနေမိတယ်"

မလှမ်းမကမ်းတွင် ထိုင်နေသော ဝေဝေက အလိုက်သိစွာပင် ဝရံတာသို့ ထွက်သွားတော့သည်။ မခင်နွဲ့သည် ဘာပြန်ပြောရမှန်း မသိသော်လည်း ပြုံးချင်လာလေသည်။ သူက မခင်နွဲ့၏ ပြုံးတုံ့တုံ့ မျက်နှာကလေးကို တမက်တမောကြည့်ယင်း စကားကို ဆက်လိုက်ပြန်ပါ၏။

"ဒီနေ့ညတော့ ကျွန်တော် ရှင်းရှင်းပဲ ဖွင့်ပြောတော့မယ်ဗျာ၊ကျွန်တော် မခင်နွဲ့ကို ချစ်တယ်။ မခင်နွဲ့ကို ပိုင်ဆိုင်ချင်တယ်။မခင်နွဲ့ကလဲ ကျွန်တော့်ကို ချစ်တာပဲ မဟုတ်လား."

"ဒီမှာ ကိုအောင်ထွန်း"

မခင်နွဲ့က ထိုင်နေရာမှ ဆတ်ကနဲထကာ ဦးအောင်ထွန်းနှင့် မျက်နှာချင်းဆိုင်ကာ ရပ်လိုက်လေသည်။

"ဒီမှာကိုအောင်ထွန်း၊ ရှင်ဟာစိုက်ပျိုးရေးဘက်မှာ သိပ်ပွဲဘွဲ့ရထားပေမယ့် အချစ်ရေး မှာတော့ သူငယ်တန်းတောင် အောင်မှာမဟုတ်ပါဘူး။ ရှင့်စိတ်ထဲမှာ မိန်းကလေးတယောက်ရဲ့ အချစ်ဟာ ပန်းပွင့်တပွင့်ပွင့်လာအောင် ပြုစုပျိုးထောင်ယင် ရသလို ရလိမ့်မယ်လို့များ ထင်နေသလားဟင်။ နွေတုန်းက ရှင်စိုက်ခဲ့တဲ့ ဒေလီယာပန်းတွေ ပွင့်နေကြပြီ ဖြစ်ပေမယ့် နွေတုန်းကမှ ရှင့်ကိုသိခဲ့ရတဲ့ ကျွန်မရဲ့ နှလုံးသားပေါ်မှာတော့ ရှင့်အတွက် မေတ္တာပန်းက ပွင့်ချင်မှ ပွင့်မှာပေါ့ ကိုအောင်ထွန်းရယ်။ သိပ်လဲ မသေချာလိုက်ပါနဲ့အုံး"

မခင်နွဲ့သည် ဦးအောင်ထွန်း၏စကားကို မကျေမနပ်ဖြစ်ကာ ဒေါပွပွနှင့် အရှည်ကြီး ပြန်ပြောလိုက်မိလေသည်။ ကြည့်လေ၊ ပြောပုံက၊ 'မခင်နွဲ့ကလဲ ချစ်တာပဲ မဟုတ်လား'တဲ့။ သေချာနေလိုက်ပုံက။ တကယ်ဆိုလျှင် 'မခင်နွဲ့ ကျွန်တော့်ကို စဉ်းစားပေးစေချင်ပါတယ်' ဆိုလျှင် တော်သေး။ ယခုတော့မူ မိန်းကလေး၏ ဂုဏ်သွေးကိုပင် မငဲ့ညှာသလို ပြောနေပြန်သဖြင့် စိတ်မရှည်ချင်တော့ပေ။ ဦးအောင်ထွန်းသည် နီရဲသွားသော မခင်နွဲ့၏ မျက်နှာကလေးကို ညှိုးငယ်စွာကြည့်ယင်း "ကျွန်တော်မှားသွားပါတယ် မခင်နွဲ့" ဟူ၍သာ လေးလေးတွဲ့တွဲ့ ပြောလျက် ချာကနဲ လှည့်ထွက်သွားတော့သည်။ မခင်နွဲ့လည်း ဘာမှ မပြောနိုင်တော့ပဲ နေရာတွင်ပင် တွေတွေဝေဝေကလေးဖြစ်ကာ ကျန်ရစ်ရရှာ၏။

"ဝေဝေရယ်၊ မမနွဲ့ကို ခွင့်လွှတ်ပါကွယ်"



"ဝေဝေ မမနွဲ့ကို စိတ်မဆိုးပါဘူး မမနွဲ့ရယ်၊ အစ်ကို ပြောပုံကြီးကိုက မှန်းစရာပဲဟာ။ ဝေဝေ တခုတော့ မမနွဲ့ကို မေးချင်ပါတယ်။ မမနွဲ့ အစ်ကို့ကို တကယ်ပဲ မချစ်ဘူးလား၊ အိမ်ထောင်ဘက်အဖြစ် စဉ်းစားမပေးနိုင်ဘူးလား ဟင်"

"ဒီလို မေးပုံမျိုးနဲ့ ဒီလိုမေးခွန်းမျိုးသာ ဝေဝေ့အစ်ကို မမနွဲ့ကို မေးလာယင် မမနွဲ့ အဖြေပေးမှာပါပဲ။ ဝေ့ကိုတော့ မမနွဲ့ မဖြေတတ်ဘူးကွယ်"

မခင်နွဲ့က သက်ပြင်းတချက်ချယင်း ဖြေလိုက်လေသည်။

* * *

မခင်နွဲ့က တမင်ပင် အလုပ်ခွင်သို့ စောစော လာခဲ့သည်။ ခြံထဲတွင် မည်သူမျှ မရောက်သေးပေ။ တဘက်အိမ်ဝသို့ရောက်သည်နှင့် အပြေးထွက်လာသော ဝေဝေ့ကို တွေ့လိုက်ရသည်။

"မမနွဲ့—မမနွဲ့၊ အစ်ကိုရယ်လေ၊ အထုပ်အပိုးတွေ ပြင်လို့။ ဝေဝေ တံခါးပေါက်ကကြည့်လို့ မြင်ခဲ့ရတာ။ မနက်ကလဲ ကော်ဖီ ထွက်ပြီး မသောက်ဘူး။ သူ့ကြည့်ရတာ မမနွဲ့ကို သိပ်ရှက်သွားပြီး တနေရာရာ ထွက်သွားမလို့နဲ့ တူတာပဲ"

မခင်နွဲ့က ဝေဝေ့လက်ကလေးကိုဆွဲကာ အိမ်ထဲသို့ စွပ်ဝင်လာခဲ့မိသည်။ ဦးအောင်ထွန်းအိပ်ခန်း ရှေ့သို့ ရောက်သော် တံခါးကို ခပ်ပြင်းပြင်းကလေး ခေါက်လိုက်မိသည်။

"ဝေဝေလား၊ ခဏနေအုံးဟေ့" ဟူသောအသံကို ကြားရသဖြင့် မခင်နွဲ့က မနေသာတော့ပေ။

"ကျွန်မပါ ကိုအောင်ထွန်း၊ ခင်နွဲ့ပါ"

မခင်နွဲ့ဟူသောအသံ ကြားရသည်နှင့် တံခါးက လျှင်မြန်စွာ ပွင့်သွားလေသည်။

"ဘာကိစ္စလဲ"

မခင်နွဲ့က ဘာမှမဖြေ။ ဦးအောင်ထွန်း၏အိပ်ခန်းထဲသို့သာ မျက်လုံး တချက် ကစားလိုက်၏။ သေတ္တာတလုံးနှင့် ပြန့်ကြဲနေသော အဝတ်အစားတို့ကို တွေ့လိုက်ရသည်။ ဝေဝေသည် မခင်နွဲ့နှင့် အစ်ကိုဖြစ်သူအား တလှည့်စီ ကြည့်ယင်း နေရာမှ လှစ်ကနဲ ထွက်သွားတော့သည်။

"ဘာကိစ္စရှိလို့လဲ မခင်နွဲ့"

"ရှင်ကကော ဘယ်သွားမလို့လဲ"

"ဒါ မခင်နွဲ့နဲ့ မဆိုင်ပါဘူးလေ၊ ကျုပ် ပန်းမျိုးတွေ မှာထားတာ မမြို့သွားယူမလို့ပါ"

သုန်သုန်မှုန်မှုန်ကြီး ပြန်ဖြေလိုက်သော ဦးအောင်ထွန်းကို ကြည့်ယင်း မခင်နွဲ့က ရယ်ချင်လာလေသည်။ ထို့ကြောင့် သွားကလေးပေါ်အောင် ပြုံးယင်း

"အမယ်လေး ကိုအောင်ထွန်းရယ်၊ ပန်းမျိုး ယူဖို့အတွက် ကိုယ်တိုင်ကိုယ်ကျ မမြို့ဘောင် သွားနေရအုံးမတဲ့လား"

ဦးအောင်ထွန်း၏မျက်နှာကြီးက နီလာသည်။ ထို့နောက် သူ့ရှေ့တွင် အပြုံးလှလှကလေးနှင့် ရပ်နေသော မခင်နွဲ့၏ လက်မောင်းအိုးကလေးနှစ်ဘက်ကို ခပ်ရမ်းရမ်း ဆွဲကိုင် လှုပ်ခါလိုက်သည်။

"ခင်ဗျားက အောင်နိုင်သူပါ မခင်နွဲ့။ ဒီတပွဲမှာတော့ အောင်နိုင်သူပါ။ ဒါကို ခင်ဗျားက ကျုပ်ကို လာပြီး လှောင်



နေသပေါ့လေ။ ခင်ဗျား ပိုဝမ်းသာရအောင်၊ ရယ်နိုင်အောင် ပြောခဲ့ရအုံးမယ်။ ကျုပ် ခုသွားတာ ခင်ဗျားကို ချစ်တဲ့စိတ်နဲ့ ကျုပ်ကိုယ်ကျုပ် မထိန်းနိုင်လို့ သွားတာပဲ။ ကဲ — ကျေနပ်ပြီလား"

ဦးအောင်ထွန်းက စကားဆုံးသည်နှင့် မခင်နွဲ့ကို ကျော်ပေးကာ အဝတ်များကို ပြန်၍ ခွေးချယ်နေသည်။ မခင်နွဲ့၏ မျက်နှာပေါ်မှ အပြုံးက ပျောက်ကွယ်သွားကာ ငိုမဲ့မဲ့လေး ဖြစ်လာသည်။ မခင်နွဲ့ထံမှ ရှိုက်သံကို အမှတ်မထစ် ကြားလိုက်ရသဖြင့် ဦးအောင်ထွန်းက အံ့အားသင့်ယင်း လှည့်လိုက်မိသည်။ သူကြည့်နေဆဲ မခင်နွဲ့က သူ့ဘေးသို့ ဒူးကလေးထောက်ယင်း လာထိုင်လိုက်လေ၏။

"ရှင် ကျွန်မကို သိပ်ချစ်သေးတယ်ဆိုတဲ့စကားလေးတခွန်းမှ ထပ် မပြောနိုင်တော့ဘူးလား ကိုအောင်ထွန်းရယ်။ ရှင် သိပ်ချစ်ပါတယ်ဆိုတဲ့ ကျွန်မကို တယောက်ထဲ သည်ယာခင်းထဲမှာ ထားရစ်ရက်တော့မယ်ပေါ့ ဟုတ်လား။ ရှင်ဟာ မိန်းကလေးရဲ့ ရင်ထဲမှာ ရှိတတ်တဲ့ မာနတရားနဲ့ ချစ်ခြင်းမေတ္တာသဘောကို မသိသား ဆိုးဝါးလှချည်လား ဟင်။ အို-ဘာပဲဖြစ်ဖြစ်၊ ဒီတခါတော့ ရှင့်ကို ကျွန်မ တားရလိမ့်မယ်၊ ရှင် ဒီယာခင်းထဲက ထွက်မသွားရအောင် ကျွန်မမှာရှိတဲ့ မေတ္တာတွေကို စုပုံပြီး တားရလိမ့်မယ်၊ နားလည်လား။ ရှင်-ရှင်...."

မခင်နွဲ့ စကား မဆုံးမီပင် ဦးအောင်ထွန်းက မခင်နွဲ့၏ နှုတ်ခမ်းလေးကို လက်ဖြင့် ပိတ်ထားလိုက်သည်။ ပြီးမှ မျက်ရည်တို့ဖြင့် လျှံနေပြီဖြစ်သော မခင်နွဲ့၏ မျက်လုံးကလေးများကို

ပြုံးပြုံးကြီး စိုက်ကြည့်လိုက်သည်။ သူ၏ သန်မာသော လက်နှစ်ဘက်ဖြင့်လည်း မခင်နွဲ၏ ကိုယ်လုံးကျစ်ကျစ်ကလေးကို တင်းတင်းကြီး ဖက်ထားလိုက်မိယင်း....

"ကျွန်တော် မသွားတော့ပါဘူး အချစ်ဝိဇ္ဇာမကြီးရယ်၊ ဒီတခါဖြင့် နွဲ့ခေါင်ခေါင်မှာ ပျိုးတဲ့ မေတ္တာပန်းဟာလဲ ကျွန်တော့်အတွက် ပွင့်လာပြီပေါ့နော်။ ဒီ ပွင့်လာတဲ့ ပန်းကလေးကို ကျွန်တော် တသက်လုံး ယုယုယယနဲ့ မြတ်နိုးသွားမှာပါ မခင်နွဲရယ်၊ ယုံတယ်မဟုတ်လား"

မခင်နွဲက မျက်ရည်ကြားမှ ပါးစပ်ကလေးကို ပြုံးပြုံးလေးစေ့ကာ ခေါင်းကို အသာ ညိတ်ပြလိုက်လေသည်။



အနှစ်

မိုးအကုန် ဆောင်းအကူး နှင်းပွင့် ကလေးများ မြူးချိန်ပင်ဖြစ်သော်လည်း မဝေ တယောက် မှာတော့ ချမ်းရမှန်း အေးရမှန်း မသိ။ ရင်တွင်းဝယ် ဇောခိုက်နေ သဖြင့် မောဟိုက်နေသည်။ လောင်ကျွမ်းနေသည်။ ရင်တွင်း အပူသည် မဝေကို ပြင်းစွာ ဝါးမျိုလျက် ရှိသည်။

'တော်—ကားကလဲ နှေးလိုက်တာနော်'

တရိပ်ရိပ် ပြေးလွှားလျက်ရှိသော ကားကိုပင် အားမရ။ စိတ်တိုင်း မကျလိုက်သည် ကလည်း အရာရာ တိုင်းကိုပင်။

သား မောင်ရွှေကျော်ကိုရော၊ သူ့အဖေ ကိုအေး ကိုရော၊ သူ့ကိုယ်သူကိုရော။

'အ့တယ်—အ့တယ်၊ ငါ ကိုပဲ အ့လဲ အ့လွန်း ပါတယ်။ ကိုယ်မွေးထုတ်ထားတဲ့ သားရဲ့ အရိပ်အကဲကိုမှ မဖမ်းတတ်ခဲ့ဘူး။ တောက်—'

သူ့ကိုယ်သူ အပြစ်တင်မိရာမှ ကိုအေးဆီသို့ ဒေါသတွေ ပြောင်းသွားပြန်သည်။

'ဟင်း ... ဖအေလုပ်တဲ့ လူကလဲ ယောကျ်ားသား အချင်းချင်းပဲ၊ သတင်းသိုးသိုးသန့်သန့် ကြားကတည်းက ကိုယ့်သားကိုယ် ကြိတ်ဆုံးမတာ မဟုတ်ဘူး။ ခုတော့ ဖအေကိုက အာသဘောမှန်း မသိဘူး။ ခုလဲကြည့် ဖြစ်ပြီးတာဖြစ်ပါစေတော့ ကွာတဲ့လေ။ ငါတောင် ဘောက်ပြော လွှတ်လိုက်သေးတယ်။ 'မင့်သား မင်းနဲ့ ပြန်လိုက် လာယင် ငါ့လည်ပင်းဖြတ်တဲ့' လေ၊ ပြောပုံက'

တယောက်ထီးတည်း အူသည်းနာနာဖြင့် စိတ်တွေလှုပ်ရှားနေသည်။ ခင်ပွန်းသည် ကိုအေးက သူတို့၏ရင်နှစ်သည်းချာ တဦးတည်းသော သားရတနာ မိန်းမ ခိုးပြေးသည်ကို သူ့လောက် မပူပင်ပဲ တည်ငြိမ်စွာနေနိုင်သည်ကို အကြီးအကျယ် စိတ်ဆိုးသဖြင့် သူ့တယောက်တည်း သုံးဘီးကား ငှားကာ စိတ်လိုက်မာန်ပါ ထွက်လာခဲ့ခြင်းပင်တည်း။

'ဘာရမလဲ ကိုယ့်သားကိုယ်ရအောင် ပြန်ခေါ် မှာပေါ့။ ဒီကောင်ကိုကလဲ အစဉ်းစား အဆင်ခြင် မရှိတာပါ။ ဘယ့်နှယ်တော်၊ တက္ကသိုလ်မှာ ပညာသင်တုန်းက ရှာပါလေ့၊ ကိုယ်နဲ့



တန်းတူ ရည်တူ ပညာတတ် ဘွဲ့ရ မိန်းကလေးတွေ။ ခုတော့ ဟင်း—စာရေးမတဲ့၊ ဟင်း— သားသမီးယုံလို့ စုံလုံး ကန်းရတဲ့ ငါ့အဖြစ်'

တနို့နို့တွေးယင်း ရင်ထဲတွင် အလုံးကြီးဆို့တက်လာပြန်သည်။ ဒေါသစိတ်၊ နာကျည်းစိတ်တို့က ရင်ထဲတွင် မွှေနှောက်နေလေရာ မဝေမှာ ကတုန်ကယင်ကြီး ဖြစ်နေသည်။ စိတ်မာန်ကြီးသူမို့ မငိုဘူးဟု ဇွတ်တင်းထားလေရာ မျက်ရည်များ ဝိုင်း၍ ဝိုင်း၍ လာသော်လည်း ဒေါသမီးက ထိုမျက်ရည်များကို အခိုးအငွေ့အဖြစ် ပြောင်းလဲ ပြောင်းလဲ ပင်လိုက်သည်။

'ဟင် ...'

ကြိတ်မနိုင် ခဲမရ စိတ်အလို မကျတိုင်း သက်ပြင်းကိုသာ တွင်တွင် ချနေမိတော့သည်။

* * *

သား သတင်းကို ကြားစက မဝေ ယုံပင် မယုံခဲ့။ သားကလည်း မအေကြီးကို အယုံသွင်းထားခဲ့သည်ကိုး။

'မဝေ မေးပြီးပါပြီ အဖေကြီးရယ်။ အဖေကြီးကို သားသူငယ်ချင်းတွေက နောက်လိုက်တာပါတဲ့။ သားက မဝေကို မညာရဲပါဘူး'

မဝေကတော့ သည်အထိ သူ့သားသူ ရာခိုင်နှုန်းပြည့် ယုံကြည်ခဲ့သည်။

မောင်ရွှေကျော်လည်း လူမှန်းသိတတ်စ အရွယ်ကတည်းက မအေကြီး စကားကို တသဝေမတိမ်း နားထောင်ခဲ့သူ၊ ဘာသဲ

လုပ်လုပ် မအေးကြီး ခွင့်ပြုချက်ရမှ ပြုလုပ်လေ့ရှိသူမို့ သူ့သားမှာသာ ချစ်သူ ရှိခဲ့လျှင် သူ့သာ အဦးဆုံး သိရလိမ့်မည်ဟုလည်း မဝေက ခြွင်းချက်မရှိ ယုံမှတ်ထားခဲ့ရပုံရသည်။ တကယ်တော့ သား မောင်ရွှေကျော်ကလည်း သူ့အမေကို ဖအေထက်ပင် ချစ်သည်။ ပြီးတော့ ကြောက်လည်း ကြောက်သည်။ မအေက မျက်လုံး တချက် ဝေ့ကြည့် လိုက်ရုံနှင့် မအေ့ စိတ်သဘောကို နားလည်ခဲ့သူ ဖြစ်သည်။ ခုတော့ ပညာရေးသက်တမ်း တလျှောက်လုံးလုံး ဘာသတင်း အစအနမှမကြားခဲ့ရ။ ဘွဲ့ရပြီး အလုပ်ဝင်သည့် နှစ်နှစ်ခန့် ကာလ အတွင်းမှာလည်း ဘာအရိပ်အရောင်မှ မရှိခဲ့ရပဲ လတ်တလောကြီး အိမ်ထောင်ပြုလိုက်ရာ မဝေခမျာ နှလုံးသည်းပွတ်ကို ရုတ်တရက် ဆွဲထုတ်ယူလိုက်ခြင်း ခံရသလို တဖျပ်ဖျပ်လူးသွားတော့၏။

“မဝေတို့ သားလေး၊ ကိုအေးရယ်.... မဝေ့သားလေး”

အဆုံးအစမရှိသော စကားကို တပ်တလဲလဲဆိုယင်း မဝေမစားနိုင်၊ မအိပ်နိုင် ဖြစ်တော့သည်။

‘မအေကို ညာသွားတဲ့ကောင်၊ မိဘမေတ္တာရေ စူးမယ်၊ မအေကဖြင့် ချစ်လိုက်ရတာ၊ နွားခေါင်းတာ ဝက်ခြံဘုတောင် ခရီးသွားယင်း ယဉ်းလာမှာစိုးလို့ ဇာတိပွဲလှလ်သီး သွေးလိမ်းပေးလိုက်သေးတယ်။ ဒင်းကတော့ မယား ခိုးသွားတာကိုး။ ဟင်း—သိပ်လိမ္မာတဲ့သား၊ သိပ်တော်တဲ့သား’

သားအတွက် ရတက်မီးပွားရှာသူကို ငြိမ်းအေးမှု ရစေရန် အကျိုးသင့် အကြောင်းသင့် ဖျောင်းဖျ နှစ်သိမ့် ပြောဆိုပါသော်လည်း မဝေ လက်မခံခဲ့။



“အသက်အစိတ် ကျော်ရုံ၊ အလုပ်လက်ရှိ ဖြစ်ရုံနဲ့ သူလုပ်သမျှကို လက်ပိုက်ကြည့်နေရမှာလား ကိုအေးရဲ့။ တသက်လုံးက မိဘစိတ်တိုင်းကျ၊ မိဘချပေးတဲ့ စည်းကမ်းအတိုင်း နေခဲ့တဲ့ သားက မဝေ့ရင်ကို ခြေစုံကန်ထွက်သွားတာ၊ မဝေဒေါသမထွက်ပဲနေလို့ ရပါ့မလား။ သားဟာ မဝေ အသက်စွန့် မွေးခဲ့ရတဲ့ သားပေါ”

မဝေကို ကိုအေး စကားများ ထပ်မပြောချင်တော့။ မပြောရက်တာလည်း ပါသည်။ တကယ်တော့ မဝေသည် သားကို အသက်စွန့်မွေးခဲ့ရခြင်း အမှန်ပါတည်း။ ပြီး,သားနှင့် ပတ်သက်လျှင် မဝေသည် မျှော်လင့်ချက် များစွာ ထားခဲ့သူ ဖြစ်သည်။ သူ့သားဘဝကို ငယ်စဉ်ကတည်းက စိမ်ကိန်း အမျိုးမျိုးဆွဲ၍ ပုံစံချပေးခဲ့သူ ဖြစ်သည်။ သူ့ သားကလည်း မအေ့ပုံစံကို လိုက်နာကျင့်သုံးခဲ့သူပင်တည်း။ သည်တခါကျမှသာ အရိပ်အရောင်ပင် မပြတော့ပဲ အကောင်အထည် ဖော်လိုက်ခြင်း ဖြစ်ပေသည်။

“သိပ်မိုက်တဲ့ကောင်၊ ငတုံး။ ဟိုက စာရေးမ ဆိုတော့ လည်ပြီး ပတ်ပြီး၊ ပါးပြီး နပ်ပြီးသား နေမှာ။ မဝေတို့သား အရိုးခံ ငအ,ကြီးကို အမိဖမ်းတာ နေမှာ”

“ဟေ့—ဟေ့ ပြောချင်ယင် ကိုယ့်သား ကိုယ်ပြောပါကွ၊ လူကြားလို့မှ မတော်”

သားကိုချစ်သည့်ဇော၊ နှမြောသည့်စိတ် ဝေဖိတ်လျှံတက်သွားပုံမှာ မိန်းမသားချင်းစာနာစိတ်ပင် မရှိချေတော့ပါပြီ။

သူက သတိပေးဟန့်တားမှ မဝေ သူ့စိတ်သူ ထိန်းရကောင်းမှန်း သိသွား၏။

"ဘာပဲဖြစ်ဖြစ်လေ၊ မဝေတော့ ကိုယ့်သားကို အနစ်မွှန်းမခံနိုင်ဘူး၊ ရအောင် ပြန်ခေါ်မယ်"

ဗူးဆို ဖရုံမသီး၊ဆုံးဖြတ်ပြီးသည့်အလုပ်ကို မဖြစ်ဖြစ်အောင် လုပ်တတ်သူ မဝေးအကြောင်းကို ကောင်းကောင်းကြီး သိထားသည့် ကိုအေးမှာ ရင်တထိတ်ထိတ်။ ထို့ကြောင့် သားတို့လိပ်စာကို မပြောပဲထားသည်။ သို့ပေမယ့် မဝေပဲ၊ ဘယ်ရလိမ့်မတုံး။ ဆယ်ရက်ပင် မပြည့်တတ်သေး၊ သားတို့လိပ်စာကို သိလာသည်။ သွားခေါ်မည်ဟု ပြင်သည်။

"စဉ်းစားပါအုံး မဝေ၊ မင့်သားက သူ့မယားကိုပစ်ပြီး မင်းနောက် ပြန်လိုက်လာမှာမို့တဲ့လား"

"အို… မဝေသားက မအေကိုသိပ်ချစ်တာ၊ မအေ့မျက်နှာမြင်ယင်၊ ပြန်လိုက်လာမှာ"

"အေးလေ၊ ချင့်ချင့်ချိန်ချိန်လဲ လုပ်ပေါ့ကွာ။ ဖြစ်ပြီးမှ တဘက်မိန်းကလေးအတွက်လဲ ထည့်စဉ်းစားအုံးမှပေါ့"

သူ့စကားကြောင့် မဝေ ပို ဒေါသထွက်သွားပုံ ရ၏။ ဟောဟော်ဒိုင်းဒိုင်း ထွက်သွားတော့၏။ မဝေ တဇွတ်ထိုး လုပ်သွားပုံကိုကြည့်ယင်း လွန်ခဲ့သော ဆယ်နှစ်ခန့်က သူငယ်ချင်းများနှင့် အလည်လွန်ခဲ့သောသားကို မဝေ လိုက်ရှာခဲ့ပုံ၊ လူပျိုပေါက်သားကို နားရွက်ဆွဲ ပြန်ခေါ်ခဲ့ပုံများကို ပြန်မြင်ယောင်လာသည်။



'အင်း—ဒီတခါလဲ အဲဒီတုန်းကလိုပဲ သူ့သားသူ နားရွက်ဆွဲခေါ်ခဲ့လို့ ရမယ်ထင်နေသလား မသိဘူး။ မဝေ—မဝေ၊ သားဇောနဲ့ တရားသဘောတွေကိုတောင် သတိလက်လွှတ်ဖြစ်နေပါပေါ့လား'

• • •

သားတို့ငှားနေသည် ဆိုသည့် အိမ်ရှေ့သို့ ရောက်တော့ မဝေ ရင်ထဲ ပို၍ ဗလောင်ဆူလာသည်။ သည်အိမ်ဟာ မဝေတို့ မိတ်ဆွေ ခင်ခင်တို့အိမ်ပေပဲ။ ဒေါ်ခင်ခင့်အမျိုးသား ဦးမြင့်ထွေးကလည်း ကိုအေးနှင့် ရင်းနှီးသူပဲ။

"ခင်ခင်မို့ နေနိုင်ရက်တယ်၊ မဝေဖြင့်အံ့သြပါရဲ့၊ ရက်စက်လိုက်တာ"

လှေကားရင်းအထိ ဆင်းကြိုသူကို မဝေ အားမနာ၊ ခရီးရောက်မဆိုက်ပင် အပြစ်တင်စကားဆိုမိတော့၏။

"ကဲ—ကဲ လာယ်ပါ၊ တက်ပါအုံး၊ အိမ်ထဲ ရောက်မှ မဝေသဘောကျ ပြောပါတော့"

ဒေါ်ခင်ခင်က မြေးကိုချီလျက်က မဝေလက်မောင်းကို ဆွဲခေါ်သွားရ၏။ မဝေစိတ်ကို သူသိပြီးသားမို့ မဝေကို သူစိတ်မဆိုးဖြစ်။

"ကိုအေးကိုပြောတော့ မဝေ သိပ် ဒေါပွနေတယ်၊ အသိပေးလို့ မဖြစ်သေးဘူးဆိုလို့ပါကွယ်။ဖြစ်ပြီးမှတော့ မဝေရယ်၊ ဘယ်တတ်နိုင်တော့မှာလဲ၊ ကောင်မလေးကလဲ။ မဆိုးပါဘူးကွယ်၊ ဘွဲ့မရတာလေး တခုပါ၊ တော်ရှာပါတယ်"

"အိုး— သိပ်တော်တာပေါ့၊ တော်လို့ပဲ မဝေ သားလို ပညာတတ်၊ ရုပ်ချော၊ သဘောကောင်း၊ မျိုးရိုးသန့်ကို အရ အမိ ယူလိုက်နိုင်တာပေါ့၊ မဟုတ်ဘူးလား"

မဝေ ပြောပုံကို ပြုံးချင်သော်လည်း မပြုံး ရက်။

"မဝေရယ်၊ခင်ခင်လဲ မောင်ရွှေကျော်ကို သားတယောက် လို ချစ်တာပါပဲ။ ကောင်မလေးက သားကြီး ကိုစိုးတို့ရုံးက ကောင်မလေးပါ၊ အနေအထိုင် တော်ရှာပါတယ်။ ကလေး တွေ ကစဉ့်ကရဲ ဖြစ်ကုန်မှာစိုးလို့ ဟိုဘက်ခန်းကလဲ အားနေ တာနဲ့ ခေါ်ထားလိုက်တာပါ။ မဝေ သိယင် စိတ်ဆိုးမယ် ဆို တာလဲ သိပါရဲ့၊ ခင်ခင်တို့ကပါ ပစ်ထားလို့ မဖြစ်ဘူးလေ၊ မဝေရယ်"

ဒေါ်ခင်ခင်က ပြေရာပြေကြောင်း ပြောသည်။ မဝေကမူ မကြားတချက် ကြားတချက်၊မကောင်းတတ်၍သာ ထိုင်စကား ပြေနေရသည်။ တကယ်တော့ သူ့ သားကို တွေ့ချင်လှပြီ။

"ကလေးတွေ သနားပါတယ်ကွယ်၊ ဒီတခါတော့ ခွင့် လွှတ်လိုက်ပါတော့"

"အို—မိဘကို တခွန်းမှမတိုင်ပင်ပဲ သူ လုပ်ချင်ရာ လုပ်သွား တာပဲ ခင်ခင်။ မဝေ သူ့ကို ခွင့်မလွှတ်နိုင်ဘူး"

မဝေလေသံ ဘယ်လောက်မာသွားသည်တော့မသိ။ ဒေါ် ခင်ခင့် ရင်ခွင်တွင်းက ကလေးငယ်မှာ လန့်ပြီး ငိုမဲ့မဲ့ကလေး ဖြစ်သွား၏။

"ကဲလေ....ထိုင်ပါအုံး၊ ကလေးတွေက ငါးနာရီလောက်မှ ပြန်လာတတ်ကြတာ။ ကောင်မလေးကတော့ စောစောရောက်



တတ်ပါတယ်။ ပြောစရာရှိလဲ အေးအေးဆေးဆေး ပြောကြ တာပေါ့ကွယ်"

ဒေါ်ခင်ခင်က မြေးကြီးကို ပွေ့ချီချော့မော့ယင်း မဝေကို ဘယ်လိုနားချရပါ့မလဲ စဉ်းစားနေရသည်။

"ဒါ—မောင်စိုးမြင့် ကလေးလား"

"ဟုတ်တယ် မဝေရဲ့၊ သားကြီးကလဲ နယ်ခဏခဏဆင်းရ၊ မြင့်မြင့်ကလဲ အလုပ်နဲ့ဆိုတော့ သူတို့ကို အိမ်မှာပဲ ခေါ်ထား လိုက်တယ်။ ကိုယ့်မြေးကို အထိန်းတွေနဲ့ထားရမှာလဲ စိတ်မချ နိုင်ဘူး မဟုတ်လား။ ဟော...ပြောယင်းဆိုယင်း အခုလာနေ တာ မဝေချွေးမတော်ပဲ မဝေရေ့"

ဖြူဖြူသွယ်သွယ် ကောင်မလေး တယောက် လက်ထဲတွင် ကြိမ်ခြင်းကလေးတခု ဆွဲလျက် ခပ်သွက်သွက် လျှောက်လာနေ သည်။ရန်ကုန်သူတို့၏ ဝတ်စားဆင်ယင်မှုအပြည့်နှင့် ခေတ်ဆန် သူ မိန်းကလေးပေပဲ။ အိမ်ရှေ့ရောက်ခါနီး သူတို့အိမ်ခန်းလေး ဘက် မော့ကြည့်လိုက်သောအခါ သူ့မျက်နှာကို ပို၍ပြတ်သား စွာ မြင်တွေ့လိုက်ရ၏။ 'အောင်မယ် သူကလည်း တစဉ့်ကွေး မျက်ခုံးမွေး မျှင်မျှင်ကလေးနဲ့ပါလား။ မျက်ခုံးမွေး နုတ်ထား တာမျိုး မကြိုက်ပေါင်။ ကြည့်ရတာ ကလက်လိုက်တာ'

"သူတို့ ရုံးသွားတိုင်း အခန်းသော့ကို ခင်ခင့်ဆီမှာ အပ်ခဲ့ ကြတာ မဝေရဲ့"

လေသံက တိုးသည်။ တိုးမှလည်း ဖြစ်တော့မည်လေ။ ကောင်မလေးက ဖိနပ်ချွတ်တံခါးဝ ရောက်နေပြီ မဟုတ်လား။

"ဈေးဝင်ခဲ့သေးလား နွဲ့နွဲ့"

သော့တွဲလေးကို လှမ်းပေးယင်း ဒေါ်ခင်ခင်က မေးနေပြန်သည်။ကောင်မလေး အိမ်ထဲအထိဝင်လာဦးမှာလေလားဟု မဝေ အနေကျုံ့သွားရ၏။ပြီးမှ ဝင်လာလည်း ဘာဖြစ်လဲဟု ခပ်တင်းတင်း ပြန်နေလိုက်ရ၏။

"ဝင်ခဲ့တယ် အန်တီ၊ဒီနေ့ ပုစွန်တွေပေါလိုက်တာ အန်တီရယ်။နွဲပြင့် အန်တီတို့ဖို့တောင် ပိုဝယ်ခဲ့အုံးမယ်လုပ်သေးတာ၊ နောက်မှ မမမြင့်ကလဲ ဝယ်ချင်ဝယ်လာမှာလို့ တွေးမိတာနဲ့ မဝယ်ခဲ့တော့တာ အန်တီရဲ့။ ဟိတ်ကောင် ပုံးချိုကြီး၊ ဘာရယ်ပြနေတာလဲ ဟင်။ ကြည့်ကြည့်၊ အန်တီ့ မြေးကြီးက သိပ်မျက်နှာချိုတာပဲ၊ ပုံးချိုကြီးနော်—ပုံးချိုကြီး"

ကောင်မလေးနှယ် သွက်လိုက်၊ တတ်လိုက်တာဟု မဝေ ဝေဖန်မိပြန်၏။

မကြာခင် တဘက်ခန်းက တံခါးဖွင့်သံ ကြားလိုက်ရပြီး တဆက်တည်းလိုလိုပင် မီးဖိုချောင်ထဲက အိုးသံ၊ခွက်သံ ကြားလိုက်ရ၏။ 'အင်း—ညနေစာချက်ဖို့ ပြင်ဆင်နေတာ ဖြစ်မှာပဲ။ သူတို့မှာ အိုးခွက်ပန်းကန်ကော ပြည့်ပြည့်စုံစုံမှ ရှိကြရဲ့လား' ပထမဦးဆုံးသော ကရုဏာအတွေးသည် ရုတ်တရက် ပေါ်ပေါက်လာ၏။

တဘက်ခန်းက လှုပ်ရှားသံများကို နားစွင့်နေဆဲ။ ဒေါ်ခင်ခင်က မဝေကို နောက်ဖေးဘက်သို့ ခေါ်သွား၏။ပြီးတော့ အခန်းနှစ်ခန်းကို ကန့်ထားသည် နံရံပျဉ်ချပ်၏လှစ်ဟနေသော အပေါက်ကလေးကို ညွှန်ပြလိုက်၏။ မဝေ မဆိုင်း မတွ ပင် တဘက်ခန်းသို့ ချောင်းကြည့်လိုက်မိ၏။



ကောင်မလေးသည် ဈေးက ပြန်လာသည့် အဝတ်အစားနှင့်မဟုတ်တော့။ဘလောက်(စ်)လက်ပြတ်ကလေးနှင့်၊ တက်ထရွန်လုံချည် တပတ်နွမ်းလေးနှင့်။သူ့အနီးရှိ ရေနံဆီမီးဖိုပေါ်တွင် အိုးလေးတလုံး၊ ထမင်းအိုး ဖြစ်ဟန်တူသည်။ ကောင်မလေးသည် ပုစွန်ဆိတ်ကလေးများကို ထိုင်သင်နေသည်။

ထိုခဏမှာပင် ကောင်မလေး ဆတ်ကနဲလှုပ်ရှားသွားသည်။ အိမ်ရှေ့သို့ ကသုတ်ကရက် ပြေးထွက်သွား၏။

"အို—အို ပုစွန်တွေ ကိုင်ထားတာ မောင်ရဲ့၊ ညှီစော်နံကုန်တော့မှာပဲ"

နွဲ့တာလွန်းသော အသံသည် မောင်ရှေကျော့်ရယ်သံကြားမှ တိုးထွက်လာသည်။'အော်—သား ဈေးက ပြန်ရောက်လာပြီကိုး။ လင်မယား ကျီစယ်နေကြတာကိုး'

မိနစ်ပိုင်းအတွင်းမှာပင် သူ့မြင်ကွင်းထဲသို့ သူ့သား ဝင်ရောက်လာသည်။ သားသည် ကောင်မလေးပခုံးကို သိုင်းဖက်ယင်း ရှင်ပြုံးမြူးကြွနေသည်။မဝေသည် သူ့သားကိုငေးကြည့်ယင်း ရင်ထဲတွင် ဆို့လာသည်။မျက်ရည်တွေ ဝဲလာသည်။

"ကဲ—ပြော၊မောင် ဘာကူလုပ်ပေးရမလဲ။နွဲ့ ဘာတွေ ချက်နေတာလဲ ဆိုစမ်း"

ကောင်မလေး၏မေးစေ့ဖျားကို ချစ်မြတ်နိုးစွာ မ့ပင့်ယင်း မေးနေပုံကြောင့် မဝေ့ မျက်မှန်းကျိုးချင်သလိုလို။အိမ်မှာဖြင့် ပိုးမွေးသလို မွေးခဲ့ရတဲ့ သား။ ဘာမျှ လိုလေသေးမရှိ ပြည့်စုံအောင်ထားခဲ့ရတဲ့ သား။ခုတော့ သည်သားက 'မောင် ဘာကူလုပ်ပေးရမလဲ' တဲ့ လေ။

"ပုစွန်လေးတွေကိုငရုတ်သီးစပ်စပ်၊ခရမ်းချဉ်သီးမျှားမျှားနဲ့ ဆီပြန်ချက်မယ်လေ။ ချဉ်ပေါင်ရည်ကျဲလေးကို ပင်စိမ်းရွက်အုပ်ပြီး အရည်သောက်ချက်မယ်။ငါးပိထောင်းမယ်မောင်ရဲ့"

'ဟင်း....မောင်ရွှေကျော်တို့က ပင်စိမ်းရွက် စားပါလိမ့်မယ်အားကြီး။ ဒီကောင်က ငယ်ငယ်ထဲက နံနံပင်တို့ ပင်စိမ်းတို့အနံ့တောင်ခံနိုင်တာ မဟုတ်ဘူး။ကိုယ်ယူတဲ့ ယောကျ်ား ဘာကြိုက်တတ်သလဲ ဆိုတာလေးမှ မလေ့လာခဲ့ဘူးလား ဟယ်'

"ဟား....ဘဲရီးဂွဒ်ပဲကွာ၊ မောင်တော့ ထမင်းမြိန်အုံးတော့မှာပဲ။ ဒီငရုတ်သီးတွေက ထောင်းရမှာမဟုတ်လား၊ပေး-ပေး မောင် ထောင်းလိုက်မယ်"

မောင်ရွှေကျော်က ငရုတ်ဆုံကြီး ဆွဲယူကာ တဒုန်းဒုန်း ထောင်းနေသည်။ မဝေ ရင်ထဲမှာလည်း တဒိန်းဒိန်းမြည်ဟည်းနေတော့သည်။

"နွဲ့လေးရေ၊ မောင်ပို့ထားတဲ့ ဆောင်းပါးလေး ရွေးထားတယ်တဲ့ကွ"

"ဟယ်..ဝမ်းသာလိုက်တာ။ နွဲ့လေ၊ အရင်တဲကစဉ်းစားထားတာ၊ နွဲ့တို့ အတူတူနေယင် မောင့်ကို နိုင်ငံကျော် စာရေးဆရာကြီးဖြစ်အောင် အားပေးမယ်လို့"

"အဟား. ဟား၊ သိပ်လိမ္မာတဲ့ မောင့်အချစ်ပါလား၊ လာစမ်း- ပါးလေး၊ ဆုချလိုက်အုံးမယ်"

ခိုးခိုးခစ်ခစ် ရယ်မောသံ များသည် မဝေ နှလုံးသားကို ဆုပ်နယ်ချေမွပစ်လိုက်သည်။ သူ့စိတ်မာန်တွေကျပြီး အားတွေလျော့သွားသလို ခံစားလိုက်ရ၏။



"မောင်ရေ၊ နွဲ့စုထားတဲ့ ငွေထုတ်ပြီး မောင့်အတွက် စာရေးစားပွဲတလုံး ဝယ်မလားလို့။ နွဲ့ တလကို အစိတ်အစိတ် စုထားတာ အခုဆို သုံးရာလောက် ရှိနေပြီ မောင်ရဲ့"

"ကွာ၊ စာရေးစားပွဲက ကိစ္စမရှိပါဘူး၊ မောင်က နွဲ့လေးအတွက် မှန်တင်ခုံလေးတခု ဝယ်ပေးချင်နေတာ။ နွဲ့ ပိုက်ဆံလေး မထုတ်ပါနဲ့ကွယ်၊ မောင့်ဘာသာ စုပါ့မယ်။နွဲ့ကို ခုလိုဖြစ်ကတတ်ဆန်း ထားရတာကို မောင်က စိတ်မကောင်း ဖြစ်နေတာ"

"အော်—မောင်ကလဲကွယ်၊ နွဲ့ နေတတ်ပါတယ်။တဖြည်းဖြည်းတော့ ပြည့်စုံလာမှာပေါ့ မောင်ရယ်။ နွဲ့ကတော့ နွဲ့ကိုယူလိုက်လို့ မပူမပင် မကြောင့်မကြ နေခဲ့ရတဲ့ မောင်တယောက်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတာကို တွေးမိတိုင်း—"

"ဟောဗျာ၊ မောင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတယ်လို့ ဘယ်သူက ပြောလဲ။ဒီကောင်မလေး မဟုတ်တာတွေ။တခါတလေ မေမေတို့ကို လွမ်းမိတာတော့ အမှန်ပဲ။ မေမေကဆိုမောင့်ကို သိပ်ချစ်တာ နွဲ့ရဲ့။ကိုယ်ကိုယ်တိုင်က ဖခင်ဖြစ်ရတော့မယ်ဆိုတော့ ပိုပြီး နားလည်မိလာတာပေါ့လေ။ ဒါပေမယ့်မောင်တို့ သားသမီးကျယင်တော့ မိဘကို သိပ်ကြောက်ရတဲ့ အဖြစ် မရောက်စေရဘူး၊ မောင်တို့ကလဲ ဘာမဆို ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးရဲတဲ့ မိဘမျိုး ဖြစ်စေရမယ်"

မဝေ လွန်စွာ တုန်လှုပ်သွား၏။

မမျှော်လင့်သည့် အချိန်တွင် မထင်မှတ်သော စကားကို ကြားလိုက်ရသည် မဟုတ်ပါလား။ သား—သား၊ မဝေ၏

နှလုံးသည်းပွတ် သားသည် ဖခင်တယောက် ဖြစ်တော့မည် ဆိုပါလား။ မဝေသည် သူ့သား ရုတ်တရက်ကြီး အိမ်ထောင်ပြုလိုက်သည့် အကြောင်းယင်းကို ယခုမှပင် သိရှိ နားလည်သွားရတော့၏။

'ဘာမဆို ပွင့်ပွင့်လင်းလင်း တိုင်ပင် ဆွေးနွေးရဲတဲ့ မိဘမျိုး' တဲ့။

သားစကားက မဝေရင်ထဲ ပွဲတင် ရိုက်ခတ်နေတော့သည်။

* * *

"ဘိုးဘိုးကြီးရေ၊ နက်ဖြန်တော့ မောင်ရွှေကျော်တို့ခေါ်ပြီး မဝေတို့ဆီ သွားကြရလိမ့်မယ်"

မဝေ ဆင်းသွားလျှင်သွားချင်း ဒေါ်ခင်ခင်က သူ့ခင်ပွန်း ဦးမြင့်ထွေးကို ပြောလိုက်၏။ နှုတ်ဆက်စကားကိုသာ အနိုင်နိုင် ဆိုခဲ့နိုင်ရှာသူ မဝေ၏ အတွင်းသဘောကို ဒေါ်ခင်ခင် မြက်မြက်ထင်ထင် သိလိုက်ပြီးပြီ မဟုတ်ပါလား။ အလုပ်မှ ပြန်ရောက်စ တိုက်ပုံအင်္ကျီကိုပင် မချွတ်နိုင်သေးပဲ မြေးကြီးကို တွချီချီ တမမ လုပ်နေသူ ဦးမြင့်ထွေးက ခေါင်း တဆတ်ဆတ် ညိတ်ယင်း—

"အင်း — ဒါပေါ့၊ ဒါ ကိုယ်တို့ဝတ္တရားပဲဟာ။ ဒါနဲ့ သားကြီး ကိုစိုးလဲ ဒီစနေ ပြန်မလာနိုင်သေးဘူးတဲ့၊ ရုံးကို ဖုန်းလာတယ်။ မြင့်မြင့်ကတော့ မျှော်လှုပြီ မဟုတ်လား။ အောင်မယ်—မယ်၊ ခင်ခင်ရေ၊ မင့်မြေးကြီး ရယ်နေလိုက်တာ ကိုစိုး ငယ်ငယ်က အတိုင်းပဲ၊ ကြည့်စမ်း။ ဟော့— မြေးကြီး၊ ပြုံးချိုကြီး။ မင်းက ဘိုးဘိုးကို သိသလားကွ ဟင်—"



## ရလိုသောဆု

"အမေရေ့— ရေနွေးအိုး တည်ထားပြီးပြီလား"

ဆယ့်သုံးနှစ်ရွယ် ကောင်လေးတယောက်သည် ဓားမကြီး တချောင်းကို လက်တွင် ဆွဲကြည့်နေရာက အော်မေးလိုက်၏။

အေးဟေ့—ငတိုင်းရေ့—လုပ်မှာသာ လုပ်"

အိမ်နောက်ဖေးဘက်က မိခင်၏ ဖြေသံကိုကြားသည်နှင့် ငတိုင်းဆိုသော ကောင်းလေးသည် ကြက်ခြင်းများ ရှိရာသို့ သွားရောက်ချေပြီ။ ကြက်ခြင်းထဲရှိ ကြက်များသည် ငတိုင်း တယောက် သူတို့အနီးသို့ ရောက်လာသော် နဂိုကထက်ပို၍ ဆူဆူညံညံ အော်မြည်ကြတော့သည်။

ငဝိုင်းသည် ကြက်ခြင်းအဖုံးကို လှပ်လိုက်၏။

ကြက်မတမ်း ကလေးများ၊ ကြက်ဖကြီးများ၊ ကြက်ပျို ပေါက်ကလေးများ၊ ရွှေဝါရောင်၊ နီညိုရောင်၊ မဲညစ်ညစ် အရောင်၊ အဖြူရောင်၊ အရောင်အမွေးအမျိုးမျိုးသည် ခြင်းထဲတွင် အငြိမ်မနေ လှုပ်ရှားနေသည်။

ငဝိုင်းသည် ကြက်ကလေး များကို ငေးကြည့်နေရာက သက်ပြင်းတချက် ချလိုက်၏။ နောက် မျက်စိမှိတ်လိုက်ပြီး ကြက်ခြင်းထဲသို့ လက်နှိုက်လိုက်သည်။ လက်ပြန် နုတ်လိုက်သောအခါ သူ့လက်ထဲတွင် တကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသည့် ကြက်မ ဝဝကစ်ကစ်ကလေးတကောင် ပါလာ၏။

'ငါ့.. ငယ်ငယ်တုန်းက ငါ့အတွက် ခမည်းပေးတဲ့ ကြက်မကလေး ဖြူတုတ်နဲ့ တူလိုက်တာ၊ သိပ်လှတာပဲ'

ကြက်မကလေးသည် မျက်လုံးကလေး ပေကလတ် ပေကလတ်ဖြင့် ငဝိုင်းကို ကြည့်နေသည်။

ချစ်စရာ သနားစရာ ကောင်းလှသည့် ကြက်မကလေးကို ငဝိုင်း ချက်ချင်းမသတ်ရက်။ မသတ်ဖြစ်သေးပဲ ငိုင်နေမိပြန်သည်။

ကြက်ခြင်းထဲရှိ ကြက်များသည် တကွတ်ကွတ် အော်မြည်ယင်း တကောင်နှင့်တကောင် ထိုးလိုက် ဆိတ်လိုက် လုပ်နေကြသည်။

သည်အခိုက်—

"ငဝိုင်းရေ... လုပ်ပြီးသလောက် ယူခဲ့အုံး သားရေ့"



အမေ့ အသံကြောင့် ငဝိုင်း သူ့အလုပ်ကို သူ ပြန်သတိရမိသည်။

"ဟယ်.. တတ်နိုင်ပါဘူး"

ငဝိုင်းသည် စိတ်ကိုတင်းကာ ကြက်မလေးကို တောင်ပံနှစ်ဘက်ကနေ ချုပ်ကိုင်လိုက်၏။ နောက် မရုန်းနိုင်မပြေးနိုင် မပျံနိုင်ရှာပဲ မိမိလုပ်သမျှ ခံရရှာမည့် ကြက်မလေး၏လည်ပင်းကို ဓားမ ထက်ထက်ကြီးဖြင့် လှီးလိုက်၏။

နီရဲသောသွေးများသည် ဝေါက်ကနဲ ပန်းထွက် လာကြသည်။ ကြက်မကလေးသည် ခြေလက်များ ဆန့်ငင်ဆန့်ငင်ဖြင့် ခဏမျှ လှုပ်ရှားနေသေးသည်။ ငဝိုင်းသည် ကြက်မလေးကို မြေပြင်ပေါ်သို့ ပစ်ချလိုက်၏။

နောက်၊ နောက်တကောင်။

သည့်နောက်၊ နောက်တကောင်။

နောက်ထပ်တကောင်၊ နောက်ထပ်တကောင်။

သည်လိုနှင့် ဆယ်ကောင်ခန့် သတ်ပြီးသော် သတ်ပြီးသမျှသော ကြက်တို့ကို ခြင်းတောင်း တခုထဲသို့ ကောက်ထည့်ပြီး အမေရှိရာ ရေနွေးအိုးတည်ထားရာသို့ သယ်ယူ သွားရသည်။ အမေက ကြက်များကို ရေနွေး ဖျောမည်။ ပြီး-အမွေးနုတ်မည်။

"ဒီနေ့ ဆယ်ကောင်လောက် ပိုလုပ်ရမယ် သားရေ့—ဝန်ထောက် ဦးမင်းကျော်တို့အိမ်က ဘုန်းကြီးဆွမ်းကျွေးမှာတဲ့။ ကြက်ငါးပိဿာ လာမှာထားတယ်။ မြန်မြန်လဲ လုပ်နော်၊ ငါးနာရီ ထိုးလုပြီ"

အမေ့စကား ကြားတော့ ငဝိုင်း စိတ်ညစ် သွားသည်။ သူသည် သူ့အမေ မရွှေ၏အနားတွင် ယောင်ပေပေကလေး ရပ်ယင်း တစုံတခုပြောရန် အားယူနေသည်။

သူ့အမေ မရွှေကမူ သားဖြစ်သူ၏ အမူအရာကို သတိပြုမိဟန်မတူ။ မနက်ခြောက်နာရီ ဈေးဖွင့်အမီ ကြက်ရောင်းနိုင်ရန်ကိုသာ ဇောကပ်နေသည်။ ထို့ကြောင့် ငဝိုင်း ယူလာသည့် ကြက်များကို ရေနွေးအိုးကြီးထဲ ပစ်ထည့်လိုက်၊ ဆယ်လိုက်နှင့် အလုပ်ရှုပ်နေသည်။

ငဝိုင်းသည် သူ့အမေ ဇောနှင့် အလုပ်လုပ်နေပုံကို ကြည့်ယင်း ကောက်ကာ ငင်ကာ ပြောလိုက်သည်။

“အမေ.. အဲဒီ ဝန်ထောက်ကြီးအိမ်က ခဏခဏ အလှူလုပ်တယ်နော်။ သူတို့ဆို ခဏခဏ ကုသိုလ်ရမှာ ပဲနော်—အမေ”

“အေးပေါ့...ငဝိုင်းရဲ့၊ သူတို့က ပိုက်ဆံကလဲ ပေါတယ် မဟုတ်လား သားရယ်၊ ဒီတော့ ခဏခဏအလှူလုပ်၊ ခဏခဏ ကုသိုလ်ရတာပေါ့”

မရွှေက သားဖြစ်သူကို လုံးဝ လှည့်မကြည့်ပဲ သူ့ အလုပ်ကိုသာ ဂရုစိုက်လုပ်ယင်း ဖြေလိုက်၏။ ကြက်သေများကို ရေနွေးဖျောလွန်းလျှင် သော်လည်းကောင်း၊ လိုလျှင်သော်လည်းကောင်း မကောင်း။ ရေနွေးလွန်သွားလျှင် ကြက်အမွေးနုတ်ရာတွင် အမွေးများသာမက အရေပြားပါစုတ်ပြဲ သွားနိုင်ပေသည်။ ထိုအခါ ရောင်းပန်းမလှ ဖြစ်တတ်သည်။ အကယ်၍ ရေနွေးဖျောလိုလျှင်လည်း အမွေးများကို စင်စင်ကြယ်ကြယ် နုတ်၍ မရတတ်။ ထို့ကြောင့် ကပျက်ကချော်လုပ်၍ မဖြစ်။



“အမေရယ်၊ သူတို့က ပိုက်ဆံပေါလို့ ခဏခဏအလှူလုပ်၊ ခဏခဏကုသိုလ်ရတာတော့ ဟုတ်ပါရဲ့။ ကျွန်တော်တို့က သူတို့ အလှူ လုပ်တိုင်းလုပ်တိုင်း ကြက်တွေ သတ်သတ်ပေးနေရတာ တော့ ငရဲကြီးမှာပဲနော်”

မရွှေ တန့်သွားသည်။ ‘ငရဲ’ ဆိုသော စကားသည် မရွှေကို ဆွဲဖမ်းလိုက်သလိုလို။ မရွှေသည် ရေနွေးအိုးထဲသို့ ပစ်ထည့်လုနီးနီး ကြက်တကောင်ကိုကိုင်ယင်း ငဝိုင်းကိုလှည့်ကြည့်လိုက်၏။ သည်ကလေးဟာ သည်လိုပါပဲ။ အမြဲတမ်း ကြီးကြီး ကျယ်ကျယ် ပြောတတ်တယ်။ အံ့ပါရဲ့ဟု စိတ်တွင်းက သြချယင်း သားဖြစ်သူ၏ မျက်နှာကို စေ့စေ့ကြည့်နေမိ၏။

ငဝိုင်း၏ မျက်နှာကလေးသည် တစုံတခု ကို ကြောက်ရွံ့သလိုလို မျက်နှာကလေး ငယ်နေ၏။

“ဟုတ်တယ် အမေရဲ့၊ ညက တရားပွဲမှာလဲ ဆရာတော် ဦးပညာ ဟောသွားတယ် မဟုတ်လား။ သူ့ကို ကိုယ်သတ်၊ ကိုယ့်ကို သူသတ်နဲ့ သံသရာကြီးမှာ မဆုံးတော့ဘူးတဲ့။ သူများ အသက်ကိုသတ်တာ သိပ်ငရဲကြီးတာဆို။ ကျွန်တော်ဖြင့် ကြက်တွေကိုသတ်ဖို့ ဆွဲထုတ်တိုင်း စိတ်ထဲမှာ တမျိုးကြီးပဲ”

“အောင်မယ်၊ ကြီးကျယ်လိုက်တာ ငဝိုင်းရယ်။ ကြက်မသတ်ယင် နင် ထမင်းငတ်သွားမှာပေါ့ သားရယ်။ ဒါ—အမေတို့အလုပ်ပဲဟာ၊ ကဲပါ သွားလုပ်ချည်ပါ၊ ဈေးမမီပဲနေပါအုံးမယ်။ ဝန်ထောက်ကြီး အိမ်အတွက် ကြက်ဝဝလေးတွေ ရွေးလုပ်နော်၊ ဆယ်ကောင်—ဆယ်ကောင်”

ငဝိုင်းသည် စိတ်လုံးဝမပါပဲ ကြက်ခြင်းများဆီသို့ ရောက်ခဲ့ရပြန်သည်။ သူ့အမေ မှာသော 'ကြက်ဝဝလေးတွေ ဆယ်ကောင်—ဆယ်ကောင်' ဟူသော စကားသည် သူ့နားထဲတွင် ပဲ့တင်ထပ်နေသည်။ သို့သော် 'ကြက်မသတ်ယင် ထမင်း ငတ်မည်' ဆိုသော စကားကြောင့် ငဝိုင်းခမျာ တွေမနေနိုင်တော့။

ကြက်ခြင်းထဲသို့ သူ့လက် ရောက်သွားသည်။ တကောင် ဆွဲထုတ်လိုက်၏။ လည်လှီးလိုက်၏။ နောက်တကောင် နှိုက်ယူလိုက်၏။ လည်လှီးလိုက်၏။ သည်လိုနှင့် ညက တရားပွဲတွင် ဟောပြောခဲ့သည့် ဦးပညာ၏ တရားများသည် လွင့်ပျောက်သွားတော့သည်။

* * *

မနေ့ညက အမေအပါအဝင် ငဝိုင်းတို့ မောင်နှမ ငါးယောက် တရားပွဲသို့ ရောက်ခဲ့ကြသည်။

ထိုတရားပွဲသို့ သွားနိုင်ရန် အမေ အတော်ကို ကြိုးစားခဲ့ရသည်။ ငဝိုင်း ကောင်းကောင်းသိပါသည်။ ဘိန်းစွဲနေသည့် အဖေ့ အတွက် ဘိန်းဖိုး ငါးကျပ် ပေးခဲ့ရသည်။ တရားပွဲဆိုတော့ လူသူပေါများမည့် နေရာမို့ အဝတ်အစား လတ်လတ်ကလေး ဝတ်နိုင်ရန် အမေရှာဖွေရသည်။ သားသမီးကလေးများကိုပါ သပ်သပ်ရပ်ရပ် ဖြစ်အောင် အမေ ဆင်ပြင်ပေးရသည်။

ညနေ ခြောက်နာရီခန့်ရှိသော် တောင်ဘက်အိမ်က အရီးလှ ရောက်လာသည်။ "သွားကြစို့" ဟု ဆော်သြသည်။ နှီညာ



မကလေးကို ခါးထစ်ခွင်ချီကာ အိမ်ရှေ့က စောင့်နှင့်သည်။ အမေသည် ကလေးအငယ်ဆုံးကို ကျောတွင် စောင်နှင့်ပတ်၍ ပိုးကာ ဆေးလိပ်တို့၊ တဘက်တို့၊ ဆရာတော် ဦးပညာကို လှူဖို့ လျက်ဆားပုလင်းတို့ ထည့်ထားသည့် ဆွဲခြင်းတလုံးကိုကိုင်ကာ ကသုတ်ကရက် ထွက်ဖြစ်သည်။

ဓမ္မာရုံ ရောက်သော် တရားပွဲပင် စနှင့်နေချေပြီ။ လူတွေကလည်း အပြည့်အသိပ်။ ငဝိုင်းတို့ သားအမိတစုသည် နောက်ဘက်အစွန်ဆုံးနားတွင် နေရာရသည်။

"ငဝိုင်း၊ ကလေးတွေ ထိန်းထားစမ်း"

အမေသည် ကလေး အငယ်များကို ငဝိုင်းလက်အပ်ကာ တရားနာသည်။

တရားပြသည့် ဆရာတော်ကလည်း အတော့်ကို စကားပြောကောင်းသည်။ ပရိသတ်ကိုဆိုဆုံးမရာတွင် ငဝိုင်းတို့ကျောင်းက ဆရာကြီးထက်ပင် တော်သေးသည်။ ငဝိုင်း အတော် လေး သဘောကျမိသည်။ ထိုဆရာတော် ဟောသမျှ ငဝိုင်းနားလည် သယောင်ယောင် ရှိသည်။

"သူများပစ္စည်း မခိုးရ၊
သူများအသက် မသတ်ရ၊
လိမ်ညာ မပြောရ—

စသည့် စသည့် အကြောင်းများကို သူတို့ တဆယ့်နှစ်နှစ်ရွယ် ကလေးများပင် နားစွဲအောင် ဥပမာအသွယ်သွယ်ပြကာ ဟောကြားသည်။ သည့်ပြင် ငဝိုင်း နားမလည်သည့် ရုပ်နာမ်

အပါး သုံးဆယ်တို့၊ မျက်စိအကြည့်ခတ်တို့၊ အနံ့၊ အရသာ၊ သိခြင်း ထိခြင်းတို့၊ စုံသည် စုံသည်။

အမေကမူ နားလည်ဟန်တူသည်။ တဘက်ကလေးကို ပခုံးထက်တွင် တင်ကာ ကျုံ့ကျုံ့ကလေး နားထောင်နေသည်။ တရားနာနေခိုက် အငယ်ဆုံးကောင်လေး အိပ်ပြန်သော် နို့လှန်ကာတိုက်ရသေး၏။ နို့ဝ၍ ကလေးငယ်အိပ်ပျော်သော် ပုဆိုးစုတ်ကလေးကို ဘေးတွင်ဖြန့်ခင်းပြီး သိပ်ထားလိုက်၏။ နောက်တရားဆက်နာပြန်သည်။ နို့ညှာမလေးက မုန့်ဆာ၍ငိုပြန်သော် သူ့ဘော်လီအိတ်ထဲက အကြွေကလေးများကို ထုတ်ပေးရပြန်သည်။ အမေ့ခမျာ တရားနာလာသည်သာ ဆိုသည်၊ အေးအေးဆေးဆေး ရှိလှသည် မဟုတ်။ သူ့ဘေးနားတွင် ကပ်လျက်ရှိနေသည့် သားသမီးများအတွက် ရတက်အမျိုးမျိုး ပူရရှာသည်။

ဇိုင်းကမူ သိတတ်ပြီဖြစ်သဖြင့် အမေ စိတ်အေးချမ်းသာစွာ တရားနာနိုင်ရှာပါစေဟူသော စေတနာဖြင့် သူတတ်နိုင်သည့်ဘက်က ကူညီပေးပါသည်။ သို့ရာတွင် သူ မကူညီနိုင်သည့်ကိစ္စတွင်မူ အမေ မပါပဲ မဖြစ်တော့။

အမေသည် သားသမီးများကိစ္စလှည့်ဖြေရှင်းလိုက်၊ တရားဟောစင်ဘက် မျက်နှာမူလိုက်နှင့် တချိန်လုံး အငြိမ်မနေရရှာ။

အမေ ယောက်ယက်ခတ်နေပုံကို ကြည့်ကာ အရီးလှက မှတ်ချက်ချသည်။

"ငါဖြင့် ညည်းကိုမြင်နေရတာနဲ့ပဲ တရားကျလှပါပြီအေ။ ဖအေလောက်ရှိတဲ့ လူကြီးလဲ ယုထားရသေး၊ သူ့ အတွက်



ဘိန်းဖိုးလဲ ရှာပေးရသေး။ ကိုယ့်ဝမ်းကိုယ်စားဖို့လဲ ရှာဖွေရသေး၊ သားသမီးတွေအတွက်လဲ ပူရပင်ရသေး။ တကွက်မှ မအေးရပါလား မရွှေရယ်" တဲ့။

သည်တော့ မေမေက ဘယ်သောအခါမှ မညှိုးနွမ်းပဲ လန်းဆန်းမြဲရှိသော သူ့အပြုံးပန်းကို ဆင်ယင်း....

"ဒါကတော့ ကံအကြောင်း တရားပေါ့ အရီးရယ်" ဟု လောကဓံကို ဘာမထီသောလေသံဖြင့် ဖြေသည်။

အမေကား လောကဓံကို ကြံ့ကြံ့ခံနိုင်လွန်းသည့် မိန်းမတဦးဖြစ်ကြောင်း ဇိုင်းကောင်းစွာသိပြီးသားပင်။ သို့သော် အရီးလှ ပြောကာမှ အမေ့လက်ရှိဘဝကို သူ တွေးလိုက်မိ၏။ အမေ့ကို လူအများက 'ကြက်သားသည် မရွှေ' ဟု သိကြသလို 'ဘိန်းစားကိုစီလျှံရဲ့ မိန်းမ' ဟုလည်း ရည်ညွှန်းတတ်ကြသည်။

စင်စစ် 'ကြက်သားသည်မရွှေ' ဖြစ်နေရခြင်းမှာ အမေ့အတွက် လွယ်လှသည် မဟုတ်။ ကြက်ရောင်းသည် ဆိုရာ၌ အနည်းဆုံး ငွေရင်း နှစ်ရာခန့်ရှိမှ ဖြစ်သည်။ လင်ကလည်း ဘိန်းစား၊ သားသမီးကလည်း များသည့် ဘဝတွင် လက်ထဲ ငွေတပြားမျှမရှိသော်လည်း ငွေနှစ်ရာ ရှိလာအောင် အမေ့ခမျာ သူ့ဉာဏ်စွမ်းဖြင့် ကြံရရှာသည်။ သိပ်တော့ ခက်လှသည် မဟုတ်ပါ။ ငွေတရာလျှင် တဆယ်တိုးဖြင့် ငွေတိုးချေးစားသူတဦးထံက အမေ ငွေနှစ်ရာချေးသည်။ သည်ငွေနှစ်ရာ ချေးခဲ့သည်မှာ သုံးနှစ်ချဉ်းခဲ့ပြီ။ သို့တိုင် အရင်း နှစ်ရာ ပြန်မဆပ်နိုင်သေး။ တလလျှင် အတိုးနှစ်ဆယ်ကိုသာ မှန်မှန်ဆပ်နိုင်ဖို့ အမေ့မှာ အတော်ကြိုးစားနေရရှာသည်။

သို့သော် သားသမီးကလေးများ ပါးစပ်အဟောင်းသားဖြင့် ငတ်နေရမည့် ဒုက္ခကမူ ကင်းဝေးခဲ့၏။ မနက် ထမင်း၊ ညထမင်းကို အလျဉ်မိအောင် စားနိုင်ခဲ့၏။ အဖေကမူ ဘာကိုမှ စဉ်းစားမိဟန် မတူ။ စားချိန်တန်စားမည်၊ ဘိန်းရှူချိန်တန်လျှင် အမေ့ထံ လက်ဝါးဖြန့်မည်။ အမေ ဈေးရောင်းမကောင်းသည့်နေ့ ငွေအပေးနည်းလျှင် တအိမ်လုံး ပွက်ပွက်ညံပေတော့သည်။ သူတောင်းသမျှ ရသည့်နေ့တွင်မူ အခန်းထဲကမထွက်တော့ပဲ ဘိန်းနှင့် ပျော်တော့သည်။

“ဒီလူကြီးများဗျာ၊ ကျွန်တော်ဖြင့် အဖေလို့ ခေါ်ရမှာတောင် ရှက်ပါတယ် အမေရာ”ဟု ငိုင်းပြောမိလျှင် အမေက မနှစ်မြို့သော အမူအရာဖြင့် လက်ကလေးကာပြပြီး—

“ငရဲကြီးမယ် သားရေ၊ ဘာပဲဖြစ်ဖြစ် သူဟာ အမေတို့ သားတို့ရဲ့ ကျေးဇူးရှင်ကွယ့်။ နောက်ကို ဒီလိုမပြောနဲ့နော်”

ငိုင်းကမူ အမေသည်လို ပျာပျာသလဲ တားမြစ်ပုံကြောင့် အဖေ့ကို ပို၍ မကျေမနပ် ဖြစ်မိသည်။

ဆရာတော်ဟောကြားသည့်တရားထဲတွင် နစ်မျောနေဟန်တူသောအမေ့ကို ဘေးကကြည့်ယင်း ငိုင်း သနားလာသည်။

အသံသြဇာနှင့် ပြည့်စုံသော ဆရာတော်၏ တရားသည် ဓမ္မာရုံကြီးတခုလုံးကို လွှမ်းမိုးလျက် ရှိနေသည်။

“လူ၊ နတ်၊ ဗြဟ္မာ သုံးတန်သော ချမ်းသာ ခြင်းသည် လောကီချမ်းသာဟု ခေါ်ပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှ မလွတ်ကင်းနိုင် သေးသောကြောင့် ၎င်းလောကီချမ်းသာကို အလကား ချမ်းသာဟုလည်း ခေါ်နိုင်ပါသေးသည်။ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန် တည်းဟူသော ချမ်းသာသည် အိုမှု၊ နာမှု၊ သေမှု ဘေးဒုက္ခ အပေါင်းတို့မှ ကင်းဝေးရာအမှန်ဖြစ်သဖြင့် လောကုတ္တရာချမ်းသာ၊ သို့မဟုတ် ထာဝရ ချမ်းသာ အစစ်အမှန် ဖြစ်ပေသည်။ ထို့ကြောင့် ထာဝရ ချမ်းသာကို လက်ဝယ်ပိုင်ပိုင်ရနိုင်ရန် ဒါန ကုသိုလ်များ ပြုလုပ်နိုင်ကြသောကိုယ် ဖြစ်ကြပါစေ”



အမေသည် သာဓုသုံးကြိမ်ကို အလေး အနက် ခေါ်ကာ ဦးနှိမ်ရှိကျိုး ရှိခိုးလိုက်လေသည်။

* * *

မနေ့ညနေက ဆရာတော် ဦးပညာ၏ တရားကို ယုံယုံကြည်ကြည် လေးလေးစားစား နာယူခဲ့သော မရွှေတယောက် ယနေ့တွင် ကြက်ခြင်းကြီးနှစ်ခြင်းကို ထမ်းပိုး တဘက် တချက်တွင်လျှို၍ထမ်းကာ ပြန်လာခဲ့ပေပြီ။

မနက်ဖြန်ရောင်းရန် ကြက်များကို တနေ့လုံး အဝယ်ထွက်ခဲ့ရာမှ ပြန်လာခဲ့ခြင်း ဖြစ်ပေသည်။

“ငိုင်းရေ— အမေ့ကိုရေနွေးကြမ်းလေးတခွက်လောက်”

မိုးမိလာသဖြင့် တကိုယ်လုံး ခိုက်ခိုက်တုန်အောင် ချမ်းလာရှာသည့် အမေ့ကို ငိုင်း သနားမိလှသည်။

“ထမင်းစားလိုက်ပါလား အမေ၊ ကျွန်တော်ထမင်းချက်ထားတယ်။ ငါးပိထောင်းလဲ ကျန်သေးတယ်”

“စားတာပေါ့ သားရယ်။ ညီမလေးတွေ အရင် ကျွေးနှင့်ပါ။ သားလဲဆာယင်စားလေ။ ဟောတော့၊ ဆရာတော့်လှူဖို့ ဖယောင်းတိုင်ထုပ်ကလေး မိုးတွေစိုကုန်ပါပေါ့”

မရွှေသည် ထမ်းပိုးတွင် ကပ်ချိတ်ထားသည့် ဖယောင်းတိုင် ထုပ်ကလေးကို ကြိုးဖြည်ယူလိုက်၏။

သည် အခိုက်....

သွေးရောင်မလွှမ်းပဲ ဖြူဖတ်ဖြူရော်ဖြစ်ကာ အရိုးပြိုင်းပြိုင်း ထနေသည့် လက်ဝါးတဘက်သည် မရွှေ၏ မျက်နှာရှေ့တွင် ဖြန့်လျက်သား ရောက်လာ၏။

ထိုလက်ဝါးပိုင်ရှင်ကား မရွှေ၏၏လင် ကိုစီလုံ၏ လက်ဝါး ပင်။

ဖြန့်ထားသည့်အဓိပ္ပာယ်က ဘိန်းဖိုးတောင်းခြင်းသဘော။

"ဒီနေ့ ဈေးလဲ ရောင်းမကောင်းဘူး ကိုစီလုံရယ်၊ နှစ်ကျပ်ပဲ ယူနော်"

မရွှေက လင်ယောကျ်ား၏ မျက်နှာကို အသနားခံသလို မော့ကြည့်ယင်း ချော့ပြောကလေး ပြော၏။

"စိမ်းနီးမ ဘာစကား များလာလဲ၊ နင့်မှာ စိလယ်မဟုတ်လား—ပေးစမ်း"

"မရှိလို့ပါ ကိုစီလုံရယ်၊ ကျွန်မ မညာပါဘူး"

"ဒါဖြင့် တိဥစ္စာကျတော့ နင်လင်ဖို့ ဘာဖြစ်လို့ ဝယ်လာရလာလဲ၊ ပိုက်ဆံ မီစီယင် မဝယ်လဲ့ပေါ့"

ဆရာတော်ကို လှူရန် ရည်စူးထားသည့် ဖယောင်းတိုင်ထုပ်ကို လက်ညှိုးညွှန်ပြယင်း 'ကိုစီလုံ' စိတ်ဆိုးမာန်ဆိုးပြော၏။

"အို....ငရဲအုံတွေတော့ ကြီးကုန်တော့မှာပဲ"

"ဘာ ငရဲလဲ၊ ကြီးပေ့စေ၊ ငါ့ကို စုံးကျပ်ပေး"

"သုံးကျပ်မရှိလို့ပါ ကိုစီလုံရယ်၊ နှစ်ကျပ်ပဲ ယူပါ"



"တီကယ် မိစိဘူးလား"

"တကယ် မရှိလို့ပါ၊ နှစ်ကျပ်ပဲ ယူပါနော်"

"ပေး အဲ့တီနှိကျပ်၊ တီအီထုပ်လဲပေး၊ ကုလားဆိုင်မှာ ရောင်းစားမယ်"

ပြောပြောဆိုဆို ဖယောင်းတိုင်ထုပ်ကလေးကိုပါ ဆွဲယူကာ အိမ်ပေါ်မှ ဆင်းသွားတော့၏။

မရွှေသည် လင့်လက်ထဲက ဖယောင်းတိုင် ထုပ်ကလေးကို ပြန်မလုရဲပဲ မျက်နှာ ငယ်ကလေးဖြင့်သာ ကျန်ရစ်ခဲ့တော့၏။

ငဝိုင်းသည် အမေ့ အဖြစ်ကို ကရုဏာပိုမိယင်း မျက်ရည်များ ရစ်ဝဲလာတော့သည်။ မှိုင်နေသည့် အမေ့ကို ကြည့်ကာ အမေ့အတွက် သူ ဘာများ ကူပေးနိုင်ပါမလဲဟု စဉ်းစားလိုက်၏။

ရုတ်တရက် သူ စုထားခဲ့သည့် ငွေ အကြွေကလေးများကို မြင်လိုက်မိ၏။

ငဝိုင်းသည် အကြွေကလေးများကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကာ ကွမ်းယာဆိုင်ကလေးသို့ ပြေး၏။ ပြန်လာသော် ငဝိုင်း၏ လက်ထဲတွင် စောစောက သူ့အဖေ 'ကိုစီလုံ' ရောင်းသွားသည့် ဖယောင်းတိုင်ထုပ်ကလေး ပြန်ပါလာ၏။

"ရော့အမေ.... အမေလှူဖို့"

မရွှေသည် ဖယောင်းတိုင်ထုပ်ကလေးကို တလှည့်၊ သူ့သား မျက်နှာကိုတလှည့် နားမလည် နိုင်စွာ ကြည့်နေရှာသည်။

"ကျွန်တော့် မုန့်ဖိုးထဲက တနေ့ ငါးပြား— ငါးပြား စုထားတဲ့ ပိုက်ဆံနဲ့ အမေလှူဖို့ ကျွန်တော်ပြန်ဝယ်ခဲ့တာ"

"လိမ္မာလိုက်တာ သားရယ်၊ လိမ္မာလိုက်တာ"


မျက်ရည်ပြည့်သော မျက်လုံးတို့ဖြင့် သားကလေးကိုကြည့်ယင်း ဆို့နစ်စွာ ပြောလိုက်ရှာလေသည်။

ငဝိုင်းသည် အမေ့ အကြည့်၊ အမေ့ အပြောတို့ကြောင့် နောက်ထပ် ဆက်ပြောချင်သေးသည့် စကားကို မပြောရက်တော့ပဲ ရင်တွင်းသို့ ပြန်လည်မျိုချ ထားလိုက်ရသည်။

သို့တိုင်....

စကားလုံးများက အပြင်သို့ ထွက်ခွင့်မရသဖြင့် ငဝိုင်း ရင်တွင်းဝယ် အပြင်းအထန် စစ်ခင်းနေတော့၏။

'ပြီးတော့လဲအမေ၊ ကျွန်တော်တို့ မိသားစုအတွက် ဆုတခုထဲသာ တောင်းခဲ့ပါလားအမေရယ်၊ ညမှာ တရေးနာ—မနက်ကျတော့ ကြက်သတ်ရတဲ့ ဘဝက အမြန်ဆုံးကင်းလွတ်ပါစေလို့—'



# နှလုံးသားကို တံတားခင်း၍

ခင်လေးသည် အသက် ဆယ့်ငါးနှစ်ပင် မပြည့်တတ်သေးသော ရှစ်တန်း ကျောင်းသူ ကလေး ဖြစ်၏။ သူနေသော ကျောင်းတွင် ယောကျ်ားကလေး တဦးတယောက်မျှ မရှိချေ။ အားလုံး မိန်းကလေးများသာ ဖြစ်၏။ ထို့ကြောင့် ခင်လေးတွင် ရွယ်တူတန်းတူ ယောကျ်ားကလေး အသိမိတ်ဆွေဟူ၍ တယောက်မျှ မရှိချေ။ ခင်လေးတို့နှင့် တလမ်းတည်း အတူနေသော တက္ကသိုလ်မှ ဘွဲ့ရခါနီးနေပြီဖြစ်သည့် ကိုကိုကျော် တယောက်သာလျှင် ခင်လေးတို့ အိမ်သို့ ဝင်ထွက် သွားလာနေသူ တစ်မိန်း ယောကျ်ား ဖြစ်လေသည်။

ထို့ကြောင့် ခင်လေးစကားပြောဘူးသော၊ ခင်မင်ရင်းနှီးစွာ ဆက်ဆံဘူးသောတစိမ်းယောကျ်ားမှာ ကိုကိုကျော်တယောက် သာလျှင် ဖြစ်ပါ၏။

သည် ကိုကိုကျော်မှာလည်း အမှန်မှာ ခင်လေး၏ မိတ်ဆွေ မဟုတ်ချေ။ ဖေဖေ၊ မေမေတို့နှင့် ရင်းနှီးသော ဦးမြတ်ထင်၊ ဒေါ်ကြည်တို့၏သား ဖြစ်သောကြောင့် အိမ်သို့ ဝင်ထွက်ခွင့် ရနေခြင်း ဖြစ်ပေသည်။ ခင်လေး၏ မိတ်ဆွေသာဖြစ်ခဲ့ပါက စည်းကမ်းကြီး၍ အချုပ်အခြယ်များသော မေမေက ခွင့်ပြု လိမ့်မည် မဟုတ်ပေ။

ကိုကိုကျော်ကိုတော့ မေမေတို့က စိတ်ချသည်။ ခင်လေး ထက်လည်း အသက်ဆယ်နှစ်နီးပါးကြီးသူဖြစ်၏။ ခင်လေးကို ဆက်ဆံပုံကလည်း သန့်ရှင်း လှသည်။ သူသည် ခင်လေးကို ကလေးသဖွယ်ပင် ထင်မှတ်နေလေသလား မသိ။ သူ့ရှေ့တွင် အမြင် မတော်လျှင် ခေါင်းခေါက်လား ခေါက်တတ်သည်။ ကျောင်းတွင် စာမရ ဟူ၍ သတင်းကြားပါက မာန်မဲသည်။ ဂဏန်းတွက်ခိုင်း၍မရသောအခါတွင်လည်း "တယ်—ဒီကောင် မလေးဟာ နည်းနည်းမှအသုံးမကျဘူး" ဟူ၍လည်း အော် ငေါက် ကြိမ်းမောင်းတတ်သေး၏။

ကိုကိုကျော်သည် သူ့စိတ်ရှိသမျှ အော်ငေါက် မာန်မဲ သောကြောင့် ခင်လေးငိုလျှင် "သွား...သွား" ဟူ၍ပင် ထပ် အော် တတ်သေး၏။ ချော့မော့နှစ်သိမ့်မှုပြုပေးခြင်းမျိုးကား တခါတရံမျှ မရှိခဲ့ဘူးချေ။ ထို့ကြောင့် ခင်လေးက သူ့ကို



ကြောက်သည်။ သူလာပြီဆိုလျှင် အိမ်ခန်းထဲဝင်၍ အိပ်ပျော် ချင်ယောင် ဆောင်နေလိုက်၏။ နောက်ဖေးချောင်တွင် မေမေ့ ကို ကူညီလုပ်ကိုင်ပေးခြင်းဖြင့် အလုပ်ရှုပ်ချင်ယောင် ဆောင် နေလိုက်၏။ သို့တိုင် သူသည် အိပ်ခန်း တံခါးဝတိုင်အောင် လည်းကောင်း၊ မီးဖိုချောင် အထဲအထိလည်းကောင်း လိုက် လာကာ "ခွေးမကလေး ဘာတွေ အလုပ် ရှုပ်နေ တာလဲ၊ အပြင်ထွက်ခဲ့စမ်း" ဟူ၍ အသံပြဲပြဲကြီးနှင့် အော်ခေါ်တတ် သေး၏။

နှစ်ရက် သုံးရက်မျှ သူနှင့် မျက်နှာချင်း မဆိုင်ပဲ နေလိုက် လျှင်မူ သူသည် ခင်လေးကြိုက်တတ်သော အသုံး အဆောင် စားစရာများကို ဝယ်ယူလာတတ်လေသည်။

"ရော့— မိခင်လေး၊ နင့်ဖို့ ငါဝယ်လာတာ။ နင့်ကဗျာ ဆရာမကြီး ဖြစ်ချင်တယ်ဆို။ အေး—ကဗျာ စပ်တတ်ချင်ယင် ကဗျာကောင်းတွေ များများဖတ်ပေးရတယ်။ ရော့— ဒါက နင်စားချင်တယ်ဆိုတဲ့ မက်မန်းပေါင်း".

သူပြောပုံကို နားထောင်ပါအုံး၊ နူးညံ့ ပျော့ ပျောင်း သိပ်မွေ့မှုက တစိမ့် မရှိ။ 'တကယ်ဆို ခင်လေးဆိုတဲ့ နာမည် လှလှလေးကို ခေါ်ပါလား။ ခုတော့ မိခင်လေးတဲ့' ခင်လေး သည် ကိုကိုကျော် ပြောဆိုဆက်ဆံပုံကို မကျေနပ်သော်လည်း စားစရာများနှင့် စာအုပ်များကိုမူ အသာအယာလှမ်းယူလိုက် ရ၏။ သို့မဟုတ်က စကားကြာရှည်နေပေအုံးမည်။

"ဘယ်လို လူကြီးမှန်းလဲ မသိဘူး".

ခင်လေးသည် ကိုကိုကျော် သူ့အပါးမှ ထွက်ခွာ သွားသောအခါမှ ခပ်တိုးတိုး ပြောလိုက်မိ၏။

* * *

နုနုလှလှ သိမ်သိမ် မွေ့မွေ့ စကားများကိုသာ ကြားချင်နေသော ခင်လေးအဖို့ ယနေ့ကြားရလေပြီ။ သို့သော် ကိုကိုကျော်ထံမှကား မဟုတ်။ သူမသိသော လူတယောက်ထံမှ ဖြစ်လေသည်။

"ကျွန်တော့်နာမည် အောင်ဝင်းပါ။ ညီမလေးတို့အတန်းက လဲ့လဲ့ဝင်းရဲ့ အစ်ကိုပါ။ ညီမလေးကို စိတ်ဝင်စားနေတာ ကြာပါပြီ။ အကြောင်း မသင့်လို့ ဒီနေ့မှ စကား ပြောခွင့်ရပါတယ်။ ရော့... ဒီစာအုပ်ကလေး ယူသွားနော်။ အထဲမှာ ညီမလေးအတွက် စာတစောင်ပါတယ်"

သူသည် ခင်လေး၏ လွယ်အိတ်ထဲသို့ စာအုပ်ကို ထည့်ပစ်ခဲ့ကာ ထွက်သွား တော့သည်။ သည်လို အတွေ့အကြုံမျိုး၊ သည်လို စကားအပြောအဆိုမျိုး၊ သည်လို အသုံးအနှုန်းမျိုး တခါဘူးမျှမကြုံတွေ့၊ မကြားဘူးခဲ့သော ခင်လေးမှာ စိုးထိတ်အံ့အားသင့်ကာ ရင်တထိတ်ထိတ်ခုန်လျက် ကျန်ရစ်ခဲ့လေတော့သည်။

အတန်းတွင်းသို့ရောက်၍ စာသင် နေရသော်လည်း စိတ်မပါချေ။ သူ့စိတ်သည် လွယ်အိတ်အတွင်းရှိ စာကလေးထံသို့ ရောက်နေလေသည်။

'ဘာတွေများ ရေးထားပါလိမ့်မလဲ။ သူ ငါ့ကို ရည်းစားစာများ ပေးသွားတာပဲလား'



ခင်လေးသည် အိမ်သို့ ရောက်လျှင်ရောက်ခြင်း စာကလေးကို ထုတ်ဖတ်လိုက်မိ၏။ အဝတ် အစားပင် မလဲအားတော့။ ထမင်းစားချင်စိတ် ပေါ်မလာ။ စာကလေးကိုသာ အကြိမ်ကြိမ် ဖတ်နေမိသည်။ စာဖတ်ယင်းလည်း လူရည် သန့်သန့် အပြုံးလှလှဆောင်ထားသော ကိုအောင်ဝင်း၏ ပုံသွင်ကို မြင်ယောင်နေ၏။ စာရွက်ပေါ်က စာလုံး ကလေးများကလည်း စာရေးသူကဲ့သို့ သန့်သန့် လှလှ ကလေးများ ဖြစ်လေသည်။ စာထဲတွင် ပါရှိသည့် အကြောင်း အရာ အဖွဲ့ အနွဲ့ ကလည်း လှပ၍ မက်မောဖွယ်ရာ ကောင်းလှပေသည်။

ခင်လေးသည် ညအိပ်ရာဝင်ခါနီးတွင်ပင် တခေါက် ထပ်ဖတ်လိုက်မိသေး၏။ ကိုအောင်ဝင်း၏ စာသည် ခင်လေးစိတ်ကို ဆွဲဆောင် ဖမ်းစားထားလိုက်လေပြီ ဖြစ်ပါ၏။

'အသက်နဲ့ထပ်တူ ချစ်ကြင်နာ မြတ်နိုးရပါတဲ့ ညီမလေး ငယ်ငယ်'

ကိုအောင်ဝင်းက သည်လိုပင် ရှည်လျားပြောင်မြောက်စွာ ဖွဲ့နွဲ့ထားလေသည်။ စာ၏ခေါင်းစည်းကလေးကိုပင် ခင်လေးက သုံးလေးကြိမ် ဖတ်လိုက်မိ၏။

ပန်းဦးပန်းဖူးကလေးလို လှသွေးကြွယ်နေတဲ့ ညီမလေးကို အစ်ကို့ရင်ထဲက တွယ်တာနေမိတာ ကြာပါပြီ ညီမလေးရယ်၊ အစ်ကို့မေတ္တာကို အတိုင်းမသိ အေးမြတဲ့ သိတာရေအလျှဉ်နဲ့သာ နှိုင်းပြချင်ပါတယ်။ အတိုင်းမသိ အေးမြကြည်လင်တဲ့ သိတာရေစင်နဲ့ ညီမလေး

အသည်းလှာမှာ အမြစ်တွယ်နေတဲ့ ချစ်ာန်းပင်ကလေးကို လူးလွန့်နိုးကြားလာအောင် အစ်ကို ပက်ဖြန်းပေးပါရစေလား ညီမလေးရယ်....။

ချစ်ဦးမှန် ခင်လေး ငယ်ငယ်ရယ်၊ အခု ဆို ယင်ဆောင်းရက်တွေ ကုန်လုနီးလာပြီလေ။ ဆောင်းရက်တွေကုန်တဲ့အခါ ပူပြင်းတဲ့ နွေရာသီကို ရောက်လာပေတော့မယ်။ အဲဒီ အခါ သစ်ရွက်တွေကြွေပြီး အဖော်မဲ့တဲ့ ဥသြလေးတွေ တေးသီကြတော့မယ် ညီမလေး။ အစ်ကို အနူးအညွတ် တောင်းပန်ချင်တာက အစ်ကို့အသည်းတွေကို နွေရက်များလို ပူပြင်း ခြောက်သွေ့အောင် ခင်လေး မပြုလိုက်ပါနဲ့လို့။ အစ်ကို့ ဘဝဟာလဲ အဖော်မဲ့တဲ့ ဥသြလေးလို အထီးကျန်ဘဝကို မရောက်ပါစေနဲ့လို့ပါပဲ။ ဒါပေမယ့် ခင်လေးက ပြုရက်မယ်ဆိုယင်တော့ဖြင့် အစ်ကိုဟာလဲ ဥသြလေးလိုပဲ ခင်လေးကိုချစ်တဲ့ အကြောင်း မဆုံးသော တေး ကို သီ ယင်းလေမှာလွင့်ရှာ ါလိမ့်မယ်ဆိုတဲ့ အကြောင်းပါပဲ ချစ်ဦးသဇင် အစ်ကို့ ခင်လေးရယ်....။

ဆယ်သက်ဆယ်ကမ္ဘာ မဆုံးသော ချစ်ခြင်းဖြင့်—

အစ်ကို

အစ်ကို့ စာကို ဖတ်ယင်း ခင်လေးမှာ မျက်ရည်များပင် လည်လာမိတော့သည်။ ဘယ်လောက်ကောင်းလိုက်တဲ့ စာသား



ကလေးများပါလဲ။ အစ်ကို့ စာကို ခင်လေးဖတ်၍မဝတော့ပေ။ သနားစိတ်ကလည်း ချိုးနှိမ်၍မရအောင်ပင် ပွားများလာ၏။ သည်စာထဲမှ စာသားများကို အစ်ကို့ ပါးစပ်မှ ဖွင့်ဟပြောခြင်းကိုသာ ကြားရပါက သည့်ထက်ပင် သနားမိပေလိမ့်ဦးမည်။

ခင်လေးသည် အစ်ကို့ ထံက စာ တ စောင် တည်းနှင့်ပင် အစ်ကို့ အချစ်ကို လက်ခံကြောင်း လဲ့လဲ့ဝင်းထံမှတဆင့် စာပြန်လိုက်မိလေသည်။

ထို့နောက်တွင်ကား စာအသွားအပြန်တို့ ပလူပျံ သကဲ့သို့ ဖြစ်လာတော့၏။ ခင်လေးသည် အစ်ကို့လို ဖွဲ့ဖွဲ့နွဲ့နွဲ့ မရေးတတ်သောကြောင့် စိတ်ညစ်ရသည်။ အစ်ကို့ထံက စာများကား ဖတ်၍ မငြီးငွေ့နိုင်အောင်ပင် အရေးကောင်းလေသည်။ ခင်လေးသည် အစ်ကို့စာများထဲမှ အချို့အပိုဒ်များကို အလွတ်ပင် ကျက်ထားလိုက်သေး၏။

စာအဆက်အသွယ် ပြုလုပ်ခြင်းမှတပါး အခြား အဆက်အသွယ် မရှိသောကြောင့်လည်းကောင်း၊ ခင်လေးကိုယ်တိုင်က သိုသိုသိပ်သိပ် နေတတ်၍လည်းကောင်း၊ ခင်လေးနှင့် အစ်ကိုတို့အကြောင်းကို လဲ့လဲ့ဝင်းတယောက်ကလွဲ၍ မည်သူမျှ မသိကြ။ မရိပ်မိကြ။ ခင်လေးကလည်း သူတို့အကြောင်းကို လူသိသွားမှာ စိုးရိမ်လှသည်။ အထူးသဖြင့် ဖေဖေ၊ မေမေနှင့် ကိုကိုကျော်တို့ သိမည်ကို ပို၍ကြောက်ရွံ့လှသည်။ သူတို့သိသွားလျှင် ခင်လေးတို့ ချစ်ခြင်းကို ခွဲမည်မှာ သေချာသည်။ သည်လိုသာ အစ်ကိုနှင့်ခွဲခွာရမည်ဆိုလျှင် ခင်လေး အသည်းကျွမ်း၍ သေရ

ချည့်။ ခင်လေးက သည်အတိုင်းပင် ယူမှတ်ထား၏။ အစ်ကိုက လည်း သည်လိုပင် ရေးဘူးသည် မဟုတ်ပါလား။

'ခင်လေးရေ၊ ခင်လေးနဲ့သာကွဲရယင်တော့ အစ်ကို့ ရင်ထဲ မီးလောင်ပြင်လို ပူပြင်းခြောက်သွေ့ပြီး သာယာမှုကင်းမဲ့သွား မှာ အမှန်ပဲဆိုတာ ခင်လေးယုံ' တဲ့။ သည်တော့ ခင်လေး စိတ်ကလည်း အစ်ကို့အတိုင်းပဲပေါ့။

ခင်လေး ယုံကြည်အားကိုးရသော ချစ်ရသူ အစ်ကိုသည် ခင်လေးကြည်ညိုလေးစားရသော ကဗျာဆရာကြီးဖြစ်ကြောင်း သိရသည့်နေ့က ခင်လေး ထမင်းပင် မစားနိုင်လောက်အောင် ဝမ်းသာလုံး ဆို့ခဲ့ရ၏။

"ကိုကိုက ကဗျာတွေပဲ နှင်းကန်စပ်နေတော့ စာမေးပွဲ ဘယ်အောင်တော့မလဲ၊ ခင်လေးရဲ့။ လဲ့လဲ့တို့ဖေဖေက ကိုကို့ ကို သိပ်အလိုလိုက်တာ။ ဒီနှစ်လဲ ဆယ်တန်းဖြေဖို့ လျှောက်လွှာ တင်ထားတယ်။ ကိုကိုစာကျက်တာ တခါမှ မတွေ့ရသေးဘူး။ လဲ့လဲ့တယောက်ထဲပဲ ကျက်နေတာ"

လဲ့လဲ့ဝင်းက သည်လို ပြောလာသောအခါ ခင်လေးမှာ ဝမ်းနည်းရပြန်သည်။ ချစ်သူကို ပညာတတ်တယောက် ဖြစ်စေ ချင်သော စေတနာကြောင့် 'အစ်ကိုရေ စာလဲ ကျက်ပါအုံး၊ ကဗျာစပ်တာလဲစပ်တာပေါ့။ ဒါပေမယ့်ကျောင်းစာကလေးလဲ တဘက်က ကြည့်ပါအုံး' ဟူ၍ ချော့မော့ တိုက်တွန်းစာလေး ရေးပို့လိုက်မိသေး၏။

ထိုနှစ် ဆယ်တန်းစာမေးပွဲအောင်စာရင်း ထွက်သောအခါ ခင်လေးနှင့်လဲ့လဲ့ဝင်းတို့နာမည်သာ ပါလာ၏။ အစ်ကို့နာမည်



ကား ပါမလာ။ နောက်မှ လဲ့လဲ့ဝင်းပြောပြ၍ သိရသည်မှာ အစ်ကို စာမေးပွဲကို ဝင်၍ပင် ဖြေဆိုခြင်း မပြု ဟူသတည်း။ ခင်လေးသည် ပထမဦးဆုံး အကြိမ်အဖြစ် အစ်ကို့ကိုစိတ်ပျက် သွားမိ၏။ တကယ်ဆို ခင်လေး စကားကို သည်မျှ ပစ်ပယ်ဖို့ မကောင်းဟူ၍ ခင်လေး ယူဆသည်။ ခုတော့—

ခင်လေးသည် အစ်ကို့ အတွက် စိတ်ညစ် သော်လည်း တက္ကသိုလ်သို့ ဆက်တက်ရန် ပြင်ရဆင်ရလေသည်။ တက္ကသိုလ်သို့ သွားချင်လှသော ခင်လေးမှာ ယခု တကယ် သွားရမည်ဆို တော့ တခုခု လိုနေသလိုလို ရင်ထဲဝယ် ဟာနေတော့၏။

'အစ်ကိုသာ စာမေးပွဲအောင်ယင်၊ အင်းလေ စာမေးပွဲ ဖြေယင်ပေါ့၊ ဘယ့်လောက် ပျော်စရာကောင်းလိုက်မလဲ'

ခင်လေး စိတ်ညစ်နေသလောက် ပျော်ရွှင်အားရနေသူမှာ ကိုကိုကျော်ပင် ဖြစ်လေသည်။ စာမေးပွဲအောင်စာရင်း ထွက် သည့်နေ့ကဆိုလျှင် အလုပ်က ခွင့်ယူ၍ အောင်စာရင်းကပ်သည့် နေရာတွင် သွားစောင့်နေသည်။ ခင်လေး ဂဏန်းသင်္ချာနှင့် ဓာတုဗေဒတွင် ဂုဏ်ထူးနှင့် အောင်ကြောင်း သိလျှင်သိခြင်း ခင်လေးတို့အိမ်သို့ သုံးဘီးကားတစီးနှင့် ပေါက်ချလာ၏။

"ဟဲ့—မိခင်လေး၊ နင် နှစ်ဘာသာတောင် ဂုဏ်ထူးရတယ်။ သိပြီးပလား။ ခုပဲ အောင်စာရင်းထွက်လို့ ကြည့်ခဲ့တာ"

ကိုကိုကျော်သည် အတော်ပင် အားရနေပုံရသည်။ ခင်လေး ၏ကျစ်ဆံမြီးကို အသာဆွဲယင်း ခင်လေးခေါင်းကို ခေါက် လိုက်သေး၏။ နောက် ဖေဖေနှင့်တိုင်ပင်ကာ ခင်လေးတက္ကသိုလ် တွင် ဆက်ယူရမည့် ဘာသာရပ်များကို ရွေးပေးလိုက်သေး၏။

"မိခင်လေးက အတွက်အချက်လဲတော်တယ်၊ ဓာတုဗေဒနဲ့ ရူပဗေဒမှာလဲ တော်တယ်ဆိုတော့ သိပ္ပံဂုဏ်ထူးတန်းတက်ခိုင်းယင် ကောင်းမယ်။ သူ့ ဝါသနာနဲ့တော့ တခြားစီပေါ့လေ။ ဒါပေမယ့် ပညာချွန်တဲ့လူပဲ၊ သိပ္ပံပဲ ယူခိုင်းဖို့ကောင်းတယ်"

ဖေဖေတို့ကလည်း ကိုကိုကျော်ပြောသမျှ သဘောတူနေ၏။ ခင်လေးက မြန်မာစာဂုဏ်ထူးတန်း တက်ချင်ကြောင်း ပြောသော်လည်း မရတော့ပေ။

"နင်—ဘာနားလည်လို့လဲ မိခင်လေး။ သိပ္ပံ ဂုဏ်ထူးတန်းကို တက်ချင်တဲ့လူတိုင်း တက်ရတာမှတ်လို့လား။ ပညာတော်မှ ယူတဲ့ဘာသာအမှတ်ကောင်းမှ တက်ရတာ။ အလကားကောင်မလေး၊ ဘာမှလဲသိတာမဟုတ်ပဲနဲ့"

"မြန်မာစာဂုဏ်ထူးတန်းက ဖျင်းတဲ့လူတွေမှတက်ရတာလို့ ကိုကိုကျော်က ပြောချင်တာပေါ့ လေ။ ဟင်း— မြန်မာစာဂုဏ်ထူးတန်းက သိပ္ပံဂုဏ်ထူးတန်းထက် ခက်သေးတယ် မှတ်။ သူဖြင့် မြန်မာစာကိုသတ်ပုံမှန်အောင်တောင် မရေးတတ်ပဲနဲ့"

ခင်လေးသည် နှုတ်သီးကောင်း လျှာပါး ရန်တွေ့ပစ်လိုက်ချင်၏။ ကိုကိုကျော်ကို ကြောက်၍သာ ငြိမ်နေလိုက်ရ၏။ စိတ်တွင်းကမူ လုံးလုံးမကျေနပ်။

နောက်ဆုံးတွင်မူ ကိုကိုကျော် ဆန္ဒအတိုင်းပင် ဖြစ်ခဲ့ရတော့၏။ ခင်လေးသည် မကျေနပ်သော်လည်း အများဆန္ဒဖြစ်သည်ကတကြောင်း၊ ခင်လေးကိုယ်၌ကလည်း သိပ္ပံ ပညာတွင် ထက်မြက်သည်က တကြောင်း တို့ကြောင့် သိပ္ပံဂုဏ်ထူးတန်းကိုပင် တက်ရောက်သင်ကြားရလေသည်။ သို့တိုင် ဆရာ



ဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ဒေါ်နုယဉ်တို့၏ ကဗျာကလေးများကို အားလပ်သည့်အချိန်မရှိသည့်ကြားက ဖတ်လိုက်မိသေး၏။ တကိုး၏ စာများ၊ ပါးလ်ဘတ်၏ ဝတ္ထုများ၊ ချက်ကော့ဗ်၏ ဝတ္ထု တိုများကိုလည်း မလွတ်စေရပေ။

ပြောမည့်သာ ပြောရမည်။ ခင်လေးဖတ်သမျှ ကဗျာ စာအုပ်များ၊ ဝတ္ထုစာအုပ်များမှာ ကိုကိုကျော် ဝယ်ပေးသည့် စာအုပ်များသာ ဖြစ်လေသည်။ သို့စဉ်လျက် ခင်လေးသည် ကိုကိုကျော်ကို မကျေနပ်။ သည်အထဲတွင် အစ်ကို့ ထံက လာသော စာများကလည်း တမျိုးပင်။ ခင်လေးသည် အစ်ကို့ စာကို ဖတ်၍ အနှောင့်အယှက်ဖြစ်သည်ဟု မထင်မိသော်လည်း အစ်ကိုဟာ ဘယ်လိုလူမျိုးများပါလိမ့် ဟူ၍ တွေးတောကြည့်မိတော့၏။ အစ်ကို့အကြောင်းကို စဉ်းစားလာမိတော့၏။

'အမှန်မှာတော့ ခင်လေးတို့လို မိုးမှာပွင့်တဲ့ ပန်းတော်ဝင်ဟာ အစ်ကို့လို အညာတြွန်နဲ့ မတန်ပါဘူးကွယ်။ ခင်လေးရဲ့ဘဝဟာ မြင့်မားလွန်းလို့ အစ်ကို စိတ်မောရပါဘိ။ အစ်ကို့စိတ်ထဲမှာ ခင်လေးကို မချစ်ဝံ့ဝံ့ ချစ်ဝံ့ဝံ့နဲ့ ကြောင့်ကြပူပန်စိတ် ဝေနေရပါပြီ'

အစ်ကိုက သည်လိုလည်း ရေးတတ်သည်။ တခါတရံလည်း 'ခင်လေးတို့တက္ကသိုလ်ကြီးက အစ်ကို့လိုလူကို လက်မခံပါဘူးကွယ်။ အစ်ကိုဟာ တက္ကသိုလ်နယ်မြေကို ခြေတောင်မချရဲတဲ့ လူပါ၊ ခင်လေးဟာ တနေ့မှာ အစ်ကို့ကို ခွဲခွာသွားမှာ လေလားလို့ တွေးပူမိတယ်'

သည်လိုလည်း စိတ်အားလျော့ကာ ရေးတတ်၏။ ပထမ သော် ခင်လေးက သနားစိတ် ဝင်မိသေး၏။ သေသေချာချာ စဉ်းစားကြည့်သောအခါ အစ်ကို့ စာများသည် အဓိပ္ပာယ် လုံးဝ မရှိကြောင်း ခင်လေး နားလည်မိ၏။ တကယ်ဆို ယောကျ်ားပဲ မဟုတ်လား။ ကြိုးစားလျှင် ဆန္ဒ ပြည့်ဝရမည် ပေါ့။ ခုတော့ ဘာမှမကြိုးစား အားမထုတ်ပဲလျက် စိတ်လျော့ နေသည်။ သူ့ဘာသာ သူမကြိုးစား၍ တက္ကသိုလ်သို့ မတက် ရောက်ရသည်ကိုပင် အကြောင်းရှာ၍ အားငယ်စာရေးနေ၏။ နောက် တက္ကသိုလ်ကိုပင် အပြစ်ရှာလိုက်သေး၏။

ခင်လေးသည် အစ်ကို့ကို ဒုတိယအကြိမ် စိတ်ပျက်သွားမိ တော့၏။ သို့သော် တင်းခဲ့ပြီးသော နှောင်ကြိုး မပြေစေရန် အစ်ကို့အတွက် တခုခုတော့ လုပ်မှ ဖြစ်ပေလိမ့်မည်။ ထို့ ကြောင့် လဲ့လဲ့ဝင်းမှတဆင့် အစ်ကို့ကို သူနှင့်လာတွေ့ရန် စာ ရေးလိုက်၏။ ချိန်းသည့်နေရာကား သူတို့နှစ်ဦးစလုံး ဝါသ နာပါသည့် စာပေဟောပြောပွဲတခုတွင် ဖြစ်လေသည်။

ပထမဦးဆုံး အကြိမ် လူချင်းတွေ့သည်က တကြောင်း၊ စေ့စေ့စပ်စပ်သေသေချာချာ လေ့လာစုံစမ်းသည်ကတကြောင်း ကြောင့် ခင်လေးသည် အစ်ကို၏နေပုံ၊ ထိုင်ပုံ၊ သွားပုံ၊ လာပုံ၊ ပြောပုံ၊ ဆိုပုံ အယူအဆကစ၍ အားလုံးကိုဂရုတစိုက်ကြည့်၏။ နားထောင်၏။ မှတ်သား၏။

"အလကား၊ ပြောသွားတာတွေက တလုံးမှအဓိပ္ပာယ်မရှိ ဘူး။ လေတွေပဲ၊ ဖမ်းလို့မရတဲ့ လေတွေ။ တကယ့်တကယ်



ကျတော့ သူတို့အချင်းချင်း နီးစပ်ရာလူတွေကိုသာ သုံးနေ တာ၊ မသိတာမှတ်လို့"

မဂ္ဂဇင်းအယ်ဒီတာတဦးက စာပေနှင့် ပတ်သက်၍ ဟော ပြောအပြီးတွင် အစ်ကိုက သည်အတိုင်း မှတ်ချက်ချလိုက်၏။

"နို့—အဲဒီမဂ္ဂဇင်းမှာပဲ အစ်ကို ရေးနေတာ မဟုတ်လား၊ ဒီလ တောင် အစ်ကို့ကဗျာ ပါလာသေးတယ်လေ။ အဲဒီ ကဗျာထဲက အချို့အပိုဒ်တွေ ခင်လေးနားမလည်လို့ အစ်ကို့ကို မေးရအုံးမယ်"

ခင်လေးသည် စကား အဆုံးမသတ်လိုက်ရပေ။ စင်မြင့် ပေါ်ရှိ အခမ်းအနားမှူးက "ယခုအချိန်ကစပြီး ကဗျာ ဆရာ ကြီး မောင်မြေပွင့်က စာပေအတွေ့အကြုံနဲ့ ကဗျာဆရာတို့ရဲ့ ဘဝ ရှေ့ရေးအကြောင်းကို ဟောပြောပါတော့မယ်" ဟု ကြေငြာလိုက်သောကြောင့် ခင်လေး၏ စကားမှာ တဝက် တပျက်တွင် ရပ်သွားရ၏။

အစ်ကိုသည် အတော်ကလေးလှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ခင်လေးသည် ဝမ်းသာအားရ၏။ ဂုဏ်ယူသော မျက်နှာထား ဖြင့် အစ်ကို့ကို လှမ်းကြည့်လိုက်မိ၏။

"ကြည့်စမ်း အစ်ကိုက ဒီမှာ ဟောမယ်ဆိုတာ ခင်လေးကို ပြောပြမထားဘူး။ သိပ်ဆိုးတာပဲ၊ ဝမ်းသာလိုက်တာ အစ်ကို ရယ်"

ခင်လေးက လိုက်လိုက်လှဲလှဲ ပြောလိုက်မိ၏။ အစ်ကိုကမူ မျက်နှာကြီးညိုပုပ်သွားကာ နေရာမှ ထလိုက်၏။ နောက် လူ တွေကြားထဲမှ ဖြတ်ကာ ထွက်သွားတော့၏။ ဟောပြောပွဲ

ကျင်းပရာ စင်မြင့်ဘက်သို့ကားမဟုတ်၊ အခန်း၏ အပြင်ဘက်ဆီသို့သာ ဖြစ်ချေ၏။

ခင်လေးသည် အစ်ကို့ အပြုအမူကို နားမလည်တော့ပေ။ သို့သော် မကြာမီအတွင်းမှာပင် ခင်လေး နားလည်သွားရလေသည်။ အဘယ့်ကြောင့်ဆိုသော် ကဗျာဆရာကြီး မောင်မြေပွင့်က စင်မြင့်ပေါ်သို့ ရောက်လာကာ စတင်ဟောပြောလိုက်သောကြောင့် ဖြစ်လေသည်။ ကဗျာဆရာကြီး မောင်မြေပွင့်ကား ခင်လေးချစ်သူ အစ်ကို မဟုတ်ပါချေတကား။

ခင်လေးသည် တတိယ အကြိမ် အစ်ကို့ကို စိတ်ပျက်သွားမိ၏။ သည်တကြိမ်တွင်မူ စိတ်လည်း ပျက်သည်။ အစ်ကို့အပေါ်ထားခဲ့မိသောအချစ်လည်း ကွက်သည်။ စာပေကို ခုတုံးလုပ်၍ သူ့ကို မလိမ့်တပတ် လုပ်ရပါမည်လောဟူ၍ ဒေါသလည်းထွက်သည်။

ထို့နောက်ပိုင်းတွင်ကား အစ်ကို့ထံမှ စာလည်း မလာတော့ပြီ။ အစ်ကို့အကြောင်းကိုလည်း လဲ့လဲ့ဝင်းထံမှမကြားရတော့ပြီ။

သည်လိုနှင့်ပင် ခင်လေးနှင့် အစ်ကိုတို့ အချစ်ဇာတ်လမ်းက စခန်းရပ်တော့သည်။ ခင်လေးသည် အတွေးအခေါ် အယူအဆ လွဲမှားလှသောအစ်ကို့ကို အမိုက်ကလေး တယောက်အနေဖြင့် သနားမိသော်လည်း မတတ်နိုင်တော့ပေ။

ခင်လေး နောက်ဆုံးနှစ် ဖြေမည့်နှစ်တွင် အစ်ကိုတယောက် ကဗျာဆရာမလေးတဦးနှင့် လက်ထပ်သည်ဟု သတင်းကြား



ရ၏။ နောက် လက်ထပ်ပြီး တနှစ် မကြာမီမှာပင် ကွဲသွားသည်ဟုလည်း သတင်းကြားရသေး၏။

ခင်လေး ဂုဏ်ထူးတန်း အောင်သည့်နှစ်တွင် ကိုကိုကျော်သည် ခင်လေးအနားသို့ ရောက်လာကာ ခင်လေး ဘယ်လိုမှ မမျှော်လင့်သောစကားကို ဆိုလေတော့၏။ ခင်လေးသည် အစ်ကို အရင်းလို နေလာခဲ့သူဖြစ်သဖြင့် ရှက်လည်းရှက်၏။ ဒေါသလည်းထွက်၏။

“တာလဲ၊ ကိုကိုကျော်က ခင်လေးကို စက်ရုပ်တခုများမှတ်နေသလား၊ ခင်လေးဘဝကို ခင်လေးဘာသာ ဖန်တီးယူပါရစေ။ ပြီးတော့ ခင်လေး ကိုကိုကျော်ကိုဒီလိုစိတ်နဲ့ ချစ်နိုင်မယ်မထင်ဘူး။ အိုလေ—ချစ်ကိုမချစ်နိုင်ပါဘူး”

ခင်လေးက ခါးခါးသီးသီး ငြင်းလိုက်သော်လည်း ကိုကိုကျော်က အပြုံးမပျက်။

“ငါက နင့်ကိုတိုင်ပင်နေတာမဟုတ်ဘူး မိခင်လေး၊ နင်နဲ့ငါ့ကိုလူကြီးတွေကဝါမဝင်ခင်မှာလက်ထပ်ပေးဖို့စီစဉ်ပြီးနေပြီ ဆိုတာ လာပြောတာ။ အေး— နင် ငါ့ကို မချစ်ဘူးဆိုတာလဲ အံ့သြစရာမရှိပါဘူး။ ငါ့လို တဲ့တိုးသမားကို နင်လို ကဗျာရူးမလေးက မကြိုက်ဘူး ဆိုတာ သဘာဝကျပါတယ်။ ဒါပေမယ့် ငါက နင့်ကို သိပ် ချစ်နေမိတော့ နင်သဘောတူတူ မတူတူ ချစ်ချစ် မချစ်ချစ် ရအောင်ယူမှာပဲ။ အေး—တခုတော့ရှိတယ်ပေါ့၊ ငါကတော့ လက်တွေ့သမားပဲ၊ နင့်ဘဝကို ငါ လမ်းခင်းပေးခဲ့သလို နင့်အချစ်ကို ရအောင် ငါ့စေတနာ ငါ့မေတ္တာ

တွေနဲ့ လမ်းခင်းပေးရအုံးမှာပေါ့။ ငါက ကဗျာဆရာမဟုတ်တော့ ဖွဲ့ဖွဲ့နွဲ့နွဲ့မပြောတတ်ဘူး မိခင်လေး ရေ၊ ဒါပဲ ဒါပဲ''

ခင်လေးသည် ငိုရမလား ရယ်ရမလား မတွေးတတ်အောင်ပင် ဖြစ်သွားတော့၏။ ကိုကိုကျော်သည် သူ ပြောချင်ရာကို အားရအောင်ပြောပြီး ထွက်သွားတော့သည်။

သည်တော့ ခင်လေးကလည်း သူ့နောက်ကျောပြင်ကြီးကို ကြည့်ယင်း ငယ်ငယ် တုန်းက ရေရွတ်ခဲ့သလိုပင် 'ဘယ်လိုလူကြီးမှန်းလဲ မသိပါဘူး' ဟူ၍သာ တီးတိုး ရေရွတ်လိုက်မိတော့၏။



အတိမ်အနက်

လတ်လတ်သည် ရှိုက်ကာရှိုက်ကာ ငိုနေရှာသည်။ သူ့ခမျာ ရင်ထဲတွင် သိုသိပ်ဝှက်ကွယ်ထား သမျှကို မျက်ရည် အဖြစ် ဖန်ဆင်းကာ သက်သာမှုကို ရှာနေသည် ထင်၏။ ငြိမ်းက အားပေးနှစ်သိမ့်မှုကို ပြုသော်လည်း တော်တော်နှင့် အငိုမတိတ်ချေ။

''တိတ်ပါတော့ကွယ်၊ မျက်လုံးတွေအောင့်လာလိမ့်မယ်။ သူမကြင်ယင် ကိုယ်ကလဲ မခင်ရုံပေါ့ မဟုတ်ဘူးလား။ မငိုနဲ့တော့ ညီမရယ်။ ရော့—မျက်ရည်သုတ်လိုက် နော်''

လတ်လတ်သည် လက်ကိုင်ပဝါကိုလှမ်းယူယင်း ပြော၏။

"သူမကြင်တာ အရေးမဟုတ်ပါဘူး မမငြိမ်းရယ်၊ခုလို လူကြီးတွေနဲ့ အတည့်အလင်းပြောဆိုပြီးမှ ဒီ့ပြင်မိန်းမတယောက်ကိုယူသွားတာ လတ်လတ်သိပ်ရှက်တာပဲ၊တကယ်ပဲ။ လတ်လတ်အစကထဲက ချစ်ခဲ့တာမှ မဟုတ်ပဲ။ လူကြီးတွေ စိတ်ချမ်းသာအောင်သာ လတ်လတ် ခေါင်းညိတ်ခဲ့ရတာ၊ ခုတော့—"

လတ်လတ်သည် ဆက်မပြောနိုင်ပဲ ရှိုက်နေပြန်သည်။

"မပြောပါနဲ့တော့ကွယ်၊ ပြီးတာပြီးပါစေတော့၊ ရှက်စရာလဲမလိုပါဘူး။ကိုယ်က သစ္စာမဲ့တာ၊ဖောက်ပြန်တာမှ မဟုတ်ပဲ၊ ငိုမနေနဲ့ ညီမ။မျက်လုံးက ကောင်းတာလဲ မဟုတ်ဘူး၊ဟော—ဟိုမှာ သားကြီးနိုးလာပြီ၊ ချီထားလိုက်ပါအုံး ညီမရယ်။ မမငြိမ်း သားဖို့ နို့ဖျော်လိုက်အုံးမယ်"

လတ်လတ်သည် မျက်ရည်များကို သုတ်ပစ်ကာ သားဆီသို့ ခပ်သွက်သွက်ကလေးသွားကာ ပွေ့ထားလိုက်၏။ သားသည် လတ်လတ်ပါးကို မွှေးမွှေးပေးယင်း "အန်တီချစ်တယ်" ဟု တွတ်တီးတွတ်တာ ပြောနေ၏။ ငြိမ်း နို့ဖျော်ပြီး၍ ထွက်လာသောအခါ လတ်လတ်ကို အပြုံးနှင့်တွေ့လိုက်ရသဖြင့် စိတ်သက်သာရာ ရသွားရတော့၏။

"ဇော်က သိပ်ညာတတ်နေပြီ၊လတ်လတ်ကိုသိပ်ပလီတာပဲ" ဟုပြောယင်း သား၏ပါးမို့မို့ကို အသာအယာနမ်းလိုက်သည်။ ပြီးလျှင် သားကို သူ့ ရင်ခွင်ထဲတွင် ထည့်ကာ နို့ပုလင်းနှင့် နို့တိုက်သည်။



ထိုခဏမှာပင် အိမ်ရှေ့သို့ ကားတစီး ထိုးဆိုက်သံကြားရပြီး အိမ်ပေါ်သို့တက်လာသော ခြေသံကို ကြားရ၏။

"ဟေး—အငြိမ်း၊ တံခါးဖွင့်ပါအုံး၊ ပက်ဂီပါ"

"ဟာ—ပက်ဂီ၊ မပေါ်လာ အတော်ကြာပါလား။ လာ—လာဲ တယောက်ထဲလား"

"မဟုတ်ဘူး၊ သတို့သားပါ ပါလာတယ်"

"ဘယ်သူတုံး၊ ဂျော်ဂျီလား"

"ကြံကြံဖန်ဖန် ယူကလဲ၊ကိုယ်တို့ကွဲသွားတာ ကြာပြီပဲဟာ၊ အခုလူ ယူမမြင်ဖူးဘူး၊ ကိုယ်သိတယ်။ နိုင်ငံခြားက ပြန်လာတာ သိပ်မကြာသေးဘူး"

"ခေါ်လိုက်ပါအုံးလား၊ ငြိမ်း ကြည့်ပါရစေအုံး"

"ကြည့်ရမယ်၊ကြည့်ရမယ်။ ကြည့်ရုံပဲနော်၊ ယူ သိပ်မငမ်းရဘူး"

"တော်စမ်းပါ၊ မိပက်ဂီကလဲ"

ပက်ဂီသည် ကားထဲမှ သူ့အဖော်ကို လှမ်းခေါ်လိုက်၏။

"ဒါ ကိုယ့်မိတ်ဆွေလေ၊ ဒေါက်တာ ကျော်မင်း။ ကိုမင်း ဒါက ပက်ဂီအချစ်ဆုံး သူငယ်ချင်းပဲ၊ ငြိမ်းတဲ့"

ဒေါက်တာ ကျော်မင်းသည် ငြိမ်းအား "တွေ့ရတာ ဝမ်းသာပါတယ်"ဟု ဆိုလိုက်သဖြင့် ငြိမ်းကလည်း တုံ့ပြန်၍ ဝမ်းသာစကား ဆိုလိုက်ရ၏။

"ထိုင်ပါအုံးလေ ပက်ဂီကလဲ၊ ဒေါက်တာ ထိုင်ပါ။ ငြိမ်း တခုခု ဖျော်လိုက်ပါအုံးမယ်"

"ဟာ—နေပါစေ၊ များများသာ ဖျော်ခဲ့၊ ကိုယ်ကတော့ သံပရာရည်ပဲနော်၊ ကိုမင်းရော အတူတူပဲလား"

ဒေါက်တာကျော်မင်းက ခေါင်းညိတ်ပြလိုက်၏။ငြိမ်းသည် ပိုင်ပိုင်စိုးစိုးရှိလှသော ပက်ဂီကိုကြည့်ယင်း 'သူကတော့ အမြဲကံကောင်းနေတဲ့ မိန်းကလေးပါပဲ'ဟု တွေးလိုက်မိ၏။ ပက်ဂီသည် ကြီးကြီးမားမားစတာတဦး၏ သမီးပီပီ အပေါင်း အသင်း အင်မတန်ဆံ့သည်။ သူ့မိတ်ဆွေစာရင်းထဲတွင် မိန်းကလေးထက် ယောကျ်ားလေး များသည်ကို တွေ့ရှိနိုင်၏။ ရည်းစားလည်း အင်မတန် များသည်။ သို့သော် သစ္စာမရှိသည့် မိန်းကလေးဟူ၍တော့ သူ့ကိုယ်သူ မယူဆချေ။

"ဟုတ်တယ်လေ၊ကိုယ်က တချိန်ထဲ ရည်းစားတွေ အများကြီးထားတာမှ မဟုတ်ပဲ ငြိမ်းရဲ့။တယောက်နဲ့ စိတ်အခန့်မသင့်လို့ ကွဲသွားမှ နောက်တယောက်နဲ့ စိတ်ကြိုက်ထားတာ။ဒါဟာ တရားနည်းလမ်းကျပါတယ်၊ မဟုတ်ဘူးလား"

စိတ်အခန့်မသင့်လို့ ကွဲသွားသည်ဆိုသည်မှာလည်း လွယ်ကူလှချေသည်။ ငြိမ်းသိသော ပက်ဂီ၏ ပထမဆုံး ချစ်သူတုန်းက ကွဲရသည်မှာ ချိန်းထားသည့်အချိန် မလာသောကြောင့်ဖြစ်၏။ ဒုတိယလူမှာ ပက်ဂီ၏ အပြုအမူအနေအထိုင်ကို ပြုပြင်ရန်ပြောသောကြောင့် ကွဲရ၏။တတိယလူမှာ ပက်ဂီ၏မွေးနေ့သို့ မလာသောကြောင့် ကွဲရ၏။ ဤသို့— ထိုသို့— အနှီသို့— စသော အကြောင်းများကြောင့် ပက်ဂီမှာ ရည်းစား သက်စေ့မက



များခဲ့ရသည်။ တက္ကသိုလ်တက်နေစဉ်က ဘာသာတွဲချင်းမတူ၍ ပက်ဂီ၏ အဖော်များအကြောင်း သိပ်မသိခဲ့ရ။ ဘွဲ့ရ၍ ငြိမ်း အိမ်ထောင်ကျချိန်တွင် ပက်ဂီက တက္ကသိုလ်မှာပင် ဆရာဆက်လုပ်နေ၏။မှတ်မှတ်ရရ ငြိမ်းသား 'ဇော်'ကို မျက်နှာမြင်ချိန်က တခေါက်လာ၏။ ထိုစဉ်က အတူပါလာသူမှာ ပက်ဂီနှင့် တဌာနထဲလုပ်သူ ဆရာဦးခင်ဝင်း တည်း။ နောက် တခေါက် ပက်ဂီ၏ နှစ်ဆယ့်ငါးနှစ်မြောက်မွေးနေ့ လာဖိတ်စဉ်က တွဲလာသူမှာ အင်္ဂလိပ်စာဌာနမှ ဂျော်ဂျီဖြစ်၏။

ယခုတခေါက်လာသော်အခါ သူ့ဘေးတွင် ဂျော်ဂျီအစား ဒေါက်တာကျော်မင်း ပါလာချေပြီ။

"ကိုယ်တို့ အောက်တိုဘာမှာ လက်ထပ်တော့မယ် ငြိမ်း၊ ဆက်ဆက်လာရမယ် နော်၊ကိုဌေးကြီးကိုလဲ ပြောလိုက်ပါအုံး။ ဟာ—ကိုမင်းတောင် သိချင်သိမယ်၊ ငြိမ်း ပတ်တီအောင်တာ ကိုမင်းနဲ့ တနှစ်ထဲပဲ။ငြိမ်း၊ယူ့လူခေါ်တ်ပုံ ပြလိုက်စမ်း။ဟော— သူပေါ့၊ သိလား ကိုမင်း"

"မြင်ဘူးပါတယ်၊ နေအုံး၊ သူ ပင်ပေါင်သိပ်ကစားတယ် မဟုတ်လား။ ရေလဲကူးတယ်လေ။ဟာ—ဟုတ်ပြီ၊ သိတာပေါ့။ ကျွန်တော်နဲ့ ခင်ပါတယ်"

"ကောင်းတာပေါ့၊ ရင်းနှီးတဲ့မိတ်ဆွေတွေ ပြန်ဆုံကြတာ ပျော်စရာပါပဲ။ ဒေါက်တာတို့ နှစ်ယောက်အတွက်လဲ သိပ်ဝမ်းသာပါတယ်။ပက်ဂီကတော့ တော်တော် ပျော်နေပြီပေါ့ ဟုတ်လား"

ပက်ဂီသည် မျက်စိတဘက် အသာမှိတ်ပြယင်း ခေါင်းညိတ်လိုက်၏။ ပျော်ပျော်နေတတ်သော အကျင့် ကလေးကတော့ မြတ်နိုးစရာပင်။

* * *

"ဟာ— မမငြိမ်းကလဲ၊ မပေးပါနဲ့၊ လတ်လတ် မေတ္တာနဲ့ ချုပ်ပေးတာပါ"

"မပေးလို့တော့ မဖြစ်ဘူး ညီမ၊ ပေးရမှာပဲ။ မယူယင်တော့ မမငြိမ်း စိတ်ဆိုးရလိမ့်မယ်။ လတ်လတ် တပင် တပန်း ချုပ်ထားရတာ၊ ချုပ်ခတော့ ယူရမှာပေါ့။ ရော့—ယူသွား"

ငြိမ်းက ဇွတ်ပေးတော့မှ လတ်လတ်က ယူ၏။ လတ်လတ်သည် သူတို့တအိမ်သားလုံး၏ စားဝတ်နေရေးကို သူကိုယ်တိုင် စက်ချုပ်၍ ဖန်တီးနေရရှာသူကလေး ဖြစ်၏။ မနက်မိုးလင်း ချက်ပြုတ်ပြီးစီးသည်နှင့် စက်ထိုင်ချုပ် လိုက်သည်မှာ ထမင်းစားချိန် ဆယ့်တစ်နာရီခန့်ရှိမှ တချီ နား၏။ ထမင်း စားသောက်ပြီးစီးလျှင် ငြိမ်းတို့အိမ်သို့ ခေတ္တကူးလာကာ သားနှင့် ကစားတတ်၏။ တခါတရံလည်း သားကို သိပ်ပေးခဲ့တတ်၏။ တခါတရံ ငြိမ်း အလုပ်ရှုပ်နေ၍ အကူအညီတောင်းလျှင်လည်း ရ၏။ "ညီမရေ—အဝတ်ကလေးနည်းနည်းလျှော်ပေးခဲ့စမ်းပါ၊ မမငြိမ်း ကြမ်းတိုက်စရာလေးရှိလို့" ဆိုလျှင်လည်း သွက်သွက်လက်လက် ကျေကျေနပ်နပ်နှင့် လျှော်ဖွပ် ပေးသွားတတ်၏။



ငြိမ်းတို့အိမ်တွင် တနာရီခန့်နေပြီးသောအခါ သူ့အိမ်သို့ ပြန်၍ စက်ချုပ်နေသည်မှာ ညနေ ထမင်းချက်ချိန် ရောက်မှ နားရရှာ၏။ ချက်ပြုတ်ပြီးစီးသည်နှင့် ကျောင်းမှ ပြန်ရောက်လာသော မောင်နှစ်ယောက်နှင့် မိခင်အိုကြီးကို ခူးခပ်ကျွေးမွေး၏။ သူလည်း ရေမိုးချိုး ထမင်းစား၏။ နေစောင်းလာသောအခါ သားကိုလာခေါ်၍ လမ်းလျှောက်တတ်၏။ သည်ဝတ္တရားကိုတော့ သူမည်မျှ အလုပ်မအားသည်ဖြစ်စေ မပျက်ကွက်စေခဲ့ရ။ ညဘက်ရောက်သော် ကြယ်သီးတပ်စရာ ရှိလျှင် တပ်ယင်း၊ လက်ချုပ်ချုပ်စရာရှိလျှင် ချုပ်ယင်းဖြင့် အချိန်ကုန်သွားရ ပြန်၏။ လူ့ခမျာ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကြီးတခု၏ တာဝန်ကို ထမ်းနေရရှာသည်။ ထို့ကြောင့် အကြောင်းသိများက မေတ္တာထားကြ၏။ ထိုအထဲတွင် ငြိမ်းတို့က အပိုဆုံးတည်း။

လတ်လတ်၏ မပြေလည်သော ဇာတ်လမ်းကို ကြားရစဉ်က ငြိမ်း၏ ခင်ပွန်းသည်မှာ တတွတ်တွတ်ပြောမဆုံး ဖြစ်ခဲ့၏။

"ဒီလို ကောင်မလေးမျိုးကို ပစ်ခွာသွားတဲ့အကောင်ဟာ ဘယ်လောက်များ ဆိုးဝါးသလဲလို့၊ အလကားကောင်"

"အော်— ကိုယ်ကလဲ ကောင်မလေးက တော်တာတော့ ဟုတ်ပါရဲ့၊ သူ့အမေ မစွမ်းမသန်ကြီးနဲ့ မောင်နှစ်ယောက် တာဝန်ကို ကြောက်လို့နေမှာပေါ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ မိငြိမ်းရာ၊ အစက သူ စဉ်းစားပါလား။ မမြန်းခင်က တွေးပါလား။ ခုတော့ ကောင်မလေး အရှက်ရတာပေါ့"

"တော်ပါတော့ ကိုရယ်။ ငြိမ်းလဲ ကိုယ်ချင်း စာမိပါတယ်။ ဒါပေမယ့် တနေ့တော့ သူ့ကို တကယ်ချစ်မြတ်နိုးတဲ့ လူ တယောက်ယောက်တော့ ပေါ်လာ အုံးမှာပေါ့။ ခု မှ ကောင်မလေး အသက် နှစ်ဆယ်တောင် ပြည့်သေးတာ မဟုတ်ဘူး။ အလကား စိတ်ရှုပ်စရာတွေးနေတယ်။ ကဲ—ရော့ သား ခဏချီထားအုံးနော်။ မိငြိမ်း ထမင်းခူးချည်အုံးမယ်"

"အေးလေ၊ ဟုတ်တော့လဲ ဟုတ်ပါတယ်။ တနေ့တော့ ကောင်မလေးအတွက် ကုသိုလ်ကံကောင်းတဲ့အချိန် ရောက်လာရအုံးမှာပေါ့။ ဒီလိုပဲ ဆုတောင်းပေးရမှာပဲ"

ငြိမ်းတို့ မိသားစုသည် လတ်လတ်ကို ညီမအရင်းသဖွယ် ချစ်ခင်နေ၍ ကောင်းစားစေလိုသောဆန္ဒ အမြဲ ရှိလေ၏။

လတ်လတ်အတွက် အမြဲ ပူပန်နေကြရ၏။ လတ်လတ်နှင့် ပတ်သက်လာလျှင် အမြဲတမ်း အတတ်နိုင်ဆုံး အကူအညီပေးခဲ့၏။လတ်လတ်ကလည်း လိမ္မာသည်။ သူ့အပေါ် ထားရှိသော ငြိမ်းတို့ စေတနာကို လေးစားသည်။ အစ်မအရင်း၊ အစ်ကိုအရင်းသဖွယ် သဘောထားကာ ဆက်ဆံ၏။တိုင်ပင်၏။

"လတ်လတ် မျက်မှန်တလက်လောက် ဝယ်ချင်တယ်၊ မမငြိမ်း အားယင် လိုက်ပို့ပေးပါလား နော်"

"ပို့တာပေါ့ လတ်လတ်ရဲ့၊ မမငြိမ်းတောင် ပြောမလို့ဟာ၊ မျက်လုံးက ဘယ့်နှယ်နေလဲ"

"တခါတလေကိုက်တယ်၊ စက်ချုပ်ရလွန်းလို့ ထင်ပါရဲ့ မမငြိမ်းရယ်။ ပြီးတော့ လတ်လတ် ဒီနှစ် ဆယ်တန်း ဝင်ဖြေမလား စိတ်ကူးထားတယ်။ ဖြစ်ပါ့မလားဟင်"



"ဟာ—ဖြစ်တာပေါ့၊ ဘာလို့မဖြစ်ရမှာလဲ၊ မြွသာရှေ့ ညီမ၊စာအုပ်တွေ ဝယ်ပြီးပလား၊လိုတာရှိယင်ပြော၊မငြိမ်းတို့ ဝယ်ပေးမယ်"

"ကျေးဇူးတင်ပါတယ် မမငြိမ်းရယ်၊ လတ်လတ်ဝယ်ထားတာ အားလုံးစုံနေပါပြီ၊ နည်းနည်းပါးပါးတောင် ဖတ်ပြီးပါပြီ။ ရူပဗေဒတော့ သိပ်နားမလည်ဘူး၊ ကိုးတန်းတုန်းက သင်ခဲ့ရတာတွေ လတ်လတ် မေ့ကုန်ပြီ"

"ကြိုးစားယင် ဘာမဆို ဖြစ်နိုင်ပါတယ်ညီမရယ်၊ ကြိုးစားပါ၊ မမတို့လဲ ကူညီမှာပေါ့"

ငြိမ်းသည် သည်မျှ မအားမလပ် ဖြစ်နေသည့်ကြားထဲမှ ဆယ်တန်းဖြေရန် စိတ်ကူးနေသော လတ်လတ်၏ဇွဲကို ချီးကျူးလိုက်မိ၏။ လတ်လတ်သည်လည်း၊ ငြိမ်း၏ အားပေးစကားကြောင့် အတော်ကလေး အားတက်သွားပုံ ရလေသည်။

"ဖေဖေရှိတုန်းက ခဏခဏ ပြောတယ်၊ ငါ့သမီးကြီးယင် ဆရာဝန်မကြီး ဖြစ်ရမယ်တဲ့။လတ်လတ်ကလဲ ဖြစ်ချင်ပါတယ်၊ တတန်းမှမကျခဲ့ဘူး၊ဒါပေမယ့် လတ်လတ် ခုနစ်တန်းအောင်တဲ့ နှစ်မှာပဲ ဖေဖေ ဆုံးပါးသွားတော့ မျှော်မှန်းသလို ဖြစ်မလာဘူးလေ။ ဒါတောင် ရှိစုမဲ့စုပစ္စည်းလေးတွေ ထုခွဲရောင်းချပြီး မေမေက ကျောင်း ဆက်ထားခဲ့သေးတယ်။ကိုးတန်းအောင်တဲ့ နှစ်ကျတော့ မေမေ့ခမျာ လေဖြတ်ပြီး လူမမာ လုံးလုံးဖြစ်ရှာတာပဲ။ ဒီတော့ လတ်လတ် ကျောင်းဆက်နေလို့ ဘယ်ဖြစ်တော့မလဲ။ အောင်အောင်နဲ့ ကျော်ကျော်တို့ကလဲ ကျောင်းသားတွေဆိုတော့ ညှာရမှာပေါ့။ ခုတော့ လတ်လတ် ဆရာ

ဝန်မကြီးမဖြစ်လို့ ဝမ်းမနည်းပါဘူး၊ အရေးမကြီးပါဘူး။ လတ်လတ်ရဲ့ တာဝန်ကို လတ်လတ် ကျေကျေပွန်ပွန် ထမ်းဆောင်နေရတဲ့အတွက် ကျေနပ်ပါတယ်။ လတ်လတ်တာဝန်ကျေပွန်ဖို့သာ အရေးကြီးတယ်ဆိုတာ သဘောပေါက်ပါတယ်။ ဒါပေမယ့် မမရယ်၊ လတ်လတ်ရဲ့ သူငယ်ချင်းတွေ ကောလိပ် ရောက်ကုန်ကြတာမြင်တော့ လတ်လတ်လဲ အားကျမိပြန်ရော၊ ဆယ်တန်းလေး အောင်ထားယင်တော့ ပိုအဆင်ပြေတာပေါ့လေ၊ နောက်နှစ်နှစ်ဆို အောင်အောင် ဘွဲ့ရတော့မှာပဲ၊ အဲဒီတော့ လတ်လတ် ညကျောင်းတက်ပြီး ဘွဲ့လေးဘာလေး ရအောင် ပြန်ကြိုးစားယူယင် ရနိုင်ပါတယ် နော်”

လတ်လတ်သည် သူ့ဘဝအကြောင်းကို တီးတိုးညင်သာစွာ ပြောပြနေလေသည်။ သူ့မျက်လုံးကလေးများသည် အဝေးသို့ မျှော်ကြည့်နေဘိသကဲ့သို့ ရီရီဝေဝေရှိလှ၏။ သူ့ ခမျာ ပြောပြစရာ ငြိမ်းတို့သာလျှင်ရှိသောကြောင့် သူ့စိတ်ထဲ ခံစားနေရသမျှကို ပြောပြနေဟန်ရှိသည်။ ငြိမ်းသည် လတ်လတ်အား ကရုဏာသက်မဆုံး ဖြစ်ရပြန်၏။

“ဒါနဲ့ မမငြိမ်းရယ်၊ လတ်လတ် တခု မေးချင်ပါတယ်”

လတ်လတ်က ကောက်ကာငင်ကာပြောလိုက်၏။ စောစောက ရီဝေမှိုင်းနေသော မျက်လုံးကလေးများသည် တဖျတ်ဖျတ် အရောင်ထွက်လာသည် ထင်လိုက်ရ၏။

“မေးလေ—ညီမ”

လတ်လတ်က ဘာမျှမပြောချေ။ ခေါင်းကလေး အသာငုံ့သွားပြီး ငြိမ်နေ၏။ အတန်ကြာမှ—



“ယောကျ်ားတယောက်က မိန်းမတယောက်ကို ချစ်တယ်ဆိုတာ ဘာဖြစ်လို့လဲ ဟင်”

“ဘုရား ရေ— ဒါ— မမငြိမ်း ဘယ် ဖြေတတ်မှာတုံး လတ်လတ်ရဲ့။ ဒီမေးခွန်းကိုဖြေဖို့ သိပ်လွယ်တာ မဟုတ်ဘူး၊ ပြီးတော့ လတ်လတ်က ဘာဖြစ်လို့သိချင်တာလဲ၊ ညီမကို—”

“ဟုတ်တယ်မမ၊ လတ်လတ် ပွင့်ပွင့်လင်းလင်းပဲ တိုင်ပင်ပါရစေ၊ လတ်လတ်ကို ချစ်နေတဲ့ လူတယောက်ရှိတယ်။ သူက လတ်လတ်ကို လက်ထပ်ချင်နေတယ်။ အဲဒါ လတ်လတ်ဘာမှ ပြန်မဖြေရသေးဘူး။ မနှစ်ကဖြစ်ခဲ့တာကိုတွေးပြီး လတ်လတ် ကြောက်နေတယ်ဆိုပါတော့ မမရယ်။ ဟိုတခါက လူကြီးတွေ သဘောကျတဲ့လူဖြစ်လို့ ဖူးစာမဆုံခဲ့ရတာကို သိပ်မခံစားရဘူး။ ဒီတခါတော့ လတ်လတ်ချစ် ...”

လတ်လတ်သည် အသံကလေး တုန်လာကာ စကားကို တပိုင်း တစဖြင့် ရပ်ထားလိုက်၏။ ငြိမ်းသည် လတ်လတ်၏စကားအသွားအလာကိုကြည့်ပြီး လတ်လတ်၏ စိတ်နေသဘောထားကို ရိပ်စားမိလေပြီ။

“ဒီတခါတော့ လတ်လတ်ချစ်တဲ့ လူနဲ့ ကွဲယင် ဖြေမရအောင် ခံစားရမယ် ဆိုပါတော့၊ ဟုတ်လား ညီမ။ နေပါအုံး လတ်လတ်က အဲဒီလူကို ချစ်နေပြီလား။ သူက ဘယ်သူလဲ”

“အထက်တန်းစာရေးပါ၊ လုပ်သားကောလိပ်မှာလဲ ဆက်တက်နေတယ်။ လတ်လတ် သူ့ကို ချစ်မိနေပြီလို့တော့ ထင်တာပဲ မမရယ်၊ သူ့ကို မြင်လိုက်ရယင် လတ်လတ် ရင်ထဲမှာ

တမျိုးကြီး ဖြစ်ဖြစ်ကျန်ရစ်တယ်။ အဲဒါ လတ်လတ် သူ့ကို ချစ်နေတာပဲ မဟုတ်လားဟင်"

ငြိမ်းသည် အရိုးခံသက်သက် ဖြစ်သော ကောင်မလေး၏ အချစ်ကို ဒွိဟရှိစရာမလိုတော့ပေ။ သည် ကောင်မလေး၏ အချစ် သန့်ရှင်းရိုးသားသလို တဘက်မှ မေတ္တာသည်လည်း သန့်စင်မှန်မြတ်ပါက အလွန်ပင် ဝမ်းမြောက်စရာကောင်းပေလိမ့်မည်ဟု ထင်လိုက်ပါ၏။

"ဟင်....မမ၊ အဲဒီလို ခံစားရတာ လတ်လတ် သူ့ကို ချစ်နေမိလို့ပဲ မဟုတ်လား ဟင်"

"အဖြေကတော့ ဒါပါပဲ ညီမ၊ ညီမ သူ့ကို ချစ်နေတာပဲပေါ့။ ဒါပေမယ့်...."

"လတ်လတ် နားလည်ပါတယ်။ သူ့ မေတ္တာဟာ တကယ့်မေတ္တာစစ် ဟုတ် မဟုတ်ဆိုတာ လတ်လတ် စောင့်ကြည့်ရအုံးမှာပေါ့။ အချိန်ဟာ အကောင်းဆုံးသော ပညာရှိကြီးပဲ မဟုတ်လား။ ပြီးတော့ သူက အညာက ပြောင်းလာတာ သိပ် မကြာသေးဘူး။ တယောက် အကြောင်း တယောက် ကောင်းကောင်းသိဖို့ လိုသေးတာပေါ့ နော်- မမငြိမ်း"

လတ်လတ်၏ တွေးတောဆင်ခြင်တတ်သော စိတ်ကလေးကို ငြိမ်း မချီးကျူးပဲ မနေနိုင်တော့ပေ။ ထို့ကြောင့်လတ်လတ်၏ ပခုံးကလေးကို ကိုင်ကာ—

"ကံကောင်းပါစေကွယ်"ဟု ဆုတောင်းလိုက်မိတော့၏။

* - * *



သည့်နောက်ပိုင်းတွင်ကား လတ်လတ်သည် သူ့ချစ်သူ အကြောင်းကိုပင် တပြောထဲ ပြောနေတော့၏။ ပြောလွန်းအားကြီး၍ ငြိမ်းကပင် စမိတော့သည်။

"ဘယ်လိုလဲ ညီမရေ၊ ဒီနှစ် ဆယ်တန်း ဖြေနိုင်ပါအုံးမလား"

ထိုအခါ လတ်လတ်၏ မျက်နှာကလေး ပန်းသွေးရောင်လွှမ်းသွားတော့၏။

"ဖြေနိုင်တာပေါ့ မမရဲ့၊ ပိုတောင် အားရှိသွားသေးတယ်။ သူကလေ၊ လတ်လတ်ရဲ့ ဇွဲကို သိပ်ချီးကျူးမိတာပဲတဲ့။ လတ်လတ်ရဲ့ ဘဝကိုလဲသနားတယ် တဲ့၊ ဒီလိုဘဝမျိုးမှာ ဒီလို ဇွဲရှိတာ သိပ်အားရတာပဲ တဲ့၊ သူက လတ်လတ်ကို သိပ်ချစ်တာ သိလား"

လတ်လတ်၏ အဖြေစကားကြောင့် ငြိမ်းမှာ ပင့်သက်ပင် ရှူလိုက်မိရတော့၏။ လတ်လတ်၏ အဖြေထဲတွင် နှလုံးသား၏ လှုပ်ရှားမှု၊ စိတ်အားတက်ကြွမှု၊ ချစ်သူ၏စကားကိုတမြတ်တနိုး ယုံစားမှု စသည်တို့ အားလုံးပါဝင်နေသည်ဟု ငြိမ်းက ယူဆလိုက်မိ၏။

"ဝမ်းသာပါတယ်ကွယ်၊ လတ်လတ်ကို တကယ်ချစ်တဲ့သူပေါ်လာတာ မမတို့ သိပ် ဝမ်းသာပါတယ်။ မမငြိမ်းတို့ ဘယ်တော့မုန့်စားရမှာလဲ"

ငြိမ်း၏အမေးကို လတ်လတ် ချက်ချင်းမဖြေ၊ အတန်ကြာအောင်ပင် ငြိမ်သက်သွားလေသည်။

"လတ်လတ်တို့ တနှစ် နှစ်နှစ်အတွင်း လက်မထပ်နိုင်သေးပါဘူး မမရယ်၊ အောင်အောင်ဘွဲ့ရပြီးမှပဲ စဉ်းစားရအောင်လို့ သူ့ကို ပြောထားပါတယ်။ သူကတော့ ခုတောင် လက်ထပ်ချင်နေတာ မမရဲ့၊ လတ်လတ်တယောက်ထဲ တာဝန်တွေ အများကြီး ယူနေရတာ သနားလှပြီ တဲ့။ ဒါပေမယ့်လေ.... အတတ်နိုင်ဆုံး လိုက်လျောတဲ့အနေနဲ့ ဝါကျွတ်ယင် သူ့မိဘတွေ ပြောပြီး စေ့စပ်ထားဖို့တော့ သဘောတူလိုက်မိပြီ"

လတ်လတ်သည် စကားဆုံးသော် သက်ပြင်းကလေးတချက်ချလိုက်၏။ သူ့စိတ်ထဲတွင် သူ့ဆုံးဖြတ်ချက်မှာ မြန်ဆန်သွားလေသလားဟူသော သံသယစိတ်လေး ပေါ်နေဟန်ရှိ၏။ ထို့ကြောင့်ပင် ငြိမ်းက နှစ်သိမ့်လိုက်ရ၏။

"ကိုယ်ချင်းက မေတ္တာမျှထားပြီးပဲကွယ်၊ အတည့်အလင်း ဖြစ်ထားတော့ ကောင်းတာပေါ့။ သူလဲ လတ်လတ်ဆီ ဝင်နိုင်ထွက်နိုင်တာပေါ့၊ မဟုတ်ဘူးလား။ ကြည့်ရတာလဲ သဘောကောင်းပုံရပါတယ်။ မမကတော့ ညီမအတွက် ကံကောင်းပါစေလို့ အမြဲဆုတောင်းနေတာပဲ ဟာ- မမ ဆုတောင်းပြည့်ပြီပေါ့"

လတ်လတ်သည် အပြုံးကလေးဖြင့် ခေါင်းညိတ် လိုက်ရာသည်။

နောက် တလခန့် ကြာသောအခါ ငြိမ်းထံသို့ ပက်ဂိ၏ မင်္ဂလာဖိတ်စာရောက်လာလေ၏။ ရွှေရောင်ဖောင်းကြွနေသော ဒေါက်တာ ကျော်မင်းနှင့် ခင်မဦး (ဝါ)ပက်ဂီဟူသော စာလုံးကလေးများက ကြွေရောင်ကတ်ပြားပေါ်တွင် ထင်းနေ၊



ဝင်းနေ၏။ နှစ်ဘက်မိဘတို့၏ ဘွဲ့ထူး၊ ဂုဏ်ထူးများကလည်း နေရာအတော်ယူထားကြ၏။ စထရင်း ဟိုတယ်တွင် နံနက်စာဟူသော စာလုံးများကလည်း ခပ်ကြွားကြွား။ အဆုံးနားက 'လက်ဖွဲ့ခြင်းသည်းခံပါ'ဟူသောစာလုံးများက ခပ်ထည်ထည်။ တကယ်ပင် ကြီးကျယ်မည် ဖြစ်သော မင်္ဂလာပွဲပင်တည်း။ ထို့ကြောင့် မဟုတ်၊ အင်မတန်ခင်မင်ရင်းနှီးနေသော သူငယ်ချင်းဖြစ်နေသောကြောင့် ငြိမ်းတို့မိသားစု သွားကြရ၏။

သတို့သား၊ သတို့သမီးများကို ပွဲထုတ်စဉ် အနီးတွင် ကပ်လျက်ရှိသော မင်းကတော် စိုးကတော်တို့ထံမှ စကားဖျင်း၊ စကားတင်းများကို ကြားရ၏။ကြားရသော အကြောင်းကား ခင်မဦး၏ လည်ပုံ၊ပတ်ပုံ၊အဖမ်းတော်ပုံ အကြောင်းများသာတည်း။ပြောသူတို့ကား သတို့သားဘက်မှ အမျိုးတော်သူများပင်လား။ ခင်မဦးကို မလိုမုန်းထားသူပင်လား။ သတို့သားနှင့် အမျိုး မတော်လိုက်ရသောကြောင့်ပင်လား။ တခုခုကြောင့်တော့ တခုခုကြောင့်ပင်။ ငြိမ်းတို့မိသားစုသည် ထိုစကားများကို တဘက်နားမှ ထုတ်ပစ်လိုက်၏။ အိမ်အပြန်တွင် ပက်ဂီထည့်ပေးလိုက်သော ကိတ်မုန့် တထုပ်ကြီးကိုပိုက်၍ ပြန်လာကြ၏။

"မငြိမ်းရေ၊အိမ်ရှေ့မှာ ဟိုကောင်မလေး ရောက်နေတယ်"

"ဟင်—ဟုတ်လား၊ ဒီကောင်မလေး ဒီအချိန်မလာစဘူး"

ငြိမ်းသည် အင်္ကျီကမန်းကတန်းလဲ၍ အိမ်ရှေ့သို့ ထွက်လာခဲ့၏။လတ်လတ်သည် ကြမ်းပေါ်တွင် တွေတွေဝေဝေကလေးထိုင်နေ၏။ငြိမ်းထွက်လာသည်ကို မြင်သောအခါ နေရာမှထ၍

ငြိမ်းရင်ခွင်ထဲမှဇော့်ကို ပြောင်းချီလိုက်၏။ နောက် ဘာမပြော ညာမပြော ဇော့်ကို ချီလျက်ပင် ရှိုက်ကာရှိုက်ကာ ငိုရှာတော့သည်။

"ဟဲ့-လတ်လတ်၊ ဘာဖြစ်လို့လဲ၊ မမကိုပြောပါအုံး။ စောစောစီးစီး ဘာစိတ်မချမ်းသာစရာတွေလာပြန်သလဲ ညီမရယ်"

"လတ်လတ်တော့ ဒုက္ခရောက်ပါပြီ မမရယ်"

ငြိမ်း ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားရ၏။

"ဘာ—ဘယ်လို၊ လန့်ပါဘိ လတ်လတ်ရယ်။ ဖြေးဖြေးနဲ့ နားလည်အောင် ရှင်းပြပါ ညီမရယ်။ လာ—လာ ထိုင်စမ်း"

"လတ်လတ်နဲ့ သူနဲ့တော့ ယူဖြစ်တော့မှာ မဟုတ်ပါဘူး။ စောစောက သူလာတယ်၊ သူ့မိဘတွေကို လတ်လတ်နဲ့စေ့စပ်ပေးဖို့ သူပြောထားတာ၊သူ့မိဘတွေက စေ့စပ်မပေးနိုင်ဘူးလို့ ပြောလိုက်သတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လတ်လတ်အကြောင်းတွေ အကုန်လုံးသိပြီးသားမို့တဲ့။ဟိုတနှစ်က လတ်လတ် ဟိုလူနဲ့ စေ့စပ်တာ ပျက်သွားတဲ့အကြောင်း သူတို့ သိတယ်တဲ့။ လတ်လတ်ဟာ တည်ငြိမ်တဲ့ မိန်း က လေး မဟုတ်ဘူး၊ သိက္ခာလဲ မရှိဘူးတဲ့။ အဲဒါ—အဲဒါကြောင့်—"

လတ်လတ်သည် စကားကို ဆုံးအောင် မပြောနိုင်တော့ပဲ ရပ်ပစ်လိုက်၏။ သူ့တကိုယ်လုံးသည် တသိမ့်သိမ့်တုန်နေရှာလေသည်။ငြိမ်း ရင်ထဲမှာမူ 'ဖြစ်ရလေ၊ ဖြစ်ရလေ၊ ကံဆိုးလိုက်တဲ့ မိန်းကလေးရယ်' ဟူ၍ ရေရွတ်နေမိတော့၏။

"သူကလဲ လတ်လတ်ကို အပြစ်တင်တယ်လေ၊ တကယ်ဆို လတ်လတ် ဖြစ်ခဲ့တာတွေကို အားလုံး သူ့ကို ပြန်ပြောပြဖို့



ကောင်းတယ်တဲ့။ ခုလို သူများတွေပြောမှ သိရတော့ စိတ်မရှင်းဘူးတဲ့။ ဟိုလူနဲ့ ဘာဖြစ်လို့ ကွဲရတယ်ဆိုတာ ပြောပြပါတဲ့။ လတ်လတ်လဲ ရှင်းမပြလိုက်တော့ဘူး။ ရှင့် စိတ်ထဲမှာ ကျွန်မကို တကယ်ချစ်ယင်၊ ယုံကြည်ယင် လက်ထပ်လှဲ့ပါ။ ဒီအကြောင်းတော့ ပြန်မပြောပြနိုင်တော့ဘူးလို့၊ ပြတ်ပြတ်ပဲ ပြောလိုက်တယ်။ မမရယ်....၊ နောက်ဆုံးတော့ လတ်လတ်ဟာ 'လပ်' ကျွန်ရစ်ခဲ့တာပါပဲ"

ငြိမ်းသည် လတ်လတ်၏ လက်မောင်းကလေးကို ဆုပ်ကိုင်ထားယင်း ဘာစကားမျှ မပြောနိုင်အောင် ဆွံ့အ,နေလေသည်။ ပက်ဂီတွင် ဂုဏ်နှင့်၊ ပညာနှင့်၊ မိဘ အရှိန်အဝါနှင့် အားလုံး ပြည့်စုံ၏။ ပက်ဂီတွင် လူသိသော ချစ်ဇာတ်လမ်း၊ လူမသိသော ဇာတ်ကွက်မြုပ်များ များစွာရှိ၏။ထိုဇာတ်လမ်းထဲတွင် မည်သို့မျှ မပါဝင်ခဲ့သော ဂုဏ်၊ပညာ၊အရှိန်အဝါနှင့် ပြည့်စုံသော လူတယောက်နှင့် နောက်ဆုံးလက်ထပ်၏။ပက်ဂီ၏ ခရီးလမ်းစဉ်ကား လှမ်းတိုင်းပေါက်၊ မျှော်တိုင်း ရောက်ပေတော့၏ တကား။

သည်မိန်းကလေး လတ်လတ်။ သူ့တွင် ပက်ဂီလို အရည်အချင်း မရှိ။ ရိုးသားဂုဏ်၊သိတတ်မှုဂုဏ်၊ ကိုယ့်အားကိုယ်ကိုးဂုဏ်၊ သည်ဂုဏ်များသာရှိသည်။ သည်မိန်းကလေး လတ်လတ်သည် တခါက အကြောင်းမဆုံ၍ လူကြီးများသဘောတူသော လူနှင့် လွဲခဲ့ရ၏။ နောက် သူ့တွင် ချစ်သူရှိ၍ သည်ချစ်သူနှင့်

သေတပန် သက်တဆုံး ဘဝတလျှောက်လုံး အတူလက်တွဲတော့မည် ဆုံးဖြတ်သောအခါ အတိတ်က လွဲခဲ့ရသော အကြောင်းကို ပြန်ကောက်၍ အပြစ်ရောက်စေ၏။လတ်လတ်၏ ခရီးလမ်းသည် ခရောင်းတောကိုသာ အကြိမ်ကြိမ်ဖြတ်၍ နေရရှာပါကလား။

'နောက်ဆုံးတော့ လတ်လတ်ဟာ လပ်ကျန်ရစ်ခဲ့တာပါပဲ'

လတ်လတ်၏ စကားသံကလေးသည် ငြိမ်း၏နားအတွင်းမှ မထွက်တော့ပါချေ။

**ကြူကြူသင်း**